ဒုတိယအကြိမ် လူမျိုးအလိုက်
ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ

# ကရင်လူထုတွေ့ဆုံဆွေးနွေးပွဲ

ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီ၊ ကရင်၊ ကယား(ကရင်နီ)၊ မွန်၊ ပဲခူး၊ အထက်မြန်မာပြည်၊ နယ်စပ်ဒေသ

KNU-DOI နှင့် Research Institute for Society and Ecology (RISE)
တို့မှ စီစစ်ထုတ်ဝေသည်။

# မာတိကာ


(က) ဥယျောဇဉ် ........ ၁

ကျေးဇူးဥပကာရ........ ၃

အမှာစကား ........ ၅

ကရင်လူမျိုးအလိုက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ ဆိုင်ရာ အခြေခံမူများ ........ ၇

ကရင်လူမျိုးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ၏ အခြေခံမူများ...... ၇

ဒုတိယအကြိမ် ကရင်လူမျိုးအလိုက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲဆိုင်ရာ
ပြင်ဆင်မှု ........ ၈

(ခ) ကရင်လူထု တွေ့ဆုံဆွေးနွေးပွဲများ ........ ၉

ရည်ရွယ်ချက်များ ........ ၉

ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ဆွေးနွေးတင်ပြခြင်း........ ၁၁

လက်ရှိနိုင်ငံရေးနှင့် ငြိမ်းချမ်းရေးအခြေအနေ ........ ၁၁

UPDJC ဆိုင်ရာ အခြေအနေ ........ ၃၁

JMC ဆိုင်ရာ အခြေအနေ........ ၄၂

UPC အခင်းအကျင်းနှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အခြေအနေ ....၄၉

CSO Forum ဆိုင်ရာ ကရင်လူငယ် အထောက်အကူပြုအဖွဲ့များ၏
အတွေ့အကြုံ ရှင်းလင်း တင်ပြခြင်း........ ၅၅

ကရင်လူထုဆွေးနွေးပွဲမိန့်ခွန်းများမှ ကောက်နုတ်ချက်များ ........ ၆၀

အမေးအဖြေကဏ္ဍ ........ ၇၁

ဆွေးနွေးပွဲ ဆုံးဖြတ်ချက်များ........ ၁၀၀

(ဂ) ဒုတိယအကြိမ် ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ
အခြေခံမူနှင့် မူဝါဒစာတမ်းများစုစည်းချက်နှင့်အတည်ပြုချက်ခြင်း
အစည်းအဝေး( 2nd KND's Validation & Summarizing Meeting)..................၁၀၃

ပထမနေ့ ........................................................................................၁၀၅
အဖွင့်မိန့်ခွန်း .................................................................................၁၀၅
လမ်းညွှန် အမှာစကား.........................................................................၁၀၉
ဩဝါဒ မိန့်ခွန်း................................................................................ ၁၁၂
ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြခြင်း ................................................၁၁၅
ကဏ္ဍအလိုက် စာတမ်းများ ဖတ်ကြားတင်သွင်းခြင်း မှတ်တမ်းဓာတ်ပုံများ ....၁၁၉
နိဂုံးချုပ် အမှာစကား..........................................................................၁၁၉

ဒုတိယနေ့ ....................................................................................... ၁၂၀
အဖွင့်အမှာစကား ............................................................................. ၁၂၀
ကဏ္ဍအလိုက် စုဖွဲ့ဆွေးနွေးခြင်း (မှတ်တမ်းဓာတ်ပုံများ) ........................... ၁၂၁

တတိယနေ့ ...................................................................................... ၁၂၃
အဖွင့်အမှာစကားပြောကြားခြင်း ........................................................... ၁၂၃
ကဏ္ဍအလိုက် အခြေခံမူ စာတမ်းများအား ဖတ်ကြားတင်သွင်းခြင်း .............. ၁၂၃
စာတမ်းများအား အတည်ပြုကြောင်း ကြေငြာခြင်း..................................... ၁၂၄

ပိတ်ပွဲအခမ်းအနား အစီအစဉ်.............................................................. ၁၂၅
တိုက်တွန်းအားပေးစကားနှင့် ကျေးဇူးတင်စကား
ပဒိုစောသမိန်ထွန်း............................................................................ ၁၂၅
နော်ဘလူးမင်းနိုက်ဇံ ......................................................................... ၁၂၉
ဗိုလ်မှူးကြီး စောကျော်ညွှန့်................................................................. ၁၃၂
မန်းထိန်ဝင်းစိန်.................................................................................၁၃၅

(ဃ) ဒုတိယအကြိမ် ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှ
ရရှိသည့် အဆိုပြုစာတမ်းများ..........................................................................၁၃၇
နိုင်ငံရေးကဏ္ဍ မူဝါဒ အဆိုပြုစာတမ်း
စီးပွားရေးကဏ္ဍ မူဝါဒ အဆိုပြုစာတမ်း..........................................................၁၄၁
လူမှုရေးကဏ္ဍ မူဝါဒ အဆိုပြုစာတမ်း.............................................................၁၄၆
မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒ အဆိုပြုစာတမ်း ........................၁၄၈
မှတ်တမ်းတင်ခြင်းဆိုင်ရာကဏ္ဍ ......................................................................၁၅၆
သဘောတူ ဆုံးဖြတ်ချက်များ ...........................................................................၁၅၈
ထုတ်ပြန်ကြေညာချက် ...................................................................................၁၆၀

(င) နောက်ဆက်တွဲ မှတ်တမ်းများ
Public Consultation မှ ဒေသအလိုက် အမျိုးသမီးပါဝင်မှု အချိုးပြဇယား.......၁၆၃
2nd KND's Validation & Summarizing အစည်းအဝေးမှ
ကဏ္ဍအလိုက် အမျိုးသမီးပါဝင်မှု အချိုးပြဇယား.............................................၁၆၅
ဒုတိယအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ ဆောင်ရွက်မှု
အစီအစဉ်ပြဇယား ..........................................................................................၁၇၀
Public Consultations -> Validation & Summarization
ချိတ်ဆက်မှုပြဇယား.........................................................................................၁၇၁
ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ ဆောင်ရွက်မှုမှတ်တမ်း ..၁၇၂
မှတ်တမ်းဓာတ်ပုံများ........................................................................................၁၇၅

| | |
|---|---|
| NCA | Nationawide Ceasefire Agreement<br>တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် |
| NCCT | Nationawide Ceasefire Coordination Team<br>တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ |
| EAOs | Ethnic Armed Organizations<br>တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ |
| SD | Senior Delegation<br>အဆင့်မြင့် ညှိနှိုင်းရေးအဖွဲ့ |
| UPWC | Union Peace-making Working Committee<br>ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ |
| JMC | Joint Monitoring Committee<br>ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ |
| JICM | Joint Implementation Coordination Meeting<br>NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး |
| UPDJC | Union Peace Dialogue Joint Committee<br>ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ |
| UPC | Uinon Peace Conference<br>ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ |
| UNFC | United Nationalities Federal Council<br>ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ |
| NDF | National Democratic Front<br>အမျိုးသားဒီမိုကရက်တစ်တပ်ဦး |
| WGEC | Working Group for Ethnic Coordination<br>တိုင်းရင်းသားလူမျိုးများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ |
| KUPC | Karen Unity and Peace Committee<br>ကရင်အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကော်မတီ |
| KPST | Karen Peace Support Team<br>ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့ |
| KAUC | Karen Armed-groups Unity Committee<br>ကရင်လက်နက်ကိုင်အဖွဲ့အစည်းများ ညီညွတ်ရေးကော်မတီ |
| ENC | Ethnic Nationalities Council<br>တိုင်းရင်းသားလူမျိုးများကောင်စီ |
| IDPs | Internally Displaced Persons / People<br>ပြည်တွင်းစစ်ဘေးရှောင် ရွှေ့ပြောင်းလူထု |
| DDR/SSR | Disarmament, demobilization, and reintegration (DDR)<br>လက်နက်ဖျက်သိမ်း တပ်ဖျက်သိမ်းခြင်းနှင့် တပ်များ ပြန်လည်စုစည်းပေါင်းစပ်ခြင်း<br>Security Sector Reform (SSR)<br>လုံခြုံရေးကဏ္ဍပြောင်းလဲမှု |

| | |
|---|---|
| OPNR | Office for Peace and National Reconciliation<br>ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးရုံး |
| ND | National Dialogue<br>အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ |
| KNDCC | Karen National Dialogue Convening Committee<br>ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရေးကော်မတီ |
| KND | Karen National Dialogue<br>ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ |
| KNDCC TST | Karen National Dialogue Convening Committee-Technical Support Team<br>ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ နည်းပညာအထောက်အကူပြုအဖွဲ့ |
| RISE | Research Institute for Society and Ecology<br>လူမှုရေးရာသုတေသနအဖွဲ့ |
| NLD | National league for democracy<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| PPST | Peace Process Steering Team<br>ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ |
| CBO | Community Based organization<br>အရပ်ဖက်လူမှုအဖွဲ့အစည်း |
| TORs | Term of References<br>လုပ်ငန်းလမ်းညွှန်များ |
| SOPs | Standard Operation Procedures<br>လုပ်ထုံးလုပ်နည်းများ |
| KEAOs | Karen Ethnic Armed Organzations<br>ကရင်တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ |
| KWU | Karen Women Union<br>အရပ်ဖက်ကရင်အမျိုးသမီးသမဂ္ဂ |
| CoC | Code of Conduct<br>လေးစားလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် ကျင့်ဝတ်များ |
| FT | Facilitation Team<br>အကျိုးဆောင်အဖွဲ့ |
| DT | Documentation Team<br>မှတ်တမ်းအဖွဲ့ |
| TT | Technical Team<br>နည်းပညာအဖွဲ့ |
| FPNCC | Federal Political Negotiation and Consultative Committee<br>ပြည်ထောင်စု နိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ |
| CRC | Convention on the Rights of the Child<br>ကလေးအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် |

| | |
|---|---|
| UNDRIP | United Nations Declaration on the Rights of Indigenous Peoples<br>ကမ္ဘာ့ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာကြေငြာစာတမ်း |
| ESIA | Environmental and Social Impact Assessment<br>သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအကျိုးသက်ရောက်မှု ဆန်းစစ်ချက်များ |
| FPIC | Free, Prior, and Informed Consent<br>လွပ်လပ်သော ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း |
| ICESCR | International Covenant on Economic, Social and Cultural Rights<br>စီးပွားရေး၊လူမှုရေးနှင့်ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ<br>အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် |
| CEDAW | Committee on the Elimination of Discrimination against Women<br>အမျိုးသမီးများ ဆန့်ကျင်ခွဲခြားဆက်ဆံမှုများ ပပျောက်ရေးဆိုင်ရာကော်မတီ |
| MSMEs | Micro, Small and Medium-sized Enterprises<br>စက်မှုလက်မှုဆိုင်ရာ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ |
| EIA | Environmental Impact Assessment<br>သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု ဆန်းစစ်ချက်များ |
| SIA | Social Impact Assessment<br>လူမှုရေးအကျိုးသက်ရောက်မှု ဆန်းစစ်ချက်များ |
| HIA | Health Impact Assessment<br>ကျန်းမာရေးအကျိုးသက်ရောက်မှု ဆန်းစစ်ချက်များ |
| HRIA | Human Rights and Impact Assessment<br>လူ့အခွင့်အရေးဆိုင်ရာ အကျိုးသက်ရောက်မှု ဆန်းစစ်ချက်များ |
| KLN | Karen Layer Network<br>ကရင်ရှေ့နေများ ကွန်ယက် |
| BGF | Border Guard Force<br>နယ်ခြားစောင့်တပ် |
| KCSO | Karen Civil Society Organization<br>ကရင်အရပ်ဖက်လူမှုအဖွဲ့အစည်း |
| EAOs | Ethnic Armed Organizations<br>တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ |

| | | |
|---|---|---|
| AA | Arakan Army | ရခိုင့်တပ်မတော် |
| ALP | Arakan Liberation Party | ရခိုင်ပြည် လွတ်မြောက်ရေးပါတီ |
| ANC | Arakan National Council | ရခိုင်အမျိုးသားကောင်စီ |
| ABSDF | All Burma Students Democratic Front | မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ<br>ဒီမိုကရက်တစ်တပ်ဦး |
| CNF | Chin National Front | ချင်းအမျိုးသားတပ်ဦး |
| DKBA | Democratic Karen Benevolent Army | ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် |
| KIO | Kachin Independent Organization | ကချင်လွတ်လပ်ရေးအဖွဲ့ |

| | | |
|---|---|---|
| KNLP | Kayan New Land Party | ကယန်းပြည်သစ်ပါတီ |
| KNPLF | Karenni Nationalities People Liberation Front | ကရင်နီ လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦး |
| KNPP | Karenni National Progress Party | ကရင်နီအမျိုးသား တိုးတက်ရေးပါတီ |
| KNU | Karen National Union | ကရင်အမျိုးသားအစည်းအရုံး |
| KNU/KNLA-PC (KPC) | KNU/KNLA-Peace Council | ကေအဲန်ယူ/ကေအဲန်အယ်လ်အေ ငြိမ်းချမ်းရေးကောင်စီ |
| LDU | Lahu Democratic Union | လားဟူ ဒီမိုကရက်တစ် အစည်းအရုံး |
| MNDAA | Myanmar National Democratic Alliance Army | မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော် |
| NDAA | National Democrati Alliance Army | အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်ဖွဲ့ |
| NMSP | New Mon State Party | မွန်ပြည်သစ်ပါတီ |
| NSCN-K | Nationalist Socialist Council of Nagaland | နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ |
| PNLF/TNLA | Palaung State Liberation Front / Ta'ang National Liberation Army | ပလောင်ပြည် လွတ်မြောက်ရေးတပ်ဦး / တအောင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် |
| PNLO | Pa-O National Liberation Organization | ပအိုဝ်းအမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ် |
| RCSS | Restoration Council of Shan State | ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ |
| SSPP | Shan State Progressive Party | ရှမ်းပြည် တိုးတက်ရေးပါတီ |
| UWSA | United Wa State Army | ဝပြည် သွေးစည်းညီညွတ်ရေး တပ်မတော် |
| WNO | Wa Nationa Organization | ဝအမျိုးသား အဖွဲ့ချုပ် |

# ဥပဒေ့ဇၣ်




တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်း ၈ ဖွဲ့တို့သည် နိုင်ငံတကာ ရှေ့မှောက်၊ တနိုင်ငံလုံးရှိ ပြည်သူများ၏ ရှေ့မှောက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးရခြင်းသည် နိုင်ငံရေး ပြဿနာကို စစ်ရေးနည်းဖြင့် မဖြေရှင်းဘဲ နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပပြုလုပ်၍ ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေး အဖြေရှာသွားရန် ဖြစ်သည်။ ထို့အတွက်ကြောင့် ဒုတိယအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကြီးမှ နိုင်ငံရေးဆွေးနွေးပွဲများ ကောင်းမွန် အောင်မြင်စွာ ကျင်းပပြုလုပ်သွားနိုင်ရေးအတွက် လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတို့ကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပပြုလုပ်ပြီး နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်မှတဆင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဆွေးနွေးရယူသွားရန် ဖြစ်သည်။

သို့ဖြစ်၍ တိုင်းရင်းသားလူမျိုးများတို့သည် လူမျိုးကိုအခြေခံပြီး မိမိတို့၏ လူမျိုးအလိုက်

နိုင်ငံရေး ဆွေးနွေးပွဲတို့ကို ကျင်းပပြုလုပ်ခွင့် ရရှိခဲ့ပြီး ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးအတွက် အာမခံချက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ရရှိလာစေရန် မိမိတို့ လူမျိုး၏ အမြင်သဘောထားဆန္ဒတို့ကို ရယူသည့် အမျိုးသားအဆင့် လူမျိုးအလိုက် နိုင်ငံရေး ဆွေးနွေးပွဲများတို့ကို ကျင်းပပြုလုပ်ခဲ့ကြသည်။

ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခွင့်ရသည့် လက်ရှိ ပြည်နယ်/ တိုင်းတို့တွင်လည်း မိမိတို့ဒေသတွင်း နေထိုင်ကြသည့် ပြည်သူလူထုတို့၏ အမြင်သဘော ထား ဆန္ဒတို့ကို ရယူခဲ့ကြသည်။ ထို့အတူ အကြောင်းအရာကို အခြေခံသည့် လူမှုရေးအသင်းအဖွဲ့ (CBOs/CSOs) များတို့မှလည်း ဆွေးနွေးခွင့်ရသည့် အကြောင်းအရာများတို့ကို ဆွေးနွေးခဲ့ကြပြီး အမြင်သဘောထားဆန္ဒတို့ကို ရယူခဲ့ကြသည်။

ထိုမှတဆင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲများမှ ဆွေးနွေး ရရှိခဲ့သော အမြင်သဘောထားဆန္ဒတို့ကို ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကြီးတွင် တက်ရောက် ဆွေးနွေးသွားကြရမည် ဖြစ်သည်။

ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ မှ ဆွေးနွေးရရှိလာသော သဘောတူညီချက်များတို့ကို ပြည်ထောင်စု သဘောတူညီချက် အစိတ်အပိုင်းများအဖြစ် သတ်မှတ်ထားရှိသွားမည် ဖြစ်သည်။

ထို့ကြောင့် မိမိတို့ ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရေးကော်မတီ (KNDCC) မှ ကျင်းပပြုလုပ်သော လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှ ဆွေးနွေးရရှိခဲ့သော ကရင်အမျိုးသားတို့၏ အမြင်သဘောထားဆန္ဒပါရှိသည့် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ စာတမ်းများတို့သည် ရှေ့ဆက်ဖြစ်ပေါ်လာမည့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်များတို့တွင် ကိုင်စွဲဆွေးနွေးရမည့် စာတမ်းအဖြစ်သော်လည်းကောင်း၊ သမိုင်းမှတ်တမ်း အဖြစ် သော်လည်းကောင်း မော်ကွန်းကမ္ဗည်း ရေးထိုးခြင်းနှင့်အတူ တည်ငြိမ်အေးချမ်း သာယာဝ ပြောသည့် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုသစ်ကြီးကို တည်ဆောက်နိုင်ပါစေဟု ဆန္ဒပြုပါ သည်။

ကရင်အမျိုးသား နိုင်ငံရေး ဆွေးနွေးပွဲ ဦးဆောင်ကော်မတီ

# ကျေးဇူးဥပကာရ




ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရေးကော်မတီ (KNDCC) မှ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ (ကရင်)ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၈–၂၀ ရက်နေ့တို့တွင် ကရင်ပြည်နယ်၊ ဖားအံမြို့၌ ကျင်းပပြုလုပ်ခဲ့ပြီး ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၈–၃၀ ရက်တို့တွင် ကော်သူးလေ၊ လော်ခီးလာ၌ ကျင်းပပြုလုပ်ခဲ့သည်၊ နိုင်ငံရေးကဏ္ဍတွင် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးအတွက် အခြေခံရမည့် မူများနှင့် စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်၊ လုံခြုံရေးကဏ္ဍများတို့ နှင့် ပတ်သက်သည့် စာတမ်းများတို့ကို ဆွေးနွေးရရှိခဲ့ပြီး ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ–၂၁ရာစု ပင်လုံ ဒုတိယအစည်းအဝေးသို့ ကရင်အမျိုးသားများတို့၏ အဆိုပြုစာတမ်းများအဖြစ် တင်သွင်း ဆွေးနွေးခဲ့သည်။

ထို့အတူ ယခုလာမည့် ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ကျင်းပပြုလုပ်မည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ– ၂၁ရာစု ပင်လုံ (တတိယ အစည်းအဝေး)တွင် အဆိုပြုတင်သွင်းမည့် စာတမ်းများကိုလည်း ကရင်အမျိုးသား နိုင်ငံရေး ဆွေးနွေးပွဲ ကျင်းပရေးကော်မတီ KNDCC မှ ကရင်အမျိုးသားများ နေထိုင်ရာ ဒေသအသီးသီးရှိ ကရင်ကိုယ်စားလှယ်များ ပါဝင်သော လူထု တွေ့ဆုံပွဲများ ကျင်းပပြုလုပ်၍ သော်လည်းကောင်း၊ လူထုတွေ့ဆုံဆွေးနွေးပွဲများမှ ရရှိလာသော

အမြင်သဘောထား ဆန္ဒတို့ကို စုစည်းခြင်း နှင့် အတည်ပြုခြင်း အစည်းအဝေးတို့ကို ကျင်းပပြုလုပ်ပြီး ရယူခဲ့ရသည်။ နိုင်ငံရေး ဆွေးနွေးပွဲ လုပ်ငန်းစဉ် အဆင့်ဆင့်တို့တွင် ကိုင်စွဲဆွေးနွေးရမည့် စာတမ်းလည်းဖြစ်ပြီး ကရင်အမျိုးသားတို့၏ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး ဆန္ဒမှန်ကို အခြားသော တိုင်းရင်းသား လူမျိုးများတို့အား အသိပေး တင်ပြလိုခြင်းလည်း ဖြစ်ပေသည်။

ထို့ကြောင့် မိမိတို့ ကရင်အမျိုးသားတို့၏ အမြင်သဘောထားဆန္ဒ ပါဝင်သည့် အဆိုပြုစာတမ်းများတို့သည် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးအတွက် သမိုင်းမှတ်တမ်းများအဖြစ် ကမ္ပည်းမော်ကွန်း ထားရှိရမည် ဖြစ်သည်။

သို့ဖြစ်၍ 2nd KND စာအုပ်မှတ်တမ်း ဖြစ်မြောက်ရေးအတွက် လူထုတွေ့ဆုံပွဲများတို့တွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ဒေသအသီးသီးရှိ ကရင်အမျိုးသား ကိုယ်စားလှယ်များကို သော်လည်းကောင်း၊ ဆွေးနွေးချက်များကို စုစည်းပြုစုပေးသည့် KNDCC Documentation & Information Team ကို သော်လည်းကောင်း၊ စာစီစာရိုက် စာစစ်ပေးသည့် RISE နှင့် KNDCC TST တို့အား အထူး ကျေးဇူးတင်ရှိပါကြောင်း၊ အမှာစာရေးပေးသည့် KNDCC ဦးဆောင်ကော်မတီ အဖွဲ့ခေါင်းဆောင် ပဒိုစောကွယ်ထူးအားလည်း အထူး ကျေးဇူးတင်ရှိပါကြောင်း၊ စာအုပ်မှတ်တမ်း ထုတ်ဝေဖြန့်ချိနိုင်ရေးအတွက် ရန်ပုံငွေ ထောက်ပံ့ကူညီပေးသည့် Norwegian People Aid-NPA တို့အား အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

ကရင်ပြည် ချက်ခြင်းပေး၊ ကရင်တကျပ် ဗမာတကျပ် ချက်ခြင်းပြ၊ ပြည်တွင်းစစ် အလိုမရှိ၊ လူမျိုးရေး အဓိကရုဏ်း အလိုမရှိ စသည့် ကရင်အမျိုးသားတို့၏ ဆန္ဒထုတ်ဖော် တောင်းဆိုမှုတို့ကို အခြေခံပြီး အတူတကွ ယှဉ်တွဲနေထိုင်နိုင်သည့် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ပါစေကြောင်း ဆန္ဒပြုရင်း– မိမိတို့ ကရင်အမျိုးသား နိုင်ငံရေး ဆွေးနွေးပွဲ ကျင်းပရေးကော်မတီ(KNDCC) မှ ကျေးဇူးတင်သင့်သောသူများကို ကျေးဇူးအထူးတင်လျှက် ...

စောလှထွန်း

ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရေးကော်မတီ (KNDCC)

# အမှာစာ

ယနေ့ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ကို အခြေခံ၍ ဆောင်ရွက်နေသော လုပ်ငန်းစဉ်ဖြစ်သည်။ တနည်းအားဖြင့် မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့သော နိုင်ငံရေးပြဿနာကို စစ်ရေးနည်းအရ ဖြေရှင်းခြင်းကို အဆုံးသတ်ပြီး နိုင်ငံရေးနည်းအရ တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာ ဖြေရှင်းရန် သဘောတူညီမှုကို စတင်အကောင်အထည်ဖော်ခြင်းလည်း ဖြစ်ပေသည်။

တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် NCA လက်မှတ်ရေးထိုးပြီးနောက်၊ အစိုးရတပ်မတော်နှင့် NCA လက်မှတ်ရေးထိုးသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတို့သည် လိုအပ်သော လုပ်ငန်းကော်မတီများကို ဖွဲ့စည်းခဲ့သည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီကို ဖွဲ့စည်းခဲ့သည်။ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီကို ဖွဲ့စည်းခဲ့သည်။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီသည် နိုင်ငံရေး ဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ကို ရေးဆွဲ အတည်ပြုခဲ့သည်။ ထိုအတည်ပြုသော နိုင်ငံရေးဆွေးနွေးမှု မူဘောင်နှင့်အညီ နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်ကို ကျင်းပခဲ့သည်။

နိုင်ငံရေးဆွေးနွေးမှု မူဘောင်နှင့်အညီ ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့သော်လည်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–၂၁ရာစုပင်လုံ (ဒုတိယအစည်းအဝေး) ကျင်းပပြီးသည့် နောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ တဖွဲ့ချင်းသော်လည်းကောင်း၊ အစုအဖွဲ့ဖြင့်သော်လည်းကောင်း NCA အကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းများကို ပြန်လည်သုံးသပ်ခြင်း၊ လိုအပ်သော ပြင်ဆင်ပြောင်းလဲမှုများကို ပြုလုပ်ပြီး အစိုးရတပ်မတော် ကိုယ်စားလှယ်များနှင့် ပူးတွဲသုံးသပ်ခြင်း၊ လိုအပ်သော ပြုပြင်ပြောင်းလဲမှုကို ပြုလုပ်ခဲ့သည်။ ထိုသို့ ပြန်လည်သုံးသပ်ခြင်း၊ လိုအပ်သည်များကို ပြန်လည် ပြင်ဆင်ပြောင်းလဲခြင်းများကိုလည်း ပူးတွဲဆောင်ရွက်ရာမှာ အချိန်ကာလအားဖြင့် တနှစ်နီးပါး ကြာမြင့်ခဲ့သည်။

ထို့အပြင် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို အကောင်အထည်ဖော်ရာတွင် NCA လက်မှတ်ရေးထိုးထားသော အဖွဲ့အစည်းများအကြား NCA အပေါ် နားလည်မှု၊ ခံယူမှု မတူညီခြင်း၊ ရည်မှန်းချက် မတူညီခြင်း၊ သမိုင်းကြောင်း မတူညီခြင်း စသည့် ကွဲပြားမှုများကြောင့်လည်း သဘောတူညီမှု ရယူရေးမှာလည်း အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသည်။

ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံးနှင့် ကရင်အမျိုးသားတို့သည် ကရင်အမျိုးသားတို့၏ နိုင်ငံရေးပြဿနာကို စစ်ရေးနည်းအရ မဖြေရှင်းဘဲ၊ နိုင်ငံရေးနည်းအရ ဖြေရှင်းရန် အုပ်စိုးသူ

အစိုးရ အဆက်ဆက် တို့နှင့် အပစ်အခတ် ရပ်စဲရေး၊ နိုင်ငံရေး တွေ့ဆုံဆွေးနွေးရေး ဆောင်ရွက်ရန် တို့ကို  တစိုက်မတ်မတ် တောင်းဆိုခဲ့သည်။ တွေ့ဆုံ ဆွေးနွေး အဖြေရှာခဲ့သည်။

ယခု NCA သဘောတူစာချုပ် ပြဋ္ဌာန်းချက်အရ နိုင်ငံရေးဆွေးနွေးပွဲများကို လူမျိုးအလိုက် ကျင်းပပိုင်ခွင့် ရှိသဖြင့် ကရင်အမျိုးသားတို့သည် လူမျိုးအလိုက် ကျင်းပသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ကရင်လက်နက်ကိုင် အဖွဲ့ ၃ ဖွဲ့ နှင့် ကရင်အမျိုးသားနိုင်ငံရေးပါတီများ အတူတကွ ပူးပေါင်း၍ ကျင်းပခဲ့သည်။ ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ  အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သော ကော်မတီများ၊ နည်းပညာ အထောက်အကူပြုအဖွဲ့များ၊ ရုံးအဖွဲ့များကို ဖွဲ့စည်းခဲ့သည်။ ထိုအစုစုသော ကော်မတီများ၊ လုပ်ငန်းအဖွဲ့များတို့၏ ပူးပေါင်း ဆောင်ရွက်မှုကြောင့် ကရင့်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရာတွင် အခက်အခဲ၊ စိန်ခေါ်မှု များစွာရှိခဲ့သော်လည်း အားလုံးတို့မှ ကရင့်အမျိုးသားနိုင်ငံရေး ဆွေးနွေးပွဲ၏ ရည်မှန်း ချက်ကို ဦးတည်ပြီး၊ စိတ်ရှည် သည်းခံမှု၊ ဖွဲလုံ့လရှိမှု၊ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ကရင် အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲများကို အောင်အောင်မြင်မြင်ဖြင့် ကျင်းပနိုင်ခဲ့ကာ ကရင်အမျိုးသား တို့၏ နိုင်ငံရေးဆန္ဒကို စုစည်းတင်ပြနိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် အခက်အခဲ၊ စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ဖြေရှင်းနေရသည်။ နိုင်ငံတော် အစိုးရမှလည်း ထို အခက်အခဲ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် မူချမှတ်ကာ အကောင်အထည် ဖော်ဆောင်လျက် ရှိနေသည်။ ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေး ချိုးဖောက်မှု၊ ဒီမိုကရေစီ ပြုပြင် ပြောင်းလဲမှု၊ ဆင်းရဲမွဲတေမှု၊ ရခိုင်ပြည်နယ်တွင်း ဖြစ်ပေါ်နေသော ပဋိပက္ခ ကိစ္စများ၊ အစရှိသည့် အခက်အခဲ၊ စိန်ခေါ်မှု ကိစ္စရပ်များစွာ တို့သည် တခုနှင့်တခု ဆက်နွယ်လျက် ရှိနေသည်။ သီးခြားစီ ရှိနေခြင်း မဟုတ်ပါ။။ ထိုအရေးကိစ္စများ၏ အရင်းခံပြဿနာသည် နိုင်ငံတော်၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို NCA ပါ သဘောတူညီမှုအရ၊ နိုင်ငံရေးဆွေးနွေးပွဲ ရလာဒ်နှင့်အညီ၊  ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုသို့ ပြုပြင်ပြောင်းလဲနိုင်မှသာ အထက်ပါ အခက်အခဲ၊ စိန်ခေါ်မှုများကို တဆင့်ပြီးတဆင့် ကျော်လွှား၊ ဖြေရှင်းနိုင်မည် ဖြစ်သည်။ ထိုသို့ အကောင်အထည်ဖော်၊ ဖြေရှင်းနိုင်ရန် သက်ဆိုင်ရာ အစုအဖွဲ့များအားလုံးမှ တိုင်းရင်းသား ပြည်သူ တရပ်လုံးအကျိုးအတွက် မျှော်ကိုးပြီး ပြုပြင်ပြောင်းလဲလိုသော နိုင်ငံရေး ဆန္ဒရှိရန် လိုအပ်ပေ သည်။

ယခု ထုတ်ဝေလိုက်သော ကရင်အမျိုးသားတို့၏ ဆန္ဒသဘောထားပါ စာတမ်းများနှင့် အကြောင်းအရာ အချက်အလက်များသည် လာမည့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်အဆင့်ဆင့်တို့တွင် ကရင်အမျိုးသားတို့အနေဖြင့် ကိုင်စွဲ ဆွေးနွေးရမည့် စာတမ်းများဖြစ်သကဲ့သို့ ကရင်အမျိုးသားတို့၏ အမြင်သဘောထားဆန္ဒများတို့ကို အခြားသော တိုင်းရင်းသားများတို့အားလည်း လေ့လာသိရှိနိုင် စေရန်နှင့် သမိုင်းမှတ်တမ်းအရလည်း ထားရှိရမည်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးများအားလုံး အတူတကွယှဉ်တွဲနေထိုင်နိုင်သည့်  ဒီမိုကရေစီ ဖက်ဒ ရယ် ပြည်ထောင်စုဆီသို့ လျှောက်လှမ်းရောက်ရှိနိုင်ကြပါစေ … ။

ပဒိုစောကွယ်ထူးဝင်း<br>အဖွဲ့ခေါင်းဆောင်၊ ဦးဆောင်ကော်မတီ<br>ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲကျင်းပရေးကော်မတီ **(KNDCC)**

## ကရင်လူမျိုးအလိုက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ ဆိုင်ရာ အခြေခံမူများ




## ကရင်လူမျိုးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ၏ အခြေခံမူများ

**အားလုံးပါဝင်ရေး** (Inclusiveness)

'ကရင်တမျိုးသားလုံး၏ သက်ဆိုင်သော အစုအဖွဲ့' အားလုံးကို ကိုယ်စားပြုနိုင်စွမ်း ရှိရမည်။

**ပူးပေါင်းပါဝင်ရေး** (Participation)

ကိုယ်စားပြု တက်ရောက်လာသူတိုင်းတွင် ပါဝင်ပြောဆို ဆွေးနွေးနိုင်ခွင့် ရှိသည်။

**ပါဝင်မှုကို လမ်းဖွင့်ပေးခြင်း** (Openess)

ဆွေးနွေးပွဲတွင် ပါဝင်ခွင့် မရရှိသော ကရင်အမျိုးသားများပင်လျှင် ဆွေးနွေးပွဲ၏ ဖြစ်ပေါ်တိုးတက်မှုကို သိရှိနိုင်ပြီး ပါဝင်ဆွေးနွေး အကြံပေးနိုင်သည်။

**လွတ်လပ်ခြင်း၊ သာတူညီမျှခြင်း** (Free and Equal)

ပါဝင်ဆွေးနွေးသူအားလုံး အညီအမျှ ပြောဆိုဆွေးနွေး အကြံပေးနိုင်သည်။

**အနှစ်သာရရှိရေး** (Meaningfulness)

ပါဝင်ဆွေးနွေးမှုများအားလုံးကို အလေးအနက် ထည့်သွင်းစဉ်းစားပါသည်။

**ပွင့်လင်းမြင်သာမှုရှိရေး** (Transparency)

တွေ့ဆုံဆွေးနွေးပွဲ၏ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများမှာ ပွင့်လင်းပြီး ယင်းတို့ကို လူတိုင်း သိရှိနေကြသည်။

**ရလဒ်ကို ရှေးရှုရေး** (Outcome-oriented)

တွေ့ဆုံဆွေးနွေးမှုမှတဆင့် အကောင်အထည်ဖော်နိုင်သော ရလဒ်များ ပေါ်ပေါက်စေမည်။

# ဒုတိယအကြိမ် ကရင်လူမျိုးအလိုက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲဆိုင်ရာ ပြင်ဆင်မှုအစီအစဉ်

**ဇွန်လ၊ ၂၀၁၈**

- ကရင်ND အခမ်းအနားအတွက် အကြိုညှိနှိုင်းအစည်းအဝေး (OPNR၊ ဖားအံ)
- ကရင်ND Validation and Summarization Meeting

**မေလ၊ ၂၀၁၈**

- ကရင်ND ကျင်းပရေးကော်မတီ ညှိနှိုင်းအစည်းအဝေး (ဖားအံ)
KNDCC နှင့် KNPP တွေ့ဆုံ
- ဆွေးနွေးဖလှယ်ခြင်း အစည်းအဝေး (ဖားအံ)
KNDCC နည်းပညာအထောက်အကူပြုအဖွဲ့အစည်းအဝေး (RISE, ဖားအံ)

**ဧပြီလ၊ ၂၀၁၈**

- ကရင်၊ ကယားနှင့် မွန်ပြည်နယ်တို့မှ ကရင်ND အကြို–လူထုတွေ့ဆုံပွဲ (တောင်ကလေး၊ ဖားအံ)
- ဧရာဝတီနှင့် ရန်ကုန် တိုင်းဒေသကြီးတို့မှ ကရင်ND အကြို–လူထုတွေ့ဆုံပွဲ

**ဧပြီလ၊ ၂၀၁၈**

- ကော့်သူးလေနယ်စပ်ဒေသမှ ကရင်ND အကြို–လူထုတွေ့ဆုံပွဲ ညှိနှိုင်းအစည်းအဝေး (ဖားအံ)
- ကော့်သူးလေနယ်စပ်ဒေသမှ ကရင်ND အကြို–လူထုတွေ့ဆုံပွဲ (ဝေနော့်တရာ)

**မတ်လ၊ ၂၀၁၈**

- ကရင်ND ကျင်းပရေးကော်မတီ ညှိနှိုင်းအစည်းအဝေး (၂ ကြိမ်)
- ဒုတိယအကြိမ် ကရင်ND ပြင်ဆင်မှုအားသုံးသပ်ခြင်းနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး

**ဇန်နဝါရီလ၊ ၂၀၁၈**

- ကရင်ND အကြို–လူထုတွေ့ဆုံပွဲ (ရန်ကုန်)
- ကရင်ND အကြို–လူထုတွေ့ဆုံပွဲ ညှိနှိုင်းအစည်းအဝေး (ပဲခူးတိုင်းဒေသကြီး)
- ကရင်ND အကြို–လူထုတွေ့ဆုံပွဲ ညှိနှိုင်းအစည်းအဝေး (ဧရာဝတီတိုင်းဒေသကြီး) (၂ ကြိမ်)

**ဇန်နဝါရီလ၊ ၂၀၁၈**

- ဒုတိယအကြိမ် ကရင်ND လုပ်ငန်းညှိနှိုင်းအစည်းအဝေး
- KNDCC Orientation Meeting
- ကရင်ND အကြို–လူထုတွေ့ဆုံပွဲ ညှိနှိုင်းအစည်းအဝေး (ရန်ကုန်)

**ဒီဇင်ဘာလ၊ ၂၀၁၇**

- ပံ့ပိုးမှုအဖွဲ့က NCAS-EAOs က စီစဉ်သည့် အချက်အလက် စုဆောင်းခြင်းနှင့် ဆွေးနွေးပွဲဦးဆောင်ခြင်းသင်တန်း တက်ရောက်ခြင်း
- ပံ့ပိုးမှုအဖွဲ့က NCAS-EAOs က စီစဉ်သည့် မီဒီယာနှင့် ဆက်သွယ်ရေးနည်းပညာသင်တန်း တက်ရာက်ခြင်း

**အောက်တိုဘာလ၊ ၂၀၁၇**

- ဒုတိယအကြိမ် ကရင်ND ပြင်ဆင်မှု ညှိနှိုင်းအစည်းအဝေး

**စက်တင်ဘာလ၊ ၂၀၁၇**

- ဒုတိယအကြိမ် ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ–ND အကြိုညှိနှိုင်းအစည်းအဝေး
- ND ဆိုင်ရာ အစီအစဉ်နှင့် ဘတ်ဂျက်ကိစ္စ ဆွေးနွေးခြင်း

Copy Right: RISE, Graphic: Paohom, Design: Dreamtimes

# ဒေသကို အခြေခံ၍ ဒုတိယအကြိမ် လူမျိုးအလိုက် ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအကြို ကရင်လူထု တွေ့ဆုံဆွေးနွေးပွဲများ

(ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီ၊ ကရင်၊ ကယား(ကရင်နီ)၊ မွန်၊ ပဲခူး၊ အထက်မြန်မာပြည်၊ နယ်စပ်ဒေသ)

## ရည်ရွယ်ချက်များ

၁။ ကရင်တမျိုးသားလုံးကို ကိုယ်စားပြုသည့် ဒေသအသီးသီးမှ ကရင်အမျိုးသားတို့၏ သဘောထားကို ဆွေးနွေးရယူသွားရန်။

၂။ ကတ္တာကြီး ၄ ရပ်ကို အခြေခံသော ဘုံသဘောထားများဖြစ်သည့် အခြေခံမူနှင့် မူဝါဒများကို ဖော်ထုတ်ပြီး သက်ဆိုင်ရာ ကော်မတီအဆင့်ဆင့်မှတဆင့် UPC သို့ တင်ပြသွားရန်။

၃။ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံဆိုင်ရာ အခြေခံ ဥပဒေမူနှင့် မူဝါဒများကို ချမှတ်နိုင်ရန်အတွက် အားကောင်းစေရန်။

၄။ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး ပြည်သူလူထုအား အသိပေး ရှင်းလင်းခြင်းအားဖြင့် ပြည်သူလူထုများသည် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပူးပေါင်းပါဝင်မှု အားကောင်းလာစေရန်။

# ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ဆွေးနွေးတင်ပြခြင်း

## လက်ရှိနိုင်ငံရေးနှင့် ငြိမ်းချမ်းရေးအခြေအနေ

### ဦးဆောင်ကော်မတီ ပဒိုစောကွယ်ထူးဝင်းမှ လက်ရှိနိုင်ငံရေးနှင့် ငြိမ်းချမ်းရေးအခြေအနေများအား ဆွေးနွေးတင်ပြခြင်း

**(လူထုတွေ့ဆုံဆွေးနွေးပွဲ၊ ဝေနော်တရာ)**

ကျွန်တော်တို့ ဒီလိုတွေ့ဆုံဆွေးနွေးဖြစ်ဖို့အတွက် စီစဉ်ပေးတဲ့ KNU/KNLA ငြိမ်းချမ်းရေး ကောင်စီကို ကျေးဇူးတင်ရမှာ ဖြစ်တယ်။ နောက်တစ်ချက်အနေနဲ့ကတော့ ကျွန်တော်တို့ အမျိုးသားတွေ စုစည်းစည်းနဲ့ အမျိုးသားရေးအနာဂတ် နိုင်ငံရေး ဆွေးနွေးပွဲကို ခုလိုလာတက်ရောက်ပြီး ဆွေးနွေးနိုင်တဲ့အတွက်လည်း အထူးဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့ ဒီနေရာမှာ ကရင်အမျိုးသားတွေရဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေ၊ လက်နက်ကိုင် အဖွဲ့အစည်းတွေ စုစည်းထားတဲ့ အနာဂတ်နိုင်ငံရေးကို လာပြီး ဆွေးနွေးနိုင်တဲ့အတွက် ကျွန်တော်တို့အနာဂတ်အတွက် အားရမိပါတယ်။ တစ်ချို့က ဒီငြိမ်းချမ်းရေးဟာ Deadlock ဖြစ်နေပြီ၊ အထူးသဖြင့် နိုင်ငံရေးဆွေးနွေးပွဲနဲ့ ပတ်သက်ပြီးတော့၊ **တစ်ချို့ကပြောတော့ ဒီနိုင်ငံရေး ဆွေးနွေးပွဲကို နိုင်ငံရေးဖြစ်စဉ် Process က လည်နေတယ်။ သွားတော့ သွားနေတယ် ရှေ့လည်းမတိုးဘူး၊ နောက်လည်း မပြန်ဘူး၊ လုပ်တော့ လှုပ်ရှားနေကြတာပဲ။ လည်နေတာဖြစ်တယ်။** ဆိုလိုတာက ကျွန်တော်တို့ နိုင်ငံရဲ့ ငြိမ်းချမ်းရေးအတွက် အထူးသဖြင့် တိုင်းရင်းသားလူမျိုးများ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ၊ ရည်မှန်းချက်တွေ ရရှိဖို့အတွက် ကျွန်တော်တို့ ကြိုးစားဆောင်ရွက်လာခဲ့တယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကတော့ ကျွန်တော်တို့ ရွေးချယ်မှု မဟုတ်ဘဲနဲ့

> **နိုင်ငံရေး ဆွေးနွေးပွဲကို နိုင်ငံရေးဖြစ်စဉ် Process က လည်နေ တယ်။ သွားတော့ သွားနေတယ် ရှေ့လည်းမတိုးဘူး၊ နောက်လည်း မပြန်ဘူး၊ လုပ်တော့ လှုပ်ရှားနေကြတာပဲ။ လည်နေတာဖြစ်တယ်။**

> **ဒီဖိတ်ခေါ်မှုမှာ ၂ ဆင့်ထားတယ်။ ပြည်နယ်အဆင့်နှင့် ပြည်ထောင်စု အဆင့်တို့ ဖြစ်တယ်။ နှစ်ခုစလုံးမှာ နိုင်ငံရေးဆွေးနွေး ပွဲ တစ်ခုမှမပါဘူး။ အထူးသဖြင့် ပြည်ထောင်စု အဆင့်မှာ ဆိုရင် နိုင်ငံရေး ဆွေးနွေးပွဲကို ပစ်ခတ်ရပ်စဲရေး လုပ်ပြီးတဲ့နောက်ပိုင်း မှာ နိုင်ငံရေး ပါတီထောင်၊ ရွေးကောက် ပွဲဝင်၊ အနိုင်ရရင် လွှတ်တော်ထဲကိုဝင်၊ ဖွဲ့စည်းပုံကိုပြင်၊ သို့သော်လည်းပဲ ကျွန်တော်တို့ အဲဒါကို လက်မခံခဲ့ဘူး ....**

လိုအပ်မှုအပေါ်မှာ လက်နက်ကိုင် တော်လှန်ရေး လမ်းစဉ်ကို ကျင့်သုံးလာခဲ့ပြီး ဖြစ်တယ်။

သို့သော်လည်းပဲ ဒီပြဿနာက နိုင်ငံရေး ပြဿနာ ဖြစ်တဲ့အတွက်ကြောင့် တွေ့ဆုံဆွေးနွေးရေးနည်းဖြင့်သာ အဖြေရှာလို့ ရမယ်ဆိုတာကို ခံယူပါတယ်။ ဒါကြောင့် ကရင့်အမျိုးသားတော်လှန်ရေးသမိုင်း တစ်လျှောက်လုံးမှာ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးနိုင်ဖို့၊ ဆိုလိုတာက ပစ်ခတ်ရပ်စဲရေး၊ နိုင်ငံရေး တွေ့ဆုံဆွေးနွေးရေး။ အစိုးရအဆက်ဆက်မှာ ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးပွဲပေါင်း မနည်းပါဘူး။ သို့သော်လည်း ပစ်ခတ်ရပ်စဲရေးပဲရတယ်။ နိုင်ငံရေး ဆွေးနွေးပွဲ မရဘူး။ သို့သော်လည်းပဲ ဦးသိန်းစိန် အစိုးရလက်ထက်မှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့ ပစ်ခတ်ရပ်စဲရေးကို ဆောင်ရွက်နိုင်ဖို့ အတွက် ဖိတ်ခေါ်ခဲ့တယ်။ **ကျွန်တော်တို့ သတိထား မိမယ်ဆိုရင် ဒီဖိတ်ခေါ်မှုမှာ ၂ ဆင့်ထားတယ်။ ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့်တို့ ဖြစ်တယ်။ နှစ်ခုစလုံးမှာ နိုင်ငံရေးဆွေးနွေးပွဲ တစ်ခုမှမပါဘူး။ အထူးသဖြင့်ပြည်ထောင်စုအဆင့်မှာဆိုရင်နိုင်ငံရေးဆွေးနွေးပွဲကိုပစ်ခတ်ရပ်စဲရေးလုပ်ပြီးတဲ့နောက်ပိုင်းမှာ နိုင်ငံရေးပါတီထောင်၊ ရွေးကောက်ပွဲဝင်၊ အနိုင်ရရင် လွှတ်တော်ထဲကိုဝင်၊ ဖွဲ့စည်းပုံကိုပြင်၊ သို့သော်လည်းပဲ ကျွန်တော်တို့ အဲဒါကို လက်မခံခဲ့ဘူး။**

ကျွန်တော်တို့ လက်နက်ကိုင်အဖွဲ့အစည်းတွေက ၂၀၀၈ ဖွဲ့စည်းပုံဆိုတဲ့ အစိုးရကနေပြီးတော့ ရေးဆွဲတဲ့ ဖွဲ့စည်းပုံရှိတဲ့အတွက်ကြောင့် ဆွေးနွေးပွဲကို ပစ်ခတ်ရပ်စဲရေးလုပ်ပြီးရင် နိုင်ငံရေး ဆွေးနွေးပွဲတွေ လုပ်မယ်။ လွှတ်တော်ပြင်ပက ဖွဲ့စည်းပုံကိုပြင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ညှိနှိုင်းတယ်၊ ရရှိတယ်။ တစ်နှစ်နီးပါး ကြာခဲ့တယ်။ အဲဒီအချက်ထဲမှာ ကျွန်တော်တို့ ပြန်ကြည့်လိုက်ရင် ကျွန်တော်တို့ သဘောတူထားတဲ့ အဓိက လုပ်ဆောင်ရမယ့် အချက်တွေရှိပါတယ်။ (၁) တစ်ချက်က ဖယ်ဒရယ်ဆိုတဲ့ နိုင်ငံကို တည်ဆောက်ဖို့ဖြစ်တယ်။ **နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ ဒီမိုကရေစီ နိုင်ငံတော်ကို တည်ဆောက်ဖို့အတွက် ဖယ်ဒရက်ဒီမိုကရေစီရဖို့ ဖြစ်တယ်။ နောက်တစ်ခုက ပြည်ထောင်စု တိုင်းရင်းသားအားလုံးပါဝင်သော Federal Union Army ဖွဲ့စည်းဖို့ဖြစ်တယ်။** နောက်တစ်ချက် ပြန်ကြည့်မယ်ဆိုရင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီမှုစာချုပ်က ဒီဖွဲ့စည်းပုံကို ပြင်ဖို့အတွက် သဘောတူညီမှု ရတယ်။ ဒါကသူ့ရဲ့ အားသာချက် ဖြစ်တယ်။

နောက်တစ်ချက်က လွှတ်တော်မှာ အတည်ပြုတယ်။ လွန်ခဲ့တဲ့စာချုပ်စာတမ်းတွေက ဘယ်လွှတ်တော်မှ အတည်မပြုဘူး။ **လွှတ်တော်အတည်ပြုတဲ့အတွက်ကြောင့် တရားဝင်မှုရှိတယ်။**

> **နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ ဒီမိုကရေစီ နိုင်ငံတော်ကို တည်ဆောက်ဖို့အတွက် ဖယ်ဒရယ်ဒီမိုကရေစီရဖို့ ဖြစ်တယ်။ နောက်တစ်ခုက ပြည်ထောင်စု တိုင်းရင်းသားအားလုံး ပါဝင်သော Federal Union Army ဖွဲ့စည်းဖို့ ဖြစ်တယ်။**

**လွှတ်တော်မှာ အတည်ပြုတဲ့အတွက်ကြောင့် ဥပဒေ ဖြစ်တယ်။ နောက်တစ်ချက်ကတော့ ပင်လုံစိတ်ဓာတ် ကိုလက်ခံတဲ့ သဘောဖြစ်တယ်။ ပင်လုံစိတ်ဓာတ်ကို ဘယ်အစိုးရ လက်ထက်မှာမှ ဘယ်သဘောတူညီ ချက်မှာမှ ပင်လုံဆိုတဲ့ သဘောထား၊ ပင်လုံစိတ်ဓာတ် သဘောတူထားတာ မရှိဘူး။ အဲဒီမှာ အသိအမှတ်ပြုမှု ရှိခဲ့တယ်။ ပင်လုံဆိုတဲ့ဟာက ကျွန်တော်တို့ နိုင်ငံဖြစ် ပေါ်လာတဲ့ သမိုင်းကလျှာ။** အစိုးရလက်ထက်မှာ အသိအမှတ်ပြုတော့ အားသာချက်တွေရှိတယ်။ သို့သော်လည်းပဲ အကောင်အထည် ဖော်တဲ့နေရာ မှာ မတူကွဲပြားမှုတော့ ရှိတယ်။ အစိုးရတစ်ဖွဲ့နဲ့ တစ်ဖွဲ့ကြားမှာ အထူးသဖြင့် ဦးသိန်းစိန်အစိုးရ လက်ထက်မှာတုန်းက သူ့ရဲ့တရားဝင်မှု၊ နိုင်ငံတကာ ထောက်ခံမှု ရဖို့အတွက် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေး ပြန်တည်ဆောက်တယ်။ နောက်တစ်ချက်က **ဒီနိုင်ငံရဲ့လက်နက်ကိုင်ပဋိပက္ခဖြစ်ရတဲ့အကြောင်းအရင်းက နိုင်ငံရေးပြဿနာ ဖြစ်တဲ့အတွက်ကြောင့် အားလုံးပါဝင်နိုင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲကို အလေးထားတယ်။** အဲဒီနေရာမှာ ကျွန်တော်တို့ ပြန်သုံးသပ်မယ်ဆိုရင် ပြည်ထောင်စု ငြိမ်းချမ်းရေးကျင်းပမှု ပူးတွဲ ကော်မတီထဲမှာ ပါတီတွေ အနိုင်ရတာတွေရော၊ အနိုင်မရတာတွေရော ပါခဲ့တယ်။ ဒါက ကွာခြားမှု တစ်ခုဖြစ်တယ်။ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲမှာ အနိုင်ရပါတီတွေ၊ အထူးသဖြင့် တရားဝင် နိုင်ငံရေးပါတီတွေက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ဦးဆောင်ပိုင်ခွင့်ရှိတယ် ဆိုတာကို တစ်ဖွဲ့ချင်းသော်လည်းကောင်း၊ ပူးပေါင်းဆောင်ရွက်မှု သော်လည်းကောင်း၊ လုပ်ဆောင် နိုင်တယ်။ သို့သော်လည်းပဲ ဒီကွာဟမှုနှစ်ခုက NLD အစိုးရမှာကျတော့ တရားဝင်မှုက လွန်ခဲ့တဲ့ အစိုးရနဲ့ ကွာဟမှုရှိတယ်။ ကိုယ်စားပြုမှု ဆိုတဲ့ ဝေါဟာရကို ဆက်ပြီးသုံးတာ ဖြစ်တယ်။ **အစိုးရ တွေရဲ့ရွေးကောက်ပွဲမှာ ပြည်သူတွေရဲ့ထောက်ခံမှုနဲ့ ၈၀ ရာခိုင်နှုန်း နီးပါးလောက် ထောက်ခံမှုရတော့ ပြည်သူ ကနေပြီးတော့ ကိုယ်စားပြုမှုဖြစ်တယ်။ သူကဆက်ပြီးတာဝန်ယူတာနဲ့ တရားဝင်မှုကိုမေးခွန်းထုတ်လာတယ်။** ဒါက ဒီမိုကရေစီ နည်းလမ်းအရ ဖြစ်တယ်။

ဒါကြောင့် ဆက်ပြီးဝင်လိုက်တာနဲ့ UPDJC ပါဝင်တဲ့ ကိုယ်စားလှယ်တွေက အနိုင်ရပါတီ ဖြစ်ရမယ်ဆိုတဲ့ စဉ်းစားမှုက ဝင်လာတယ်။ သူ့ရဲ့ ကိုယ်စားပြုမှုက အတိုင်းအတာအရ ပြည်သူဆီက ရထားပြီး ဖြစ်တဲ့အတွက်ကြောင့် သူ့အနေနဲ့က ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုလုံးကို ဦးဆောင်သွားမယ့် သဘော၊ လုပ်ဆောင်သွားမယ့်သဘောက ခံယူလာတဲ့အနေအထားပေါ်မှာ ကွာဟမှုတော့ ရှိတယ်။ **လွန်ခဲ့တဲ့အစိုးရမှာတော့ ကျွန်တော်တို့ဆီက ပူးတွဲတဲ့ သဘောတရားရှိပေမယ့် အခုအစိုးရလက်ထက် မှာကျတော့ ကွာဟမှုတော့ ရှိတယ်။** နောက်တစ်ခုက ကျွန်တော်တို့ရဲ့ ဒီအစိုးရလက်ထက်၊ ပြောရမယ် ဆိုလို့ရှိရင် ကျွန်တော်တို့ဘက်ကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပြန်ပြီးသုံးသပ်မယ် ဆိုရင်

> ဒီဖွဲ့စည်းပုံနဲ့ ပတ်သက်တဲ့အပေါ်မှာ အစိုးရနဲ့တပ်မတော်က အမြင်မတူဘူး။ တပ်မတော်မှာက ဖွဲ့စည်းပုံ မပြင်မချင်း သူ့အတွက်အကျိုးရှိနေမှာ ဖြစ်တယ်။ ဒါကြောင့် ဖွဲ့စည်းပုံကို ကာကွယ်ရမယ် ဆိုတဲ့ သဘော ရှိတယ်။ တစ်ဖက်ကလည်း နိုင်ငံရေးဆွေးနွေးပွဲရလဒ်နဲ့အညီ ပြုပြင်ပြောင်းလဲ ပြင်ဆင်ဖြည့်စွက် သွားမယ်ဆိုတဲ့ သဘောတူညီချက်ကလည်း ရှိခဲ့တယ်။ ဒါကြောင့် ဒီနိုင်ငံရေး တိုက်ပွဲဟာ ကျွန်တော်တို့အတွက် အရေးကြီးတဲ့အချိန် ဖြစ်တယ်။

> နိုင်ငံရေးဆွေးနွေးပွဲရဲ့တောင်းဆိုမှုက ဒီနိုင်ငံရဲ့ဖွဲ့စည်းပုံကို ပြင်ဖို့ဖြစ်တယ်။ ဖွဲ့စည်းပုံကို ပြင်တယ်ဆိုတာက ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံကို သွားဖို့ဖြစ်တယ်။ ဒါကြောင့်မို့လို့ ညီလာခံက အရေးကြီးတယ်။ ဒီညီလာခံက အစည်းအဝေးပွဲက အဆင့်ဆင့်က တက်လာတဲ့ အဆိုပြုမှုတွေကို စုစည်းပြီးတော့ အတည်ပြုပြီးတော့ ပြည်ထောင်စု သဘောတူစာချုပ် အနေနဲ့ လွှတ်တော်ကို ပို့ပြီးတော့ ဖွဲ့စည်းပုံကိုပြင်ဖို့ ဖြစ်တယ်။

နိုင်ငံရေး ဆွေးနွေးပွဲက အဓိကလိုအပ်ချက် ဖြစ်တယ်။ **နိုင်ငံရေးဆွေးနွေးပွဲရဲ့တောင်းဆိုမှုက ဒီနိုင်ငံရဲ့ ဖွဲ့စည်းပုံကို ပြင်ဖို့ဖြစ်တယ်။ ဖွဲ့စည်းပုံကို ပြင်တယ်ဆိုတာက ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံကို သွားဖို့ဖြစ်တယ်။ ဒါကြောင့်မို့လို့ ညီလာခံက အရေးကြီးတယ်။ ဒီညီလာခံက အစည်းအဝေးပွဲက အဆင့်ဆင့်က တက်လာတဲ့ အဆိုပြုမှုတွေကိုစုစည်းပြီးတော့ အတည်ပြုပြီးတော့ ပြည်ထောင်စု သဘောတူစာချုပ် အနေနဲ့ လွှတ်တော်ကို ပို့ပြီးတော့ ဖွဲ့စည်းပုံကိုပြင်ဖို့ဖြစ်တယ်။** ဒီပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကို မကျင်းပနိုင်ဘူးဆိုရင် ကျွန်တော်တို့ ဘယ်လိုမှ ဖွဲ့စည်းပုံပြင်ဖို့ကိစ္စ၊ ပြည်ထောင်စုသဘောတူ စာချုပ် ချုပ်ဆိုမယ့်ကိစ္စကို ကျွန်တော်တို့လုပ်နိုင်မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ပြန်ကြည့်လိုက်မယ်ဆိုရင် တစ်ချို့ကတော့ ငြိမ်းချမ်းရေးကို မြန်မြန်ရစေချင်တဲ့ လူတွေ ရှိတယ်။ နိုင်ငံရေးဆွေးနွေးပွဲကို မြန်မြန်ပြီးစေချင်တဲ့ သဘော တွေ့ရတယ်။ သို့သော် လက်တွေ့လုပ်တဲ့နေရာမှာကျတော့ တော်တော်ရှုပ်ထွေးတဲ့ အနေ အထား ဖြစ်တယ်။ ပြန်ကြည့်မယ်ဆိုရင် ၂၀၀၈ ဖွဲ့စည်းပုံဆိုတာ ရှိတယ်။ ၂၀၀၈ ဖွဲ့စည်းပုံ အပေါ်မှာ ရပ်တည်မှုက မတူဘူး။ အစိုးရကနေပြီးတော့ ဖွဲ့စည်းပုံကိုပြင်ဖို့အတွက် ဒီမိုကရေစီ

ဖယ်ဒရက်ပြည်ထောင်စု ရဖို့အတွက် ကြိုးစားလာခဲ့တယ်။ အစိုးရ မတက်ခင်က လက်မှတ်ရေးထိုးတဲ့ပွဲ။ လူဦးရေ ၅ သန်းနဲ့ Campaign လုပ်တယ်။ သို့သော်လည်းပဲ ပြင်လို့မရဘူး။ အစိုးရတက်ဖြစ်တယ်၊ ပြီးတော့သူတို့ရဲ့ ရည်ရွယ်ချက်မှာ တစ်ချက်ပါတယ်။ နိုင်ငံရေးပါတီကို Register လုပ်ပြီးရင် ရွေးကောက်ပွဲဝင်၊ ဖွဲ့စည်းပုံကိုပြင်ဖို့ကြိုးစားတယ်။ နောက်ပိုင်းကျတော့ NLD က မဲအများဆုံး အစိုးရဖြစ်လာတယ်။ သူကြိုးစား ကြည့်တယ်။ တစ်ချို့ပြင်လို့ရတဲ့ဟာတွေ ရှိပါတယ်။ **တကယ့်အဓိကကျတဲ့ အချက်တွေကျတော့ ဒီမိုကရေစီဖက်ဒရယ် ပုံစံထဲက ပြင်လို့မရဘူး။ ဒီနေရာမှာ နည်းလမ်းတစ်လမ်းပဲ ရှိတယ်။ နိုင်ငံရေး ဆွေးနွေးပွဲရလဒ်ကနေပြီးတော့ ဖွဲ့စည်းပုံကို ပြင်နိုင်တယ်ဆိုတာပဲ ဖြစ်တယ်။ ဒါဆိုရင် NCA အတိုင်းပဲ သွားမယ်ဆိုတဲ့ သဘောကို သူတို့ နားလည်လာတဲ့ သဘောဖြစ်တယ်။** ဆိုလိုရင်းက NCA မှာ ဖွဲ့စည်းပုံကို နိုင်ငံရေးဆွေးနွေးပွဲရလာဒ်နဲ့အညီဆိုတဲ့ သဘောတူညီချက်က အကုန်လုံးက လက်မှတ်ရေးထိုးကြတယ်။ ကာကွယ်ရေးဦးစီးချုပ်လည်း လက်မှတ်ရေးထိုးတယ်။ ဒီလမ်း နှစ်လမ်း ရှိတဲ့အပေါ်မှာ သူက ကြိုးစားဆောင်ရွက်လာတယ်။ သို့သော် ခုနကကျွန်တော် တင်ပြသလိုပဲ **ဒီဖွဲ့စည်းပုံနဲ့ပတ်သက်တဲ့အပေါ်မှာ အစိုးရနဲ့တပ်မတော်က အမြင်မတူဘူး။ တပ်မတော်မှာက ဖွဲ့စည်းပုံ မပြင်မချင်း သူ့အတွက်အကျိုးရှိနေမှာ ဖြစ်တယ်။ ဒါကြောင့် ဖွဲ့စည်းပုံကို ကာကွယ်ရမယ် ဆိုတဲ့ သဘော ရှိတယ်။ တစ်ဖက်ကလည်း နိုင်ငံရေးဆွေးနွေးပွဲရလဒ်နဲ့အညီ ပြုပြင်ပြောင်းလဲ ပြင်ဆင်ဖြည့်စွက်သွားမယ်ဆိုတဲ့သဘောတူညီချက်ကလည်းရှိခဲ့တယ်။ ဒါကြောင့်ဒီနိုင်ငံရေးတိုက်ပွဲဟာကျွန်တော်တို့အတွက် အရေးကြီးတဲ့အချိန် ဖြစ်တယ်။** အစိုးရကလည်း သိတယ်၊ တပ်မတော်ကလည်း သိတယ်။ ဒါကြောင့် သူ့ရဲ့လိုအပ်ချက်နဲ့အညီ ကာကွယ်မှု၊ ဆောင်ရွက်မှု လုပ်ရတယ်။ ကျွန်တော်တို့ အစိုးရနဲ့ တပ်မတော်ရဲ့ အနေအထားဖြစ်တယ်။ ကျွန်တော်တို့ ဆောင်ရွက်မှုအပေါ်မှာ သုံးသပ်ရင် အဲလိုပဲ ဖြစ်တယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းဘက်က ဖြစ်တယ်။ **ကျွန်တော်တို့ နိုင်ငံရဲ့ငြိမ်းချမ်းရေးဖြစ်စဉ်ကလည်း အင်မတန်ရှုပ်ထွေးပါတယ်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ၂၁ ဖွဲ့ရှိတယ်။ ယခုအနေအထားမှာက ကျွန်တော်တို့ အုပ်စုက ၃ အုပ်စု ဖြစ်နေတယ်။** မူလကတော့ ကျွန်တော်တို့ NCA ရဖို့အတွက် အတူတကွ ညှိနှိုင်းတယ်။ ညှိနှိုင်းလို့ပြီးတဲ့နောက်ပိုင်းမှာ လက်မှတ်ရေးထိုးတဲ့အဖွဲ့နဲ့ မရေးထိုးတဲ့အဖွဲ့ ဆိုပြီးတော့ ဖြစ်လာတယ်။ ဖြစ်ရတဲ့အကြောင်းအရင်းက အားလုံး မပါဝင်တဲ့အတွက် ဖြစ်တယ်။ အဲ့ဒီအချိန်မှာ မြောက်ပိုင်းအဖွဲ့ဆိုတာ မရှိသေးဘူး။ လက်မှတ်ရေးထိုးတဲ့အဖွဲ့က တပ်ပေါင်းစု မဟုတ်ပေမယ့်လည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ ပူးပေါင်းပါဝင်မှုရှိတယ်။ လက်မှတ် မရေးထိုးသေးတဲ့၊ အဆင်သင့် မဖြစ်သေးတဲ့ NCA အပေါ်မှာရပ်တည်တဲ့ UNFC က

**ကျွန်တော်တို့ နိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကလည်း အင်မတန်ရှုပ်ထွေးပါတယ်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ၂၁ ဖွဲ့ရှိတယ်။ ယခုအနေအထားမှာက ကျွန်တော်တို့ အုပ်စုက ၃ အုပ်စု ဖြစ်နေတယ်။**

**မြောက်ပိုင်းအဖွဲ့ကလည်း NCA အလုပ်မဖြစ်ဘူး ပြောပေမယ့်လည်း သူတို့အဆိုပြုထားတာက NCA နဲ့ တူသယောင်ယောင်ရှိတယ်။**

ဆက်လက်ပြီးတော့ အားလုံးပါဝင်နိုင်ဖို့အတွက် သူတို့ လိုအပ်ချက်တွေ ထပ်ဖြည့်ဖို့အတွက် UNFC အတွင်း အဖွဲ့ဖွဲ့လိုက်တယ်။ နောက်ပိုင်းမှာကျတော့ ကျွန်တော်တို့ လုပ်ရင်းနဲ့ အခုနောက်ဆုံး ဖြစ်ပေါ်မှု မတိုင်ခင်မှာ အဲဒီ UNFC မှာရှိတဲ့ အဖွဲ့အစည်း တစ်ချို့က နုတ်ထွက်ပြီး မြောက်ပိုင်းနဲ့ သွားပေါင်းပြီးတော့ ဖြစ်လာပြန်တယ်။ ဖြစ်လာတဲ့အပေါ်မှာ ကျွန်တော်တို့က သုံးခုဖြစ်တော့ နောက်ဆုံးဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ အဲဒီ UNFC မှာကျန်ခဲ့တဲ့ အဖွဲ့ ၄ ဖွဲ့ကလည်း ၂ ဖွဲ့က NCA ထပ်ထိုးလိုက်တယ်။ ထပ်ထိုးလိုက်တော့ UNFC မှာအဖွဲ့ဝင်တော့ ၄ ဖွဲ့ပေမယ့် လက်မှတ်ရေးထိုးတဲ့ အဖွဲ့က ၁၀ ဖွဲ့ဖြစ်လာတယ်။ UNFC မှာတော့ မထိုးသေးတဲ့အဖွဲ့ ၂ ဖွဲ့။ ထိုးတဲ့အဖွဲ့ ၂ ဖွဲ့။ သူတို့ဘက်မှာ အဲလိုအနေအထားဖြစ်တယ်။ မြောက်ပိုင်းအဖွဲ့ကလည်း အဲမှာ ၇ ဖွဲ့လောက်ရှိတယ်။ အဲလိုအနေအထားရှိတဲ့အပေါ်မှာ ကျွန်တော်တို့ ရပ်တည်မှုက တစ်ချို့က NCA ကို လက်မှတ်ရေးထိုးတာ ဖြစ်တယ်။ လက်မှတ်ရေးထိုးတဲ့အတွက်ကြောင့် NCA မှာ ပြဋ္ဌာန်းချက်အတိုင်း ကျွန်တော်တို့ နိုင်ငံရေးပြဿနာကို နိုင်ငံရေး နည်းလမ်းဖြင့် အဖြေရှာပြီး ငြိမ်းချမ်းရေးကို တည်ဆောက်ဖို့အတွက် သဘောတူညီမှုရှိတယ်။ တစ်ဖက်က ပြန်ကြည့်ရင် UNFC ကလည်း NCA ကို လက်မခံတာ မဟုတ်ဘူး။ အဆိုပြုချက်တစ်ချို့နဲ့ ညှိနှိုင်းပြီးတော့ လက်မှတ်ရေးထိုးဖို့ သဘောထားရှိတယ်။ လက်မှတ်ရေးထိုးပြီးတဲ့နောက်မှာ ၂ ဖွဲ့ကျန်တယ်။ လာမယ့် ဧပြီလ ၂၄ ရက်နေ့မှာ KNPP နဲ့ ကရင်နီနဲ့ အစိုးရနဲ့ လွိုင်ကော်မှာ တွေ့မယ်။ ထိုးနိုင်မယ့် အလားအလာ ရှိတယ်။ ဒါကြောင့် လက်မှတ်ရေးထိုးတဲ့ အဖွဲ့ကလည်း များလာတယ်။ **မြောက်ပိုင်းအဖွဲ့ကလည်း NCA အလုပ်မဖြစ်ဘူး ပြောပေမယ့်လည်း သူတို့အဆိုပြုထားတာက NCA နဲ့ တူသယောင်ယောင်ရှိတယ်။** အဲလို အနေအထားရှိတယ်။ ကျွန်တော်တို့ လက်မှတ်ရေးထိုးတဲ့ အဖွဲ့ထဲမှာလည်း နိုင်ငံရေး ရည်မှန်းချက်တော့ တူပါရဲ့။ သို့သော်လည်းပဲ နည်းနာပိုင်းမှာ အမြင်ချင်းတော့ အားလုံးတော့ တူကြမှာ မဟုတ်ဘူး။ အခက်အခဲတော့ ရှိတယ်။ ကျွန်တော်တို့ နိုင်ငံရေးဆွေးနွေးပွဲက ပစ်ခတ်ရပ်စဲပြီး NCA နောက်ပိုင်းမှာ ကျွန်တော်တို့ ၃ ခုကို လုပ်ရမှာ ဖြစ်တယ်။ NCA စာချုပ်ရဲ့အခန်း (၃) နဲ့ (၄) မှာ ပစ်ခတ်ရပ်စဲရေးဆိုင်ရာ ဆောင်ရွက်ရမယ့် ကိစ္စဖြစ်တယ်။ အပစ်ခတ်ရပ်စဲရေးကို ထိုးပြီးတာနဲ့ ကျွန်တော်တို့ ခိုင်မာအောင် လုပ်ရမယ်။ ပစ်ခတ်တိုက်ခိုက်မှု မဖြစ်အောင် လုပ်ရမယ်။ နောက်တစ်ချက်ကတော့ ပစ်ခတ်ရပ်စဲရေးလုပ်ပြီးတဲ့ နောက်ပိုင်းမှာတစ်ဖက်က ပစ်ခတ်တိုက်ခိုက်ရေး မဖြစ်အောင် ဆောင်ရွက်ရင်းနဲ့ တစ်ဖက်က နိုင်ငံရေးဆွေးနွေးပွဲဘက်သွားဖို့ ဖြစ်တယ်။ ပစ်ခတ်ရပ်စဲရေး ခိုင်မာဖို့အတွက် JMC ကိုဖွဲ့တယ်။ JMC ရဲ့သဘောတရားက ပစ်ခတ် တိုက်ခိုက်မှုရပ်စဲဖို့အတွက် Monitor လုပ်တာဖြစ်တယ်။ နောက်စီစစ် အတည်ပြုတာ ဖြစ်တယ်။ **အဓိက လက်နက်ကိုင်ပဋိပက္ခ မဖြစ်ဖို့အတွက် သက်ဆိုင်ရာတပ်ဖွဲ့တွေကသာ ညှိနှိုင်းပြီးတော့ သူတို့ပြဋ္ဌာန်းထားတဲ့ စည်းကမ်းချက်**

**တွေကို လိုက်နာဖို့ ဖြစ်တယ်။** သို့သော်လည်းပဲ လက်တွေ့မှာ လက်နက်ကိုင်တပ်ဖွဲ့တွေ အချင်းချင်း တွေ့ပြီးတော့ နေရာချထားရေးကိစ္စတို့၊ သွားလာရမယ့်ခရီးတို့ တစ်ဖက်က သဘောတူညီမှုတွေက မရှိသေးဘူး။ ဘယ်နေရာမှ မရှိသေးဘူး။ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှု မရှိသေးတဲ့ အချိန်မှာ ယုံကြည်မှုက အားနည်းနေတဲ့အချိန်မှာ ယုံကြည်မှု အားနည်းတယ်ဆိုတာ သမိုင်းကြောင်းက လာတဲ့ အတွေ့အကြုံတွေ၊ သဘောတရားတွေကြောင့် ဘယ်လိုမှ ချက်ချင်းတော့ တည်ဆောက်လို့ မရဘူး အချိန်ယူရတယ်။ ဒါကြောင့် မယုံကြည်မှုတွေ ရှိသေးတဲ့အပေါ်မှာ တစ်ဖက်ဖက်က အားနည်းတာနဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေ ပြန်ဖြစ်လာနိုင်တယ်။

> **တကယ့် တိုက်ပွဲကြီး မဟုတ်ပေမယ့်လည်း NCA ရဲ့ သဘောတူညီမှုကို ချိုးဖောက်တဲ့သဘော၊ သွေဖည်တဲ့သဘော ဖြစ်တဲ့အတွက် ကျွန်တော်တို့ ဘက်ကလည်း ပြန်သုံးသပ်တာ ဖြစ်တယ်။**

ကျွန်တော်တို့ KNU မှာကျတော့ ဖြစ်တာနည်းပေမယ့်လည်း ခုလတ်တလောတော့ တပ်မဟာ(၅) ဘက်မှာ ဖြစ်စဉ်တစ်ခုတော့ ရှိတယ်။ **တကယ့် တိုက်ပွဲကြီး မဟုတ်ပေမယ့်လည်း NCA ရဲ့သဘောတူညီမှုကိုချိုးဖောက်တဲ့သဘော၊ သွေဖည်တဲ့သဘောဖြစ်တဲ့အတွက် ကျွန်တော်တို့ဘက်ကလည်း ပြန်သုံးသပ်တာ ဖြစ်တယ်။** သုံးသပ်တာကလည်း ဘယ်လို တည့်မတ်အောင် ပြန်လုပ်မလဲ။ တစ်ဖက်က ပြန်ကြည့်ရင် နှစ်ဖက်သဘောတူညီထားတဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ သွားလာရေးကိစ္စတို့၊ နှစ်ဖက် သဘောတူညီမှု ညှိနှိုင်းသဘောတူညီတဲ့ စည်းကမ်းချက်တို့၊ တပ်နေရာ ပြန်လည်ချထားရေး ကိစ္စတို့၊ တစ်ဖက်နဲ့တစ်ဖက်က သဘောတူညီမှုတွေ မရှိခဲ့ဘူး။ မရှိတော့ JMC ကနေ ဘယ်လိုသွား Monitor လုပ်မလဲဆိုတာက ပြဿနာဖြစ်တယ်။ ဘယ်သူက မှားလဲ၊ ဘယ်သူက မှန်လဲဆိုတာ သဘောတူညီထားတဲ့ စည်းကမ်းတွေကလည်း မရှိဘူး။ အဲဒါ အခက်အခဲ တစ်ခုဖြစ်တယ်လို့ မြင်တယ်။ ဒါက ကျွန်တော်တို့ KNU ဘက်က အခက်အခဲ။

နောက်တစ်ခုကတော့ ရှမ်းပြည်နယ်ဘက်မှာ ဖြစ်တယ်။ ရှမ်းပြည်နယ်ဘက်မှာကျတော့ နယ်မြေပြဿနာကြောင့် တိုက်ပွဲတော်တော်များများ ဖြစ်တယ်။ **မြောက်ပိုင်းမှာကျတော့ တစ်ချို့က ပြောတယ်။ NCA ဆိုရင် တစ်နိုင်ငံလုံး အကြုံးဝင်တယ်။ သို့သော် NCA မှာပါဝင်တာက လက်မှတ် ရေးထိုးမှ သာ ကိုယ်က အကြုံးဝင်ပြီးတော့ ပုံဖော်ရမှာ ဖြစ်တယ်။** နှစ်ဖက်စလုံးက လက်မှတ် မထိုးဘူးဆိုရင်လည်း တစ်စုံလုံး အတိုင်းအတာ ဆောင်ပေမယ့်လည်း သူ့အဖွဲ့အစည်းက လက်ခံပြီး လက်မှတ်ရေးထိုးမှ သာလျှင် တစ်ဖက်က ပစ်ခတ်ရပ်စဲရေးသဘော ဖြစ်တယ်။ ဘာဖြစ်လို့လဲ ဆိုရင်တော့ လက်မှတ်ရေးထိုးတာက တစ်ဖွဲ့ချင်းကနေထိုးတဲ့ ပစ်ခတ်ရပ်စဲရေး သဘောတူညီချက် ဖြစ်တယ်။ သို့သော် နိုင်ငံရေးအပိုင်းမှာကတော့ ခွဲပြီးတော့ လုပ်လို့မရဘူး။ နိုင်ငံရေးအပိုင်းနဲ့ ပတ်သက်တာ ဖြစ်ပေါ်နေတဲ့ ပစ်ခတ်ရပ်စဲရေး၊ နိုင်ငံရေးဆွေးနွေးမှု၊ Framework ကျွန်တော်တို့ ဆွဲလိုက်မယ်။ ရေးဆွဲလိုက်ရင်နဲ့

ကျွန်တော်တို့ နိုင်ငံရေးဆွေးနွေးမှု ဘာတွေ ဆွေးနွေးသင့်သလဲ၊ ဘယ်သူတွေ ပါဝင်သင့်သလဲ၊ သိကြတဲ့အတိုင်းပဲ ကျွန်တော်တို့ ခေါင်းစဉ်ကြီး ၅ ခု ရှိတယ်။ သို့သော်လည်းပဲ ဆွေးနွေးတဲ့နေရာမှာ အစုအဖွဲ့ ၃ ဖွဲ့က နေပြီးတော့ လုပ်တယ်။ NCA ပြဋ္ဌာန်းချက် အတိုင်း Framework သဘောတူညီမှု ဖြစ်တယ်။ ဒီ Framework သဘောတူညီမှုလုပ်တော့ နိုင်ငံရေး ဆွေးနွေးပွဲက နောက်ဆုံးDecision က ငြိမ်းချမ်းရေးရဖို့ ဖြစ်တယ်။ သဘောတူညီမှု ရဖို့အတွက် ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းမှာက လည်း ကိုယ့်ဘက်က ပြင်ဆင်ရတယ်၊ အစိုးရဘက်ကလည်း ပြင်ဆင်တယ်။ နိုင်ငံရေးပါတီကလည်း သူတို့ရဲ့ အစုအဖွဲ့အနေနဲ့ ပြင်ဆင်မှုတွေရှိတယ်။ ကျွန်တော်တို့ Process က ဘယ်လောက်ရှုပ်ထွေးပြီး၊ ဘယ်လောက်ရှည်လျားသလဲဆိုရင် နိုင်ငံရေးမှာ ဆွေးနွေးတဲ့ ခေါင်းစဉ် ၅ ခုထဲက နိုင်ငံရေးကဏ္ဍ၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ် အခြေခံမှုကို ရရှိဖို့အတွက် ကျွန်တော် တို့ဘက်က ပြင်ဆင်ပြီးတော့ အဆိုပြုမှုအနေနဲ့ တင်ရမှာ ဖြစ်တယ်။ ကျွန်တော်တို့ ဆောင်ရွက်မှု အဆင့်ဆင့် ပြန်ကြည့်လိုက်ရင် ပထမအဆင့်က ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့ထဲက တစ်ဖွဲ့မှာ ၅ ဦး ကိုယ်စားလှယ် ထားတယ်။ အဆိုပြုမှုပေါ်လစီအရ ၈ ဖွဲ့ဆိုရင် အယောက် ၄၀ ဖြစ်တယ်။ အခုက နှစ်ဖွဲ့ထပ်တိုးတော့ အယောက် ၅၀ ဖြစ်လာမယ်။ အဲ့ဒီမှာ **ကျွန်တော်တို့လိုချင်တဲ့ ပေါ်လစီတွေရဖို့ လိုချင်တဲ့ ပညာရှင်တွေ Workshop တွေလုပ်ပြီးတော့ မူကြမ်းကို ပြင်ဆင်ဖို့ အလုပ်အဖွဲ့ဖွဲ့တယ်။ အလုပ်အဖွဲ့ကနေ ၈ ဦး / ၉ ဦး ကနေ အဲဒီအဆိုပြုစာတမ်းကိုပြင်ဆင်ဖို့ဖြစ်တယ်။ စာတမ်းရပြီးတာနဲ့ ကျွန်တော်တို့ ၈ ဖွဲ့ရဲ့ဦးဆောင်အဖွဲ့ကို ပို့ရတယ်။ ဦးဆောင်အဖွဲ့ကနေပြီးတော့ အတည်ပြုရင် ကျွန်တော်တို့ working papers အနေနဲ့ အတည်ပြုတယ်။ အတည်ပြုပြီးရင် working papers ကို အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ပြန်လာချပြရတယ်။ မချပြခင်မှာ ကျွန်တော်တို့ကော်မတီကရလာတဲ့အဆိုပြုမူကြမ်းကိုတစ်ဖွဲ့ချင်းကိုပြန်ပို့လိုက်တယ်။ တစ်ဖွဲ့ထဲကနေပြီးတော့ အမြင်ကိုစုစည်း လိုက်တယ်။ ပြင်ဆင်ချက်ပြင်ပြီးတော့ PPST ကိုသွားရမယ်။ PPST အတည်ပြုမှု working paper ဖြစ်သွားရင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကိုသွားတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကနေတစ်ဆင့် ရောက်လာတဲ့စုစည်းမှုတွေ အမျိုးသားအဆင့်မှာ လွှန်ခဲ့တဲ့အချိန်တုန်းက ကျွန်တော်တို့စာသား ၅ ခု ရဖို့အတွက် အစည်းအဝေးပွဲပေါင်း ၉ ကြိမ်နီးပါးလောက် လုပ်ရတယ်။ အဲဒီစာတမ်း ၅ ခုရဖို့အတွက် ကုန်ကျစရိတ်လည်း တော်တော်များတယ်။ အဲဒီရလာတဲ့ စာတမ်းတွေကို ပြည်ထောင်စုငြိမ်းချမ်းရေးကော်မတီကို ပို့ရတယ်။ ပူးတွဲကော်မတီကနေ ပြန်စီစစ်ပြီးတော့ လုပ်ငန်း**

> **မြောက်ပိုင်းမှာကျတော့ တစ်ချို့က ပြောတယ်။ NCA ဆိုရင် တစ်နိုင်ငံလုံး အကြုံးဝင်တယ်။ သို့သော် NCA မှာ ပါဝင်တာက လက်မှတ် ရေးထိုးမှ သာ ကိုယ်က အကြုံးဝင်ပြီးတော့ ပုံဖော်ရမှာ ဖြစ်တယ်။**

> **Process မရှင်းတဲ့ အပေါ်မှာ ငြင်းခုန်မှုတွေက ပိုရှိလာတယ်။**

**ကော်မတီကို ပြန်ပို့ ရတယ်။ လုပ်ငန်းကော်မတီ ညှိနှိုင်းပြီးတော့ ရရှိလာတဲ့ အဆိုပြုချက်ကို ပြည်ထောင်စုညီလာခံကိုတက်ဖို့အတွက် UPDJC တစ်ဆင့်ကို ပြန်သွားရတယ်။ ပြန်သွားပြီး UPDJC ကနေ ရပြီဆိုရင် ငြိမ်းချမ်းရေး ညီလာခံကိုပို့၊ အတည်ပြုပြီးရင်ပြည်ထောင်စုသဘောတူစာချုပ်ကို သွားရတယ်။** လိုချင်တာက အချက်ကို ပြန်ကြည့်လိုက်ရင် ဒီလောက်တော့ မများဘူး။ Process အပေါ်မှာပဲ ကျွန်တော်တို့ အချိန်တွေက တော်

> **တစ်ချို့က နိုင်ငံရေးအရ သဘောတူညီမှုတွေလို့ မြင်တယ်။ တစ်ချို့ကတော့ ၂၀၀၈ ဖွဲ့စည်းပုံရဲ့အောက်မှာ မြင်တာ ဖြစ်တယ်။**

တော်ကုန်ပြီ ဖြစ်တယ်။ **Process မရှင်းတဲ့ အပေါ်မှာ ငြင်းခုန်မှုတွေက ပိုရှိ လာတယ်။** အဲဒီနေရာမှာ အထူးသဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ– ၂၁ရာစုပင်လုံ(ဒုတိယအစည်းအဝေး) ပြီးတဲ့နောက်ပိုင်းမှာ ပြည်ထောင်စု သဘောတူ စာချုပ် (၃၇) ချက်အပေါ်မှာ အချို့က ပြောဆိုလာတာရှိတယ်။ သို့သော် **တစ်ချို့က နိုင်ငံရေးအရ သဘောတူညီမှုတွေလို့ မြင်တယ်။ တစ်ချို့ကတော့ ၂၀၀၈ ဖွဲ့စည်းပုံရဲ့အောက်မှာ မြင်တာ ဖြစ် တယ်။**

သို့သော် တကယ့်အတိအကျအချက်တွေတော့ သဘောတူညီမှု မရှိပေမယ့်လည်း ပြည်ထောင်စု သဘောတူညီမှု သဘောတရား ပေါ်လစီပိုင်းဆိုင်ရာတွေ ပါခဲ့တယ်ဆိုတော့ ဘယ်သူမှ ငြင်းလို့မရဘူး။ ညီလာခံပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော်တို့ ပြန်ပြီးသုံးသပ်တယ်။ NCA အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်၊ တိုင်းရင်းသားလက်နက်ကိုင်ဘက်ကလည်း လုပ်တယ်၊ အစိုးရဘက်ကလည်း လုပ်တယ်၊ ပူးတွဲလည်းလုပ်တယ်၊ Framework ကို ပြန်ပြင်တာတို့ လုပ်တယ်။ ရှေ့ဆက်သွားဖို့အတွက် တစ်နှစ်နီးပါးရှိပြီ ဖြစ်တယ်။ ညီလာခံ ပြန်မလုပ်နိုင်သေးဘူး။ လွန်ခဲ့တဲ့ နောက်ဆုံးအကြိမ်က ၂၀၁၇ မေလ ၂၄၊ ၂၉ ရက်နေ့မှာ အခုကတော့ တစ်နှစ်ပြည့်တော့မယ်။ ၆ လတစ်ကြိမ် ကျင်းပမယ်ဆိုတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို တစ်နှစ်လည်း မကျင်းပနိုင်ဘူး။ အခုနောက်ဆုံးမှာ JICM အစည်းအဝေးကနေပြီးတော့ NCA အကောင်အထည်ဖော်မှု ညှိနှိုင်းအစည်းအဝေးပွဲကနေပြီးတော့ လာမယ့် ဧပြီလအကုန်၊ မေလဆန်းမှာ တတိယအကြိမ် အစည်းအဝေးဖြစ်တဲ့ ၂၁ရာစုပင်လုံအစည်းအဝေးကို ကျင်းပဖို့ လျာထားတယ်။ သို့သော် လက်တွေ့မှာကျတော့ ကျွန်တော်တို့ လုပ်ဖို့က လိုအပ်မှုတွေရှိတယ်။

ဆိုလိုတာက လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေက နိုင်ငံရေးဆွေးနွေးပွဲတွေလုပ်ဖို့ လိုအပ်တယ်။ သို့သော်လည်းပဲ လုပ်တဲ့နေရာမှာ တစ်ချို့အဖွဲ့အစည်းတွေမှာက လုပ်လို့မရဘူး။ ALP ဆိုရင်လည်းပဲ သူတို့အဖွဲ့တော့ ငယ်ပါတယ်။ သို့သော်လည်းပဲ သူတို့ပြည်နယ်မှာ သူတို့ဒေသမှာ လုပ်ဖို့အတွက် လုပ်ခွင့်မရှိဘူး။ RCSS ရှမ်းအမျိုးသားကလည်း အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ၊ လူထုအကြို ဆွေးနွေးပွဲတွေကို တောင်ကြီးမှာလုပ်ဖို့ အစိုးရခွင့်ပေးတယ်၊ တပ်မတော်က ခွင့်မပေးဘူး။ တပ်မတော်သဘောထားကတော့ ဒီအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက သူရဲ့အုပ်ချုပ်မှုအောက်ဒေသမှာပဲ လုပ်ပိုင်ခွင့်ရှိတယ်။ အဲလို

**တိုင်းတို့ပြည်နယ်တို့မှာကလည်း သူတို့ သဘောထား၊ သူတို့အမြင်၊ ဖက်ဒရယ်ပြည်ထောင်စုကို ဘယ်လို တည်ဆောက်မလဲဆိုတဲ့ သဘောထားကို ရယူဖို့တော့ လိုအပ်တယ်။**

ပိတ်ပင်တဲ့အပေါ်မှာ ပထမအကြိမ်မှာကတည်းက RCSS က အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ခွင့်မရဘူး။ သူတို့ရဲ့ အဆိုပြုမှု မရဘူး။ ဒါကြောင့် သဘောတူညီမှုက တစ်ခါတလေကျ တော့ လက်ခံနိုင်တဲ့ အနေအထား အခက်အခဲ ဖြစ်နေတယ်။ အမျိုးသားအဆင့် နိုင်ငံရေး ဆွေး နွေးပွဲ မကျင်းပနိုင်ရင် အခက်အခဲဖြစ်မယ်။ သို့သော် အခက်အခဲ တစ်ဆို့နေမှုကို ပိုပြီးတော့ တစ်ဆို့အောင်ပဲ လုပ်မလား။ ဘယ်လိုကျော်လွှား သွားမလဲ ဆိုတဲ့ကိစ္စကို စဉ်းစားရမယ်။ ကျွန် တော်တို့ လိုချင်တာ ဘာလဲ၊ အခုအစိုးရရဲ့ သဘောထားကတော့ ပွင့်ပွင့်လင်းလင်း ပြောရ မယ်ဆိုရင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို Framework မှာလည်း ပါတယ်။ တိုင်းဒေသ ကြီးတွေ၊ ပြည်နယ်အကုန်လုံးမှာ လုပ်ဖို့ဆန္ဒရှိတယ်။ ဆိုလိုတဲ့သဘောက **ကျွန်တော်တို့ ဖက်ဒရယ် ဒီမိုကရေစီကို သွားမယ်ဆိုရင် ပြည်နယ် နှင့်တိုင်း အားလုံးနဲ့ပတ်သက်တဲ့ကိစ္စ ဖြစ်တယ်။ တိုင်းတို့ပြည်နယ် တို့မှာကလည်းသူတို့သဘောထား၊သူတို့အမြင်၊ဖက်ဒရယ်ပြည်ထောင်စုကိုဘယ်လိုတည်ဆောက်မလဲဆိုတဲ့ သဘောထားကို ရယူဖို့တော့ လိုအပ်တယ်။**

သို့သော်လည်းပဲ အထူးသဖြင့် အချို့တပ်မတော်ခေါင်းဆောင်ပိုင်းဆိုင်ရာတွေက သူတို့ ကိုယ်စားလှယ်တွေ ရှိထားပြီးသား ဖြစ်တယ်။ သူတို့လုပ်ချင်ရင် လွှတ်တော်ကနေ သူတို့ ကိုယ် စားလှယ်တွေ လွှတ်တော်ကို တင်သွားလို့ ရတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေက သာ သူတို့မှာ လွှတ်တော်ကိုယ်စားလှယ်၊ သူတို့ဒေသမှာရှိတဲ့ ပြည်သူလူထုတွေနဲ့သာ သူတို့တွေ့ဆုံ ဆွေးနွေးနိုင်ဖို့အတွက် သူတို့ဒေသမှာလုပ်ဖို့ သဘောထားရှိတယ်။ အဲလို အခက်အခဲ ရှိလာတဲ့အပေါ် မှာ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို ဘယ်လိုကျော်လွှားမလဲ။ ကျွန်တော်တို့ လိုချင် တာက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ဖြစ်နိုင်ဖို့အတွက် လိုအပ်တယ်။ တစ်ဖက်ကလည်း ဒီနိုင်ငံရေး ရည်မှန်းချက်က ဖွဲ့စည်းပုံပြင်ပြီးတော့ ဒီမိုကရေစီ ဖက်ဒရယ်နိုင်ငံတော် ဖွဲ့စည်းပုံ ဖြစ် လာဖို့ ပထမဦးဆုံး ကျွန်တော်တို့ ဆုံးဖြတ်ချက်ကို အတည်ပြုမယ်ဆိုပါက ပြည်ထောင်စု ငြိမ်းချမ်း ရေး ညီလာခံ ဖြစ်တယ်။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံမကျင်းပနိုင်ရင် ပြည်ထောင်စု သဘောတူစာချုပ်လည်း ဘယ်လိုမှလုပ်လို့ မရဘူး။ မရဘူးဆိုရင် လွှတ်တော်ကိုပို့ဖို့အတွက် ဖွဲ့စည်းပုံ ပြင်ဖို့အတွက် သဘောတူညီချက်တွေလည်း ရလာမှာမဟုတ်ဘူး။ ခုက လာပြီးတော့ ဒီနိုင်ငံရဲ့ ဆွေးနွေးပွဲမှာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲနဲ့ လာပြီး တစ်'နေတာ ဖြစ်နေတယ်။ ဒီ Process အပေါ်မှာ ကျွန်တော်တို့ ဘယ်လိုဆောင်ရွက်မလဲ။ ကျွန်တော်တို့ ဒါကို ဒီအတိုင်းနေရင် ဒီအတိုင်းပဲဖြစ်မှာ ဖြစ်တယ်။ ဘယ်လို ကျော်လွှားသွားမလဲ၊ ကျွန်တော်တို့ PPST ကနေ ၅ ရက်–၆ ရက် အစည်းအဝေးပွဲမှာ။ ဒါကို ကျော်လွှားသွားနိုင်ဖို့အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းတွေက တစ်ဖွဲ့ချင်းအနေနဲ့ သူတို့ရဲ့ လိုအပ်ချက်တွေကို ရရှိဖို့အတွက် သူတို့အနေအထားနဲ့ အခြေအနေနဲ့

ဆောင်ရွက်သွားဖို့ သဘောထားရှိတယ်။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အနေအထား မတူဘူး။ အခုလာမယ့် နိုင်ငံရေးဆွေးနွေးပွဲက ခေါင်းစဉ်အသစ်တွေ ဆွေးနွေးဖို့ မရှိဘူး။ အထူးသဖြင့် လွန်ခဲ့တဲ့ နိုင်ငံရေး ဆွေးနွေးပွဲ ကျန်ရစ်ခဲ့တဲ့ ညှိနှိုင်းလို့ မပြီးပြတ်သေးတဲ့ UPDJC အဆင့်မှာ နောက်တစ်ခုက လုပ်ငန်း ကော်မတီအဆင့်မှာ ညှိနှိုင်းလို့ မပြီးတဲ့ဟာ၊ တစ်ချို့ကနေပြီးတော့ UPDJC ကနေပြီးတော့ လုပ်ငန်း ကော်မတီကို ပြန်ပို့တာလည်း ဒီခေါင်းစဉ်တွေပဲ ဖြစ်တယ်။ သို့သော်လည်းပဲ ကျွန်တော်တို့က ကိုယ့်အဖွဲ့အစည်း ကိုယ့်အမျိုးသားတွေရဲ့ အဆိုပြုမှုနဲ့ ဖြစ်အောင် ဘယ်လိုလုပ်မလဲဆိုတော့ တစ်ဖွဲ့နဲ့တစ်ဖွဲ့ စီစဉ်ဖို့လိုတယ်။ ချင်းအမျိုးသားလည်း အဲဒီခေါင်းစဉ်တွေ လုပ်ပြီးပြီ၊ သို့သော်လည်း ပဲ သူတို့က ခေါင်းစဉ် ၅ ခု ရှိတယ်၊ ၁ ခုပဲလုပ်ရသေးတယ်။ ကျန်တဲ့ ၄ ခု ဘယ်လိုလုပ်မလဲဆိုတာကို အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ထလုပ်ဖို့ကလည်း သူတို့က သူတို့အစီအစဉ်နဲ့သူတို့ လုပ်ပြီးတော့ လူထုတွေ့ဆုံဆွေးနွေးပွဲ လုပ်ပြီး အကုန်လုံး ပြန်စုတယ်။ သူတို့လျာထားတာ ၃၀၀ ရှိတယ်။ တကယ်တမ်းလာတော့ ၅၀၀ ကျော် လာတယ်။ ပြင်ဆင်မှုကတော့ သူတို့ဘက်က ပြင်ဆင် ထားပြီးပြီ၊ သူ့အနေနဲ့ UPC ကို တင်စရာရှိရင် တင်လို့ရပြီ ဖြစ်တယ်။ ပအိုဝ်းကလည်း သူ့အစီ အစဉ်နဲ့ သူလုပ်တယ်။ သူဘက်မှာက တကယ် နိုင်ငံရေးဆွေးနွေးပွဲဖြစ်ရင် တင်ရမယ့် အဆိုပြု စာတမ်းက ရှိထားပြီးသား ဖြစ်တယ်။

ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းက စုစည်းပြင်ဆင်ထားတဲ့ စာတမ်း ပေါ်မှာ အခြေခံပြီးတော့ လူထုအတွင်းမှာ ချပြလို့ရတယ်။ ကိုယ့်ဘက်က ဒါကိုရှိထားဖို့ အရေးကြီး တယ်။ RCSS ကျတော့ လူထုတွေ့ဆုံဆွေးနွေးဖို့ကို ၂ နေရာလားမသိဘူး လုပ်နေတယ်။ ပထမတစ်ကြိမ်တုန်းက တောင်ကြီးမှာ လုပ်လို့မဖြစ်ဘူး။ အစိုးရကနေပြီးတော့ တောင်ကြီးမှာလုပ်ဖို့ ခွင့်ပြုတယ်။ တပ်မတော်က ခွင့်မပေးဘူး။ ခွင့်မပေးတော့ ပွဲက ပျက်သွားတယ်။ တပ်ကနေပြီးတော့ အဆိုပြုတာက ခင်ဗျားတို့အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပနိုင်ဖို့အတွက် လူထုနဲ့ အကြိုဆွေးနွေးပွဲကို လင်းခေးမှာ ကြိုက်သလောက် လုပ်လို့ရတယ်။ သို့သော်လည်းပဲ RCSS က လက်မခံဘူး။ တောင်ကြီးမှာ လူထုတွေ့ဆုံပွဲ မလုပ်ရရင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ မလုပ်ဘူး။ နိုင်ငံရေးဆွေးနွေးပွဲ မလုပ်ဘူးဆိုရင် နိုင်ငံရေးအဆိုကိုလည်း တင်သွင်းလို့ မရဘူး။ အဲဒါမှ သူတို့ဘက်ကနေ ပြန်ချဉ်းကပ်မယ်။ ကျွန်တော်တို့လည်း ကြားထဲမှာ ဘယ်လိုကျော်လွှား သွားမလဲဆိုတော့ အစိုးရဘက်က ပြန်ပြီးအဆိုပြုတာ ရှိပါတယ်။ တောင်ကြီးမှာလုပ်ပါ၊ လူထု တွေ့ဆုံဆွေးနွေးပွဲဆိုတာထက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အကြိုပြင်ဆင်မှု အစည်း အဝေးပွဲ ဆိုပြီးတော့ အဲဒီခေါင်းစဉ်သုံးပါ။ နောက်တစ်ချက်ကတော့ ခင်ဗျားတို့ လင်းခေးမှာလုပ်ပါ၊ ခင်ဗျားတို့ လူထုတွေကိုခေါ်ပြီးတော့ ဘယ်နှစ်ရက်ပဲလုပ်လုပ် ပြဿနာမရှိဘူး။ အဲဒီတစ်ခုကလည်း တစ်ခြားနည်းလမ်းကို ရှာကြည့်တာလဲ မရသေးဘူး။ ဆုံးဖြတ်ချက်ချရမှာက RCSS ဖြစ်တယ်။ ဒါကြောင့် **ကျွန်တော်တို့ဘက်မှာ အဆိုပြုမယ့်အချက်ရဖို့အတွက် ဒီလိုလူထုတွေ့ဆုံဆွေးနွေးပွဲကို ကျွန်တော်တို့ကြိုက်တဲ့နေရာမှာလုပ်မလား၊ လုပ်သင့်တဲ့နေရာမှာလုပ်မလား၊ အရေးကြီးတာက စာတမ်းတွေ ရဖို့အတွက်ဖြစ်တယ်။** ရခိုင်ကျတော့ သူက လုံးလုံးကို မရဘူး။ မရတော့ သူက workshop အနေနဲ့ လုပ်တယ်။ ကျွန်တော်တို့ အခုတင်မယ့်စာတမ်းက တစ်ဖွဲ့ရဲ့ လူထုအပေါ်မှာ အဆိုပြုမှုတွေ စုစည်း

> **အဆိုပြုမယ့်အချက်ရဖို့အတွက် ဒီလိုလူထုတွေ့ဆုံဆွေးနွေးပွဲကို ကျွန်တော်တို့ ကြိုက်တဲ့နေရာမှာ လုပ်မလား၊ လုပ်သင့်တဲ့နေရာမှာ လုပ်မလား၊ အရေးကြီးတာက စာတမ်းတွေ ရဖို့အတွက် ဖြစ်တယ်။**

ဖို့လိုတယ်။ ALP ကလည်းသူကလုပ်မယ်။ ဘယ်လိုကျော်သွားမလဲ ဆိုတဲ့ တစ်ဖွဲ့ချင်းစီရဲ့ ကြိုတင် ပြင်ဆင်မှုက အရေးကြီးတယ်။ ကျန်တဲ့ ပအိုဝ်းကလည်း လုပ်မယ်၊ မွန်ကလည်း လုပ်တော့မယ်၊ လားဟူလည်း သူတို့လုပ်မယ်။ ကျွန်တော်တို့ တိုင်းရင်းသားဘက်က ပြင်ဆင်ထားတဲ့ အဆိုပြုမှုတွေက တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေက သူ့ရဲ့ လူမျိုးတွေရဲ့ သဘောထား အမြင်ပါဖို့အတွက် ပြင်ဆင်လုပ်ဆောင်တဲ့ နေရာမှာ မတူဘူး။ ချင်းလည်း လုပ်ပြီးပြီ၊ ရခိုင် လည်း မကြာခင် လုပ်တော့မယ်။ ဘယ်နေရာလဲ ဆိုရင်တော့ ပြည်တွင်း တစ်နေရာရာ ဖြစ်တယ်။ အဓိကကတော့ သူတို့လူထုတွေ စုနိုင်တဲ့ သဘောထားတွေ စုနိုင်တဲ့ နည်းလမ်းနဲ့ လုပ်မယ်။ ကျွန်တော်တို့ဘက်ကလည်း ကျော်နိုင်ဖို့အတွက် တစ်ဖွဲ့ချင်းရဲ့ အစီအစဉ်နဲ့ ကျော်နိုင်ဖို့ ကြိုးစားရမယ်။ တစ်ဖက်ကလည်း ဒါက ကျွန်တော်တို့လိုချင်တဲ့ ပုံစံတော့ မဟုတ်ဘူး။ လိုချင်တဲ့ပုံစံ ဖြစ်လာဖို့အတွက် ကျွန်တော်တို့ ဆောင်ရွက်သွားရမှာ ဖြစ်တယ်။

**ကျွန်တော်တို့ ကရင်အမျိုးသားများရဲ့နိုင်ငံရေးဆွေးနွေးပွဲဟာ သိတဲ့အတိုင်းပဲ တနင်္သာရီတိုင်း မှာ မရဘူး။ ဧရာဝတီတိုင်းလည်း မရ၊ ရန်ကုန်တိုင်းလည်း မရ၊ ပဲခူးတိုင်းလည်း မရဘူး။** လူထု တွေ့ဆုံဆွေးနွေးပွဲ၊ ဒါဆိုရင် ကျွန်တော်တို့ ဘယ်လိုကျော်မလဲ။ ရှမ်းတွေပြောသလို အဲဒါမရဘူး ဆိုရင် မလုပ်ဘူးလား၊ ကျွန်တော်တို့ စဉ်းစားရမှာ ဖြစ်တယ်။ အဓိကက ကျွန်တော်တို့ လူထုနဲ့ တွေ့ပြီးတော့ သူတို့ရဲ့ သဘောထားတွေကို ရယူဖို့ ဖြစ်တယ်။ နေရာဆိုတာ ကျွန်တော်တို့အတွက် အဓိက ဖြစ်တယ်။ တစ်ဖက်က ကြည့်ရင် ကျွန်တော်တို့ လုပ်ချင်တာ သူတို့ ပေးမလုပ်တဲ့အတွက် ကျွန်တော်တို့ မလုပ်ဘူးဆိုရင် အလျှော့ပေးရာကျတယ်။ တစ်ချို့ကတော့ မလိုဘူး၊ အဓိကကတော့ ကျွန်တော်တို့ အမြင်သဘောထား စုစည်းနိုင်ဖို့ ဖြစ်တယ်။ ကျွန်တော်တို့ရဲ့ စည်းလုံးညီညွတ်မှုကို တစ်နည်းမဟုတ်တစ်နည်း ပြပြီးတော့ ကျွန်တော်တို့ လိုချင်တဲ့ပုံစံ ရအောင်လုပ်မယ်။ ဒါကြောင့် ကျွန်တော်တို့ စဉ်းစားရမှာ ဖြစ်တယ်။ လူထု တွေ့ဆုံဆွေးနွေးမှုလား၊ ဒါမှမဟုတ်ရင် အခြေအနေ update ရောက်ရှိနေတဲ့ အနေအထားကို ရှင်းပြတဲ့သဘောလား။ ဘယ်ခေါင်းစဉ်တွေပဲ သုံးသုံး အဓိကကတော့ ကျွန်တော်တို့ အဆိုပြု စာတမ်းတွေ၊ အဆိုပြုမှုတွေက ကျွန်တော်တို့ ကရင်အမျိုးသားတွေရဲ့ ဒေသအသီးသီးမှာ ရှိနေ

> **ကရင်အမျိုးသားများရဲ့ နိုင်ငံရေးဆွေးနွေးပွဲဟာ သိတဲ့အတိုင်းပဲ တနင်္သာရီတိုင်း မှာ မရဘူး။ ဧရာဝတီတိုင်းလည်း မရ၊ ရန်ကုန်တိုင်းလည်း မရ၊ ပဲခူးတိုင်းလည်း မရဘူး။**

တဲ့ သူတို့ရဲ့ ပါဝင်မှု၊ သူတို့ရဲ့ အမြင်တွေကို ကျွန်တော်တို့ ရယူဖို့အတွက် ဖြစ်တယ်။ အဲဒါကို ကျွန်တော်တို့ စဉ်းစားဖြစ်တယ်။

မူလကတည်းကိုက KNDCC ကလည်း တကယ်လို့ ကျွန်တော်တို့ လုပ်ချင်တဲ့ဒေသ မရဘူးဆိုရင် လုပ်လို့ရမယ့် ဒေသတွေမှာပဲ လုပ်ပြီးတော့ အမျိုးသားတွေရဲ့ သဘောထား စုစည်းမှုကို ကိုယ့်ဘက်က အဆင်သင့်ဖြစ်ဖို့အတွက် ဆောင်ရွက်ရမှာ ဖြစ်တယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာလည်း မလုပ်နိုင်ဘူးဆိုရင် ကျနော်တို့ကလည်း ခုနက ကျနော်ပြောသလိုပဲ ကျနော်တို့ အမျိုးသားတွေရဲ့ ပါဝင်မှုက အားနည်းသွားမယ်ဆိုတဲ့အပေါ် အခုလို အခြေအနေကို ကျော်လွှားသွားနိုင်ဖို့ စဉ်းစားရမယ့် အချက်ဖြစ်တယ်။ **တကယ်လို့ ကျနော်တို့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲရဲ့ ကျန်တာတွေကို မလုပ်ဘူးဆိုရင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ဖြစ်လာမှာ မဟုတ်ဘူး။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ မဖြစ်ဘူးဆိုရင် ကျနော်တို့ပြောနေတဲ့ နိုင်ငံရေးရလဒ်ဆို တာကလည်း ဖြစ်ပေါ်လာမှာ မဟုတ်ဘူး။ နိုင်ငံရေးရလဒ် ထွက်မလာဘူး ဆိုရင်လည်း ပြည်ထောင်စု သဘောတူစာချုပ်တို့ မရှိတော့ဘူး။ ဖွဲ့စည်းပုံပြင်စရာလည်း မလိုတော့ဘူး။** အဲမှာ နစ်နာမှုက ကျနော်တို့ ဒီ ဖွဲ့စည်းပုံ ပြင်ချင်တဲ့ အုပ်စု ၃ စုမှာ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း၊ ပြီးတော့ တပ်မတော်က အခုပေးထားတဲ့ အာဏာနဲ့ ပိုနေမြဲ ကျားနေမြဲ သူကတော့ ဘာမှ မဖြစ်ဘူး။ ဘာမှ ထိခိုက်မှုလည်း မရှိဘူး။ ဆိုလိုတဲ့သဘောက **ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံမှာ သဘောတူညီထားတဲ့ အချက်တစ်ချက် ရခြင်းအားဖြင့် တစ်ချက်ရတာနဲ့ ကျနော်တို့ အပေါင်းတစ်၊ ဟိုးဘက် မပြင်ချင်တဲ့အဖွဲ့ကအနုတ်တစ် အဲလိုဖြစ်မယ်။ ကျနော်ကတော့ အဲလိုမြင်တယ်။ တကယ်လို့ နှစ်ချက်ရလျှင် ကျနော်တို့က အပေါင်းနှစ်ဖြစ်လာမယ်။ မပြင်ချင်တဲ့အဖွဲ့က အနုတ်နှစ် ဖြစ်လာမယ်၊ အဲလိုဖြစ်တဲ့အပေါ်မှာ ကျနော်တို့ ယှဉ်ပြီးတော့ စဉ်းစားရမှာ** ဖြစ်တဲ့အတွက်ကြောင့် မပြင်လို့ရှိရင် နိုင်ငံရေးဆွေးနွေးပွဲ မလုပ်နိုင်ဘူး။ ပြီးတော့ ငြိမ်းချမ်းရေး ညီလာခံ သဘောထားရမှာ မဟုတ်ဘူး။ ပိုနေမြဲ ကျားနေမြဲ ဆိုရင် အခုလက်ရှိ ဖွဲ့စည်းပုံရဲ့ ပေးထားတဲ့ အာဏာအမြင့်ဆုံးအဖွဲ့က ကျေနပ်နေမယ်။ သူတို့တွက် အကျိုးရှိမယ်။ သို့သော်လည်းပဲ ကျနော်တို့ ပေး

> **အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲရဲ့ ကျန်တာတွေကို မလုပ်ဘူးဆိုရင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ဖြစ်လာမှာ မဟုတ်ဘူး။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ မဖြစ်ဘူးဆိုရင် ကျနော်တို့ပြောနေတဲ့ နိုင်ငံရေးရလဒ်ဆို တာကလည်း ဖြစ်ပေါ်လာမှာ မဟုတ်ဘူး။ နိုင်ငံရေးရလဒ် ထွက်မလာဘူးဆိုရင်လည်း ပြည်ထောင်စု သဘောတူစာချုပ်တို့ မရှိတော့ဘူး။ ဖွဲ့စည်းပုံပြင်စရာလည်း မလိုတော့ဘူး။**

**ခင်ဗျားတို့ တား ပေမယ့်လည်း ကျနော်တို့ အမျိုးသားတွေရဲ့ အနာဂတ်အတွက် စုစုစည်းစည်းနဲ့ လုပ်လို့ရတယ်ဆိုတာကို ပြဖို့လည်း လိုအပ်တယ်။**

ထားတဲ့နေရာက နိုင်ငံရေးဆွေးနွေးပွဲရလဒ်ကို တော့ တစ်ချို့က စိုးရိမ်တယ်။ ဟုတ်တယ် တစ်ဖက်ကနေပြီးတော့ အမျိုးမျိုးနဲ့ ပြန်ကြည့် လိုက်မယ်ဆိုရင် ဆန္ဒပိုင်းအရ **အခုနိုင်ငံရေးဆွေး နွေးပွဲမှာ အားနည်းချက်က သုံးဘက်စလုံးမှာ ရှိတယ် လို့ ကျနော်မြင်တယ်။ အစိုးရဘက်ကလည်း ပြင်ချင် တာ ရှိတယ်။ ကျွမ်းကျင်မှုအရ ငြိမ်းချမ်းရေးနဲ့ ပတ် သက်တာကတော့ သူက အားနည်းချက်တွေလည်း ရှိတယ်။ ဒီမကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေလည်း တာဝန် ယူတဲ့အပေါ်မှာ၊ တပ်မတော်ကတော့လည်း အမြင် တစ်မျိုးနဲ့။** ဘာဖြစ်လို့လဲဆိုတော့ နောက်ပိုင်းမှာ ဒုတိယအကြိမ် ညီလာခံပြီးတဲ့နောက်ပိုင်းမှာ သူတို့ရဲ့အဆိုပြုမှုတွေက ကျနော်တို့ အဆိုပြုမှုတွေနဲ့ တစ်'နေပြီးတော့မှ အခက်အခဲတွေ ဖြစ်လာတယ်။ တစ်ချို့ပုဂ္ဂိုလ်တွေကလည်း ပါတဲ့အပေါ်မှာ၊ ကျနော်တို့ဘက်ကလည်း အဖွဲ့အစည်းတွေကများ ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် နိုင်ငံရေး ဆွေးနွေးပွဲ တောင်းဆိုတာက ကျနော်တို့ ဖြစ်တယ်။ သို့သော်လည်းပဲ ကျတော်တို့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေ၊ တိုင်းရင်းသား နိုင်ငံရေးပါတီတွေကလည်း ကြိုတင်ပြင်ဆင်မှုက မရှိဘူး။ ပြည့်ပြည့်ဝဝ မရှိဘူးပေါ့နော်။ ရှိသင့်သလောက်တော့ ရှိတယ်၊ မရှိတဲ့အပေါ်မှာ နိုင်ငံရေး ဆွေးနွေးပွဲမှာ ကျနော်တို့ ဆွေးနွေးတဲ့ခေါင်းစဉ်တွေကို ကျနော်တို့ သဘောတူညီပြီးတဲ့ နောက်ပိုင်း မှာ ခေါင်းစဉ်တစ်ခုချင်းရဲ့ လိုအပ်တဲ့ စာသားတွေ အနှစ်သာရတွေ အခုမှ စပြီးတော့ လုပ်တဲ့အပေါ်မှာ ပေးရတဲ့ အနေထား ဖြစ်တယ်။ ဒါကြောင့်မို့လို့ အခုအနေအထားမှာ သူ့နိုင်ငံရေးဆွေးနွေးပွဲကလည်း အခက်အခဲနဲ့ စိန်ခေါ်မှုကလည်း ရှိတယ်။ တစ်ဆို့နေတဲ့သဘော ဖြစ်တယ်၊ ဒီတော့ ကျနော်တို့ဘက် ကတော့ နိုင်ငံရေး ဆွေးနွေးပွဲကတော့ ကျနော်တို့ တောင်းဆိုထားတဲ့အရာ ဖြစ်တဲ့အတွက် ဒီနိုင်ငံ ရေးဆွေးနွေးပွဲ ဖြစ်လာလို့ရှိရင် အဆိုပြုမယ့်အချက်တွေကို ကိုယ့်ဘက်က ပြင်ဆင်မှု ရှိဖို့တော့ လိုတယ်၊ ပြင်ဆင်မှုရှိဖို့ လိုအပ်တဲ့အပေါ်မှာ လုပ်လို့မရတဲ့နေရာမှာ ကျနော်တို့ မလုပ်ဘဲနဲ့ လုပ်လို့ ရတဲ့ဒေသမှာ ကိုယ်လိုချင်တဲ့ အချက်တွေရဖို့ လုပ်ဖို့တော့ ကျနော်ကတော့ အဲလိုဖြစ်စေချင်တယ်။ အဲမှာကျတော့ သူတို့က တားလို့မရဘူး၊ တစ်ဖက်မှာကလည်း ကိုယ့်ရဲ့ စည်းလုံးညီညွတ်မှုကို ပြသဖို့ လိုအပ်တယ်လို့ မြင်တယ်။ ဧရာဝတီတိုင်းမှာ လုပ်လို့မရပေမယ့် ကျနော်တို့ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲကို တစ်ဖက်ကနေ ကျနော်တို့ ဧရာဝတီတိုင်းဒေသကြီးမှ ခေါင်းဆောင် ကိုယ်စားလှယ်တွေက ဖြစ်နိုင်တဲ့ဒေသမှာ လုပ်ခြင်းအားဖြင့် သူတို့ရဲ့အမြင် သဘောထားတွေကို စုစည်းနိုင်မှာ ဖြစ်တယ်။

**တဆက်တည်းမှာပဲ တစ်ဖက်ကိုလည်း ကျနော်တို့ အချက်ပြတဲ့သဘောဖြစ်တယ် ခင်ဗျားတို့ တား ပေမယ့်လည်း ကျနော်တို့ အမျိုးသားတွေရဲ့အနာဂတ်အတွက် စုစုစည်းစည်းနဲ့ လုပ်လို့ရတယ်ဆိုတာကို ပြဖို့လည်း လိုအပ်တယ်။** အဲတာကိုမှ နောက်ဆိုလို့ရှိရင် ကျနော်တို့လိုချင်တဲ့ ဘယ်နေရာမဆို လွတ် လွတ်လပ်လပ် လုပ်နိုင်မယ်။ အဲဒီတစ်ခုရောက်အောင် ကြိုးစားဖို့လိုတယ်။ ဆိုလိုတဲ့သဘောက

ဒီလိုတစ်ဆို့မှုကြောင့် ဒီလိုအခက်အခဲ ရှိမှုကြောင့် ကျနော်တို့စိတ်မပျက်ဖို့ အရေးကြီးတယ်။ ကျနော်တို့ ဘယ်လိုကျော်လွှားသွားပြီးတော့ နည်းမှန်လမ်းမှန်ရောက်အောင် လုပ်မလဲဆိုတာက အရေးကြီးပါတယ်။ ကျနော်တို့ တောင်းဆိုတဲ့ နိုင်ငံရေးဆွေးနွေးပွဲက စတင်မှုက အစပဲ ရှိသေးတယ်။ အခက်အခဲရှိလာတဲ့အပေါ်မှာ ကျနော်တို့က စိတ်ပျက်ပြီးတော့ သည်းခံမှုမရှိဘဲ သူတို့ဘက်က အဲလိုလုပ်ရင် ငါတို့ဘက်ကလည်း ဖျက်မယ်ဆိုရင် ကိုယ်ပြင်ဆင်ထားတဲ့ ကိုယ်တောင်းဆိုထားတဲ့ ဟာကို ကိုယ်ပြန်ဖျက်တဲ့သဘော ဖြစ်တယ်။ ဒါကို သတိထားဖို့ ဖြစ်တယ်။ အခုအနေအထားက ကျနော်တို့ ဘယ်လို ကျော်လွှားသွားမလဲ၊ process အပေါ်မှာ ကြည့်မလား၊ process ကတော့ ရှုပ်ထွေးပါတယ်။ နိုင်ငံရေး ဆွေးနွေးပွဲမှာ ရလာတဲ့ အချက်တစ်ချက်ကတော့ ကျနော်တို့ ဘယ်လောက်အတိုင်းအတာအထိ လုပ်ရသလဲဆိုတာ။ အဆိုပြုမှုက အစကနေ ပြန်ကြည့်ပါ။ ကဏ္ဍအလိုက် တစ်ခုချင်းက အချက်များများ မရှိဘူး၊ အချက်များများ မရှိပေမယ့် ကျနော်တို့ အဲအချက်ရလာဖို့ ဆောင်ရွက်ရတဲ့ အစည်းအဝေးတွေက မနည်းဘူး။ လုပ်လာတဲ့နှစ်တွေ မနည်းဘူး။ ဒါကြောင့်မို့ ကိုယ့်လက်ထဲမှာ ပိုင်ပိုင်နိုင်နိုင်ရှိဖို့ အရေးကြီးတယ်။ ဒါကတစ်ပိုင်းပေါ့။ နောက်တစ်ခုကတော့ ဒီအပစ်အခတ်ရပ်စဲရေးက တစ်ချို့က ပြောကြတာပေါ့။ မခိုင်မာတဲ့အတွက်ကြောင့် ချိုးဖောက်မှု ဖြစ်တဲ့အတွက်ကြောင့် သည်းခံမှုတွေ စိတ်ရှည်မှုတွေ မရှိတော့ဘဲနဲ့ ကျနော်တို့ ဘယ်လိုလုပ်မလဲ။

ကျနော်ကတော့ ဒီ NCA ပျက်အောင် လုပ်မလား။ တည့်အောင်လုပ်မလား။ ဒီနှစ်လမ်းပဲ ရှိတယ်။ ဒါကိုတော့ လူအများကတော့ မေးပါတယ်၊ အထူးသဖြင့် တပ်မတော်ပေါ့။ **တပ်မတော်ကလည်း နှစ်ဖက်ညှိနှိုင်းလို့ မပြီးသေးတဲ့အချိန်မှာ သူက ကျနော်တို့ဒေသကို အသိပေးမှု မရှိဘဲနဲ့ သူတို့ လုပ်ချင်ရာ လုပ်ဆိုတဲ့သဘောနဲ့ လုပ်တာကို ကျနော်တို့ ဘယ်လို တုံ့ပြန်မလဲ၊ စစ်ရေးအရ တုံ့ပြန်မှာလား၊ မဟုတ်ရင်လည်း နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးပြီး အဖြေရှာမလား။** ကျနော်တို့ အခုထက်ထိကတော့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကို တည့်အောင်လုပ်မယ်၊ တိုက်တာကတော့ မခက်ပါဘူး။ အတွေ့အကြုံက ရှိထားပြီးသားပဲကို၊ သို့သော်လည်းပဲ ကျနော်တို့ဒီမှာရှိတဲ့ အမျိုးသားခေါင်းဆောင်များက အကုန်သိပါတယ်။

တပ်မတော် ကလည်း နှစ်ဖက်ညှိနှိုင်းလို့ မပြီးသေးတဲ့အချိန်မှာ သူက ကျနော်တို့ဒေသကို အသိပေးမှု မရှိဘဲနဲ့ သူတို့ လုပ်ချင်ရာ လုပ်ဆိုတဲ့သဘောနဲ့ လုပ်တာကို ကျနော်တို့ ဘယ်လို တုံ့ပြန်မလဲ၊ စစ်ရေးအရ တုံ့ပြန်မှာလား၊ မဟုတ်ရင်လည်း နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးပြီး အဖြေရှာမလား။

**လက်နက်ကိုင်ပဋိပက္ခက ကျနော်တို့ကရင်အမျိုးသားတွေရဲ့အနေအထား၊ သူတို့ရဲ့ဘဝ၊ သူတို့ သားသမီးတွေရဲ့ အနေအထား၊ ဘဝတွေ၊ သူ့ရဲ့ နောက်ဆက်တွဲပြဿနာတွေက ကျနော်တို့ အမျိုး**

**သားအတွက် အကျိုးကျေးဇူးတော့ မရှိဘူးလို့ ကျနော် ကတော့ မြင်တယ်။ ဒီလက်နက်ကိုင် ပဋိပက္ခကို သိက္ခာရှိရှိနဲ့ ရပ်ဆိုင်းပြီးတော့ နိုင်ငံရေးပြဿနာကို တွေ့ဆုံဆွေးနွေးဖို့ ကျနော်တို့ ကြိုးစားကြမယ်။** ဒါကြောင့်မို့လို ဒီ NCA ကို နှစ်ဖက်က သဘောတူပြီးတော့ လက်မှတ်ရေးထိုးထားကြတယ်။ လက်မှတ်ရေးထိုးထားတဲ့အပေါ် နှစ်ဖက်ကနေ ကျနော်တို့ ကတိပြုထားတဲ့အတိုင်း အကောင်အထည်ဖော်ရမယ်။ တစ်ဖက်ဖက်ကနေ ပြီးတော့ ချိုးဖောက်လို့ရှိရင် မပျက်သေးပေမယ့် နှစ်ဖက်စလုံးကတော့ ချိုးဖောက်ပြီ ဆိုရင်တော့ ပျက်ပြီလို့ ပြောလို့ရတယ်။ သို့သော်လည်းပဲ အခုထက်ထိ ကျနော်တို့က တစ်ဖက်နဲ့တစ်ဖက် ဆိုတာက တစ်ဖက်ရဲ့ အားနည်းချက်တွေကိုလည်း ဝိုင်းမဖျက်ဘဲနဲ့ ဝိုင်းတည့်ပေးတဲ့သဘောလေးကို ကြိုးစားဆောင်ရွက်ကြမယ်။ ကျနော်တို့ ဒီပြည်သူတွေ အမျိုးသားတွေကလည်း ကျနော်တို့ရဲ့ တုံ့ပြန်မှုကို အားမရတာလည်းဖြစ်မယ် ရှိခဲ့တယ်။ သို့သော်လည်းပဲ ခုနက ကျနော်ပြောသလိုပဲ တုံ့ပြန်မှုက နှစ်ခုပဲရှိတယ်ဆိုတဲ့အပေါ်မှာ ဒါကိုလည်း နားလည်ပေးဖို့ လိုအပ်တယ်။ နားလည်ပေးဖို့လည်း မေတ္တာရပ်ခံပါတယ်။ အခုလောလောဆယ်ကတော့ ကျနော်တို့ သဘောထားကတော့ NCA အပေါ်မှာပဲ ရပ်တည်ပြီးတော့ NCA မှာ လက်မှတ် ရေးထိုးတဲ့ အဖွဲ့အစည်းတွေကလည်း တာဝန်ယူကြဖို့ ကျနော်တို့ လုပ်ဆောင်ရမှာဖြစ်တယ်။ နောက်တစ်ချက်ကတော့

> **လက်နက်ကိုင်ပဋိပက္ခက ကျနော်တို့ ကရင်အမျိုးသားတွေရဲ့အနေအထား၊ သူတို့ရဲ့ဘဝ၊ သူတို့ သားသမီးတွေရဲ့ အနေအထား၊ ဘဝတွေ၊ သူ့ရဲ့ နောက်ဆက်တွဲပြဿနာတွေက ကျနော်တို့ အမျိုးသားအတွက် အကျိုးကျေးဇူးတော့ မရှိဘူးလို့ ကျနော်ကတော့ မြင်တယ်။ ဒီလက်နက်ကိုင် ပဋိပက္ခကို သိက္ခာရှိရှိနဲ့ ရပ်ဆိုင်း ပြီးတော့ နိုင်ငံရေးပြဿနာကို တွေ့ဆုံဆွေးနွေးဖို့ ကျနော်တို့ ကြိုးစားကြမယ်။**

**ငြိမ်းချမ်းရေး Process က တန့်နေတယ်။ လည်နေတယ်၊ ပျက်တော့ မပျက်သေးဘူးပေါ့နော်။** ပျက်ပြီဆိုရင်လည်း NCA ကတော့ စွန့်ပစ်ရတော့မယ်။ စွန့်ပစ်ပြီဆိုရင် ဘာအစားထိုးမလဲ၊ နောက်တစ်ကြိမ် သဘောတူညီမှုရဖို့အတွက် ဘယ်လိုလုပ်မယ် ဆိုတဲ့ဟာကိုပေါ့နော်။ ဒါကြောင့်မို့ ကျနော်တို့က ဒါကို ဝိုင်းပြီးတော့ တည့်မတ်အောင် လုပ်ဆောင်ဖို့။ ကျနော်တို့ ကရင်အမျိုးသားတွေကလည်း ဒီ NCA အပေါ်မှာ အခြေခံတဲ့ သဘောတူညီမှုကို တိုင်းတာဖို့အတွက် တစ်နည်းတစ်လမ်း ကိုယ်တတ်နိုင်တဲ့ နည်းလမ်းနဲ့ ကိုယ်လုပ်နိုင်တဲ့နည်းလမ်းနဲ့ ဝိုင်းပြီးတော့ တိုက်တွန်းနှိုးဆော်ဖို့ လမ်းပြဖို့လည်း လိုအပ်တယ်။ ဖိအားပေးတဲ့ သဘောလည်း ဆောင်တာပေါ့။ ဆိုလိုတဲ့သဘောက တပ်မဟာ(၅) မှာ ဖြစ်တဲ့ကိစ္စ ကျနော်တို့ဘက်ကတော့ ထိန်းထိန်းသိမ်းသိမ်း ပြောဆိုခဲ့တယ်။ သို့သော်လည်းပဲ တစ်ဖက်က ကျူးလွန်မှု များလာရင် ကျနော်တို့က လက်တွေ့ရင်ဆိုင်နေရတဲ့ အောက်ခြေက ကျနော်တို့ တာဝန်ရှိတဲ့ တာဝန်ခံတဲ့ ပုဂ္ဂိုလ်တွေက

> **ငြိမ်းချမ်းရေး Process က တန့်နေတယ်။ လည်နေတယ်၊ ပျက်တော့ မပျက်သေးဘူး**

အတိုင်းအတာတစ်ခုအထိတော့ ကျနော်တို့ ကိုယ့်ကိုကိုယ် ဒီလုပ်ရပ်တွေကို မဆန့်ကျင်တဲ့အနေနဲ့ ဆောင်ရွက်သွားဖို့၊ အဲဒါထက် ပိုမိုကြီးမားလာမှု မရှိအောင်လည်း ကျနော်တို့ ဝိုင်းပြီးတော့ စီစဉ်ဆောင်ရွက်ဖို့ပေါ့။ ခုထက်ထိကတော့ မပြေလည်သေးဘူး။ ဒါပေမယ့် အမြန်ဆုံးဖြေရှင်းနိုင်အောင်လည်း ကျနော်တို့ ကြိုးစားပြီးတော့ ဆောင်ရွက်သွားမှာပါ။ ဒါက စစ်ရေးနဲ့ နိုင်ငံရေးပေါ့။ သို့သော်လည်းပဲ ဒီကြားကာလအခြေအနေ။ ကျနော်တို့ ဒီလက်နက်ကိုင် တော်လှန်ရေးက ပြောရမယ်ဆိုရင် ကြားကာလက ဒီကြားဒေသတွင်းမှာရှိတဲ့ အစီအစဉ်တွေကို ဘယ်လို ညှိညှိနှိုင်းနှိုင်း ဆောင်ရွက်သွားမလဲ။ အဲဒီအစီအစဉ်က ရှိပေမယ့်လည်း လက်တွေ့လုပ်တဲ့နေရာမှာ အကောင်အထည်ဖော်လို့ မရဘူး။ တစ်ဖက်ကနေပြီးတော့ ကျွန်တော်တို့တွေရဲ့ KNU လက်နက်ကိုင်တော်လှန်ရေးနယ်မြေကို အခြေခံပြီးတော့ နိုင်ငံရေးစနစ်တစ်ခုလုံးကို ပြောင်းလဲဖို့အတွက် ကြိုးစားဆောင်ရွက်နေပါတယ်။ **နယ်မြေတစ်ခုထဲ လွတ်လပ်ဖို့အတွက် လုပ်တာ မဟုတ်ဘူး။** ကျွန်တော်တို့ပြောတဲ့ ဖက်ဒရယ်ပြည်ထောင်စု၊ ဖက်ဒရယ်ဆိုလို့ရှိရင်တော့ ကရင်ပြည်နယ်တစ်ခုထဲ မဟုတ်ဘူး။ ကရင်ပြည်နယ်ရဲ့ကိစ္စရပ်တွေက နိုင်ငံရေးဆွေးနွေးပွဲ ကြားကာလမှာရှိတဲ့ ကြားဒေသမှာရှိတဲ့ အခက်အခဲ။ ဒါတွေက ပြောရမယ်ဆိုအများကြီး ဖြစ်တာပေါ့။ အခု လောလောဆယ် ကျွန်တော်က ဒီငြိမ်းချမ်းရေး ရှေ့ဆက်သွားနိုင်ဖို့ ကျွန်တော်တို့ဘက်မှာ လုပ်နေတဲ့အရာ ကျော်လွှားသွားနိုင်ဖို့ ရလဒ်ကိုလည်း ရချင်တယ်၊ Process ကိုလည်း လုပ်ငန်းစဉ်အတွက်လည်း ကျွန်တော်တို့ စနစ်တကျဖြစ်ဖို့တွက် ဆောင်ရွက်ရန် လိုအပ်တယ်။ အခုလောလောဆယ်မှာ ကျွန်တော်တို့တွေ ဒီ Process မှာပဲ လည်နေပြီးတော့ ရလဒ်ဆိုတဲ့ နိုင်ငံရေးဆွေးနွေးမှုရဲ့ သဘောတူမှုရလဒ်ဆိုတာ ကျွန်တော်တို့ မရနိုင်ဘူး။

အချိန်က ပြန်ကြည့်မယ်ဆိုရင် အခုအစိုးရတက်လာပြီး သူ့ရဲ့သက်တမ်း ၅ နှစ်၊ ပထမတစ်နှစ်ကတော့ သူ့ရဲ့အစိုးရက ပေါ်လစီတို့ လိုအပ်တာ စီစဉ်တာတို့နဲ့ ဘာမှမဖြစ်ခဲ့ဘူး။ အခု ၂ နှစ်ရှိနေပြီ။ အစိုးရမှာ သက်တမ်းဆိုတာ ၅ နှစ်ပဲ။ အစိုးရက အစိုးရတစ်ဖွဲ့ တက်လာတာနဲ့ ၅ နှစ်သက်တမ်းအတွင်းမှာ သူ့ရဲ့ လုပ်ဆောင်ရမယ့်အလုပ်ကို သူဖြတ်ရမယ်။ နောက်ရွေးကောက်ပွဲအတွက် သူတို့စီစဉ်ရမယ်။ အခုဒီအစိုးရက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီးတော့ ၂ နှစ်ပဲလုပ်နိုင်မယ်။ ၂၀၁၈၊ ၂၀၁၉၊ နောက် ၂၀၂၀ ကျ သူတို့က ကြည့်အားမှာ မဟုတ်ဘူး။ ကျွန်တော်တို့ရဲ့အတွေ့အကြုံအရ နောက်တစ်ခု ရွေးကောက်ပွဲ ထပ်လုပ်ဖို့ စီစဉ်ရမှာ။ ဒါတော့ ဒီနှစ်အတောအတွင်းမှာ ကျွန်တော်တို့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံမှာ ဘယ်လောက်ထိ ကျင်းပနိုင်မလဲ ကျွန်တော်တို့ ဘယ်လောက်ရနိုင်မလဲ ဆိုတဲ့အပေါ်မှာ ကျွန်တော်တို့ ကြိုတင်မြင်တော့ ကျွန်တော်တို့ ခန့်မှန်းနိုင်ဖို့ ကြိုတင်ပြီးတော့ အစီအစဉ်ချနိုင်ဖို့ လိုအပ်ပါတယ်။ နောက်ထပ် နှစ်ကြိမ် လုပ်နိုင်မလား။ အခုကတော့ ၂၀၁၈ မှာ တစ်ကြိမ်တောင် မလုပ်ရသေးဘူး။ တစ်ကြိမ်လုပ်ပြီးလို့ရှိရင် နောက်ထပ်လုပ်နိုင်မလား၊ အများဆုံးနောက် ထပ်သုံးကြိမ် လုပ်လို့ ရနိုင်မလား။ ရလို့ရှိရင် နိုင်ငံရေးသဘော

**ယနေ့တက်လာတဲ့ အစိုးရက လွှန်ခဲ့တဲ့အစိုးရရဲ့ပေါ်လစီကို သူက တာဝန်ခံရမယ် ဆိုတာ မပါဘူး။ မပါတဲ့အတွက်ကြောင့် ကျွန်တော်တို့ဘက်က သိထားရမှာက အစိုးရဆိုတာက အတိုင်းအတာ အကန့်အသတ်ရှိတယ်။**

တူညီချက် ဘယ်လောက်ရနိုင်မလဲဆိုတာ ကျွန်တော်တို့ စဉ်းစားရမယ့်အပိုင်း။ ပြီးလို့ရှိရင် ၂၀၂၀ ဆိုတော့ အစိုးရက စဉ်းစားချိန် အားမှာ မဟုတ်ဘူး။ ရွေးကောက်ပွဲ အနိုင်ရဖို့အတွက်။ ရွေးကောက်ပွဲ ပြီးတာနဲ့ ဘယ်အစိုးရကနေ ပြီးတော့ အနိုင်ရမလဲ။ ဘယ်ပါတီက အနိုင် ရမလဲ။ ဘယ်သူမှ မသိဘူး။ တကယ်လို့ တက်လာတဲ့ အစိုးရ ကလည်း ငြိမ်းချမ်းရေး Process ကို ဦးစားပေး ဆောင်ရွက်မလား မဆောင်ရွက်ဘူးလား မသိဘူး။

**ဘာဖြစ်လို့လဲဆိုတော့ ယနေ့တက်လာတဲ့ အစိုးရက လွှန်ခဲ့တဲ့အစိုးရရဲ့ပေါ်လစီကို သူက တာဝန်ခံရမယ်ဆိုတာမပါဘူး။မပါတဲ့အတွက်ကြောင့်ကျွန်တော်တို့ဘက်ကသိထားရမှာကအစိုးရဆိုတာက အတိုင်းအတာအကန့်အသတ်ရှိတယ်။** ကျွန်တော်တို့မှာ ပြဿနာ မရှိဘူး။ နိုင်ငံရေး သက်တော်ရာကျော် ရှည်ပါစေ ပြောလို့ရတယ်။ အစိုးရမှာတော့ ၅ နှစ်ပဲ။ ပြီးလို့ရှိရင် နောက်ထပ် ၅ နှစ် နိုင်ရင် သူ့ပေါ်လစီကို ပြင်လို့ရတယ်။ ကိုယ့်ဖက်မှာကျတော့ ကိုင်လာတာ နှစ်ပေါင်း ၅၀ ကတည်းက ဘာမှမပြောင်းလဲဘူး။ ကျွန်တော် တို့ စဉ်းစားရမှာက အထူးသဖြင့် ကျွန်တော်တို့ ကရင်အမျိုးသား နိုင်ငံရေး၊ ကျွန်တော်တို့ အနာဂတ် တိုင်းပြည်နိုင်ငံရေး အားလုံးနဲ့ သက်ဆိုင်တဲ့အတွက်ကြောင့် စဉ်းစားဖို့ (၁) တစ်ချက်က ဖြစ်ရှိလာတဲ့ နိုင်ငံရေးအပေါ်မှာ ကျွန်တော်တို့ ကရင့်အမျိုးသားအနေနဲ့၊ ကရင့်အမျိုးသား၊ ကရင့်အမျိုးသား နိုင်ငံရေးပါတီ၊ ကရင့်အမျိုးသား တော်လှန်ရေး အဖွဲ့အစည်း ဘယ်လို စုစုစည်းစည်းနဲ့ ကျော်လွှား သွားဖို့ ဆောင်ရွက်မလဲ။ ဒီလိုအခက်အခဲကြောင့် ကျွန်တော်တို့ ထိုင်စောင့်နေမယ့်အစား အပြင်မှာ ကိုယ်ကကျော်ပြီးတော့ ပြင်နိုင်အောင် လုပ်မလား။ အခုက ကျွန်တော်တို့ တိုင်းရင်းသား လက်နက် ကိုင် အဖွဲ့အစည်း အခုန ပြောသလို အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ကျော်လွှားသွား နိုင်ဖို့အတွက်ကို တစ်ဖွဲ့ချင်းစီကနေပြီးတော့ သူ့နည်းသူ့ဟန် ကျော်လွှားသွားဖို့ စနစ်ရှိဖို့ လိုအပ်တယ်။ အခုလောလောဆယ်ကတော့ ရခိုင်က တစ်မျိုး၊ အခု RCSS တစ်ခုပဲ ကျန်တော့တယ်။ အခုနလို ရွေးချယ်မှုကို လုပ်မလား၊ အကြံပေးချက် (Option) တစ်ခုက တောင်ကြီးမှာ အကြိုပြင်ဆင်ဖို့ အစည်းအဝေး။ နောက်တစ်ခု လင်းခေးမှာ ကြိုက်သလို လုပ်။ ဒီနည်းလမ်းပေါ် ဘယ်ဟာ ရွေးချယ်မလဲတော့ မသိဘူး။ ကျွန်တော်တို့ ကရင်မှာကျတော့ ကိုယ်က ဆုံးဖြတ်ရမယ်။ အဓိကတော့ ကျွန်တော်တို့ရဲ့ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုအတွက် ကျွန်တော်တို့ ဆောင်ရွက်တာ ဖြစ်ပါတယ်။ အထူးသဖြင့် ကရင့်အမျိုးသား နိုင်ငံရေး ဆွေးနွေးမှုကော်မတီ၊ ဦးဆောင်ကော်မတီ၊ ကျင်းပရေး ကော်မတီက ဒီကိစ္စကို စဉ်းစားဖို့လိုအပ်မယ်လို့ ထင်ပါတယ်။

အဓိက ကျွန်တော်တို့လိုချင်တဲ့အချက်တွေက နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု။ သို့သော်လည်းပဲ

ရှိနေတဲ့ အနေအထားက ပြဿနာဖြစ်နေတယ်။ ဖြစ်နေတဲ့အပေါ်မှာ အခြားအဖွဲ့တွေ ကျော်လွှား သွားနိုင်ဖို့။ တကယ်လို့ မေလဆန်းမှာ မဖြစ်လို့ရှိရင် ဒါကတော့ ကျွန်တော်တစ်ဦးအမြင် မေလကုန် နီးပါးမှာ ဖြစ်ကိုဖြစ်မယ်။ ဘယ်အချိန်ပဲလာလာ ကိုယ့်ဘက်က အဆင်သင့် ရှိထားပြီးသားဆိုလို့ရှိရင် ကရင်အမျိုးသားအနေနဲ့ ကရင်အမျိုးသားရေး၊ နိုင်ငံရေး အဆိုပြုချက်တွေကို ကျွန်တော်တို့ ဘာမှ ပူပင်စရာ မရှိဘူး။ ဒါကတော့ ကျွန်တော်တစ်ယောက်အမြင်၊ လုပ်သင့်တာကို လုပ်ရမှာပဲ။ ကျွန်တော်တို့ လုပ်လို့ရမှ လုပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ တော်လှန်ရေးလည်း ပေါ်စရာ မလို ဘူး။ နိုင်ငံရေးဆွေးနွေးပွဲမရလို့ပဲ တော်လှန်ရေးဆိုတာ ဖြစ်လာခဲ့တယ်။ ဒါလက်ရှိ ကျွန်တော့်ရဲ့ နိုင်ငံရေး အခြေအနေအရ တင်ပြချက် ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင်တော့ ဒီအဆင့်ဆင့်တွေက တကယ့်သေချာ နိုင်ငံရေးဆွေးနွေးမှု ကျွန်တော်တို့ ကျင်းပပုံကျင်းပနည်း ရရှိလာဖို့အတွက် လည် နေတဲ့ပုံက တစ်ချို့ခေါင်းဆောင်တွေက သိပါတယ်။

**အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲရဲ့စာတမ်းတစ်ခုရရှိလာဖို့ ကျွန်တော်တို့ ဆောင်ရွက်ပုံ အဆင့်ဆင့် ပူးတွဲပြန်လုပ်တာတွေ တော်တော်ရှည်လျားပြီး ရှုပ်ထွေးတယ်။ ဒါကြောင့် အခု အဆိုပြုမှုဟာ အဲလိုပုံစံ မသွားပဲနဲ့ Process ကို ပုံမှန်တစ်မျိုးတည်းနဲ့ လုပ်ရင်ဖြစ်မလားဆိုတဲ့ စဉ်းစားမှုက ရှိလာတယ်။** ဆိုလိုတဲ့သဘောက ဒီလိုမလည်ပဲနဲ့ ပထမဦးဆုံး ဒါကစဉ်းစားတာ ဖြစ်တယ်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ ရရှိလာတဲ့ စာတမ်းကို တခါတည်း ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှုကော်မတီ လုပ်ငန်းအဖွဲ့ကို ပို့လိုက်၊ ပို့ပြီး သူတို့သုံးဖွဲ့ ညှိပြီး ရလာတဲ့မူကြမ်းကို လူထု ကို ပြန်ချပြ၊ လူထုကနေတစ်ဆင့် ပြန်တက်လာ။ ဒါက နှစ်ဆင့်ပဲ။ ပြီးတော့ UPDJC ကို ပြန်ပို့ လိုက်၊ အဲလိုလုပ်ရင် အဆင့်တွေက လျော့သွားပြီးတော့ အချိန်တွေကလည်း နည်းနည်းတိုသွားမယ့် အနေအထားမှာ ရှိတယ်။ လူထုပါဝင်မှုလည်း ပါတယ်၊ အပေါ်နဲ့ အောက်ဆိုပြီးတော့ ၂ ဖက်ကို လုပ်ထားတဲ့ တစ်ချို့နိုင်ငံရေးဆွေးနွေးပွဲက Top Down ဖြစ်တယ်။ တချို့က Bottom up ဖြစ်တယ်။ အဲ့နှစ်ခုကို ညှိပြီးလုပ်ရင် ပိုလွယ်မလားဆိုတဲ့ စဉ်းစားမှုတော့ ရှိလာတယ်။ ဒါက စဉ်းစားထားတဲ့ Process ပဲဖြစ်တယ်။ အတည်ပြုမှု မရှိသေးဘူး။ ဒါက တိုင်းရင်းသား လက်နက်ကိုင်တွေရဲ့ စဉ်းစားချက် ဖြစ်တယ်။ နောက်ဆုံးအနေနဲ့က ခုနက ကျွန်တော်တင်ပြသလိုပါပဲ ဒီငြိမ်းချမ်းရေး Process ကတော့ အမျိုးမျိုး သုံးသပ်နေကြပါတယ်။ တစ်ချို့ကတော့ NCA အလုပ်ဖြစ်သေးရဲ့လား၊ အလုပ်မဖြစ်ရင် ဘာကိုအစားထိုးပြီးတော့ ဖြစ်အောင် လုပ်မလဲ။ အလုပ်မဖြစ်တာက NCA အပေါ်မှာ မူတည်တာထက် အကောင်အထည်ဖော်တဲ့ အဖွဲ့အစည်းတွေရဲ့အပေါ်မှာ မူတည်တယ်လို့ မြင်ပါ တယ်။ အခုအနေအထားအရ အတိုင်းအတာတစ်ခု အထိတော့ လုပ်ချင်တဲ့ဟာကို လုပ်နိုင်ဖို့အတွက် သဘောတူညီမှု ရတယ်။ နောက်တစ်ခုက တစ်ချို့က ပြောနေတာ လည်နေတယ်။ လည်နေတယ်လို့ပဲ ပြောရမယ်၊ ရှေ့ဆက်သွားလို့ မရသလို ဖြစ်နေတယ်။ ပိတ်ဆို့နေတဲ့ သဘောကိုလည်း အဲဒီအစုအဖွဲ့မှာ အကောင်အထည်ဖော်ရမယ့် အဖွဲ့အစည်းတစ်ခုမှာ ကျွန်တော်တို့နားလည်မှု မတူတဲ့အပိုင်းတွေကြောင့်လည်း ဖြစ်တယ်။ နောက်ဆုံးအနေနဲ့ကတော့ ကျွန်တော်တို့ ကရင် အမျိုးသားနိုင်ငံရေးမှာ တက်ရောက်လာကြတဲ့ ခေါင်းဆောင်များ တော်တော်များများ အတွေ့အကြုံ ရှိတဲ့ သူတွေကို တွေ့နေရပါတယ်။ ဒီဆွေးနွေးပွဲနဲ့ ပတ်သက်ပြီးတော့ ဒီအခက်အခဲကို ဘယ်လို

ကျော်လွှားရမလဲ ဆိုတာကို အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ ရရှိလာမယ့် အဆိုပြုချင်တဲ့ သဘောထားဆန္ဒတွေကို ရယူဖို့က ကိုယ့်ဘက်ကတော့ အဆင်သင့်ဖြစ်ဖို့ လုပ်ဖို့ လိုအပ်တယ်။ လုပ်နိုင်ဖို့အတွက်လည်း ကျွန်တော်တို့ရဲ့ စုစည်းမှု၊ ညီညွတ်မှု၊ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မှုဟာ တကယ်အဓိကကျတယ်၊ လိုလည်းလိုအပ်ပါတယ်။ ဒီမှာရှိတဲ့ ခေါင်းဆောင်တွေ ဆက်လက်ဆွေးနွေး ပြီးတော့ ဆုံးဖြတ်ချက်ချ အကောင်အထည်ဖော်ဖို့ မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

# UPDJC ဆိုင်ရာ အခြေအနေ

## ကျင်းပရေးကော်မတီ၊ UPDJC အဖွဲ့ဝင် ဗိုလ်မှူးကြီးစောကျော်ညွှန့်မှ UPDJC ဆိုင်ရာများကို ဆွေးနွေးတင်ပြခြင်း

### (လူထုတွေ့ဆုံဆွေးနွေးပွဲ၊ ဝေနော်တရာ)

ကရင် နိုင်ငံရေးဆွေးနွေးပွဲကျင်းပရေးကော်မတီ၊ နယ်အသီးအသီးက ကြွရောက်လာတဲ့ ကရင်ပါတီများ၊ CSO, CBO ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ UPDJC အဖွဲ့ဝင်တစ်ဦး ဖြစ်ပါတယ်။ မိခင်အဖွဲ့အစည်းကတော့ KPC ဖြစ်ပါတယ်။ ကျွန်တော်တို့ KPC အနေနဲ့ ကရင်အမျိုးသားလူထုတွေ့ဆုံပွဲ အခမ်းအနားကို ကော်သူးလေဒေသ ကိုယ်စားပြုပြီး ကျင်းပခွင့်ရတာ ဝမ်းမြောက်သလို၊ အားနည်းချက်များ ရှိတာကိုလည်း ခေါင်းဆောင်များအားလုံး နားလည်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ကျွန်တော် ရှည်ရှည်ဝေးဝေး မပြောလိုပါဘူး။ UPDJC လို့ပြောရင် လူတွေတော်တော်များများရဲ့ စိတ်ထဲမှာ ဒီအဖွဲ့က နေရာတကာ နေရာတော်တော်ဝင်ယူတာပဲလို့ ထင်ကြတယ်။ ကျွန်တော်တို့ ခေါင်းဆောင်တွေကြားမှာ ကိုယ်စားလှယ်တွေကြားမှာ အဲ့လိုအထင်အမြင် ရှိမှာကို စိုးရိမ်ပါတယ်။ ရှိခဲ့မယ်ဆိုရင်လည်း နားလည် လက်ခံပေးဖို့ ပြောချင်ပါတယ်။

UPDJC က ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ကော်မတီဖြစ်ပါတယ်။ ဒီကော်မတီက လွန်ခဲ့တဲ့ ၂၀၁၅ အောက်တိုဘာ ၁၅ ရက်နေ့ NCA လက်မှတ်ရေးမထိုးခင်အချိန်အထိ ဒီဝေါဟာရက မြန်မာနိုင်ငံမှာ မပေါ်ထွန်းသေးပါဘူး။ NCA လက်မှတ်ရေးထိုးပြီးမှ ပေါ်ထွန်းလာတဲ့ ဝေါဟာရတစ်ခု ဖြစ်ပါတယ်။ **NCA ဆိုတာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်။ ဆိုလိုချင် တာက အပစ်ရပ်မယ်၊ အပစ်ရပ်ပြီးရင် ဒီအတိုင်း ထိုင်မနေဘူး။ နိုင်ငံရေးဆွေးနွေးပွဲလုပ်မယ်၊ နိုင်ငံရေးဆွေးနွေးပွဲ ဘာလို့လုပ်ရသလဲ။ ကျွန်တော်တို့နိုင်ငံမှာ နှစ်ပေါင်း ၆၀ ကျော်ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းစစ်ရဲ့ပြဿနာက လူတွေရဲ့ပြဿနာလည်းမဟုတ်ဘူး၊ မိုက်မဲတဲ့ပြဿနာလည်းမဟုတ်ဘူး၊ ဆူပူသောင်းကျန်းချင်တဲ့ပြဿနာ လည်း မဟုတ်ဘူး။ ကျွန်တော်တို့နိုင်ငံမှာ ဖြစ်နေတဲ့ ပဋိပက္ခတွေကို နိုင်ငံရေးဆွေးနွေးခြင်းနည်းနဲ့ ခေတ် အဆက်ဆက် ဘယ်အစိုးရလက်ထက်မှ မကြိုးပမ်းနိုင်ခဲ့တဲ့တာကို လက်ခံပေးခဲ့တဲ့စာချုပ်။** ကျွန်တော်တို့ ကတော့ နှစ်ပေါင်း ၆၀ လောက် ခံခဲ့ရပြီးပြီ။ ကျွန်တော်တို့ ပြည်တွင်းစစ်တွေ ချုပ်ငြိမ်းပြီးတော့ တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေး တည်ဆောက်နိုင်ဖို့အတွက် တစ်ခုတည်းသောနည်းလမ်းက အကျေအလည် နိုင်ငံရေး ဆွေးနွေးပွဲ လုပ်ဆောင်ဖို့ ဖြစ်ပါတယ်။ တိုင်းရင်းသားတွေကြားမှာ ပြည်ထောင်စုအစိုးရကြားမှာ၊ ပြည်သူလူထုကြားမှာ ဒီနိုင်ငံနဲ့သင့်တင့်လျောက်ပတ်တဲ့ နိုင်ငံရေးအဖြေတစ်ခု ဝိုင်းဝန်းရှာဖွေ အဖြေထုတ်ဖို့ ဖြစ်တဲ့အတွက် NCA ရေးထိုးပြီးတာနဲ့ တစ်ပြိုင်နက် UPDJC လို့ခေါ်

**NCA ဆိုတာ တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးစာချုပ်။ ဆိုလိုချင်တာက အပစ်ရပ်မယ်၊ အပစ်ရပ်ပြီးရင် ဒီအတိုင်း ထိုင်မနေဘူး။ နိုင်ငံရေး ဆွေးနွေးပွဲ လုပ်မယ်၊ နိုင်ငံရေးဆွေးနွေးပွဲ ဘာလို့လုပ်ရသလဲ။ ကျွန်တော်တို့ နိုင်ငံမှာ နှစ်ပေါင်း ၆၀ ကျော်ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းစစ်ရဲ့ ပြဿနာက လူတွေရဲ့ပြဿနာလည်း မဟုတ်ဘူး၊ မိုက်မဲတဲ့ ပြဿနာလည်း မဟုတ်ဘူး၊ ဆူပူသောင်းကျန်းချင်တဲ့ ပြဿနာ လည်း မဟုတ်ဘူး။ ကျွန်တော်တို့နိုင်ငံမှာ ဖြစ်နေတဲ့ ပဋိပက္ခတွေကို နိုင်ငံရေး ဆွေးနွေးခြင်းနည်းနဲ့ ခေတ် အဆက်ဆက် ဘယ်အစိုးရလက်ထက်မှ မကြိုးပမ်းနိုင်ခဲ့တဲ့တာကို လက်ခံပေးခဲ့တဲ့စာချုပ်။**

တဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေး နိုင်ငံရေးဆွေးနွေးပွဲ ပူးတွဲကော်မတီကို ဖွဲ့စည်းခဲ့ရခြင်း ဖြစ်ပါတယ်။ ရက်အတိအကျ ပြောရမယ်ဆိုရင် ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့၊ ရက်စွဲနဲ့ ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ပူးတွဲအကောင်အထည်ဖော်မှု အစည်းအဝေးမှာ ဖွဲ့စည်းပေးခဲ့တာ ဖြစ်ပါတယ်။ အဲ့ဒီနေရာမှာ ကျွန်တော်တို့ NCA လက်မှတ်ရေးထိုးတဲ့အချိန်တုန်းက အစိုးရနဲ့ ညှိနှိုင်းထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့ ရှိပါတယ်။ လက်မှတ်ထိုးတဲ့အခါမှာလည်း ဒီ ၁၆ ဖွဲ့လုံး လက်မှတ်ထိုးလိမ့်မယ်လို့ အကြမ်းဖျင်းထင်ခဲ့တယ်။ တကယ့်လက်မှတ်ထိုးတဲ့ အခါမှာ အဖွဲ့ ၈ ဖွဲ့ပဲ လက်မှတ်ထိုးခဲ့တယ်။ UPDJC ကို နဂိုရည်ရွယ်ချက်အတိုင်း တစ်ဖွဲ့ကို တစ်ယောက်နဲ့ ဖွဲ့ဖို့က အစိုးရကို အကြံပြုသေးတယ်၊ ဒါပေမယ့် အစိုးရဘက်မှာကျတော့ ဝန်ကြီး ၁၆ ယောက် ရွေးထားပြီး ဖြစ်တဲ့အတွက် ပြန်ထုတ်ဖို့ အဆင်မပြေဘူးဆိုပြီး ကျွန်တော်တို့ အဖွဲ့တွေ တစ်ဖွဲ့ကို နှစ်ယောက်စီ သတ်မှတ်ပြီး အားလုံးပေါင်း ၁၆ ယောက်နဲ့ စတင်ဖွဲ့စည်းခဲ့တယ်။ UPDJC နဲ့ ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် မပြောတော့ပါဘူး။ ကရင်အမျိုးသားလူထုတွေ့ဆုံပွဲဆိုတော့ ကျွန်တော်တို့ ကရင်အမျိုးသားနဲ့ ပတ်သက်တဲ့ UPDJC ကိုပဲ ပြောပါမယ်။ NCA လက်မှတ်ရေးထိုးထားတဲ့ ကရင်တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းသုံးဖွဲ့ရှိတဲ့အတွက်ကြောင့် UPDJC မှာ ကျွန်တော်တို့ ကိုယ်စားလှယ် ၆ ယောက် ရပါတယ်။ အဲ့ဒါကတော့ ကရင်တိုင်းရင်းသား လက်နက်ကိုင်တွေရဲ့ စုဖွဲ့မှုဖြစ်ပါတယ်။ UPDJC အသိုင်းအဝိုင်းတစ်ခုလုံးကို ခြုံကြည့်မယ်ဆိုရင် ကရင်တိုင်းရင်းသား လက်နက်ကိုင်ဘက်က ၆ ယောက် သာမက၊ ကရင်ပါတီဘက်က မန်းအောင်ပြည်စိုးတို့ စောထွန်းအောင်မြင့်တို့ ပါခဲ့ဘူးပါတယ်။ စောထွန်းအောင်မြင့်က လက်ရှိပါဝင်နေဆဲ ဖြစ်ပါတယ်။ အခြား တိုင်းရင်းသားတွေနဲ့ယှဉ်ရင် ကျွန်တော်တို့က အားသာချက်အနေနဲ့ အရေအတွက် သာပါတယ်။ အရည်အချင်းကတော့ ကျွန်တော် မပြောတော့ပါဘူး။

ကျွန်တော်တို့လည်း အတတ်နိုင်ဆုံး ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ UPDJC စုဖွဲ့မှုအနေနဲ့ ၂၁ ရာစုပင်လုံ ဒုတိယ အကြိမ်အပြီး Review ပြန်လုပ်တဲ့အခါမှာ KNU က ပဒို ကွယ်ထူးဝင်းနေရာမှာ ပဒိုတာဒိုမူးကို ပြောင်းလဲထားပါတယ်။ ကျနိတဲ့အဖွဲ့မှာတော့ အပြောင်းအလဲ မရှိပါဘူး။ ကျွန်တော်အနေနဲ့ လူကြီးမင်းတို့ကို မေတ္တာရပ်ခံချင်တာကတော့ UPDJC လို့ ပြောလိုက် ရင် ဒီကော်မတီကို ဖွဲ့စည်းရမယ်ဆိုတာကို မူဘောင်ထဲမှာ တရားဝင် ဖော်ပြထားပြီး ဖြစ်ပါ တယ်။

NCA စာချုပ်ရဲ့ နိုင်ငံရေးဆွေးနွေးပွဲ အကောင်အထည်ဖော်မှု အခန်း (၇) အပိုဒ် ၂၂ (ခ) အောက်ဆုံးမှာ "**ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီသည်နိုင်ငံရေးဆွေးနွေးမှု မူဘောင်ကို ရေးဆွဲ ရန် တာဝန်ရှိသည်**" လို့ အတိအလင်း ရေးဆွဲထားပြီးသားဖြစ်တဲ့အတွက် ကြောင့်မို့လို့ ကျွန်တော်တို့ NCA လက်မှတ် ရေးထိုးပြီးတာနဲ့ **NCA စာချုပ်ထဲမှာပါတဲ့အတိုင်း လက်မှတ်ရေးထိုးပြီး ရက် ၆၀ အတွင်းမှာ နိုင်ငံရေး ဆွေးနွေးရေးမူဘောင်ကိုအပြီးရေးဆွဲရမယ့်တာဝန် က UPDJC ရဲ့တာဝန်ဖြစ်တယ်**ဆိုတာ ဖော်ပြထား ပြီးဖြစ်တဲ့အတွက် နိုင်ငံရေး ဆွေးနွေးမှု မူဘောင် ကို ရေးဆွဲခဲ့ကြခြင်း ဖြစ်ပါတယ်။ **ကျွန်တော်တို့ ဆွဲထားတဲ့ မူဘောင်ကို Flexible ဖြစ်အောင် ရေး ဆွဲ ထားပါတယ်။ နောက်တက်လာမယ့် အစိုးရ အတွက်ရော၊ ကျန်ခဲ့တဲ့ တိုင်းရင်းသား လက်နက် ကိုင်တွေအတွက်ရော ပြုသာပြင်သာဖြစ်အောင် ရေးဆွဲထားပါတယ်။** နောက်တက်လာတဲ့ အစိုးရ လက်ထက်မှာ အဲ့မူဘောင်ကို ပြန်လည်သုံးသပ် တာ၊ ပြန်လည်ပြုစုတာ၊ ညှိနှိုင်း အတည်ပြုတာ တွေ ရှိပါတယ်။ ဒါပေမယ့် အတည်ပြုချက်က ပြီးပြည့်စုံလားဆိုတော့ မပြည့်စုံပါဘူး၊ အချက်

> **ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီသည် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ကို ရေးဆွဲရန် တာဝန်ရှိသည်**

> **NCA စာချုပ်ထဲမှာပါတဲ့အတိုင်း လက်မှတ်ရေးထိုးပြီး ရက် ၆၀ အတွင်း မှာ နိုင်ငံရေးဆွေးနွေးရေး မူဘောင်ကို အပြီးရေးဆွဲရမယ့် တာဝန်က UPDJC ရဲ့တာဝန်ဖြစ် တယ်**

> **ကျွန်တော်တို့ ဆွဲထားတဲ့ မူဘောင်ကို Flexible ဖြစ် အောင် ရေးဆွဲထားပါတယ်။ နောက်တက်လာမယ့် အစိုးရအတွက်ရော၊ ကျန်ခဲ့တဲ့ တိုင်းရင်းသား လက်နက်ကိုင်တွေအတွက်ရော ပြုသာပြင်သာဖြစ်အောင် ရေးဆွဲထားပါတယ်။**

## ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီသည် နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်ကို ကြီးကြပ်လမ်းညွှန် တာဝန်ခံရမည်

သုံးချက် စာလုံးအပြာနဲ့ပြထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်နေပါစေ။ နိုင်ငံရေး ဆွေးနွေးမှု မူဘောင်မရှိဘဲနဲ့ နိုင်ငံရေးဆွေးနွေးပွဲ သွားတာက ယုတ္တိမရှိပါဘူး။ အဲ့ဒါကြောင့်မို့လို့ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ကို ပြင်ဆင် ဖြည့် စွက်ချက်များနဲ့ပဲ ပြီးခဲ့တဲ့ ၂၁ ရာစုပင်လုံ ဒုတိယ အစည်းအဝေး မတိုင်ခင်မှာ အတည်ပြုခဲ့တာ ဖြစ်ပါတယ်။

UPDJC ရဲ့ တာဝန်အနေနဲ့ကတော့ တစ်ခုပဲ။ **ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီသည် နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်ကို ကြီးကြပ်လမ်းညွှန် တာဝန်ခံရမည်** လို့ ပြော ထားတယ်။ ဒီတာဝန်ကတော့ အထင်ပေါ်ဆုံး၊ အကျယ်ပြန့်ဆုံးနဲ့ အထိရောက်ဆုံး ဖြစ်ပါတယ်။ UPDJC က NCA ကနေ အခွင့်အရေးရလို့ သူ့သဘောနဲ့သူ ရေးဆွဲခဲ့တာ မဟုတ်ပါဘူး။ ဒီအချက်က NCCT ခေတ်ကတည်းက NCA ကို ရေးဆွဲချိန်ကတည်းက ပါလာတဲ့အချက် ဖြစ်ပါတယ်။ NCA ထဲမှာ တရားဝင် ပြဋ္ဌာန်းထားခြင်း မရှိပေမယ့် NCA ကဲ့သို့ သက်ရောက်မှုရှိသော၊ တရားဝင်မှုရှိသော NCA ဆွေးနွေးစဉ် အစည်းအဝေးမှတ်တမ်းမှာ ပါတဲ့အချက် တစ်ချက်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီနေ့အထိ အဲ့ဒီ TORs က ပါရှိလာခြင်း ဖြစ်ပါတယ်။ UPDJC အနေနဲ့ သူ့ရဲ့တာဝန်အရ သူ့ရဲ့ လုပ်ပိုင်ခွင့်အရ၊ NCA ရေးထိုးပြီး ရက်ပေါင်း ၆၀ အတွင်းမှာ မူဘောင်ကို ရေးဆွဲခဲ့တယ်၊ ရက်ပေါင်း ၉၀ အတွင်းမှာ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကို ကျင်းပနိုင်ခဲ့ပါတယ်။ ရက်ပေါင်း ၉၀ အတွင်းမှာ UPC မကျင်းပနိုင်ဘူးဆိုရင် NCA ကို ချိုးဖောက်ရာ ရောက်ပါတယ်။ အဲ့အတွက် ၂၀၁၆ ဇန်နဝါရီလမှာ UPC ကို ကျင်းပခဲ့ပါတယ်။ အဲ့ဒါကလည်း လူကြီးမင်းတို့ သိပါတယ်။ **ဦးသိန်းစိန် အစိုးရသက်တမ်းမကုန်ခင်လေးမှာ သူစတင်ခဲ့တဲ့ ငြိမ်းချမ်းရေးအစပျိုးမှုကိုပြယုဒ်တစ်ခုအနေနဲ့ ကျန်ခဲ့စေရန် သူ့လက်ထက်မှာ UPC ကိုဦးသိန်းစိန်အစိုးရနှုတ်ဆက်ပွဲအနေနဲ့ ဘာဆွေးနွေးချက်မှမရှိဘဲ၊ ဘာအချေအတင်မှ မရှိပဲနဲ့ ပြီးသွားခဲ့ပါတယ်။ ထိုနည်းတူပဲ ဒေါ်စုတက်လာတဲ့ အချိန်ကျ တော့ ၂၁ရာစုပင်လုံဆိုတဲ့ ဝေါဟာရ တစ်ခုပေါ်လာတယ်။ အဲ့ဒါကိုကြိုက်တဲ့သူလည်းရှိသလို၊ မကြိုက်တဲ့သူလည်းရှိပါတယ်။ သေချာတာကတော့ ပထမအကြိမ် ပင်လုံမှာလည်း ဘာမှမထွက်ပါ ဘူး။** အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲတွေလည်း ကြိုမလုပ်နိုင်ခဲ့ဘူး။ ဒေသအလိုက်လုပ်မယ့် လူထုတွေ့ဆုံပွဲတွေလည်း မလုပ်နိုင်ခဲ့တဲ့အတွက် ဒါကလည်း အစိုးရသစ်ကို ကြိုဆိုတဲ့ပွဲ ဆိုပြီးတော့ သိန်းထောင်ချီကျော် ကုန်သွားပါတယ်။ ကျွန်တော်တို့လုပ်ခဲ့တဲ့ UPC နှစ်ကြိမ်လုံးက ဘာအဖြေမှ မထွက်ခဲ့ပါဘူး။ ထူးခြားတာက ဒုတိယအကြိမ်ညီလာခံမှာ အစိုးရသစ်က အပြောင်းအလဲလေး လုပ်လိုက်တယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေ၊ ပါတီတွေ အကုန်လုံးဖိတ်မယ်၊ အဲ့ဒါကို တပ်မတော်ဘက်က ကန့်ကွက်တာ ရှိပါတယ်။ အစိုးရသစ်က လုပ်ကြည့်ချင်တယ်၊ အဲ့အစည်းအဝေး မှာ စာတမ်းတွေ တက်ဖတ်မယ်၊ **တစ်ချို့စာတမ်းတွေကငြိမ်းချမ်းရေးဖြစ်စဉ်အတွက်ထိခိုက်တာတွေဖြစ်လာမှာစိုးလို့စာတမ်းတွေကို UPDJC က တည်းဖြတ်တာ လုပ်ပေးဖို့ လိုမလားဆိုတော့ မလုပ်ပါနဲ့တဲ့၊ သူတို့လည်း မပြောရတာ နှစ်ပေါင်းများစွာ**

**ကြာပြီ၊ ပြောပါစေတဲ့။** နောက်တစ်ခု Live လွှင့်မယ်ဆိုတဲ့အခါမှာတော့ တစ်ချို့လူတွေက စိုးရိမ်မှု ရှိတယ်၊ ဒါပေမယ့် ဒီအစိုးရ လက်ထက်မှာ ပြည်သူလူထုဆီကို တိုက်ရိုက် Live လွှင့်မယ်ဆိုတာ အစတုန်းက ထူးဆန်းမှုတစ်ခုလို့ပဲ ထင်နေခဲ့တယ်။ **နောက်ပိုင်း ထွက်လာတဲ့အဖြေက အဲ့လို Live လွှင့်လိုက်တဲ့အတွက် အစိုးရအပေါ် မှာ ပြည်သူလူထုက အထင်ကြီးမှုတွေ၊ နားလည်မှုတွေ ရှိလာတယ်။** ဒုတိယအကြိမ် အစည်းအဝေးကလည်း ဘာမှဆွေးနွေးမှု မရှိပါဘူး။ စာတမ်းတက်ဖတ်ပြီး ပြီးသွားပါတယ်။ ဒါကတော့ ဒေါ်စုကို ကြိုဆိုပွဲ ဖြစ်ပါတယ်။

နောက်ဆုံးအကြိမ်က လုပ်သွားတဲ့ ဒုတိယ အကြိမ်ပင်လုံမှာတော့ အချက် ၃၇ ချက်ရရှိခဲ့ပါတယ်။ အဲ့လို အတည်ပြုမှုအတွက်လည်း ဝေဖန်မှုတွေ ရှိခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်နေပါစေ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ ကျွန်တော်တို့ တိုင်းရင်းသား ပြည်သူလူထုများ လိုချင်တဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေး ရရှိဖို့အတွက် ကိုယ်လိုချင်တာ တစ်ခုထဲကိုတော့ နည်းနည်းလေး အခက်အခဲ ရှိပါမယ်၊ အဲ့ဒါကိုတော့ ပြည်သူလူထုကြားမှာရော၊ ကျွန်တော်တို့ အမျိုးသားတွေကြားထဲမှာ ကျေကျေညက်ညက် နားလည်မှုရှိဖို့ လုပ်သွားရမှာ ဖြစ်ပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ကျွန်တော်တို့ KPC အဖွဲ့ထဲမှာတောင်မှ သေချာနားလည်မှု မရှိသေးပါဘူး။ မနက်တုန်းက ပြောသွားသလို NCA ထိုးသွားတာ ရန်သူကို အလျော့ပေးသလို ဖြစ်နေပါတယ်ဆိုပြီး ပြောကြတာ အများကြီး ရှိပါတယ်။ ဒီလမ်းကြောင်းကနေ ကိုယ်လိုချင်တဲ့ အဖြေရမယ်၊ မရဘူးကတော့ ကျွန်တော်တို့ လုပ်ရည်ကိုင်ရည်အပေါ်မှာ မူတည်မယ်လို့ မြင်ပါတယ်။ **တဖြည်းဖြည်းနဲ့ UPDJC ကို လုပ်ဆောင်လာတဲ့အခါမှာ နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်ကိုကြီးကြပ်တာဝန်ခံရမည်ဆိုတဲ့လမ်းညွှန်ချက်နဲ့အညီ လုပ်ခဲ့ပေမယ့် ကျွန်တော်တို့လုပ်ခဲ့တဲ့အလုပ်တွေက နဂို NCA ထဲမှာ သဘောတူညီထားတဲ့ အချက်အတိုင်း၊ NCAထဲမှာပါတဲ့အနှစ်သာရအတိုင်း မလုပ်နိုင်တဲ့အချက်တွေ၊ ချိုးဖောက်ခဲ့ရတဲ့ အချက်တွေ အများကြီး ရှိပါတယ်။ ပွင့်ပွင့်လင်းလင်း ချိုးဖောက်ခဲ့တာတွေ ရှိသလို၊ သွယ်ဝိုက်ပြီးတော့ ချိုးဖောက်ခဲ့တာတွေလည်း ရှိပါတယ်။** ဒါတွေဟာ

> **ဦးသိန်းစိန် အစိုးရသက်တမ်း မကုန်ခင်လေးမှာ သူစတင်ခဲ့တဲ့ ငြိမ်းချမ်းရေး အစပျိုးမှုကို ပြယုဒ်တစ်ခု အနေနဲ့ ကျန်ခဲ့စေရန် သူ့လက်ထက်မှာ UPC ကို ဦးသိန်းစိန်အစိုးရ နှုတ်ဆက်ပွဲအနေနဲ့ ဘာဆွေးနွေးချက်မှ မရှိဘဲ၊ ဘာအချေအတင်မှ မရှိပဲနဲ့ ပြီးသွားခဲ့ပါတယ်။ ထိုနည်းတူပဲ ဒေါ်စုတက်လာတဲ့ အချိန်ကျ တော့ ၂၁ရာစုပင်လုံဆိုတဲ့ ဝေါဟာရ တစ်ခုပေါ်လာတယ်။ အဲ့ဒါကို ကြိုက်တဲ့သူလည်း ရှိသလို၊ မကြိုက်တဲ့သူလည်း ရှိပါတယ်။ သေချာတာကတော့ ပထမအကြိမ် ပင်လုံမှာလည်း ဘာမှမထွက်ပါဘူး။**

ကျွန်တော်တို့ သွားချင်တဲ့ Process ကို သွားနိုင်အောင် လုပ်ရခြင်း ဖြစ်ပါတယ်။ လူကြီးမင်းတို့ စိတ်ထဲမှာ၊ ပြည်သူလူထုရဲ့ စိတ်ထဲမှာ UPDJC အပေါ်မှာ အားမလိုအားမရတာတွေ ရှိကောင်းရှိမယ်၊ **ကျွန်တော်တို့ UPDJC အနေနဲ့ကတော့ ဒီငြိမ်းချမ်းရေး ဆွေးနွေးပွဲကိုကြီးကြပ်လမ်းညွှန် တာဝန်ခံရမယ့် အရှိန်လေးတစ်ခုကို ရပ်တန့်မသွားစေချင်လို့၊ ပျက်ပြယ်မသွားစေချင်လို့ ဖြစ်နိုင်တဲ့ အခြေအနေပေါ်ကနေ ဆက်လျှောက်နိုင်အောင် ကြိုးစားခဲ့တာပဲ ဖြစ်ပါတယ်။** ဒီအတွက် အားလုံး နားလည်ပေးဖို့ကိုလည်း မေတ္တာရပ်ခံ လိုပါတယ်။ နိုင်ငံရေး ဆွေးနွေးပွဲ အဆင့်ဆင့်ကို ကြီးကြပ် တာဝန်ခံရမယ့် UPDJC လည်း တော်တော်လေး အခက်အခဲ ဖြစ်နေတယ်။

တပ်မတော်လို့ ခေါ်လိုက်ရင် လူမှုရေး အရ အဖွဲ့အစည်းတစ်ခုကို အပုပ်ချသလို၊ မကောင်းပြောသလို ဖြစ်ကောင်း ဖြစ်နေပါလိမ့်မယ်။ **ဒီတပ်မတော်ကြောင့်ကျွန်တော်တို့လုပ်ချင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲ၊ ကျွန်တော်တို့ လိုချင်တဲ့ NCA လမ်းကြောင်း အထစ်အငေါ့လေးတွေ ရှိခဲ့တာကို အားလုံးလည်း သိမှာပါ။ တကယ်တော့ ဒါဟာ တပ်မတော်ရဲ့အပြစ်ကြောင့် မဟုတ်ပါဘူး၊ တပ်မတော် မကောင်းလို့လည်း မဟုတ်ပါ ဘူး။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့အားနည်းချက် ဖြစ်ပါတယ်။**

ကျွန်တော် ၂၀၀၈ ဖွဲ့စည်းပုံကို တစ်ခုမှဆုံးအောင် မဖတ်ဖူးပါဘူး။ ဆုံးအောင် ဖတ်ဖို့နေနေသာသာ အဲ့မှာရှိတဲ့ စာတစ်ပိုဒ်ရဲ့ အဓိပ္ပာယ်ကို နားလည်အောင် မနည်းဖတ်နေရတယ်။ နားလည်အောင် ကြိုးစားတဲ့ကြားက တစ်ချို့ စာပိုဒ်တွေ ဘယ်လိုတွေ ရေးထားမှန်း မသိဘူး။ ပညာရှင်တစ်ယောက်ကပြောတယ် ၂၀၀၈ ဖွဲ့စည်းပုံ ဥပဒေက သာမန်လူတွေ နားမလည်အောင် တမင်တကာ ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေပဲ ဖြစ်ပါတယ်လို့ မှတ်ချက်ချပါတယ်။ မြန်မာတစ်နိုင်ငံလုံးရဲ့ မဲပေးပိုင်ခွင့်ရှိသူ ၉၂.၄% ထောက်ခံထားပြီးသား ဖွဲ့စည်းပုံတစ်ခုကတော့ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ ဒီအချိန်မှာ သွားပြောနေလို့ကတော့ အချိန်ကုန်ရုံ ရှိပါမယ်။ အဲ့လို **ကျွန်တော်တို့နဲ့ အံဝင်ဂွင်ကျ မရှိတဲ့ ဖွဲ့စည်းပုံကို ဘယ်လို ပြင်ဆင်မလဲ၊ ဘယ်လိုနည်းနဲ့ ဖြည့်စွက်နိုင်မလဲ၊ ဘယ်လိုနည်းနဲ့ ပြည့်စုံအောင် လုပ်နိုင်သလဲ ဆိုတာကိုတော့ နိုင်ငံရေးဆွေးနွေးပွဲ**

> **တဖြည်းဖြည်းနဲ့ UPDJC ကို လုပ်ဆောင်လာတဲ့အခါမှာ နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်ကို ကြီးကြပ်တာဝန်ခံရမည်ဆိုတဲ့ လမ်းညွှန်ချက်နဲ့အညီ လုပ်ခဲ့ပေမယ့် ကျွန်တော်တို့လုပ်ခဲ့တဲ့ အလုပ် တွေက နဂို NCA ထဲမှာ သဘောတူညီထားတဲ့ အချက်အတိုင်း၊ ပြာဗ ထဲမှာပါတဲ့ အနှစ်သာရအတိုင်း မလုပ်နိုင်တဲ့အချက်တွေ၊ ချိုးဖောက်ခဲ့ရတဲ့အချက်တွေ အများကြီး ရှိပါတယ်။ ပွင့်ပွင့်လင်းလင်း ချိုးဖောက်ခဲ့တာတွေ ရှိသလို၊ သွယ်ဝိုက်ပြီးတော့ ချိုးဖောက်ခဲ့တာတွေလည်း ရှိပါတယ်။**

**အဆင့်ဆင့်ကနေ အဖြေရှာရမှာ ဖြစ်ပါတယ်။** ခက်တာက ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဒီမိုကရေစီကျင့်စဉ်နဲ့ ဆန့်ကျင်ဘက် ဖြစ်တဲ့ ၂၅% က လွှတ်တော်ထဲ ပါသွားတာတို့၊ အရေးပါတဲ့ ဝန်ကြီးဌာနသုံးခုလောက်ကို တပ်မတော်က ရယူသွားတာတွေက ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပါလာတဲ့ အခွင့်အရေးတွေ၊ အားနည်းချက်တွေ ဖြစ်တဲ့အတွက်ကြောင့် ဒီအတိုင်းသွားမယ်ဆိုရင် ကျွန်တော်တို့ လိုချင်တဲ့ ဖက်ဒရယ် ဒီမိုကရေစီစစ်စစ်ဆိုတာ ဒီဖွဲ့စည်းပုံနဲ့ကတော့ ဘယ်လိုမှ အနစ်သာရပြည့်စုံမှာ မဟုတ်ဘူး။ အဲ့အတွက် ၂၀၀၈ ကို ပြင်ဆင်ရမှာ ဖြစ်ပါတယ်။

၂၀၀၈ ဥပဒေကလည်း တကယ်တော်တဲ့ ဥပဒေပဲ၊ ပညာရှင်တစ်ယောက်က ပြောတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ဖွဲ့စည်းပုံဥပဒေတွေထဲမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေလောက် ပြင်ရဆင်ရ ခက်တဲ့ ဥပဒေ တစ်ခါမှ မတွေ့ဖူးဘူးတဲ့။ လွှတ်တော်လမ်းကြောင်းကနေပြီးတော့ ၂၀၀၈ အခြေခံ ဥပဒေကို ပြင်ဆင်ဖို့ ကြိုးစားခဲ့ပါတယ်။ လူထုဆန္ဒခံယူပွဲတွေလုပ်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့် အလုပ်မဖြစ်ခဲ့ပါဘူး။ ကျွန်တော်တို့အနေနဲ့ အားကိုးစရာက NCA စာချုပ်တစ်ခုပဲ ရှိပါတယ်။ NCA စာချုပ်ရဲ့ အခြေခံမူမှာလည်း နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်မှ ထွက်ပေါ်လာသော ရလဒ်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေများ အားလုံးကို လိုအပ်သလို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်ရန်ဆိုတာ ပါပြီးသားဖြစ်တဲ့အတွက်ကြောင့်မို့လို့ NCA ကို အခြေခံတဲ့ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲပဲဖြစ်ဖြစ်၊ ၂၁ ရာစု ပင်လုံညီလာခံပဲဖြစ်ဖြစ် ဒီကနေ ထွက်လာတဲ့ နိုင်ငံရေး ရလဒ်သည် ၂၀၀၈ ဖွဲ့စည်းပုံနဲ့ ကိုက်ညီမှု မရှိတော့ဘူးဆိုရင် အဲ့ဒီ ၂၀၀၈ ဖွဲ့စည်းပုံကို ပြင်ဆင်ခွင့်ရှိတယ်၊ ပယ်ဖျက်ခွင့်ရှိတယ်၊ ဖြည့်စွက်ခွင့် ရှိတယ်ဆိုတာက NCA စာချုပ် မှာ အတိအလင်း ဖော်ပြထားပြီးသား ဖြစ်ပါတယ်။ NCA စာချုပ်ကလည်း လွှတ်တော်မှာ ကန့်ကွက်သူမရှိ အတည်ပြုပြီးသား သမိုင်းဝင် စာချုပ်ကြီးတစ်ခုဖြစ်တဲ့အတွက် အဲ့ဒီလမ်းကြောင်းပေါ်မှာပဲ ကျွန်တော်တို့လိုချင်တဲ့ နိုင်ငံရေးလမ်းကြောင်းအဖြေ၊ ကျွန်တော်တို့ ပြင်ဆင်ချင်တဲ့ ၂၀၀၈ ဖွဲ့စည်းပုံ ဥပဒေရဲ့ အကျိုးသက်ရောက်မှုကို ရရှိနိုင်အောင် ဆက်လက်ပြီးတော့ ကြိုးပမ်းရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ လူကြီးမင်းတို့ ကိုယ်ချင်းစာကြည့်လို့ ရပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် တပ်မတော်ကတော့ ၂၀၀၈ ပေါ်မှာ ခိုင်ခိုင်မာမာ ရပ်တည်ထားပြီးသား ဖြစ်ပါတယ်။ တပ်မတော်သည် အမျိုးသား နိုင်ငံရေး အခန်းကဏ္ဍတွင် ပါဝင်ရမည်၊ တပ်မတော်

> **ဒီတပ်မတော်ကြောင့် ကျွန်တော်တို့ လုပ်ချင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲ၊ ကျွန်တော်တို့ လိုချင်တဲ့ ပြဿ လမ်းကြောင်း အထစ်အငေါ့လေးတွေ ရှိခဲ့တာကို အားလုံးလည်း သိမှာပါ။ တကယ် တော့ ဒါဟာ တပ်မတော်ရဲ့ အပြစ်ကြောင့် မဟုတ်ပါဘူး၊ တပ်မတော် မကောင်းလို့လည်း မဟုတ်ပါ ဘူး။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့အားနည်းချက် ဖြစ်ပါတယ်။**

**ညီလာခံမှာ သဘောတူပြီးမှ စာချုပ်ချုပ်မယ့် အခါကျတော့ ကျွန်တော်တို့က မလုပ်ချင်တော့ဘူးဆိုတော့ အဲ့အပေါ်မှာ တစ်ဖက်သားရဲ့ အထင်အမြင် လွဲမှားမှုတွေကို ခံခဲ့ရတာ အမှန်အကန်ပါပဲ။ အဲ့မှာ ကျွန်တော်တို့ကို သတ္တိရှိရှိနဲ့ ထိုးဖောက်ပေးသွားနိုင်သူကတော့ ပဒိုစောကွယ်ထူးဝင်း ဖြစ်ပါတယ်။ သူများတွေ ဝေဖန်တဲ့ကြားထဲ ကနေ၊ ပြီးတော့ တိုင်းရင်းသား လက်နက်ကိုင် အားလုံးအတွက် ကိုယ်စားပြုပြီးတော့ ပြည်ထောင်စု သဘောတူညီမှု စာချုပ်အစိတ်အပိုင်း(၁)ကို တာဝန်ယူ လက်မှ တ်ရေးထိုးပေးလိုက် တာကိုလည်း ကျွန်တော်တို့ မေ့ထားလို့ မရပါဘူး။**

သည် ၂၀၀၈ အခြေခံဥပဒေကို အသက်ပေးပြီး ကာကွယ်ရမည်၊ ကျွန်တော်တို့ကျတော့ ၂၀၀၈ ကို ပြင်မည်ဆိုတော့ ဆန့်ကျင်ဘက်သဘောမျိုး ဖြစ်နေပါတယ်၊ ဒါပေမယ့် တရားဝင် ဆန့်ကျင် ဘက်သဘောမျိုး ဖြစ်နေတာပါ။ NCA စာချုပ် အရ တရားဝင် ဆန့်ကျင်ဘက် ဖြစ်နေတဲ့အတွက် ကြောင့်မို့လို့ အဲ့ဒီဆန့်ကျင်ဘက်နှစ်ခု ညှိနှိုင်း ပြီးတော့ ကျွန်တော် တို့က စိတ်ရှည်လက်ရှည်နဲ့ လျှောက်သွားရဦးမှာ ဖြစ်ပါတယ်။ တစ်ချို့က တော့ ခင်ဗျားတို့က ဘာမှ အာမခံချက်မရှိဘဲနဲ့ ၃၇ ချက်ကို အတည်ပြုပေးလိုက်တာဆိုပြီး ပြော ကြတယ်။ ၂၁ ရာစု ပင်လုံ နောက်ဆုံး UPDJC အစည်းအဝေးမှာ အကြပ်အတည်း တွေ့ခဲ့တာက တော့ ကျွန်တော်တို့ တိုင်းရင်းသား လက်နက် ကိုင်တွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရေးဆွဲခဲ့တဲ့ မူဘောင်ထဲမှာ လုပ်ငန်း ကော်မတီမှာ အကျေ အလည် ဆွေးနွေးမယ်၊ လုပ်ငန်းကော်မတီက တင်သွင်းတဲ့အရာတွေကို ညီလာခံမှာ ဆွေးနွေး မယ်၊ ညီလာခံကနေ သဘောတူညီချက်တွေကို ပြည်ထောင်စု သဘောတူညီမှု အစိတ်အပိုင်း တစ်ခုအဖြစ် ချုပ်ဆိုမယ်ဆိုတာကို တရားဝင် မူဘောင်ထဲမှာ ရေးဆွဲထားပြီး ဖြစ်တဲ့အတွက် လုပ်ငန်းကော်မတီမှာ သဘောမတူခဲ့ဘူး၊ သ ဘောတူခဲ့ရင်တောင် ပြည်သူလူထုရဲ့ သဘော ထားကို ရယူရဦးမယ်ဆိုတဲ့ အချိန်ဆွဲခဲ့မယ်ဆိုရင် တိုင်းရင်းသား လက်နက်ကိုင်တွေအတွက် အ ခက်အခဲ ဖြစ်နိုင်မှာ မဟုတ်ပါဘူး။ အခုက **ညီလာခံမှာ သဘောတူပြီးမှ စာချုပ်ချုပ်မယ့် အခါကျ တော့ ကျွန်တော်တို့က မလုပ်ချင်တော့ဘူးဆိုတော့ အဲ့အပေါ်မှာ တစ်ဖက်သားရဲ့ အထင်အမြင် လွဲမှားမှု တွေကို ခံခဲ့ရတာ အမှန်အကန်ပါပဲ။ အဲ့မှာ ကျွန်တော် တို့ကို သတ္တိရှိရှိနဲ့ ထိုးဖောက်ပေးသွားနိုင်သူကတော့ ပဒိုစောကွယ်ထူးဝင်း ဖြစ်ပါတယ်။ သူများတွေ ဝေဖန်**

**တဲ့ကြားထဲကနေ၊ ပြီးတော့ တိုင်းရင်းသားလက်နက်ကိုင်အားလုံးအတွက် ကိုယ်စားပြုပြီးတော့ ပြည်ထောင်စုသဘောတူညီမှုစာချုပ်အစိတ်အပိုင်း(၁)ကို တာဝန်ယူလက်မှတ်ရေးထိုးပေးလိုက်တာကိုလည်း ကျွန်တော်တို့ မေ့ထားလို့ မရပါဘူး။**

ကျွန်တော်တို့ ရှေ့ဆက်သွားလေ ပိုကြပ်လာလေ ဖြစ်တယ်။ အရင်က အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲ တစ်ခုမှမလုပ်ရသေးတဲ့အချိန်မှာ UPDJC အစည်းအဝေးမှာ ဒေါ်စုရော၊ ဗိုလ်ကြီးတင်မောင်ဝင်းတို့ရော ကရင်ကနေ အရင်ဆုံးစလုပ်ဖို့ တိုက်တွန်းတယ်။ ကရင်မှာ အရင်လုပ်ကြည့်လိုက်ပါ၊ ကရင်မှာ လုပ်ပြီးသွားတာကို အခြေခံပြီးတော့ အခြားတိုင်းရင်းသားတွေလည်း ဆက်လုပ်သွားကြတာပေါ့လို့ ပြောတာနဲ့ ကရင်မှာ စလုပ်လိုက်ကြတယ်။ ကရင်တစ်မျိုးသားလုံးနဲ့သက်ဆိုင်တဲ့ ဆွေးနွေးပွဲကို လေးဝါးမှာ လုပ်ဖို့အတွက် စဉ်းစားထားခဲ့တယ်။ အဲ့အချိန်မှာ ပြည်ထောင်စုက လာတဲ့ဝန်ကြီးတွေ၊ UPDJC က အဖွဲ့ဝင်တွေ၊ အစိုးရဘက်က ကိုယ်စားလှယ်တွေ လာပြီး အဲ့လိုတော့မလုပ်ပါနဲ့ လေးဝါးမှာဆိုရင် ကျွန်တော်တို့ သွားရင်လည်း အဆင်မပြေဘူး။ အဆင်ပြေအောင် ဘားအံမှာပဲလုပ်ပါ၊ ကျွန်တော်တို့လည်း လာချင်ပါတယ်၊ မြန်မာနိုင်ငံမှာလုပ်တဲ့ ပထမဆုံး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို တက်ချင်ပါတယ်ဆိုလို့ သီရိဘားအံဟော်တယ်မှာ ဖြစ်သွားတာပါ။ ဒါပေမယ့် **ယနေ့မျက်မှောက်ခေတ် အခြေအနေကတော့ အရင်အခြေအနေနဲ့ လားလားမှ မသက်ဆိုင်ပါဘူး။ ဒါတွေဟာ ဘာကြောင့်လဲ။ ငြိမ်းချမ်းရေးကို လိုလားတဲ့သူတွေရှိသလို ငြိမ်းချမ်းရေးရရင်လည်းဖြစ်တယ်၊ ငြိမ်းချမ်းရေး မရရင်လည်း ဘာမှမဖြစ်ပါဘူးဆိုတဲ့သူတွေလည်းရှိတယ်။ ငြိမ်းချမ်းရေး မရလေ ကောင်းလေဆိုတဲ့ သူတွေလည်း ရှိတာပါပဲ။** အဲ့လူတွေက ၂၀၀၈ အပေါ်မှာ ခိုင်ခိုင်မာမာ နေရာယူထားပြီးသားဖြစ်တဲ့အတွက် သူတို့ကို နေရာပေးခဲ့တဲ့ ၂၀၀၈ ဥပဒေကို ပယ်ဖျက်မယ့် အမျိုးသားဆွေးနွေးပွဲတွေကို သူတို့အနေနဲ့ ဘယ်ဖြစ်စေချင်ပါ့မလဲ။ ကိုယ်ချင်းစာပါတယ်။ ဒီနေရာမှာ ကျွန်တော်အနေနဲ့ မေတ္တာရပ်ခံချင်တာကတော့ လက်ရှိနိုင်ငံရေး အခြေအနေအရ ပိတ်ဆို့မှုတွေ၊ အကြပ်ကိုင်မှုတွေ နည်းမျိုးစုံ ခံခဲ့ရပါတယ်၊ အဲ့ဒါကလည်း အဆန်း မဟုတ်ပါဘူး။ **အစိုးရတပ်မတော်ဆိုတာ ကျွန်တော်တို့ တပ်မတော်နဲ့ မတူပါဘူး။ ကျွန်တော်တို့ EAOs တပ်မတော်မှာတော့ လစာလည်း မရှိပါဘူး၊ လုပ်ပိုင်ခွင့်လည်း မရှိပါဘူး။ အစိုးရတပ်မတော်ကတော့ လစာနဲ့ ရာထူးနဲ့ဆိုတော့ မင်းဒါလုပ်မယ်ဆိုရင် ဒါပဲလုပ်ရမယ် ဖြစ်တဲ့အတွက် သူတို့ရဲ့ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ်မှာ သူတို့ရဲ့အစီအမံ၊ သူတို့ရဲ့အကြံအစည်၊ သူတို့ရဲ့စီစဉ်ထားရှိမှုတွေဟာ အကုန်လုံးက စနစ်တကျ ရှိပြီးသားဖြစ်တယ်။ အကောင်းဆိုရင်လည်း အကောင်းစနစ်တကျဖြစ်မယ်၊ အဆိုးဆိုရင်လည်း အဆိုးစနစ်တကျဖြစ်မယ်** ဆိုတာကို မျှဝေပေးလိုပါတယ်။

ကျွန်တော်နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ ဒီမနက် ခေါင်းဆောင်ကြီးတွေ တော်တော်များများလည်း ပြောသွားပါတယ်။ Public consultation အနှစ်သာရကို ပေါ်လွင်စေမယ့် ပြည်သူလူထုကြားထဲမှာ ငြိမ်းချမ်းရေး ဖြစ်စဉ်နဲ့ပတ်သတ်ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိသွားအောင် ဒီကကြွရောက်လာတဲ့ ခေါင်းဆောင်များအားလုံး ရှေ့ဆက်လုပ်ငန်းတွေမှာ ဘယ်လို ပူးပေါင်းဆောင်ရွက်ကြမလဲဆိုတာကို သဘာပတိတွေကလည်း ပြောသွားတယ်။ အမှန်တကယ် သင့်တော်ပါတယ်။ ကျွန်တော်တို့က အဲ့တာကို မလုပ်နိုင်ခဲ့ပါဘူး။ ကျွန်တော်တို့ ထို့ကော်ကိုးရွာ

**နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်ကို ကြီးကြပ်ရတဲ့ UPDJC အနေနဲ့ကလည်း ပြည်သူလူထု ကြားထဲ မှာ နိုင်ငံရေးအခြေအနေတွေ၊ ငြိမ်းချမ်းရေး ဖြစ်စဉ်တွေ မျှဝေဖို့ ကျွန်တော်တို့ ဘယ်လိုသွားမလဲ ဆိုတာကို ကျွန်တော်တို့မှာ TOR မရှိဘူး။**

မှာတောင် ငြိမ်းချမ်းရေးကို ဘယ်လိုလုပ်နေလဲ ဆိုတာကိုတောင် မရှင်းပြနိုင်ဘူး။ အခြေခံမူ ဘယ်နှစ်ချက်ဆိုတာ ပိုပြီးတော့ မလုပ်နိုင်ခဲ့ဘူး။ အဲ့ဒါတွေက ကျွန်တော်တို့ အားနည်းချက်ပဲ ဖြစ်ပါတယ်။ ပြည်သူလူထုဆိုတာကလည်း ဘယ်လိုပဲ ဖြစ်နေပါစေ၊ သူဘာသာသူ နားလည်သည် ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ၊ စိတ်ဝင်စားသည် ဖြစ်စေ၊ စိတ်မဝင်စားသည်ဖြစ်စေ၊ ကျွန်တော်တို့ လုပ်နေတဲ့ နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်က ကျွန်တော်တို့ အခြေခံမူထဲမှာ ပါတဲ့အတိုင်း ပါဝင်သင့်သူများ အားလုံးပါဝင်သော နိုင်ငံရေး ဆွေးနွေးပွဲ ဖြစ်ရပါမယ်။

**နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်ကို ကြီးကြပ်ရတဲ့ UPDJC အနေနဲ့ကလည်း ပြည်သူလူထု ကြားထဲမှာ နိုင်ငံရေးအခြေအနေတွေ၊ ငြိမ်းချမ်းရေး ဖြစ်စဉ်တွေ မျှဝေဖို့ ကျွန်တော်တို့ ဘယ်လိုသွားမလဲ ဆိုတာကို ကျွန်တော်တို့မှာ TOR မရှိဘူး။** UPDJC အနေနဲ့ အနိမ့်ဆုံး ဆွဲနိုင်တဲ့ TOR ကတော့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ဖြစ်ပါတယ်။ အဲ့တာ ထက်နိမ့်တဲ့ လူထုတွေ့ဆုံပွဲတွေကျတော့ ကိုယ်နည်း ကိုယ့်ဟန်နဲ့ လိမ္မာပါးနပ်စွာနဲ့ ရှေ့ဆက် လုပ်ဆောင်နိုင်မယ်ဆိုရင်တော့ ဒီနေ့ သဘာပတိ ခေါင်းဆောင်ကြီးတွေ လိုလားတဲ့ အချက်တွေ၊ ဖြစ်စေချင်တဲ့ဆန္ဒကိုလည်း တစ်နေ့ အကောင်အထည် ဖော်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီအတွက် ကြွရောက်လာတဲ့ ခေါင်းဆောင်များအားလုံး ကျင်းပရေးကော်မတီပဲဖြစ်ဖြစ်၊ UPDJC ပဲဖြစ်ဖြစ်၊ ဦးဆောင်ကော်မတီပဲဖြစ်ဖြစ် အားလုံး အကြံဉာဏ်ပေးပြီးတော့ ရှေ့ဆက် လူထု တွေ့ဆုံပွဲတွေကို လုပ်နိုင်တဲ့ နည်းလမ်းကိုလည်း ရှာကြံသွားဖို့ မေတ္တာရပ်ခံချင်ပါတယ်။ နိဂုံးချုပ် အနေနဲ့ ပြောချင်တာကတော့ ကျွန်တော်တို့လုပ်နေတဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေက ပြည်သူ လူထု ထဲထဲဝင်ဝင်ပါမှပဲ ကိုယ်လိုချင်တဲ့ပန်းတိုင်ကို ရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံချင်တာက လူထုတွေနဲ့ အများဆုံး ထိတွေ့ဆက်ဆံရတဲ့သူတွေဖြစ်တဲ့ ဆရာတော်တို့လို ပုဂ္ဂိုလ်တွေအနေနဲ့ တရားဟောတဲ့အခါမှာ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့၊ အမျိုးသားရေးနဲ့ပတ်သက်တဲ့ အချက်အလက်လေးတွေ ထည့်ဟောပေးမယ်ဆိုရင် ကျွန်တော်တို့ရဲ့ အမျိုးသားရေးက ပိုပြီး ခရီးရောက်မယ်လို့ ထင်ပါတယ်။ ဒီလိုပြောတာကလည်း ခိုင်းတာ မဟုတ်ပါဘူး၊ **ကရင်အမျိုးသား ဘယ်သူမဆို ဖြူသည် ဖြစ်စေ၊ မဲသည် ဖြစ်စေ၊ ပညာတတ်သည် ဖြစ်စေ၊ မတတ်သည် ဖြစ်စေ၊ ဘာ ယူနီဖောင်းပဲဝတ်ဝတ်၊ ဘုန်ကြီး ဖြစ်စေ၊ တကာ ဖြစ်စေ၊ ကရင်အမျိုးသားတစ်ယောက် ဖြစ်သည်နှင့် အညီ ကိုယ့်ကရင်အမျိုးသားများ နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တနေတဲ့ ကရင်အမျိုးသားပန်းတိုင် ရောက်ရှိ ဖို့အတွက် နားလည်မှုရှိရှိနဲ့ လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။**

နောက်ဆုံးအနေနဲ့ ပြောချင်တာက ရှေ့ဆက်လျှောက်မယ့် ငြိမ်းချမ်းရေးလမ်းကြောင်းက အခက်အခဲတွေ၊ အကန့်အသတ်တွေ၊ ပိတ်ဆို့မှုတွေ အများကြီးရှိပါတယ်။ အဲ့ဒီအထဲမှာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအားလုံး တစ်သွေးတစ်သံ တစ်ခရီးထဲ မဖြစ်သေးတာလည်း ကျွန်တော်တို့ အားနည်းချက်တစ်ခုဖြစ်ပါတယ်။ ဘယ်လို အခက်အခဲဖြစ်နေပါစေ ကျွန်တော်တို့အတွက် ရွေးချယ်စရာ ငြိမ်းချမ်းရေးပန်းတိုင် သွားမယ့်လမ်းက NCA ကနေ အခြေခံလာတဲ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲအဆင့်ဆင့်ဖြစ်တဲ့အတွက် ခေါင်းဆောင်ကြီးများအားလုံးကို မေတ္တာရပ်ခံချင်တာကတော့ ကျွန်တော်တို့ လိုချင်တဲ့ ပြည်ထောင်စု၊ ကျွန်တော်တို့ လိုချင်တဲ့ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုရဲ့ နာမဝိသေသနဖြစ်တဲ့ ပြည်ထောင်စု မပြိုကွဲရေး၊ တရားဥပဒေ စိုးမိုးရေး၊ အချုပ်အခြာ ခိုင်မြဲမှုကို အခြေခံ၍ လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှုတို့နှင့်အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စု။ ဒီ နာမဝိသေသန ရှည်သည်နှင့်အညီ အဲ့ဒီ ပြည်ထောင်စုကို အကောင်အထည်ဖော်ဖို့ ဒီမိုကရေစီကို ရုပ်လုံးဖော်ဖို့က ကျွန်တော်တို့အနေနဲ့ ခရီးရှည် လျှောက်ရဦးမှာ ဖြစ်ပါတယ်။ အခက်အခဲမျိုးစုံ ရှိနိုင်ပါတယ်။ အဲ့ဒီအတွက် တစ်ယောက်ကို တစ်ယောက် သည်းခံခြင်း၊ အပြန်အလှန် လေးစား အသိအမှတ်ပြုခြင်းနဲ့ ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံးနဲ့ ဆက်လက်လက်တွဲ ဆောင်ရွက်သွားနိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

> **ကရင်အမျိုးသား ဘယ်သူမဆို ဖြူသည် ဖြစ်စေ၊ မဲသည် ဖြစ်စေ၊ ပညာတတ်သည် ဖြစ်စေ၊ မတတ်သည် ဖြစ်စေ၊ ဘာယူနီဖောင်းပဲဝတ်ဝတ်၊ ဘုန်ကြီး ဖြစ်စေ၊ တကာ ဖြစ်စေ၊ ကရင်အမျိုးသားတစ်ယောက် ဖြစ်သည်နှင့် အညီ ကိုယ့်ကရင်အမျိုးသားများ နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တနေတဲ့ ကရင်အမျိုးသားပန်းတိုင် ရောက်ရှိဖို့အတွက် နားလည်မှုရှိရှိနဲ့ လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။**

# JMC ဆိုင်ရာ အခြေအနေ ကျင်းပရေးကော်မတီ၊ JMC-U အဖွဲ့ဝင် ဗိုလ်မှူး စောကျော်သန်းဌေးမှ JMC ဆိုင်ရာများကို ရှင်းလင်းတင်ပြခြင်း

**(လူထုတွေ့ဆုံဆွေးနွေးပွဲ၊ ဝေနော်တရာ)**

လေးစားအပ်တဲ့ သဘာပတိအဖွဲ့ဝင်များနဲ့ KNDCC ကော်မတီအဖွဲ့ဝင်များ၊ ကဏ္ဍအလိုက် ကိုယ်စားလှယ်တော်များနဲ့ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပါတီဝင်များအားလုံး မင်္ဂလာညနေခင်းပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်နာမည်ကတော့ ဗိုလ်မှူးကျော်သန်းဌေး ဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုနှင့် စောင့်ကြည့်လေ့လာရေးကော်မတီ JCM-U မှာ ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ပါဝင်နေပါတယ်။ JMC က NCA အရ JICM က ဖွဲ့စည်းပေးလိုက်တဲ့ ကော်မတီတစ်ရပ် ဖြစ်ပါတယ်။ အဓိကကတော့ စစ်ဖက်ဆိုင်ရာ၊ တပ်ဖက်ဆိုင်ရာကိစ္စကို ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ JMC နဲ့ UPDJC ဟာ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းမှာ ဟန်ချက်ညီစွာနဲ့ ထိန်းညှိပြီးတော့ မျှခြေနဲ့ သွားရမယ့် အရေးကြီးတဲ့ ကော်မတီ ၂ ရပ် ဖြစ်ပါတယ်။ **JMC က ပစ်ခတ်တိုက်ခိုက်မှုတွေ လျော့ချပြီး နိုင်ငံရေး ဆွေးနွေးပွဲ အောင်မြင်ဖို့အတွက် အထောက်အကူပြုဖို့အတွက် ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ ကော်မတီတစ်ရပ် ဖြစ်ပါတယ်။** ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်နှင့် ဒေသဆိုင်ရာအဆင့် ဆိုပြီး ရှိပါတယ်။ အငြင်းပွားမှု၊ ပြဿနာ တစ်စုံတစ်ခု ဖြစ်ပေါ်ရင် အမှားအမှန်ကို အချက်အလက် အထောက်အထားနဲ့ အချိန်နှင့် တပြေးညီ ရယူနိုင်ဖို့အတွက် စီစစ်အတည်ပြုရေးအဖွဲ့က ခုနက ကျွန်တော်တင်ပြတဲ့ JMC အဆင့်ဆင့်မှာ ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ **JMC အခြေခံမူအနေနဲ့ကတော့ ငြိမ်းချမ်းလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်တဲ့နေရာမှာ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဘက်မလိုက်မှု၊ တန်းတူရည်တူရှိမှု၊ ဘက်မလိုက်မှုဆိုတဲ့ အခြေခံမူအပေါ်မှာ ရပ်တည်ပြီးတော့ အောက်ခြေမှာ ပြဿနာ တစ်စုံတစ်ခု ဖြစ်လို့ရှိရင် အင်အားသုံး ဖြေရှင်းခြင်းမပြုဘဲနဲ့ ညှိနှိုင်းဖြေရှင်းတဲ့ အခြေခံမူပေါ်မှာ ရပ်တည်ပါတယ်။** ပြီးလို့ရှိရင်လည်း NCA ရဲ့ ဦးတည်ချက်၊ ရည်ရွယ်ချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်တာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အကောင်အထည် ဖော်တဲ့နေရာမှာ ဝိဝါဒ ကွဲပြားတာ ရှိလို့ ရှိရင်လည်း တကယ်စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို လိုချင်တဲ့

> **JMC က ပစ်ခတ်တိုက်ခိုက်မှုတွေ လျော့ချပြီး နိုင်ငံရေး ဆွေးနွေးပွဲ အောင်မြင်ဖို့အတွက် အထောက်အကူပြုဖို့အတွက် ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ ကော်မတီတစ်ရပ် ဖြစ်ပါတယ်။**

စေတနာအစစ်အမှန်နဲ့ ကျွန်တော်တို့ အကျေအလည် ဆွေးနွေးပြီးတော့ သဘောတူညီချက် ရယူရမယ့်အနေအထား ရှိပါတယ်။ ပြီးလို့ ရှိရင်လည်း စာချုပ်ပါ ကတိကဝတ်တွေကို အားလုံး သဘောတူလိုက်နာနိုင်ဖို့အတွက် တစ်ဖွဲ့နဲ့ တစ်ဖွဲ့ ထိန်းညှိတဲ့ ယန္တရားတွေကို တည်ဆောက်ရတာ ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေတွေကို လေးစားလိုက်နာမယ် ဆိုတဲ့ အခြေခံကောင်းတွေ တော်တော်များများ ကျွန်တော်တို့မှာ ရှိပါတယ်။

JMC တာဝန်က NCA စာချုပ် အကောင်အထည်ဖော်ဖို့နဲ့၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စောင့်ကြည့်ရေး တာဝန်ကို ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ NCA စာချုပ်မှာလည်း ကျယ်ကျယ်ပြန့်ပြန့် ရှိပါတယ်။ နိဒါန်းမှာလည်း အခြေခံမူကောင်းတွေ ရှိသလို အခန်း(၃) မှာလည်း ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ ကိစ္စရပ်များရှိပါတယ်။ အခန်း(၄) မှာကျတော့ အဲ့ဒီပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနဲ့ဆိုင်တဲ့ ခိုင်မာအောင် ဘယ်လို လုပ်ဆောင်ရမလဲဆိုတဲ့ ကိစ္စတွေလည်း ရှိပါတယ်။ အခန်း(၅) မှာကျတော့ နိုင်ငံရေး ဆွေးနွေးပွဲနဲ့ဆိုင်တဲ့ အာမခံချက်တွေရှိတယ်။ အခန်း(၆) ကျတော့ ယုံကြည်မှု တည်ဆောက်ခြင်းနဲ့ ရှေ့လုပ်ငန်းစဉ်တွေ အဲ့တာတွေက ကြားကာလဆိုပြီး ရှိပါတယ်။ အခန်း(၇)က အထွေထွေ ရှိပြီးတော့ NCA စာချုပ်ဟာ အခန်း(၇) ခန်းနဲ့ အပိုဒ်(၃၃) ပိုဒ် ရှိတယ်ဆိုတဲ့ အချက်ပေါ်မှာ ကျွန်တော်တို့က ဘယ်လိုအကောင်အထည်ဖော် ဆောင်ရွက်လဲဆိုတာကို စောင့်ကြည့်ရတာ ဖြစ်ပါတယ်။ နောက် **ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ နှစ်ဖက်သဘောတူထားတဲ့လေးစားလိုက်နာရမယ့်စစ်ဖက်ဆိုင်ရာကျင့်ဝတ်အပေါ် Code Of Conduct အပေါ်မှာ ဘယ်သူက လေးစားလိုက်နာတယ်၊ ဘယ်သူက ပျက်ကွက်လဲဆိုတာ ကျွန်တော်တို့အနေနဲ့ စောင့်ကြည့်ရတာ ဖြစ်ပါတယ်။** ဒီအပေါ်မှာ တာဝန်ခံ စောင့်ကြည့်ပြီးတော့ လိုအပ်လို့ရှိရင် ကျွန်တော်တို့ကို ဖွဲ့စည်းပေးခဲ့တဲ့ အခုငြိမ်းချမ်းရေးကောင်စီမှာဆိုဒေါက်တာနော်ကပေါ်ထူးတို့ပါတဲ့ JICM ကို တင်ပြရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ JMC-U အနေနဲ့က မူဝါဒပိုင်းဆိုင်ရာ လိုအပ်ရင် JICM ကိုပြန်တင်ပြပြီးတော့ JMC ပြည်နယ်ဆင့်နဲ့ ဒေသဆိုင်ရာအဆင့်ကို ဖွဲ့စည်းပုံနဲ့ ပတ်သက်တာ၊ လုပ်ငန်းလမ်းညွှန်နဲ့ ပတ်သက်တာ စံနှုန်းအချက်နဲ့ ပတ်သက်တာတွေကို ကိုင်တွယ်ပြီး ချမှတ်ပေးတာ ရှိပါတယ်။ နှစ်ဖက် လေးစားလိုက်နာရမယ့် စစ်သည်များဆိုင်ရာကျင့်ဝတ်နဲ့

**JMC အခြေခံမူအနေနဲ့ကတော့ ငြိမ်းချမ်းလုပ်ငန်းစဉ် ကို အကောင်အထည်ဖော်တဲ့နေရာမှာ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဘက်မလိုက်မှု၊ တန်းတူရည်တူရှိမှု၊ ဘက်မလိုက်မှုဆိုတဲ့ အခြေခံမူအပေါ်မှာ ရပ်တည်ပြီးတော့ အောက်ခြေမှာ ပြဿနာ တစ်စုံတစ်ခု ဖြစ်လို့ရှိရင် အင်အားသုံး ဖြေရှင်းခြင်းမပြုဘဲနဲ့ ညှိနှိုင်းဖြေရှင်းတဲ့ အခြေခံမူပေါ်မှာ ရပ်တည်ပါတယ်။**

အငြင်းပွားမှုတွေကို ကိုယ်တွယ် ဖြေရှင်းမယ် ဆိုရင် NCA စာချုပ်ပါအတိုင်း ကိုင်တွယ်ဖြေရှင်း ရမှာ ဖြစ်ပါတယ်။ ဖြေရှင်းတဲ့နေရာမှာလည်း ဘက်မလိုက်မှုနဲ့ ပွင့်လင်းမြင်သာမှုအပေါ်မှာ အကောင်အထည်ဖော် ဆောင်ရွက်တာ ဖြစ်ပါ တယ်။ ပြည်တွင်းနေရပ်စွန့်ခွာ ပဋိပက္ခ ခံစား ရသူများနဲ့ ပတ်သက်ပြီးတော့လည်း အဖွဲ့အစည်း တွေ တိုင်ပင်ညှိနှိုင်းနိုင်ဖို့အတွက် လိုအပ်ရင် လိုအပ်သလို တိုင်ပင်ဆွေးနွေး ညှိနှိုင်းပေးရမှာ ဖြစ်ပါတယ်။ လုပ်ပိုင်ခွင့်အနေနဲ့ကကျတော့ JMC-S လုပ်ငန်းလမ်းညွှန် နယ်နိမိတ်တွေကို JMC -U က သတ်မှတ်ပေးထားတာ ဖြစ်ပါတယ်။ JMC-L ကနေအတည်ပြုပြီးတော့ JMC-S ကို တင်ပြ လာတဲ့ LCM (Local Civilian Monitors) များကို တင်ပြလာပါက အတည်ပြု ပေးရတာ ဖြစ်ပါတယ်။ နိုင်ငံတကာ ပါဝင်ပတ်သက်မှုနဲ့ ပတ်သက်ပြီးတော့ နိုင်ငံခြားကိုယ်စားလှယ် တွေနဲ့ နိုင်ငံခြား အဖွဲ့အစည်းကိုလည်း နည်း ပညာ အထောက်အကူပြု၊ အကြံပေးသူများ အနေနဲ့ ကျွန်တော်တို့က လက်ခံပြီးတော့ JMC-U က ခွင့်ပြုပါမှ JMC-S က လက်ခံရမှာ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံရဲ့ စောင့်ကြည့်ရေး ယန္တရားက ဘယ်နိုင်ငံမှာမှ မရှိသေးတဲ့ စောင့်ကြည့်ရေး ယန္တရား ဖြစ်တယ်။ နစ်ဖက်ပဋိပက္ခ ဖြစ်နေတဲ့သူတွေ ပါဝင်တယ်။ ဘက်မလိုက်ပါဘူး ပွင့်လင်း မြင်သာပါမယ်လို့ ဘယ်လိုပဲပြောပြော နှစ်ဖက်ပဋိပက္ခဖြစ်သူတွေ ပါဝင်ပြီးတော့ အဖွဲ့အစည်း အတိုင်းက သက်ဆိုင်ရာ အဖွဲ့အစည်းများမှလူများ သူ့ရပ်တည်ချက်၊ ကိုယ့်ရပ်တည်ချက် သူ့ပေါ်လစီ ကိုယ့်ပေါ်လစီ၊ သူ့ဖွဲ့စည်းပုံ၊ ကိုယ့်ဖွဲ့စည်းပုံ ရှိတဲ့အခါကျတော့ ဘက်လိုက်မှု၊ မပွင့်လင်းမှုတွေ ကတော့ ရှိနေမှာ ဖြစ်ပါတယ်။**

**မြန်မာနိုင်ငံရဲ့ စောင့်ကြည့်ရေး ယန္တရားက ဘယ်နိုင်ငံမှာမှ မရှိသေးတဲ့ စောင့်ကြည့်ရေး ယန္တရားဖြစ်တယ်။ နစ်ဖက်ပဋိပက္ခ ဖြစ်နေတဲ့သူတွေ ပါဝင်တယ်။ ဘက်မလိုက်ပါဘူး ပွင့်လင်း မြင်သာပါမယ်လို့ ဘယ်လိုပဲပြောပြော နှစ်ဖက်ပဋိပက္ခဖြစ်သူတွေ ပါဝင်ပြီးတော့ အဖွဲ့အစည်း အတိုင်းက သက်ဆိုင်ရာ အဖွဲ့အစည်းများမှလူများ သူ့ရပ်တည်ချက်၊ ကိုယ့်ရပ်တည်ချက် သူ့ပေါ် လစီ ကိုယ့်ပေါ်လစီ၊ သူ့ဖွဲ့စည်းပုံ၊ ကိုယ့်ဖွဲ့စည်းပုံ ရှိတဲ့အခါကျတော့ ဘက်လိုက်မှု၊ မပွင့်လင်းမှုတွေ ကတော့ ရှိနေမှာဖြစ်ပါတယ်။** မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ အရမ်းရှုပ်ထွေးသလို **JMC မှာပါတဲ့ စောင့်ကြည့်ရေးလုပ်ငန်းကို လုပ်ကိုင်တဲ့သူတွေမှာလည်း လွတ်လပ်တဲ့ အဖွဲ့အစည်းပဲ ဖြစ်ဖြစ်၊ နိုင်ငံတကာ ကပဲဖြစ်ဖြစ် သိက္ခာသမာဓိ ပြည့်ဝတဲ့ အရပ်သားကိုယ်စားလှယ်တွေ မပါသေးသ၍ JMC မှာ ကျွန်တော်တို့ရဲ့ စုဖွဲ့မှုသည် အားကြီးသူက အားနည်းသူကို ဆိုချင်သလိုဆို၊ အားနည်းသူက သူတို့ရဲ့ရပ်တည်ချက်အပေါ်မှာ ရည်တည်နေတဲ့အပေါ် ထိန်းညှိရမယ့်အပိုင်းတွေ အများကြီး ရှိပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲ ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်နေတဲ့အပေါ်မှာ JMC မှာပါတဲ့ ကိုယ်စားလှယ်တွေကို လာပြီးရိုက်ခတ်ပါတယ်။**

အခုဆိုရင် JMC ၁၅ ကြိမ်မြောက် အစည်းအဝေး ပြီးသွားပြီ။ SOP တွေကိုလည်း ရေးဆွဲနိုင်ခဲ့ပြီ။ နည်းပညာအရ ရှေ့ကို ကြိုရောက်နေတယ်။

JMC မှာ (၁)အစိုးရ (၂)တိုင်းရင်းသား လက်နက်ကိုင် (၃)အရပ်သားကိုယ်စားလှယ် ဆိုပြီး သုံးပွင့်ဆိုင် ရှိတယ်။ အစိုးရလို့ဆိုလိုက်ရင် ကျွန်တော်တို့နားလည်တာသည် 'တပ်မတော်၊ အစိုးရ၊ လွှတ်တော်' တို့ ဖြစ်တယ်။ **ဒါပေမယ့် JMC ကတော့ အစိုးရနေရာမှာ တပ်မတော်ကပဲ အကုန်လုံး နေရာယူထားတာ ဖြစ်တယ်။ နယ်စပ်ရေးရာဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ ကစထမှူးတွေ ပါပါတယ်။** JMC-U မှာ အစိုးရက ၁၀ ယောက်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းက ၁၀ ယောက်၊ အရပ်သား ကိုယ်စားလှယ်က ၆ ယောက် ရှိပါတယ်။ ပြုပြင်ပြောင်းလဲချင်တယ်၊ ပြန်လည်ဖွဲ့စည်းချင်တယ်ဆိုရင် JICM ကို ပြန်လည်တင်ပြရမှာ ဖြစ်ပါတယ်။ ခုလောလော ဆယ်ဆယ် မွန်ပြည်သစ် ပါတီက တစ်ယောက်ဝင် လာတော့ စုစုပေါင်း ၁၁ ယောက် ဖြစ်နေတယ်။ အားလုံး ၂၇ ယောက် ဖြစ်နေတယ်။ အလွတ် သဘော သဘောတူညီထားတာကတော့ NCA နောက်ထပ်တစ်ဖွဲ့ ထိုးလာပါက ၁၀ ယောက်နဲ့ပဲ နေပေးဖို့ သဘောတူထားတယ်။ ရာထူးဖွဲ့စည်းပုံ ဥက္ကဋ္ဌအနေနဲ့ ဥက္ကဋ္ဌကို အစိုးရက ယူထား ပြီးတော့၊ ဒုဥက္ကဋ္ဌ(၁) တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်း၊ ဒုဥက္ကဋ္ဌ(၂) အရပ်သား ကိုယ်စားလှယ်တို့ ယူထားပါတယ်။ ၆ လတစ်ခါ အချိန်းအပြောင်း ရှိပါတယ်။ အတွင်းရေးမှူး(၁) ကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ပြန်ယူပြီတော့ အတွင်းရေးမှူး(၂) က အစိုးရက ပြန်ယူထားတာ ဖြစ်တယ်။ ကျန်တာကတော့ အဖွဲ့ဝင်တွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ JMC ယန္တရားက ပြည်ထောင်စုအဆင့် ရှိတယ်။

> **JMC မှာပါတဲ့ စောင့်ကြည့်ရေးလုပ်ငန်းကို လုပ်ကိုင်တဲ့သူတွေမှာလည်း လွတ်လပ်တဲ့ အဖွဲ့အစည်းပဲ ဖြစ်ဖြစ်၊ နိုင်ငံတကာကပဲဖြစ်ဖြစ် သိက္ခာသမာဓိ ပြည့်ဝတဲ့ အရပ်သားကိုယ်စားလှယ်တွေ မပါသေး သ၍ JMC မှာ ကျွန်တော်တို့ရဲ့စုဖွဲ့မှုသည် အားကြီးသူက အားနည်းသူကို ဆိုချင်သလိုဆို၊ အားနည်းသူက သူတို့ရဲ့ရပ်တည်ချက်အပေါ်မှာ ရည်တည်နေတဲ့အပေါ် ထိန်းညှိရမယ့်အပိုင်းတွေ အများကြီး ရှိပါတယ်။**

> **ဒါပေမယ့် JMC ကတော့ အစိုးရနေရာမှာ တပ်မတော်ကပဲ အကုန်လုံး နေရာယူထားတာ ဖြစ်တယ်။ နယ်စပ်ရေးရာဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ ကစထမှူးတွေ ပါပါတယ်။**

**စိန်ခေါ်မှုတွေက အများကြီးရှိတယ်။ တနင်္သာရီ (ထီးခီး) ကိစ္စနဲ့ပတ်သက်ပြီးတော့ ဗျူဟာမှူး– ဒုဥက္ကဋ္ဌ ဗိုလ်မှူးကြီးမိုက်ကယ်က နုတ်ထွက်သွားတာ ရှိပါတယ်။ ဘောကလိကိစ္စနဲ့ ပတ်သက်ပြီးတော့ တပ်မဟာ(၂)မှူး ကိုယ်တိုင်လည်း နုတ်ထွက်သွားတာ ဖြစ်တယ်။ အခု ဖာပွန်ကိစ္စမှာလည်း ပြဿနာတက်နေတယ်။**

ပြည်နယ်အဆင့် ရှိတယ်။ ဒေသအဆင့် ရှိတယ်။ ပြည်ထောင်စုအဆင့်မှာ နည်းပညာ၊ ငွေကြေး၊ လုပ်ထုံးလုပ်နည်းတွေ ရှိပြီးတော့ ဆုံးဖြတ်ချက်တွေ၊ မှတ်တမ်းတွေ လိုက်နာလုပ်ဆောင်ရမယ့် အချက်အလက်တွေက အပြည့်အဝရှိပြီးတော့ JMC-S ရုံးကိုကျတော့ ၅ ခုပဲ ဖွဲ့နိုင်ပါသေးတယ်။ ရှမ်းပြည်နယ် ၁ ခု၊ တနင်္သာရီ ၁ ခု၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူး တို့မှာပဲ ရှိပါတယ်။

စိန်ခေါ်မှုတွေက အများကြီးရှိတယ်။ တနင်္သာရီ (ထီးခီး) ကိစ္စနဲ့ပတ်သက်ပြီးတော့ ဗျူဟာမှူး– ဒုဥက္ကဋ္ဌ ဗိုလ်မှူးကြီးမိုက်ကယ်က နုတ်ထွက်သွားတာ ရှိပါတယ်။ ဘောကလိကိစ္စနဲ့ ပတ်သက်ပြီးတော့ တပ်မဟာ(၂)မှူး ကိုယ်တိုင်လည်း နုတ်ထွက်သွားတာ ဖြစ်တယ်။ အခု ဖာပွန်ကိစ္စမှာလည်း ပြဿနာတက်နေတယ်။ **JMC က အပေါ်မှာ ကြီးပြီးတော့ အောက်ပိုင်းမှာ ကျဉ်းနေသလို ဖြစ်နေတယ်။ သွားတဲ့ နိုင်ငံရေးရည်မှန်းချက်၊ အဓိပ္ပာယ်ဖော်ဆောင်မှု၊ ဖွင့်ဆိုချက် မတူညီဘူးဆိုတဲ့အပေါ်မှာ စစ်တပ်ဆိုတဲ့ သဘောသည် အပေါ်ကနေအောက်ကိုစီးဆင်းတာဖြစ်တဲ့အတွက် ဘောကလိနဲ့ ဖာပွန်မှာပဲ ဖွဲ့ဖို့ လျာထားတာ ဖြစ်တယ်။** ဒါပေမယ့် စစ်တပ်ကတော့ ဖွဲ့ကိုဖွဲ့ရမယ်ဆို လုပ်တယ်။ နားလည်မှု အခင်းအကျင်းက နိုင်ငံရေး ရည်မှန်းချက်၊ ယုံကြည်မှု ဘာမှမရှိသေးတဲ့ပေါ်မှာ အဲ့လို ထိလွယ်ရှလွယ်တဲ့ ကိစ္စတွေဖြစ်လာတဲ့ပေါ်မှာ ကျွန်တော်တို့မှာလည်း စိန်ခေါ်မှုတွေအများကြီး ဖြစ်လာပါတယ်။ **RCSS ဆိုရင်လည်း တိုက်ပွဲတွေ အမြဲ ဖြစ်နေတယ်။ အရင်လည်းဖြစ်တယ်။ NCA ထိုးပြီးတာနဲ့ တိုက်ပွဲမဖြစ်တော့ဘူး၊ ငြိမ်းချမ်းရေးရပြီလို့မဆိုနိုင်သေးပါဘူး။** NCA က နိုင်ငံဆွေးနွေးပွဲအတွက် ပထမခြေလှမ်းပဲ ဖြစ်တယ်ဆိုတာ ခုလိုမြင်သာ ထင်သာတဲ့ အခြေအနေကို ကြည့်ခြင်းဖြင့် သိနိုင်ပါတယ်။ **နိုင်ငံရေးသည် စကားလုံး ဖြစ်တယ်။ နိုင်ငံရေးသည် စကားစု ဖြစ်တယ်။ နိုင်ငံရေးသည် ဝေါဟာရ ဖြစ်တယ်။ ဒီအပေါ်မှာ ကျွမ်းကျင်လိမ္မာ ပါးနပ်စွာနဲ့ အသုံးပြုရမယ် ဆိုတာကို တိုင်းရင်းသား လက်နက်ကိုင်တွေအနေနဲ့ အတွေ့အကြုံ ကောင်းကောင်းရမှာ ဖြစ် တယ်။**

ကျွန်တော့်အနေနဲ့ သုံးသပ်ကြည့်တာကတော့ JMC သည် ဘက်မလိုက်ရဘူး၊ တရားမျှတမှု ရှိရမယ်၊ သိက္ခာသမာဓိ ပြည့်စုံရမယ်။ တရားသူကြီး ဖြစ်ရမယ်ပေါ့။ **တကယ်တော့ JMC က တစ်ဖက်နဲ့တစ်ဖက် သူ့မူဝါဒ ကိုယ့်မူဝါဒ၊ သူ့ဥပဒေ၊ ကိုယ့်ဥပဒေ ပြောပြီး တစ်ဖက်နှင့် တစ်ဖက် စိန်ခေါ်နေကြပါတယ်။ အခုဆိုရင် ထိုင်မယ့် ခုံအခင်းအကျင်းကိုတောင်မှ ပြောင်းဖို့ သဘောတူထားတယ်။ မျက်နှာချင်းဆိုင်ထိုင်ရင် ရေသန့်ဗူးနဲ့ ပေါက်ကြမှာစိုးလို့။ ထထိုးကြမှာစိုးလို့။** တပ်မတော်က တစ်ယောက်၊ တိုင်းရင်းသားလက်နက်ကိုင်က တစ်ယောက်၊ အရပ်သားက တစ်ယောက် အဲလိုအခင်းအကျင်း လုပ်ဖို့ရှိတယ်။ ကျွန်တော်တို့ JMC-U ကို JICM က သတ်မှတ်တာ ဖြစ်တယ်။ JMC-S ကို JMC-U က သတ်မှတ်

တာ ဖြစ်တယ်။ JMC- L ကို JMC-S က သတ်မှတ်တာ ဖြစ်တယ်။ စိစစ်အတည်ပြုရေးအဖွဲ့ ရှိတယ်။ တိုင်ကြားမှုယန္တရား ရှိတယ်။ တိုင်ကြားမှုနဲ့ပတ်သက်ပြီး ဒေသဆိုင်ရာရုံးရှိရင် အဲ့ဒီနေရာမှာ တိုင်လို့ရတယ်။ ပြည်နယ်ရုံး၊ ဘားအံ၊ ကရင်ပြည်နယ်မှာလည်း တိုင်ကြားလို့ ရတယ်။ ဆက်ဆံရေးရုံးမှာလည်း တိုင်ကြားလို့ ရတယ်။ နှစ်ဖက် လေးစားလိုက်နာရမည့် ကျင့်ဝတ်များကို ဖောက်ဖျက်တယ်ဆိုရင် ဆိုင်ရာဆိုင်ရာကို သက်သေ အထောက်အထားနဲ့ တိုင်ကြားလို့ ရပါတယ်။

**အစိုးရဘက်ကတော့ ကျွန်တော်တို့ကို တစ်ချိန်လုံး တိုင်နေတယ်။ အခွန်ကောက်တာလား။ ဥပဒေမဲ့လုပ်ရပ်တွေလား။ လိုသလို ဆွဲပြီးတင်တာ တွေ့ရတယ်။ မူးယစ်ဆေးဝါးကိစ္စလား။ ကျွန်တော်တို့ဘက်မှာတော့ အချက်အလက်တွေရယူဖို့ အားနည်းတယ်။ တင်ပုံတင်နည်း၊ ဘာသာ စကား အားနည်းချက်တွေ ရှိတယ်။** ကျွန်တော်တို့ JMC-U မှာဆိုရင် ကော်မတီဝင်တွေ တွေ့တာက ၂ လ တစ်ကြိမ်ပဲ ဖြစ်တယ်။ အမြဲတမ်း အလုပ်လုပ်နေတာက ရုံးအဖွဲ့ဝင်တွေပဲ ဖြစ်တယ်။ ရုံးက အလုပ်အမှုဆောင် ဒါရိုက်တာကိုလည်း အစိုးရက ရွေးကောက်တာ ဖြစ်တယ်။ ဒုတိယအလုပ် အမှုဆောင် ဒါရိုက်တာကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းက ရွေးကောက်တာ ဖြစ်တယ်။ အုပ်ချုပ်ရေးနှင့် အထောက်အကူပြုဌာန၊ သုတေသနနှင့် စွမ်းရည်မြှင့်တင်ရေးဌာန၊ စီစစ်ရေး၊ ပဋိပက္ခ ဖြေရှင်းရေး၊ စောင့်ကြည့်ရေးဌာနတို့ စသည်တို့ ရှိပါတယ်။ JMC-U ကို ချင်းပြည်နယ်မှာ ဖွဲ့ဖို့ကိစ္စက တပ်ချုပ်ကိုယ်တိုင်က လက်မခံဘူး။ JMC-L ကိုကျတော့လည်း လင်းခေးမှာပဲ ဖွင့်ထားတယ်။ ဖာပွန်တို့ ဘောကလိတို့မှာ ဖွင့်လို့မရဘူး ဖြစ်နေတယ်။ **တပ်မတော်က တပ်ချင်းထိတွေ့မှုနေရာ၊ တိုက်ပွဲဖြစ်နိုင်တဲ့ နေရာတွေမှာ ဖွင့်ချင်ပြီးတော့ ကျွန်တော်တို့ကတော့ ပူးပေါင်းဆောင်ရွက်မှု အားကောင်းတဲ့ နေရာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊တနင်္သာရီတို့မှာဖွင့်ဖို့အတွက် သဘောတူထားပါတယ်။** တပ်ပိုင်းထိတွေ့မှုနဲ့ ပတ်သက်ပြီး NCA မှာလည်း ပြဌာန်းထားတာ ရှိပါတယ်။ နှစ်ဖက် လေးစားလိုက်နာရမည့် စစ်ဖက်ဆိုင်ရာ ကျင့်ဝတ်များမှာလည်း ပြဌာန်းထားပါတယ်။

JMC အနေနဲ့ တပ် မှူးနဲ့ဆိုင်တဲ့ ကိစ္စတွေဆိုရင် တပ်မှူးတွေ တွေ့ဆုံနိုင်ဖို့ အခင်းအကျင်း လုပ်ပေးမယ်။ ဌာနတစ်ခုချင်းစီနဲ့ဆိုင်တဲ့ ကိစ္စတွေကို ဌာနတွေကို လွှဲပေးမယ်။ စောင့်ကြည့်မယ်၊ စိစစ်မယ်၊ ပဋိပက္ခတွေ ဖြေရှင်းတဲ့နေရာမှာလည်း ကိုယ့်ရဲ့လုပ်ပိုင်ခွင့်ဘောင်ထဲက နေ ကြိုးစားပြီး အကောင်အထည်ဖော်နေပါတယ်။ JMC ယန္တရားက နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကို အထောက်အကူ ဖြစ်ဖို့အတွက် ပစ်ခတ် တိုက်

**တကယ်တော့ JMC က တစ်ဖက်နဲ့တစ်ဖက် သူ့မူဝါဒ ကိုယ့်မူဝါဒ၊ သူ့ဥပဒေ၊ ကိုယ့်ဥပဒေ ပြောပြီး တစ်ဖက်နှင့် တစ်ဖက် စိန်ခေါ်နေကြပါတယ်။ အခုဆိုရင် ထိုင်မယ့် ခုံအခင်းအကျင်းကိုတောင်မှ ပြောင်းဖို့ သဘောတူ ထားတယ်။ မျက်နှာချင်းဆိုင်ထိုင်ရင် ရေသန့်ဗူးနဲ့ ပေါက်ကြမှာစိုးလို့။ ထထိုးကြမှာစိုးလို့။**

**အစိုးရဘက်ကတော့ ကျွန်တော်တို့ကို တစ်ချိန်လုံး တိုင်နေတယ်။ အခွန်ကောက်တာလား။ ဥပဒေမဲ့လုပ်ရပ်တွေလား။ လိုသလို ဆွဲပြီးတင်တာ တွေ့ရတယ်။ မူးယစ်ဆေးဝါးကိစ္စလား။ ကျွန်တော်တို့ ဘက်မှာတော့ အချက်အလက်တွေရယူဖို့ အားနည်းတယ်။ တင်ပုံတင်နည်း၊ ဘာသာ စကား အားနည်းချက်တွေ ရှိတယ်။**

ခိုက်မှု ရှောင်ရှားနိုင်ဖို့အတွက်၊ စည်းမျဉ်းစည်းကမ်းတွေ လုပ်ဆောင်နိုင်ဖို့အတွက်၊ ဒေသဖွံ့ဖြိုးရေးတွေ လုပ်ဆောင်နိုင်ဖို့အတွက်၊ ကိုယ့်နယ်မြေဒေသမှာ လွတ်လွတ်လပ်လပ် လုပ်ဆောင်နိုင်ဖို့အတွက်၊ ဥပဒေကိစ္စတွေကို ရှောင်ကြဉ်နိုင်ဖို့အတွက် စတဲ့ အခြေခံ မူကောင်းတွေ အပေါ်မှာ လုပ်ဆောင်ချက်ကောင်းတွေအပေါ်မှာ ပဒိုတာဒိုမူး ပြောသလို **JMC သည် ခေါင်းကြီးပြီး ကိုယ်လုံးသေးကာ ခြေထောက်မရှိသလို ဖြစ်နေတဲ့အပေါ်မှာ ကျွန်တော်တို့အနေနဲ့ တွန်းတွန်းတိုက်တိုက်နဲ့ ရှေ့ဆက် ကြိုးစားရမှာ ဖြစ်တယ်။**

ခုချိန်မှာ နိုင်ငံရေးက ရှေ့မတိုးသာ နောက်မဆုတ်သာဖြစ်နေတဲ့အချိန်မှာ JMC မှာလည်း ဆုံးဖြတ်ချက်တစ်ခု၊ လုပ်ဆောင်မှု တစ်ခုသည် အောက်ခြေမှာအများကြီး သွားပြီး သက်ရောက်နေပါတယ်။ ဆွေးနွေးညှိနှိုင်းတဲ့ ပညာ၊ အချက်အလက်၊ အထောက်အထားစတာတွေဟာ ဒီနေရာမှာ တအားစကား ပြောပါတယ်။ အငြင်းပွားခြင်းမှု အရေးယူ ဖြေရှင်းခြင်းအပိုင်းမှာ အဆင့် ၃ ဆင့် အနေနဲ့ကျွန်တော်တို့ သတ်မှတ်ထားပါတယ်။ SOP မှာလည်း ရေးထားတာရှိတယ်။ အငြင်းပွား ချိုးဖောက်မှုအဆင့်၊ အရေးကြီး ချိုးဖောက်မှုအဆင့်၊ အလွန်အမင်း ချိုးဖောက်မှုအဆင့်ဆိုပြီး သတ်မှတ်ထားပါတယ်။ **စစ်စစ်အတည်ပြုရေးနဲ့ ပတ်သက်ပြီး ဖာပွန်မှာ ကိုယ်တွယ်လို့ မရဘူး။ ဒေသအနေအထားအရဗမာစကားကိုမသုံးနှုန်းကြဘူး။ ဗမာစကားပြောရင်လည်းယုံကြည်မှုမရှိဘူးဖြစ်နေတယ်။** တပ်မတော်ဘက်က ပြောတာကတော့ စခန်းတစ်ခုနဲ့ တစ်ခုကြားမှာ ဆက်သွယ်ရေး ကောင်းမွန်ဖို့ ပြောတယ်။ ခွင့်တောင်းတယ်။ ဒါပေမယ့် တစ်ဖက်က ဒါတွေကို မလုပ်ပါနဲ့အုံး။ ဒီချိန်မှာ NCA မှာလည်း ပြည်ပရန် ကာကွယ်ရေးနဲ့ ပတ်သက်တာ၊ စစ်ရေးဆိုင်ရာ ပိုင်ဆိုင်မှုနဲ့ ပတ်သက်တာ၊ သက်ဆိုင်ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းနဲ့ ဆွေးနွေး ညှိနှိုင်းဖို့ ဆိုတဲ့ကိစ္စရပ် ပါပါတယ်။ နိုင်ငံရေး အာမခံချက် သေသေချာချာ မရှိသေးတဲ့အပေါ်မှာ ကျွန်တော်တို့က ဘယ်လို ပြတ်ပြတ်သားသားနဲ့ ရပ်တည်မလဲ။ ဘယ်လိုကောင်းမွန်တဲ့ ဆုံးဖြတ်ချက်တွေ ချနိုင်မလဲ။ ဘယ်သူ့အကျိုးစီးပွားကိုမှ မထိခိုက်တဲ့ ဆုံးဖြတ်ချက်တွေကို ချမှတ်မလဲ ဆိုတာတွေက အများကြီး စဉ်းစားစရာ ရှိပါတယ်။

# UPC အခင်းအကျင်းနှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ဆိုင်ရာ အခြေအနေ

## ကျင်းပရေးကော်မတီ၊ ပဒိုစောလှထွန်းမှ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပ ပြုလုပ်ခြင်း အခြေအနေများနှင့် UPC ကျင်းပပြုလုပ်ခြင်းဆိုင်ရာများကို ဆွေနွေးတင်ပြခြင်း

**(လူထုတွေ့ဆုံဆွေးနွေးပွဲ၊ ဝေနော်တရာ)**

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဖြစ်တဲ့ လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက်တွေကို မှတ်သားထားသလောက် သိနေတဲ့ ပကတိ အခြေအနေကို တင်ပြသွားပေးမှာ ဖြစ်ပါတယ်။ သိကြပြီး ဖြစ်တဲ့အတိုင်း အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ် ၂၁ ရာစုပင်လုံ ပထမ အစည်းဝေး၊ ဒုတိယ UPC အစည်းဝေးကနေ ဆုံးဖြတ်ချက်လာတဲ့အတွက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲတွေကို လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် ဆွေးနွေးသွားဖို့ ရှိပါတယ်။ ဒုတိယ UPC ၂၁ရာစုပင်လုံ ပထမအစည်းအဝေးနဲ့ တတိယ UPC ၂၁ ရာစုပင်လုံ ဒုတိယအစည်းအဝေး ကြားထဲမှာ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲနဲ့ ပတ်သက်ပြီး လူမျိုးအလိုက်ကို ကရင်၊ ချင်း၊ ပအိုဝ့် လူမျိုး ၃ မျိုး ပြုလုပ်နိုင်ခဲ့ပြီးတော့ လူမျိုး ၃ မျိုးရဲ့ စာတမ်းကို ပြုစုနိုင်ခဲ့တယ်။ ချင်းကတော့ သူပြုလုပ်ခဲ့တဲ့ နိုင်ငံရေးအဆင့် ဆွေးနွေးပွဲမှာ နိုင်ငံရေးကဏ္ဍတစ်ခုပဲ ဆွေးနွေးနိုင်ခဲ့တယ်။ လူမှုရေး၊ စီးပွားရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်တဲ့ ကဏ္ဍတွေကိုတော့ မဆွေးနွေးနိုင်ခဲ့ဖြစ်ဘူး။ ဒါကြောင့် လာမယ့် UPC မှာ ချင်းအမျိုးသားတွေရဲ့ ကျန်နေတဲ့ကဏ္ဍတွေကို ဆွေးနွေးနိုင်ဖို့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို သူတို့ တောင်းဆိုပြီး အကြိုဆွေးနွေးပွဲတွေ လူထုတွေ့ဆုံပွဲတွေ

> **အချို့နေရာတွေမှာ ကန့်သတ်ခြင်းခံရတယ်။ အချို့နေရာတွေကလည်း National Dialouge ကို တစ်ကြိမ်ပဲ ပြုလုပ်ရမယ်။ ပြုလုပ်ပြီးသား အဖွဲ့တွေက ပြုလုပ်ပိုင်ခွင့် မရှိတော့ဘူး။ မပြုလုပ်ရသေးသူတွေသာ ပြုလုပ်ရမယ်ဆိုပြီး အစိုးရဘက်က အသိပေးတင်ပြမှုတွေ ရှိလာတယ်။ အဲဒါတွေကလည်း အမျိုးသားအဆင့် နိုင်ငံရေးဆိုင်ရာ လွဲမှားတဲ့အဓိပ္ပာယ် သတ်မှတ်ချက်နဲ့ပုံစံတွေ ဖြစ်နေတယ်။**

ပြုလုပ်သွားဖို့ရှိတယ်။ အဲဒါနဲ့ ပတ်သက်ပြီး **အချို့နေရာတွေမှာ ကန့်သတ်ခြင်း ခံရတယ်။ အချို့နေရာတွေကလည်း National Dialouge ကို တစ်ကြိမ်ပဲပြုလုပ်ရမယ်။ ပြုလုပ်ပြီးသားအဖွဲ့တွေက ပြုလုပ်ပိုင်ခွင့် မရှိတော့ဘူး။ မပြုလုပ်ရသေးသူတွေသာ ပြုလုပ်ရမယ်ဆိုပြီး အစိုးရဘက်က အသိပေး တင်ပြမှုတွေ ရှိလာတယ်။ အဲဒါတွေကလည်း အမျိုးသားအဆင့် နိုင်ငံရေးဆိုင်ရာ လွဲမှားတဲ့အဓိပ္ပာယ် သတ်မှတ်ချက် နဲ့ ပုံစံတွေ ဖြစ်နေတယ်။**

ကနဦး ကျွန်တော်တို့ နားလည်ထားတာက နိုင်ငံရေးဆွေးနွေးပွဲလို့ခေါ်တဲ့ UPDJC က ကျင်းပတဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံမှာ တက်ရောက်ဆွေးနွေးမယ့်သူ အားလုံးက တက်ရောက် ဆွေးနွေးခွင့်ရှိသူတွေ ဖြစ်ရပြီးတော့ သူတို့တွေကလည်း သက်ဆိုင်ရာ လူမျိုးအလိုက်၊ ဒေသအလိုက် အကြောင်းအရာအလိုက် ရရှိလာတဲ့ဆွေးနွေးချက်တွေကို သယ်လာပြီးတော့ ဆွေးနွေး သွားဖို့ ဖြစ်တယ်။ ဒါကြောင့် သက်ဆိုင်ရာ ဆွေးနွေးချက်တွေကို သယ်လာဖို့အတွက် UPC ကို တက်ရောက် ဆွေးနွေးနိုင်ဖို့အတွက် သက်ဆိုင်ရာ လူမျိုးက လူမျိုးအလိုက် နိုင်ငံရေး ဆွေးနွေးပွဲတွေ လုပ်ရမယ်။ သက်ဆိုင်ရာဒေသကလည်း သူ့ဒေသအလိုက် နိုင်ငံရေးဆွေးနွေးပွဲတွေ လုပ်ရမယ်။ အကြောင်းအရာအလိုက်ကတော့ CSOs တွေက CSOs Forum တွေ ပြုလုပ်ရမယ်။ အဲလိုမျိုး ကျယ်ကျယ်ပြန့်ပြန့် လုပ်ရမယ်လို့ နားလည်ခဲ့တယ်။ နားလည်ခဲ့တဲ့အတိုင်း နိုင်ငံရေး ဆွေးနွေးပွဲ ကြီးကြပ်ရေးကော်မတီတွေကို သက်ဆိုင်ရာ တိုင်းနဲ့ပြည်နယ်အလိုက် ဖွဲ့စည်းသွားမယ်ဆိုတဲ့ သဘောထားလည်း Framework ထဲမှာ ရှိနေတာ ဖြစ်တယ်။ ဒါကတော့ ဖြစ်စဉ်နဲ့ ဆောင်ရွက်မှုတွေကို တွေ့ရမှာ ဖြစ်တယ်။ ဒါကြောင့် သွားနေတဲ့ ဖြစ်စဉ်

**UPC ၂၁ရာစုပင်လုံ တတိယ အစည်းအဝေးအတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ပြုလုပ်ကျင်းပနိုင်ဖို့ ကျန်ရှိနေတဲ့ လူမျိုးတွေ တောင်းဆိုနေတာတွေ ရှိတယ်။ ရှမ်းဆိုရင် မလုပ်ရသေးဘူး။ သူလုပ်မယ့်နေရာတွေ ကိုတော့ တောင်းဆိုထားတယ်။ တဖက်မှာတော့ UPDJC သတ်မှတ်ထားတဲ့ လူထုတွေ့ဆုံပွဲတွေကို လည်း ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်သွားဖို့ သဘောထား ရှိတယ်။ ဒါပေမယ့် ကန့်သတ်ချက်တွေ ရှိတယ်၊ ပိတ်ပင်ဟန့်တားမှုတွေ ရှိနေတဲ့အတွက် ပြုလုပ်ကျင်းပမယ့် National Dialouge ကို အကန့်သတ်မရှိ ပိတ်ဆိုင်းထားတယ်။**

တွေထဲမှာ ကနဦး ကျွန်တော်တို့ နားလည်ထားတဲ့ ကိစ္စရပ်တွေမှာ မတူညီတဲ့အမြင်တွေ မတူညီတဲ့ အဓိပ္ပာယ်ဖော်ဆောင်မှုတွေကို ပကတိမှာတော့ ကြုံနေရတာ ဖြစ်တယ်။ ဒါကြောင့် လက်ရှိမှာ စတုတ္ထအကြိမ် UPC **၂၁ရာစုပင်လုံ တတိယ အစည်းအဝေးအတွက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲတွေကို ပြုလုပ်ကျင်းပနိုင်ဖို့ ကျန်ရှိ နေတဲ့ လူမျိုးတွေ တောင်းဆိုနေတာတွေ ရှိတယ်။ ရှမ်းဆိုရင် မလုပ်ရသေးဘူး။ သူလုပ်မယ့်နေရာတွေကိုတော့တောင်းဆိုထားတယ်။ တဖက်မှာတော့ UPDJC သတ်မှတ် ထားတဲ့ လူထုတွေ့ဆုံပွဲတွေကို လည်း ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်သွားဖို့ သဘောထား ရှိတယ်။ ဒါပေမယ့် ကန့်သတ်ချက်တွေ ရှိတယ်၊ ပိတ်ပင်ဟန့်တားမှုတွေ ရှိနေတဲ့အတွက် ပြုလုပ်ကျင်းပမယ့် National Dialouge ကို အကန့်သတ်မရှိ ပိတ်ဆိုင်းထားတယ်။**

UPC ကိစ္စနဲ့ပတ်သက်ပြီး တက်ဖို့မတက်ဖို့ ဆုံးဖြတ်ချက် မရှိသေးဘူး။ ဒီအပိုင်းပဲ ရပ်ဆိုင်းထားရပြီး ကျင်းပရေးကော်မတီ အနေနဲ့တောင် ဖျက်သိမ်းလိုက်ရပြီး ဖြစ်တယ်။ ကျန်တဲ့တခုအနေနဲ့ လက်မှတ်ထိုးခဲ့တဲ့ မွန်ကတော့ သူတို့ရဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပနိုင်ဖို့အတွက် ကနဦးနေရာ ၅ ခုကို သူတိုရဲ့လူထု တွေ့ဆုံပွဲတွေ ပြုလုပ်ဖို့ ရှိတယ်။ နောက်ပိုင်းရေးမှာ သူတို့ရဲ့ National Dialoug ကို ပြုလုပ်သွားဖို့ ရှိတယ်။ ဒါပေမယ့် ပြုလုပ်နိုင်မယ့် အချိန်ကာလ၊ ပြုလုပ်နိုင်မယ့် အခင်းအကျင်း ဘယ်လိုပြုလုပ်နိုင် မလဲ ဘယ်လိုအခြေအနေမျိုး ဖြစ်လာမလဲဆိုတာ ကျွန်တော်တို့ မသိနိုင်သေးဘူး။ ဒီနှစ်မှာပဲ Public Consulation တခုကို မွန်ပြည်သစ်ပါတီရဲ့ တပ်စခန်းတစ်ခုမှာ ပြုလုပ်ကျင်းပတယ်။ အဲဒါကတော့ သင်္ကြန် မတိုင်မှာ ပထမအကြိမ် ပြုလုပ်ရမယ်ဆိုတဲ့ သဘောထားတွေကို ပြုလုပ်တယ်။ ကျန်နေတဲ့ အခြားသော လူမျိုးတွေက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ပြုလုပ်နိုင်ဖို့အတွက် ကြိုးစားပြီး လုပ်ဆောင်နေကြတယ်။ ABSDF အနေနဲ့ တိုင်းနဲ့ပြည်နယ်တွေမှာ Consulation တွေကို လုပ်ဖို့ ကြိုးစားခဲ့တယ်၊ ဆောင်ရွက်ခဲ့တယ်။ တချို့နေရာတွေမှာ လုပ်ခွင့်ရပြီးတော့ တချို့နေရာတွေ မှာ ကန့်သတ်ပိတ်ပင်မှုတွေကို ကြုံရတယ်။ ချင်းလည်း အဲဒီအတိုင်းပဲ။ ကျွန်တော်တို့ ကရင်တွေဆို လည်း ရှင်းပြခဲ့သလိုပဲ ကြိုးစားခဲ့တယ်။ ဇန်နဝါရီနဲ့ ဖေဖော်ဝါရီလ အတောအတွင်းမှာ သက်ဆိုင်တဲ့ ဒေသမှာ လုပ်ဖို့ အသီးသီး တင်ပြချက်တွေကို တင်ပြခဲ့တယ်၊ ကြိုးစားခဲ့တယ်။ ဒါပေမယ့် ငြင်းချက် မရတဲ့ အနေအထားတွေနဲ့ ဆောင်ရွက်လို့မရ ဖြစ်နေတယ်။ တချို့နေရာဒေသတွေမှာလည်း သီးသန့် အကောင်အထည် မဖော်ရသေးတဲ့ နေရာတွေ ရှိနေတယ်။ ဒါတွေဟာ ပကတိ ရှိနေတဲ့ National Dialoug ရဲ့ အခင်းအကျင်းနဲ့ အခြေအနေ ဖြစ်နေတယ်။ တဘက်မှာလည်း နိုင်ငံရေး ဆွေးနွေးပွဲကို အဓိက ပါဝင်တက်ရောက် ဆွေးနွေးရမှာက Framework အရ သက်ဆိုင်ရာ ပါဝင်ရမယ့် အဖွဲ့အစည်း တွေ ဖြစ်တယ်။ **သုံးပွင့်ဆိုင်ကို အခြေခံပြီး UPDJC ကိုတည်ဆောက်ရတယ်။ ပါဝင်သင့် ပါဝင်ထိုက်သူတွေ ပါဝင်ဖို့အတွက်တော့ ငါးပွင့်ဆိုင် ပုံစံမျိုး ဖြစ်လာတယ်။** ဒါကြောင့်

**သုံးပွင့်ဆိုင်ကို အခြေခံပြီး UPDJC ကို တည်ဆောက်ရတယ်။ ပါဝင်သင့် ပါဝင် ထိုက်သူတွေ ပါဝင်ဖို့အတွက်တော့ ငါးပွင့်ဆိုင် ပုံစံမျိုး ဖြစ်လာတယ်။**

**ပကတိ ရှိနေတဲ့ နိုင်ငံရဲ့ပြည်တွင်းစစ် ပဋိပက္ခမှာ EAOs နဲ့ တပ်ဖြစ်တဲ့ အတွက် ဒီ ၂ ဖွဲ့ကို အချိုးတူ အချိုးညီ ပေးပါ ဆိုတဲ့ တောင်းဆိုချက် ကနေ ၁၅၀၊ ၁၅၀၊ ၁၅၀ ပြီးတော့ ၇၀၀ ဖြစ်လာတဲ့ အချိုးအစားကို တွေ့ရမှာ ဖြစ်တယ်။**

သုံးပွင့်ဆိုင်ထဲမှာ တောင်းဆိုမှုနဲ့ ပါဝင်ရမယ့် အချိုးအစားတွေ ပါဝင်လာတယ်။ ပြီးတော့ သွားရမယ့် အခင်းအကျင်းနဲ့ စုဖွဲ့မှုနဲ့ သွားရတာ ဖြစ်တယ်။ EAOs ကတစ်ဖွဲ့၊ အစိုးရ လွှတ်တော် တပ်မတော်က တစ်ဖွဲ့၊ နိုင်ငံရေးပါတီက တစ်ဖွဲ့ UPDJC မှာရှိနေတယ်။ အဲဒီ သုံးဖွဲ့ကပဲ ထပ်ပြီး ပါဝင်ရမယ့် တတ်သိပညာရှင်နဲ့ တိုင်းရင်းသား ကိုယ်စားလှယ်တွေ ပါဝင်လာဖို့ ဖြစ်လာတယ်။ ဒါကြောင့် ၃+၂ (၅) ဖွဲ့ ပုံစံ မျိုး ဖြစ်လာတယ်။ ဒါပေမယ့် အဓိကအခြေခံကတော့ ၃ ဖွဲ့ပဲ ဖြစ်တယ်။ **အဲဒီအထဲမှာမှ တပ်က သီးသန့်တောင်းတဲ့ အတွက် ပကတိ ရှိနေတဲ့ နိုင်ငံရဲ့ပြည်တွင်းစစ် ပဋိပက္ခမှာ EAOs နဲ့ တပ်ဖြစ်တဲ့ အတွက် ဒီ ၂ ဖွဲ့ကို အချိုးတူအချိုးညီပေးပါဆိုတဲ့တောင်းဆိုချက်ကနေ ၁၅၀၊ ၁၅၀၊ ၁၅၀ ပြီးတော့ ၇၀၀ ဖြစ်လာတဲ့ အချိုးအစားကို တွေ့ရမှာ ဖြစ်တယ်။** အဲဒါက UPC ကို တက်ရမယ့် UPDJC ကနေ တဆင့်သွားတဲ့ အချိုးအစား ဖြစ်တယ်။ တဖက်ကလည်း အမျိုးသား အဆင့် နိုင်ငံရေး ဆွေးနွေးပွဲကို ကျင်းပဖို့ တဖွဲ့ခြင်းကနေ ကြိုးစားခဲ့တာရှိသလို CSOs ကလည်း CSOs ဆွေးနွေးရမယ့် အကြောင်းအရာတွေကို ကြိုးစားခဲ့တယ်။ ပထမအကြိမ် CSOs Forum ကို ဒုတိယကြိမ် UPC နဲ့ တတိယအကြိမ် UPC ကို တင်ပြနိုင်ဖို့ ကြိုးစားခဲ့ပေမယ့် CSOs Forum ကို လုပ်ဖြစ်တယ်။ ဒါပေမယ့် သီးသန့်စာတမ်းကိုတော့ မပေးပို့နိုင်ခဲ့ဘူး။ အကြောင်းအရာ အမျိုးမျိုးကြောင့် သူတို့အထဲမှာလည်း ရှင်းရမယ့် ပြဿနာတွေ၊ အဓိပ္ပာယ်ဖွင့်ဆိုမှုတွေ၊ အကောင် အထည်ဖော်ဆောင်မှု ပုံစံတွေ မတူတဲ့အတွက် သူတို့ရဲ့ စာတမ်းကို မပေးပို့နိုင်ခဲ့ဘူး။ ဒါပေမယ့် တတိယအကြိမ် UPC ၂၁ရာစု ပင်လုံ ဒုတိယအစည်းအဝေး အပြီးမှာတော့ CSOs Forum ကနေ သူတို့တတ်နိုင်သလောက်ကနေ ကြိုးစားပြီးတော့ ပြင်ဆင်မှု တွေ့ဆုံမှုတွေ လုပ်ခဲ့တယ်။ အခုဆိုရင် သူတို့က UPC ကို တင်နိုင်မယ့် စာတမ်းကို ရရှိပြီးလို့ နားလည်တယ်။

အဲဒါက CSOs ဘက်က နိုင်ငံရေးဆွေးနွေးပွဲမှာ ဆွေးနွေးရမယ့် အခြေခံအကြောင်းအရာတွေ ကို တင်ပေးနိုင်မယ့် ဆောင်ရွက်မှု အနေအထား ဖြစ်တယ်။ ကရင်တွေ အနေနဲ့ကလည်း ကြိုးစား နေဆဲ ဖြစ်တယ်။ ကြိုးစားနေတဲ့အပေါ် ကျွန်တော်တို့ ဘယ်လိုညှိနှိုင်းတိုင်ပင်ပြီး လုပ်သွားရမယ့် အပိုင်း ဖြစ်ပါတယ်။ ဒါကြောင့် ကရင်တမျိုးသားလုံး နိုင်ငံရေးဆွေးနွေးပွဲ ရှေ့ဆက်သွားနိုင်ဖို့အတွက် ဒီမှာပဲ ရှိနေတဲ့ Update အခြေအနေနဲ့ ရှေ့ဆက်သွားရမယ့် အခင်းအကျင်းတွေကို ကျွန်တော်တို့တွေ ဆွေးနွေးပြီး လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ရှိနေတဲ့ အခင်းအကျင်းကလည်း ဖြစ်နေတဲ့ 3 Karen EAOs နဲ့ KNDCC စုဖွဲ့လိုက်တဲ့ နိုင်ငံရေးပါတီ၊ သက်ဆိုင်ရာ အမျိုးသမီး၊ ပြီးတော့ CSOs

တွေ ပါဝင်လာတဲ့အတွက် ပိုမိုအားကောင်းတဲ့ စုဖွဲ့မှုနဲ့ စုစည်းမှု ရရှိလာတာ ဖြစ်တယ်။

အဲဒီအပေါ်မှာပဲ စုဖွဲ့မှုနဲ့ အတူတကွ သွားမှာဖြစ်တဲ့အတွက် အကောင်အထည်ဖော်ရမယ့် ကိစ္စရပ်တွေမှာ တူတူညီညီ သွားနိုင်ဖို့ ဒီထက်ပိုကောင်းတဲ့ပုံစံနဲ့ ဆွေးနွေးမှုတွေကနေ တဆင့် သွားနိုင်ဖို့လိုမှာ ဖြစ်ပါတယ်။ ဒါကြောင့် သကြ်န် မတိုင်ခင်မှာ ထိုဲ့ကော်ကိုးမှာ လုပ်နိုင်ဖို့ သဘောထားချပြီး ဒီကနေ့မှာတော့ ကျွန်တော်တို့ လုပ်ခဲ့တယ်။ ပြီးတော့ PPST ရဲ့ ဆုံးဖြတ်ချက်အပေါ် မူတည်ပြီး ကျွန်တော်တို့ ဘယ်လိုသွားမလဲ ဆိုတဲ့အပိုင်းကို ဆွေးနွေးသွားမှာ ဖြစ်တယ်။ **PPST ရဲ့အစည်းအဝေးမှာက လက်ရှိရှိနေတဲ့ နိုင်ငံရေးဆွေးနွေးပွဲ နဲ့ပတ်သက်ပြီး ဖြစ်နေတဲ့ အခြေအနေကို အလွှတ်သဘောနဲ့ ဆွေးနွေးချဉ်းကပ်သွားပြီး ဆောင်ရွက်သွားမယ့် သဘောထား ရှိတယ်ဆိုတာ** ဗိုလ်မှူးကျော်ညွန့်လည်း ပြောသွားပြီ ဖြစ်တယ်။ အဲဒီအခြေခံအောက်ကနေ PPST ရဲ့ ဆုံးဖြတ်ချက်နဲ့အတူ UPDJC မှာ ပါဝင်နေတဲ့ EAOs က တာဝန်ပေးလိုက်တဲ့ အလွှတ်သဘော တွေ့ဆုံဆွေးမယ့် အဖွဲ့ ၂ ဖွဲ့ရှိပါတယ်။ တစ်ဖွဲ့ကတော့ နိုင်ငံရေးနဲ့ပတ်သက်တဲ့ တွေ့ဆုံဆွေးနွေးမယ့် အလွှတ်သဘော အဖွဲ့တစ်ဖွဲ့၊ နောက် တစ်ဖွဲ့ကတော့ လုံခြုံရေးနဲ့ပတ်သက်တဲ့ အလွှတ်သဘောတွေ့ဆုံဆွေးနွေးမယ့် အဖွဲ့တစ်ဖွဲ့ ဖြစ်ပါတယ်။ နိုင်ငံရေးနဲ့ပတ်သက်တဲ့ အလွှတ်သဘော တွေ့ဆုံမယ့်အဖွဲ့ကိုတော့ ပဒိုစောကွယ်ထူးဝင်းက ဦးဆောင်မယ့် EAOs တွေ ပါဝင်မယ့် အဖွဲ့တစ်ဖွဲ့၊ လုံခြုံရေးနဲ့ပတ်သက်တဲ့ အလွှတ်သဘော တွေ့ဆုံဆွေးနွေးမယ့်အဖွဲ့ကိုတော့ ပဒိုရော်ဂျာခင် ဦးဆောင်တဲ့ EAOs တွေ ပါဝင်တဲ့အဖွဲ့ ဖြစ်ပါတယ်။ ဒါကတော့ အရေးကြီးတဲ့ နိုင်ငံရဲ့ပြုပြင်ပြောင်းလဲရေးမှာရှိနေတဲ့ ကဏ္ဍနှစ်ရပ်ကနေပြီး

**”**

**အထက်က ခေါင်းဆောင်တွေက သူတို့ရဲ့အစီအစဉ်နဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ ဖြစ်ဖို့အတွက် ငြိမ်းချမ်းရေး ဖော်ဆောင်မှုတွေ၊ လမ်းကြောင်းတည့်မတ်ဖို့ ကြိုးစားဆောင်ရွက်နေချိန်မှာ တပြိုင်နက်ထဲ ဒီဘက်ကလည်း ကိုယ့်ရဲ့အမျိုးသားတွေမှာရှိနေတဲ့ အမြင်သဘောထားတွေဖြစ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာ၊ လုံခြုံရေးဆိုင်ရာကဏ္ဍတွေကို သက်ဆိုင်ရာဒေသ ကိုယ့်ရဲ့ ကရင်လူမျိုးတွေရဲ့ပါဝင်မှုထဲကနေ သဘောထားတွေ ရယူရမယ့် အခြေအနေတွေကို လုပ်ဆောင်သွားဖို့ ဖြစ်ပါတယ်။**

အလွတ်သဘော သွားရောက်တွေ့ဆုံပြီးတော့ ရှေ့ဆက်သွားမယ့် အခင်းအကျင်းကို လုပ်ဆောင်သွားဖို့ ဖြစ်ပါတယ်။ ဒီဘက်မှာက ဖြစ်နေတဲ့ အခင်းအကျင်းအရ ကိုယ့်ကရင်တွေရဲ့ အမြင်သဘောထား စုစည်းချက်တွေကို အဆင်သင့် အရံသင့် UPC မှာ တက်ရောက်ဆွေးနွေးနိုင်အောင် ကိုယ့်အောက်ခြေ မှာလည်း ကိုယ့်ကရင်ရဲ့ သဘောထားတွေကို စုစည်းရယူထားဖို့ လိုပါတယ်။ **ဒါကြောင့် တဖက်မှာ က အထက်က ခေါင်းဆောင်တွေက သူတို့ရဲ့အစီအစဉ်နဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ ဖြစ်ဖို့အတွက် ငြိမ်းချမ်းရေး ဖော်ဆောင်မှုတွေ၊ လမ်းကြောင်းတည့်မတ်ဖို့ ကြိုးစားဆောင်ရွက်နေချိန်မှာ တပြိုင်နက်ထဲ ဒီဘက်လည်း ကိုယ့်ရဲ့အမျိုးသားတွေမှာရှိနေတဲ့ အမြင်သဘောထားတွေဖြစ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာ၊ လုံခြုံရေးဆိုင်ရာကဏ္ဍတွေကို သက်ဆိုင်ရာဒေသ ကိုယ့်ရဲ့ကရင်လူမျိုးတွေရဲ့ပါဝင်မှုထဲကနေ သဘောထား တွေ ရယူရမယ့်အခြေအနေတွေကို လုပ်ဆောင် သွားဖို့ဖြစ်ပါတယ်။** တဖက်မှာတော့ PPST ရဲ့သဘောအရ အလွတ်သဘောကနေ အခြေခံပြီးတော့ UPC ကို ဆက်လက်ကျင်းပဖို့ ပြုလုပ်သွားမှာဖြစ်ပြီး UPC က ကနဦး JMC က ချမှတ်ထားတဲ့ ဧပြီအကုန် မေလဆန်းပိုင်းမှာ လျာထားသတ်မှတ်ထားပေမယ့် ဖြစ်နိုင်ချေ ရှိမရှိကိုတော့ အလွတ်သဘော ဆွေးနွေးမှုကနေ အဖြေရရှိလာမှာ ဖြစ်တယ်။ အဲဒီအပေါ်မှာ ဖြစ်ခြင်းမဖြစ်ခြင်းကတော့ အပိုင်းတပိုင်း ရှိလာမှာ ဖြစ်တယ်။ ကျွန်တော်တို့ ဒီဘက်အပိုင်းကတော့ စုစည်းရမယ့် အပိုင်းကတော့ ကျွန်တော်တို့ရဲ့ တာဝန်ဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့ဘက်မှာရှိတဲ့ လူမျိုးကိုအခြေခံပြီး ဒေသအလိုက် လူထုတွေ့ဆုံပွဲတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ရှေ့ဆက်လုပ်သွားမယ့် အခြေအနေတွေကိုလည်း သက်ဆိုင်ရာခေါင်းဆောင်တွေနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်သွားမယ့် အခြေအနေတွေ ရှိပါတယ်။ အဲဒါကတော့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲနဲ့ ပတ်သက်ပြီး ရှိနေတဲ့ အနေအထားနဲ့ ကရင်တွေရဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲရှိနေတဲ့ အနေအထားကို အကျဉ်းချုပ်ပြီး တင်ပြတာ ဖြစ်ပါတယ်။ အဲဒီအပေါ် မှာလည်း ပါဝင်နေတဲ့ KNDCC ကသော်လည်းကောင်း၊ UPDJC ကသော်လည်းကောင်း ဖြည့်စွက်ပြီး ရှင်းပြနိုင်ပါတယ်။

# CSO Forum ဆိုင်ရာ
# ကရင်လူငယ် အထောက်အကူပြုအဖွဲ့များ၏ အတွေ့အကြုံ
# ရှင်းလင်း တင်ပြခြင်း
## (လူထုတွေ့ဆုံဆွေးနွေးပွဲ၊ ဝေနော်တရာ)

**နော်မူးဖောထူး (Moderator)**

အခုကတော့ CSO Forum နဲ့ ပတ်သတ်ပြီးတော့ အနည်းငယ် ပြန်ဝေမျှချင်ပါတယ်။ ကျွန်မတို့ ဝေမျှတဲ့ ပုံစံကတော့ ကရင်လူငယ်တချို့ လုပ်ငန်းစဉ်မှာ ပါဝင်ခဲ့တဲ့ အတွေ့အကြုံတွေကို ဝေမျှချင်တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပဒိုစောလှထွန်း တင်ပြခဲ့တဲ့ အကြောင်းအရာထဲမှာ နိုင်ငံရေးဆွေးနွေးပွဲတွေထဲမှာ ကဏ္ဍ ၃ ခု ရှိပါတယ်။ ဒေသအလိုက်၊ လူမျိုးအလိုက်၊ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ ရှိပါတယ်။ အဲ့ဒီအထဲမှာတော့ CSO Forum ကတော့ အကြောင်းအရာအလိုက်ထဲမှာ ကျင်းပခွင့်ရှိတဲ့ ကဏ္ဍတစ်ခုဖြစ်ပါတယ်။ ဆွေးနွေးချက်ထဲမှာ ပါတဲ့ အတိုင်းပဲ CSO တွေက ဒေသအတွက် နိုင်ငံရေးအသင်းအဖွဲ့တွေနဲ့ သော်လည်းကောင်း၊ တိုင်းရင်းသား လက်နက်ကိုင်အသင်းအဖွဲ့တွေနဲ့ သော်လည်းကောင်း အနှောင်အဖွဲ့ကင်းတဲ့ အသင်းအဖွဲ့ ဆိုပြီးတော့ ဖွင့်ဆိုထားပါတယ်။ CSO Forum ကတော့ ပြီးခဲ့တဲ့ ညီလာခံကစပြီးတော့ သူ့ရဲ့ခေါင်းစဉ်ကတော့ သဘာဝပတ်ဝန်းကျင်၊ ပြန်လည်နေရာချထားရေးနဲ့ ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများကို ဆွေးနွေးခွင့် ရှိပါတယ်။ ဖက်ဒရယ်ဆိုင်ရာ စီးပွားရေးနဲ့ သယံဇာတဆိုင်ရာစသည်ဖြင့် အကြောင်းအရာ ၃ ခု ဆွေးနွေးခွင့် ရခဲ့ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ဒုတိယအစည်းအဝေးမှာတော့ စာတမ်းတွေ မတင်နိုင်ခဲ့ဘူး။ အခု တတိယ အစည်းအဝေးမှာတော့ စာတမ်းတွေ ပြင်ဆင်လာနိုင်တဲ့ အနေအထားကို တွေ့ရပါတယ်။ အထူးသဖြင့် ပြန်လည်နေရာချထားရေးဆိုင်ရာ ကိစ္စရပ်တွေနဲ့ ပတ်သတ်ပြီးတော့ CSO တွေက စာတမ်းတင်နိုင်ခဲ့ပါတယ်။ အဲ့လိုတင်နိုင်တဲ့အခါမှာ ဒီအရှေ့မှာ ထိုင်နေတဲ့ ညီငယ်၊ ညီမငယ်တွေက အထူးသဖြင့် ဒီစာတမ်းတင်နိုင်တဲ့အထိ ဘယ်နေရာတွေမှာ ပါဝင်ခဲ့သလဲဆိုတာကို ပြန်လည်ပြီးတော့ ဝေမျှမှာ ဖြစ်ပါတယ်။ CSO Forum ဆိုတဲ့ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကိုတော့ ပထမအကြိမ်မှာတော့ တောင်ကြီးမှာ အကြိုနဲ့ နေပြည်တော်တို့မှာ ပြုလုပ်ခဲ့ပါတယ်။ CSO Forum ရဲ့ လုပ်ငန်းစဉ် ကျင်းပတဲ့အခါမှာ ဘာကို အခြေခံထားသလဲဆိုတော့ အားလုံးသည် ရှေ့က တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းခေါင်းဆောင်တွေ ဆွေးနွေးထားခဲ့သလိုပဲ ဒီ CSO Forum ကလည်း ပြည်နယ်နဲ့တိုင်း အသီးသီးက CSO တွေကလည်း အကြိုဆွေးနွေးပွဲတွေကနေတဆင့် CSO Forum အကြောင်းအရာ အထိကို ဆွေးနွေးချင်တဲ့ အကြောင်းအရာတွေကို တင်ပြပြီးတော့ လုပ်ဆောင်တဲ့ လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါတယ်။ ပြည်နယ်နဲ့တိုင်းကတော့ သက်ဆိုင်ရာ CSO တွေနဲ့ စုဖွဲ့ထားတဲ့ အဖွဲ့အစည်းတွေက ဒီ CSO Forum အကြိုလုပ်ငန်းတွေကို ပါဝင်ပြီးတော့ ဦးဆောင်ခဲ့တယ်။ ကရင်ပြည်နယ်ကတော့

အခြားဒေသတွေထက်စာရင် CSO လုပ်ငန်းတွေကို ထဲထဲဝင်ဝင် လုပ်ဆောင်နေတာကို တွေ့ရတယ်။ တတိယအကြိမ် အစည်းအဝေး၊ အခုလာမယ့် ၂၁ပင်လုံ တတိယအကြိမ်အတွက်ကတော့ အကြို ဆွေးနွေးပွဲကို မန္တလေးမှာ လုပ်ခဲ့ပြီး နေပြည်တော်မှာ ဇန်နဝါရီ ၂ ရက်၊ ၃ ရက်မှာ ပြုလုပ်ခဲ့ပါတယ်။ အချို့တိုင်းဒေသကြီးတွေက CSO တွေလည်း အခြေအနေ အမျိုးမျိုးကြောင့် မပါဝင်နိုင်တာကို တွေ့ရပါတယ်။ ပထမအကြိမ်၊ ဒုတိယအကြိမ်နဲ့ တတိယအကြိမ်အတွက်တွေကို မှတ်တမ်းအနေနဲ့ Youth Circle က ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ Youth Circle ရဲ့ အတွေ့အကြုံလေးကိုလည်း ကြား ချင်ပါတယ်။

## နော်အယ်ဖောဝါး

ကျွန်မကတော့ ဒုတိယအကြိမ် လူမျိုးအလိုက်မှာတော့ Facilitator အဖြစ် ပါဝင်ခဲ့တယ်။ တတိယအကြိမ် ပင်လုံအတွက်တော့ CSO Forum တွေမှာ ကူညီပေးရတာတွေ ရှိပါတယ်။ Facilitation လုပ်ရတဲ့ အတွေ့အကြုံက CSO Forum မှာ ပါဝင်တာ ကရင်လူထုက နည်းတယ်။ ကရင်ပြည်နယ်ကပဲ အများဆုံးဖြစ်တယ်။ ဒါကလည်း ကရင်လူမျိုးတွေအတွက် စဉ်းစားစရာ ဖြစ်ပါတယ်။ တိုင်းနဲ့ ပြည်နယ်မှာရှိတဲ့ ကရင်လူမှုအဖွဲ့အစည်းတွေက မပါဝင်နိုင်တာက ဘာကြောင့် လဲ၊ ချိတ်ဆက်မှုပဲ အားနည်းလို့လား။ ကျွန်မတို့ တွေ့ရှိရတာက UPDJC က ချပေးလိုက်တဲ့ ခေါင်းစဉ်နဲ့ ဆွေးနွေးတဲ့အခါမှာ ကရင်လူထုကို ကိုယ်စားပြုတဲ့ CSO လို့ ပြောလိုက်တဲ့အခါမှာ ကရင်ပြည်နယ်နဲ့ပဲ ပါသွားတာ ဖြစ်တယ်။ အခြားပြည်နယ်နဲ့တိုင်းက ညီအစ် ကို မောင်နှမတွေ အနေနဲ့ သူတို့အဖြစ်အပျက်တွေကလည်း ရှိဦးမှာပဲ။ အဲ့ဒါတွေကိုတော့ မဆွေးနွေး လိုက်ရဘူး။ ကိုယ်ကတော့ Facilitation မှာ ပါဝင်နေပေမယ့် Peace Process မှာ လူထုအနေနဲ့၊ အရပ်ဖက် အဖွဲ့အစည်းအနေနဲ့ ပါဝင်ဖို့ကျတော့ တိုင်းနဲ့ ပြည်နယ်မှာရှိတဲ့ ကိုယ့်ရဲ့ အဖွဲ့အစည်းတွေ ကလည်း ပါဝင်ဖို့ လိုအပ်တာကို တွေ့ရှိရတယ်။ ဘယ်မှာ သွားကွာသွားသလဲဆိုတော့ CSOs Forum မှာ တိုင်းနဲ့ ပြည်နယ်ရဲ့ လိုအပ်မှုတွေကို ဆွေးနွေးတဲ့အခါမှာ ဖက်ဒရယ်ဆိုတဲ့နေရာမှာ အမြင်မတူမှုတွေ ရှိတယ်။ ပြည်နယ်နဲ့ တိုင်းနဲ့ ဖွဲ့စည်းပုံအရ မတူတာတွေ ရှိတယ်။ CSOs Forum မှာ ပြည်နယ်က ကရင်ပြည်နယ်သည် ကရင် CSO ဆိုပြီးတော့ တက်သွားတာတွေ ရှိတယ်။ တိုင်းက CSO တွေကျတော့ တိုင်းက ကရင် CSO တွေ တက်လာတာ မတွေ့ရဘူး။ အဲ့ဒီအခါကျတော့ ပါသွားတဲ့ စာတမ်းတွေအပေါ်မှာ ကရင် CSO တွေအနေနဲ့ တိုင်းအနေနဲ့ ဘယ်လိုများ သဘောထား ရှိသလဲတော့ မသိဘူး။ ဒါတွေသည် Facilitation လုပ်တဲ့အခါမှာ အများကြီး သတိထားမိတာ ရှိပါတယ်။ ကျွန်မတို့အားလုံး ကရင် CSOs ဆိုပြီးတော့ ကိုယ့်ရဲ့ရပိုင်ခွင့်၊ အခွင့်အရေးတွေကို စကားပြောတဲ့အခါမှာ ဒါသည် အရေးကြီးတဲ့ အချက်ဖြစ်ပါတယ်။ တိုင်းနဲ့ ပြည်နယ်နဲ့ မတူညီတဲ့ ရေမြေအနေအထားနဲ့ မတူညီတဲ့အခွင့်အရေးတွေ၊ ကိုယ်လိုအပ်တဲ့ အနေအထားကလည်း မတူညီပါဘူး။ ကျွန်မတို့ကတော့ သွားလုပ်ရင်းတော့ မြင်ရတယ်။ အခုလို မေးမြန်းလာတဲ့အခါ ကျတော့ စာတမ်းမှာ ကိုယ့်အသံပါဖို့က စိန်ခေါ်မှုတွေ ဖြစ်လာတယ်။ အရာရာတိုင်းမှာ ပြည်နယ်ကပဲ ကိုယ်စားပြုပြောတာတွေက CSO တွေရဲ့ အသံဖြစ်သွားမလား ဆိုတာကို Facilitator ဘက်ကနေ

မြင်ရတာတွေ ရှိတယ်။ ကျွန်မတို့ကတော့ အတတ်နိုင်ဆုံး လုပ်ပေးခဲ့တာတွေ ရှိတယ်။ မန္တလေးတိုင်း တစ်ခုတည်းလုပ်တဲ့ ဖိုရမ်မှာလည်း ကျွန်မတို့ ပါဝင်ခဲ့ပါတယ်။ အကြိုဖိုရမ်ကြီးနဲ့ နောက်ဆုံး နေပြည်တော် ၂ ရက်နဲ့ ၃ ရက်မှာလည်း ပါဝင်ပေးခဲ့ပါတယ်။ ဒီဖြစ်စဉ်အပေါ်မှာ CSO ရဲ့ ပြန်လည် နေရာချထားရေးနဲ့ ပြန်လည်ထူထောင်ရေးကို ဆွေးနွေးတဲ့အခါမှာ ဥပမာ ပြန်လည်နေရာချထားရေးနဲ့ ပြန်လည်ထူထောင်ရေးကို ကရင်ပြည်နယ်က ပြောသွားတဲ့အခါမှာ တိုင်းတွေက ကျူးကျော်နဲ့ ပတ်သတ် တာကို ပိုပြီးတော့ ဆွေးနွေးကြပါတယ်။ အဲ့ဒီအခါ တိုင်းတွေမှာ ကရင်လူမျိုးတွေ အများကြီး ရှိပါ တယ်။ ပြန်လည်နေရာချထားရေးနဲ့ ပြန်လည်ထူထောင်ရေးကို မဆွေးနွေးနိုင်ပေမယ့် ကျူးကျော် အကြောင်းကို ဆွေးနွေးလို့ရပါတယ်။ ဒါပေမယ့် သူရဲ့ကိုယ်စားလှယ် မပါခြင်းအားဖြင့် ကရင် CSOs အခန်းကဏ္ဍက လျော့သွားပါလိမ့်မယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ကျွန်မတို့ ပါနေတာကတော့ Facilitator ကဏ္ဍမှာ ဖြစ်တယ်။ လူငယ်အနေနဲ့လည်း ဖြစ်တယ်။ သွားချင်တဲ့ ခေါင်းစဉ်ကို Facilitate လုပ်ပေးမှာ ဖြစ်ပါတယ်။ CSOs မှာတော့ သူ့အသံပါဝင်ခြင်းဖြင့် ပါဝင်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကရင်ပြည်နယ်က ကျူးကျော်ဆိုတာကို ဆွေးနွေးလို့ ကောင်းပါ့မလားဆိုတာ စိန်ခေါ်ချက်တွေ ရှိပါတယ်။ ကျွန်မကတော့ ဒီလောက်ပဲ ရှင်းလင်းပြောကြားချင်ပါတယ်။

## ရန်နိုင်လင်း

ကျွန်တော်ကတော့ ၂၀၁၇ ပိုင်းကို နည်းနည်းပြန်ပြောချင်ပါတယ်။ ၂၀၁၇ ဒီဇင်ဘာ ၄၊ ၅၊ ၆ မှာ ကရင်ပြည်နယ် အတိုင်းအတာအနေနဲ့ ကရင်ပြည်နယ်က မြို့နယ် ၇ မြို့နယ် ရှိပါတယ်။ အဲ့ဒီက ကိုယ်စားလှယ်တွေကို မြဝတီမြို့က ဟော်တယ်မှာ ၃ ရက်တာ စာတမ်းတွေကို အကြိတ် အနယ် ဆွေးနွေးပြီး သဘောထားအမြင်တွေ ယူခဲ့တယ်။ ရည်ရွယ်ချက်က မန္တလေး အကြိုဖိုရမ်မှာ ကရင်ပြည်နယ် မြို့နယ် ၇ မြို့နယ်က ကိုယ်စားလှယ်တွေ ကျေကျေလည်လည် ဆွေးနွေးသွားဖို့ ဖြစ်တယ်။ ဆွေးနွေးတဲ့ ခေါင်းစဉ်က ပြန်လည်နေရာချထားရေးနဲ့ ပြန်လည်ထူထောင်ရေး၊ ဖက်ဒရယ် စီးပွားရေးဆိုင်ရာ ဘဏ္ဍာရေးစနစ် အခြေခံတွေကို ပြီးခဲ့တဲ့ ၂၀၁၇ ဇန်နဝါရီမှာ လုပ်သွားတဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲက စာတမ်းတွေ၊ ပအိုဝ်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲက စာတမ်းတွေကို Reference လုပ်ပြီးတော့ ၃ ရက်တာ ဆွေးနွေးတယ်။ ဆွေးနွေးပြီးတော့ ၇ မြို့နယ်ထဲက မန္တလေးကိုသွားမယ့် ကိုယ်စားလှယ် ၃၅ ယောက် ရွေးတယ်။ Fianace, Technical, Logistic, အုပ်ချုပ်ရေး အကုန်လုံး အပါအဝင် ၃၅ ယောက် ကိုယ်စားလှယ်တွေ မြဝတီ အကြိုဖိုရမ်မှာ ရွေးတယ်။ ဒီဇင်ဘာ ၂၇ မှာ မန္တလေးမှာ ၅ ရက်တာ ဆွေးနွေးကြတယ်။ ခေါင်းစဉ်က UPDJC ကချပေးတဲ့ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး၊ လူမှုဖွံ့ဖြိုးရေး ခေါင်းစဉ်အပြင် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများနဲ့ ပတ်သက်ပြီး ၅ ရက်တာမှာ အများကြီး တိုင်းနဲ့ ပြည်နယ် ၁၃ ခု ဆွေးနွေးတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မှာ ပံ့ပိုးကူညီပေးနိုင်ခဲ့တယ်။ တိုင်းနဲ့ ပြည်နယ်တော်တော်များများက အတွေ့အကြုံတွေကို ပြန်ကြည့်မယ်ဆိုရင် ကရင်ပြည်နယ်က လည်း ကရင်ပြည်နယ်စာတမ်း၊ မွန်ပြည်နယ်ကလည်း မွန်ပြည်နယ်စာတမ်း ယူလာကြတယ်။ နည်းပညာရှင်တွေနဲ့ ပြန်တွေ့တယ်။ ကျွန်တော်တာဝန်ကျတဲ့ ရှမ်းပြည်နယ်က ရှမ်းတောင်၊

ရှမ်းအနောက်၊ ရှမ်းမြောက်ဆိုပြီး စာတမ်း ၃ စောင် ပါလာတယ်။ မန္တလေး အကြိုဖိုရမ်သည် အကြောင်းအရာအလိုက် အရပ်ဖက်အဖွဲ့အစည်းများ နိုင်ငံဆွေးနွေးပွဲမှာ စာတမ်း ၃ ခုသည် သူတို့ရဲ့ တန်ဖိုးထားမှုတွေ ပါလာတယ်။ သူတို့သည် ကိုယ်စားလှယ်ဖြစ်တဲ့ အတွက်ကြောင့် သူတို့အသံတွေ အားလုံးသည် ပါကိုပါရမယ်ဆိုတာ ဖြစ်တဲ့အတွက်ကြောင့် ရှမ်းပြည်နယ်ဆိုပေမယ့် စာတမ်း ၃ ခု ဖြစ်နေတယ်။ တူညီတာကတော့ ငြိမ်းချမ်းရေးဖြစ်တယ်။ အခြားတိုင်းနဲ့ ပြည်နယ်ထက်စာရင် ရှမ်းပြည်နယ်က အရမ်းအသံထွက်တယ်ဆိုတာ သတိထားမိပါလိမ့်မယ်။ တော်တော်များများ ညှိနှိုင်းပြီးတော့ စာတမ်းထွက်လာအောင် ကျွန်တော်တို့ Facilitation Team တင်မကဘူး ကူညီပေးတဲ့ Documentation Team ကလည်း အကောင်းဆုံးဖြစ်အောင် ချိတ်ဆက်ပြီးတော့ ဆောင်ရွက်ပေးသွားတာကလည်း ကျွန်တော်တို့ လူငယ်တွေအတွက် ရင်ဘတ်ချင်းနီးတဲ့ ခံစားချက်တွေရတဲ့ အတွေ့အကြုံတွေ ဖြစ်ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် နောက်ဆက်တွဲကဏ္ဍတွေမှာ လူငယ်တွေကို တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုရှိပြီးတော့ ဘယ်လိုမျိုး နေရာပေးမလဲဆိုတာမျိုး ဖြစ်ပါတယ်။ ဒါတွေဖြစ်လာဖို့ ခေါင်းဆောင်တွေကလည်း ယုံကြည်မှုရှိပြီး တန်ဖိုးထားဖို့ လိုပါတယ်။ အဲ့လိုမျိုး နေရာပေးမှု၊ တန်ဖိုးထားမှု၊ အမျှော်အမြင်ရှိမှုတွေကြောင့် ကျွန်တော်တို့ ဒီနယ်ပယ်ထဲကို ရောက်လာပြီးတော့ ငြိမ်းချမ်းရေး ဖြစ်စဉ်ဆိုတဲ့ ကဏ္ဍမှာ ကျွန်တော်က လူငယ်တစ်ယောက်အနေနဲ့ ပါဝင်ခွင့်ရတဲ့အတွက် အရမ်းကို ဂုဏ်ယူမိပါတယ်။ အရမ်းကို ကျေးဇူးတင်ပါတယ်။

## နန်းသိုက်သိုက်ဝင်းကျော်

အရှေ့မှာလည်းပဲ CSO Forum နဲ့ ပတ်သက်တဲ့ အတွေ့အကြုံတွေ၊ ဖိုရမ်မတိုင်မီ ဖြစ်ပေါ်လာတဲ့ ဖြစ်စဉ်အဆင့်ဆင့်ကို ပြောပြသွားတာ ရှိတယ်။ ထွက်ရှိလာတဲ့ စာတမ်းတွေနဲ့ စာတမ်းတွေရဲ့ ဆက်လက်သယ်ဆောင်သွားမယ့် အခြေအနေတွေကို ပြောပြသွားတာ ရှိတယ်။ အဲ့ဒီအခြေအနေ အပေါ်မှာ ဖြည့်စွက်ချက်အနေနဲ့ Forum ၅ ရက်တာမှာ ပထမနေ့က တိုင်းနဲ့ ပြည်နယ်အလိုက် ထွက်ရှိလာတဲ့ စာတမ်းတွေကို ဖတ်ကြားတဲ့ အစီအစဉ်ရှိတယ်။ ဒီပွဲရဲ့ရည်ရွယ်ချက်က လာမယ့် ၂၁ပင်လုံမှာ စာတမ်းတင်သွင်းနိုင်ဖို့ ဆွေးနွေးတာဖြစ်ပါတယ်။ ဒုတိယနေ့မှာ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနဲ့ လူမှုဖွံ့ဖြိုးမှုအကြောင်းအရာနဲ့ ပတ်သက်ပြီးတော့ တိုင်းနဲ့ ပြည်နယ်အလိုက် အစုအဖွဲ့ချင်းစီအလိုက် အကြိတ်အနယ်ဆွေးနွေးတာတွေကို တစ်ရက်တာလုံး ပြုလုပ်ခဲ့ပါတယ်။ စာတမ်းမှာပါတဲ့ အကြောင်းအရာတွေကလည်း အရမ်းများတယ်။ တိုင်းနဲ့ပြည်နယ်က ထွက်ရှိလာတဲ့ စာတမ်းတွေကို ပြန်လည်စုစည်းပြီးတော့မှ ထွက်ရှိလာတဲ့ စာတမ်းကို အခြေခံပြီး ဆွေးနွေးတာ ဖြစ်တဲ့အတွက် အစုအဖွဲ့ချင်းမှာ တော်တော်လေး အကျေအလည် ဆွေးနွေးတာ ရှိတယ်။ ကျွန်မတို့က ပံ့ပိုးသူအနေနဲ့ တိုင်းနဲ့ပြည်နယ်အကုန်လုံးမှာ Facilitator အနေနဲ့ ပါတာတွေ ရှိတယ်။ အချို့တိုင်းနဲ့ ပြည်နယ်ကလာတဲ့ Facilitator တွေအားလုံး စုပေါင်းပြီးတော့ မတူညီတဲ့ အဖွဲ့တွေမှာ ကူညီပံ့ပိုးပေးခဲ့တဲ့ အတွေ့အကြုံတွေ ရှိပါတယ်။ တတိယနေ့အနေနဲ့ ကျန်တဲ့စာတမ်း ဖြစ်တဲ့ ဖက်ဒရယ်အခြေခံမှုကို ဆွေးနွေးတာရှိတယ်။ အချို့တိုင်းနဲ့ ပြည်နယ်တွေက မဆွေးနွေးတာတွေ ရှိတယ်။ တိုင်းနဲ့ ပြည်နယ်တစ်ခုနဲ့ တစ်ခုကြားမှာရှိတဲ့ သဘောထားနဲ့ အခြေအနေ

မတူတာတွေကို တွေ့ရတယ်။ အဲ့လိုမတူညီကြတဲ့ အခြေအနေတွေကို ပြောပြချင်ပါတယ်။ နောက်တစ်ခုအနေနဲ့ ထွက်ရှိလာတဲ့ ဆွေးနွေးချက်တွေကို သဘောထား ပြန်လည်စုစည်းတဲ့အခါမှာ ရှင်းရှင်းလင်းလင်းနဲ့ ပိုပြီးတော့ အကျေအလည်ဖြစ်အောင် သဘောတူညီချက်တွေရရှိပြီးတော့မှ စာတမ်း ၂ စောင် ရရှိတာ ဖြစ်တယ်။ စတုတ္ထနေ့မှာလည်း ပထမစာတမ်းဖြစ်တဲ့ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး စာတမ်းကို အကြေအလည်ဖြစ်အောင် သဘောထား စုစည်းတယ်။ နောက်ဆုံးနေ့မှာတော့ ဖက်ဒရယ်ဆိုင်မှာ အခြေခံမူနဲ့ ပတ်သတ်ပြီးတော့ သဘောထားယူတဲ့ စာတမ်းတွေရဲ့ ဖြစ်စဉ်ကို ပြောပြလိုပါတယ်။ ပွဲအစီအစဉ်တွေမှာ အားနည်းချက်တွေ အများကြီးရှိသလို အားသာချက်အနေနဲ့ ငြိမ်းချမ်းရေးဆိုတာနဲ့ အကုန်လုံးသွားတူနေတာကို တွေ့ရတယ်။ စာတမ်းမှာပါတဲ့ အကြောင်းအရာနဲ့ ပတ်သတ်ပြီး တချို့က စကားလုံးဆိုင်ရာ၊ ဝေါဟာရဆိုင်ရာ အငြင်းပွားမှု ရှိတယ်။ တချို့က မပြေလည်တာလည်း ရှိတယ်။ နောက်ဆုံးမှာတော့ စာတမ်းထွက်ရှိလာတဲ့အထိကို အားလုံးက လိုက်လျောပြီး ပံ့ပိုးတဲ့ အနေအထားကို ငြိမ်းချမ်းရေးအတွက် ကောင်းတဲ့အချက်ကို ဝေမျှချင်ပါတယ်။ နောက်ထပ် အားနည်းချက်အနေနဲ့ စာတမ်းတွေကို ပြန်စုစည်းတဲ့အခါမှာ မတူညီတဲ့ ဒေသကလာတဲ့ ပံ့ပိုးသူတွေက ဝိုင်းပြီး ပံ့ပိုးတာတွေရှိတယ်။ ချိတ်ဆက်လုပ်ဆောင်တဲ့အခါမှာ ဒေသအစုံဖြစ်တဲ့အတွက် အယူအဆပိုင်းဆိုင်ရာမှာ မတူညီတဲ့ ဝေါဟာရ အသုံးအနှုန်းတွေ ရှိတယ်ဆိုတဲ့ အခက်အခဲ အားနည်းချက်တွေကို ပြောပြချင်ပါတယ်။ အတတ်နိုင်ဆုံးတော့ စာတမ်းထွက်လာနိုင်တဲ့အထိ အကောင်းဆုံးတော့ ကြိုးစားနိုင်ခဲ့ပါတယ်။ ဒီမနက်မှာလည်း ပဒိုပြောသွားတဲ့အတိုင်းပဲ နိုင်ငံရေးဆွေးနွေးပွဲဆိုတာ နိုင်ငံရေးယဉ်ကျေးမှု အသစ်ဖြစ်နေတဲ့အခါမှာ ဆွေးနွေးရတာတွေ တချို့အရာတွေက ချောချောမွေ့မွေ့ သွားနိုင်တာတွေ ရှိတယ်။ တချို့အရာတွေကတော့ ဆွေးနွေးတဲ့အခါမှာ ရှေ့ဆက်မသွားနိုင်တဲ့ အနေအထားတွေလည်း ရှိပါတယ်။ ကျွန်မရဲ့ အတွေ့အကြုံ ရှင်းလင်းချက်ကို ဒီလောက်နဲ့ပဲ နိဂုံးချုပ်ချင်ပါတယ်။

# ဒေသကိုအခြေခံ၍ကရင်လူထုဆွေးနွေးပွဲ မိန့်ခွန်းများမှ ကောက်နှုတ်ချက်များ

## အရှင်စန္ဒာဝရ

**ကရင်လူထုတွေ့ဆုံဆွေးနွေးပွဲ၊ ဝေနော်တရာ၊ ထို့ကော်ကိုး**

ဒီကနေ့အခမ်းအနားက နောင်တစ်ချိန်ကျရင် ကရင်လူမျိုးများသည် လူနဲ့ မှုနဲ့၊ နိုင်ငံရေးဆိုရင်လည်း ကရင့်နိုင်ငံရေးက ဒီပုံဒီနည်း၊ စီးပွားရေး၊ လယ်ယာ ဒီပုံဒီနည်းကို ကရင်က ကြိုက်တယ်၊ ကရင်ကြိုက်တာကို ပြောပြခွင့်၊ ဆွေးနွေးခွင့်ရတာဟာ နောက်လူတွေအတွက်ကတော့ တကယ့်ရတနာထုပ်ကြီးကို ရင်ဝယ်ပိုက်ပြီး ကျေနပ်အားရ ရမယ့်လုပ်ဆောင်မှုပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယနေ့ခေတ်ဆွေးနွေးပွဲ ၂၁ပင်လုံညီလာခံသည် ကြုံကြိုက်တဲ့သူတွေက တော်တော်ပင်ပန်းခဲ့ရတယ်။ ပါဝင်ရမယ့်အခန်းကဏ္ဍတွေက မအားလပ်တဲ့ကြားထဲကနေ ပါဝင်နေကြရတယ်။ ထဲထဲဝင်ဝင် ကိုယ်ဖိရင်ဖိ ပါဝင်ခဲ့တဲ့သူတွေကတော့ တော်တော်ပင်ပန်းခဲ့မယ်။ ဒီပင်ပန်းတဲ့ရလဒ်ဟာတော့ တနေ့ကျရင် သပိတ်ဝင်အိတ်ဝင်၊ တစ်နည်းပြောရင် အခြေခံဥပဒေထဲမှာ အတိအကျပါဝင်ပြီးတော့ ကျန်ရစ်ခဲ့မယ့် သမိုင်းဖြစ်ပါတယ်။ သမိုင်းဝင်မယ့် ဖြစ်ရပ်ကို ဒီကနေ့လူတွေက အပင်ပန်းခံနေတာ ဖြစ်ပါတယ်။ ဒီလို ခေတ်အလိုက်ခေါင်းဆောင်တဲ့ ပုဂ္ဂိုလ်တွေကတော့ နောက်လိုက်တွေထက် ပိုပင်ပန်းမှာတော့ အသေအချာပဲ၊ ဒီတော့ ပင်ပန်းတာကို ပင်ပန်းတယ်လို့ သဘောမထားဘဲနဲ့ နောင်အနာဂတ်မျိုးဆက်သစ်တွေအတွက် လမ်းခင်းပေးတာပါလို့ ဗိသုကာအဖြစ်ရပ်တည်လိုက်ရင်လည်း စိတ်သက်သာရာရပြီးတော့ ပင်ပန်းရကျိုးနပ်ကြပါလိမ့်မယ်

ဘုန်းကြီးနားလည်တဲ့ စကားမျိုးနဲ့ပြောရရင် ခုလို ပြည်ထောင်စုဆွေးနွေးပွဲဆိုတာ တကယ်တော့ ညီအကိုမောင်နှမချင်း ရယူပိုင်ခွင့်ကို ခွဲတမ်းပေးဖို့ စနစ်ကို ရွေးချယ်နေခြင်းပဲ ဖြစ်တယ်။ ဒါက နားလည်ရ အလွယ်ကူဆုံးနဲ့ သဘောပေါက်လွယ်တဲ့စကား ဖြစ်ပါတယ်။ အမွေကတော့ မခွဲလို့ မရဘူး၊ ညီအကိုမောင်နှမမွေးချင်း ဖြစ်တည်လာရပြီ ဆိုကတည်းကိုက အမွေတော့ရမှာပဲ၊ ဒါပေမယ့် ဒီနေရာမှာတော့ အားကြီးသူ၊ အားနည်းသူ၊ သိသူ၊ မသိသူ၊ ထုံသူ၊ လည်သူ အဲ့အခွင့်အရေးကတော့ ဘက်မမျှဘဲ ချွတ်ချော်လွဲချော်နေတတ်တယ်။ ဒီနေရာမှာ စိတ်ကောင်းရှိရင် တော်တော် အဆင်ပြေမယ်၊ တစ်နည်းအားဖြင့် ပြောရရင် ခေါင်းဆောင်ကောင်းပေါ်မယ်ဆိုရင်တော့ တော်တော်လေး အဆင်ပြေမယ်။ ဒီတော့ ကြီးတဲ့သူတွေက ငယ်တဲ့သူတွေကို ပိုပြီးတော့ စိတ်ကောင်း နှလုံးကောင်း ထားပြီးတော့ သူ့အကျိုး ကိုယ့်အကျိုး ဘယ်ဘက်မှ အားနည်းချက်၊ အားသာချက် မရှိစေပဲနဲ့ မိသားစုစိတ်ဓာတ်အပြည့်နဲ့ ထားနိုင်ကြမယ်၊ မွေးနိုင်ကြမယ် ဆိုရင်တော့ ပြည်ထောင်စုကြီးက သာယာမြဲသာယာမှာပါ။

ကရင်အချင်းချင်း ညီညွတ်ဖို့၊ ကရင်နဲ့ အခြား တိုင်းရင်းသားများ ညီညွတ်ဖို့၊ ကရင်နဲ့ ကမ္ဘာသူ ကမ္ဘာသားများ မဟာမိတ်ဖြစ်ဖို့ လက်ချင်း နှုတ်ဆက်တဲ့ အမှတ်အသား သုံးကန့် ရှိတယ်။ ကရင်အချင်းချင်းကလည်းပဲ မဟာမိတ်လုပ်ရဦးမယ်၊ ရှိသင့်သလောက်တော့ရှိပြီ။ ဒါပေမယ့်

မခိုင်မြဲသေးဘူး ဒီထက်ပိုပြီး တွန်းအားပေးရဦးမယ်။ ကရင်နဲ့ အခြားတိုင်းရင်းသားများ မြန်မာပြည်မှာ ငါတို့တိုင်းရင်းသားအဖြစ် ဖြစ်တည်လာရတာ ဒါကသဘာဝကိုက ညီအကိုမောင်နှမ သွေးချင်းသားချင်း ဖြစ်တည်နေတယ်။ ဘယ်လိုမှ ဖယ်လို့ရှောင်လို့မရတဲ့အရာ ဖြစ်တဲ့အတွက် သူတို့နဲ့လည်း မဟာမိတ်၊ မဟာမိတ်ဆိုတာကတော့ နိုင်ငံရေး အခွင့်အရေးလည်းတူ၊ စီးပွားရေး အခွင့်အရေးလည်း တူတာမျိုး။ ကရင်နဲ့ ကမ္ဘာသူ၊ ကမ္ဘာသား အဲဒါလည်း မဟာမိတ် အကျိုးတူ စီးပွားတူလည်း လုပ်သင့်ရင် လုပ်ရဖို့ ရှိပါတယ်။ အဲဒီအားလုံးကို သိမ်းကြုံးပြီးတော့ ဖြစ်နိုင်စွမ်းကို တကယ့်ကို မှတ်တမ်းတင်ခဲ့တဲ့ ကရင်ကြိုက်တဲ့ ကရင့်နိုင်ငံရေး၊ ကရင်တန်ဖိုးထားတဲ့ ကရင်လူမှုရေး၊ စီးပွားရေး၊ မြေယာ သယံဇာတတွေကို ချပြခွင့် ဆွေးနွေးခွင့်၊ အမြင်ချင်း ဖလှယ်ခွင့်ရတာဟာ ဒီနေ့လုပ်နေတဲ့ လူတွေအတွက် ပင်ပန်းတယ်။ အဲ့ဒီပင်ပန်းတာတွေကို အနာဂတ်မျိုးဆက်သစ် အတွက်လို့ စိတ်ထား၊ နှလုံးသွင်းလိုက်ရင် ပင်ပန်းတာတွေ ပြေးပြီးတော့ ပီတိအပြုံးနဲ့ ကျေနပ် နှစ်သိမ့်နိုင်ကြပါစေ၊ ကျေနပ်နှစ်သိမ့်အောင်လည်း ကြိုးစားနိုင်ကြပါစေ။

## မန်းထိန်ဝင်းစိန်

### ကရင်လူထုတွေ့ဆုံဆွေးနွေးပွဲ၊ ဝေနော်တာရာ၊ ထို့ကော်ကိုး

NCA လမ်းပြမြေပုံမှာ အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ ပါရဲ့သားနဲ့ အောက်ခြေမှာ အမျိုးမျိုး နှောင့်ယှက်ခြင်း ခံရတယ်။ စိတ်ထဲမှာ ဘဝင်မကျဘူး။ ကရင်လူထုတွေ့ဆုံဆွေးနွေးပွဲကို အာဇာနည် နယ်မြေမှာ လုပ်ခွင့်ရတော့ ဒါဝမ်းသာစရာ။ ကျွန်တော်တို့ ရှေ့ဆက်သွားရမယ့်ခရီးက သေဆုံး သော်လည်းပဲ အာဇာနည်တွေဟာ ကျွန်တော်တို့ကို လမ်းပြတယ်လို့ ကျွန်တော်မြင်တယ်။ ခွန်အား ဖြစ်စေပါတယ်။ တိုင်းရင်းသားအားလုံး နှစ်သက်တဲ့ ပြည်ထောင်စုစစ်စစ်ကို တည်ဆောက်ဖို့ တိုင်းပြည်လွတ်လပ်ရေးရပြီး ၁၃ နှစ် ၃ လအကြာ ၁၉၆၂ ခု မတ်လ ၂၄ ရက်မှာ ရန်ကုန်ပြည်လမ်း အသံလွှင့်ရုံကနေ အဲ့ဒီတစ်ကြိမ် ဆောင်ရွက်ခွင့် ရခဲ့တယ်။ ဆောင်ရွက်ခွင့် ရခဲ့တဲ့နေရာမှာ အခွင့်ရေးတစ်ခုကို ရှေ့က တိုင်းရင်းသားခေါင်းဆောင်တွေဟာ မှန်မှန်ကန်ကန်အသုံးချပြီး ကျွန်တော်တို့ကို လမ်းပြခဲ့တယ်။ ၁၉၄၇ ခုနှစ် အခြေခံဥပဒေဟာ ဖဆပလ ပဏာမညီလာခံမှာ ချထားတဲ့ အခြေခံမူ(၄)ချက်နဲ့ မကိုက်ညီပါဘူး။ ဗိုလ်ချုပ်အောင်ဆန်း ရှိစဉ်ကတည်းက ပြောခဲ့ တယ်။ နံပါတ်(၁) လွတ်လပ်တဲ့နိုင်ငံ ဖြစ်ရမယ်။ (၂) အချုပ်အခြာ အာဏာပိုင်ရမယ်။ (၃) ဒီမိုကရစီ နိုင်ငံ ဖြစ်ရမယ်။ (၄) ပြည်ထောင်စုဖြစ်ရမယ် ဆိုတဲ့မူကို ချထားပါရဲ့နဲ့ ဗိုလ်ချုပ်အောင် ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်တွေ ကျဆုံးတဲ့အခါကျတော့ ဆွဲလိုက်တဲ့ အခြေခံဥပဒေသည် တပြည်ထောင်စနစ်ကို ရောက်သွားတယ်။ အထောက်အထားအနေနဲ့ ရန်ကုန်သမိုင်း ပါမောက္ခ Hugh Tinker ရေးတဲ့ THE UNION OF BURMA တိတိလင်းလင်း ရေးထားတယ်။ ဒါတင်မကသေးဘူး အခြေခံဥပဒေအတည်ပြုဖို့ ရှင်းလင်းတဲ့နေရာမှာလည်း ဖွဲ့စည်းပုံကို ကိုယ်တိုင်ပါဝင် ရေးဆွဲခဲ့တဲ့ ရှေ့နေကြီးဦးချန်ထွန်းကလည်း **"ဟုတ်ပါတယ် ပြည်ထောင်စုကို အာဏာလွှန်ကဲစွာ ပေးထားတယ်၊ ပြည်ထောင်စုမစစ်ပါဘူးဆိုပြီး ဝန်ခံခဲ့ပါတယ်"**။ သမိုင်းအထောက်အထား ဒီထက်ရှင်းတာ မရှိတော့ဘူး။ အဲ့လိုဖြစ်တဲ့အချိန်မှာ ကျွန်တော်တို့ ကရင်ခေါင်းဆောင် ကော်ခိုစောဘဦးကြီးနဲ့ ခေါင်းဆောင်တွေ

ဖူးထိန်မောင်လည်းပါခဲ့တယ်။ အဲ့ဒီတုန်းက ကရင်တွေရဲ့ အခွင့်အရေးကို ဒီမိုကရေစီနည်းကျကျ ၁၉၄၈ ဖေဖော်ဝါရီလ ၁၁ မှာ ဒီမိုကရေစီနည်းနဲ့ အေးချမ်းစွာ စည်းကမ်းသေဝပ်စွာနဲ့ ကမ္ဘာက ကရင်တွေကို အံ့ဩလောက်အောင် ပြခဲ့တယ်။ အဲ့ဒီအချိန်မှာ စစ်ရေးနဲ့ မဟာဗမာအစိုးရက ချေဖျက်ခဲ့တယ်။ အဲ့ဒီမှာ တစ်ကြိမ် အနှောင့်အယှက် တွေ့ရတယ်။ အခြေခံဥပဒေ အတည်ပြုပြီး နောက် အခြေခံဥပဒေ အခန်း(၁၁) မှာ ဥပဒေပညာရှင် ဦးချန်ထွန်းက တိုင်းရင်းသားတွေမပူပါနဲ့။ အခန်း(၁၁) မှာ နောင်ပြင်ဆင်ခွင့် ရှိပါတယ်။ အာဏာနည် ခေါင်းဆောင်တွေကျတာ ပူပူနွေးနွေးလေးပဲ ရှိသေးတယ်။ ဒီချိန်မှာထပြီးတော့ ညီအစ်ကို မောင်နှမတွေ ညီနောင်တွေ ရန်ဖြစ်ရင် မသင့်တော်ပါဘူး။ တစ်ယောက်နဲ့တစ်ယောက် ခဏလေး သည်းခံလိုက်ပါ။ ပြီးတာတွေပြီးပါစေတော့ဗျာ ဆိုပြီး နေလာခဲ့တာ ၁၃ နှစ်နဲ့ ၃ လကြာတော့ ပြန်လည်ပြီးတော့ ဥပဒေပြင်ဆင်ဖို့ အခန်း (၁၁) ပါ အခြေခံဥပဒေ ရပိုင်ခွင့်၊ တိုင်းရင်းသားတို့ အခွင့်အရေးကို တောင်းဆိုတဲ့အခါမှာ တောင်ကြီးမှာ ပြည်နယ်ပေါင်းစုံ ညီညွတ်ရေး ဖွဲ့စည်းတယ်။ လူ ၃၃၀ တက်တယ်။ အဲ့ထဲမှ ၂၃ ဦးကို ရွေးပြီးတော့ ဖက်ဒရယ် Seminar ကို တက်ခဲ့တယ်။ အဲ့ဒီအချိန်မှာ ကရင် ၂ ယောက် ပါပါတယ်။ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက် သန်းခေါင်ယံမှာ ဗိုလ်နေဝင်းက အာဏာထသိမ်းတယ်။ အဲ့ဒီမှာ ၁၉၄၇ အခန်း(၁၁) က တိုင်းရင်းသားတွေ ရပိုင်ခွင့်ကို ဗိုလ်နေဝင်းက ဖျက်ဆီးလိုက်တယ်။ ၁၉၅၈ မှာတစ်ကြိမ် ခုတစ်ကြိမ်နဲ့ဆို ၂ ကြိမ်ရှိသွားပြီ။ အဲ့ဒီအချိန်ကနေစပြီး တပ်မတော်ဟာ တိုင်းပြည်ကို အာဏာ လွှမ်းမိုးဖို့ အခြေခံချခဲ့တယ်။ ၁၉၅၈ ကနေ ၂၀၁၈ ပြန်တွက်ကြည့်ရင် တပ်မတော်ဟာ တိုင်းပြည်မှာ အာဏာစိုက်ထူတာ ဘယ်လောက်အမြစ်တွယ်နေပြီလဲ။ အမြစ်တွယ်ထားပြီးအခါကျတော့ ပြင်ဆင်ဖို့ သူ့မှာ အဆင်သင့် Plan A, B, C ရှိထားပြီးသား ဖြစ်တယ်။ ကျွန်တော်တို့ တိုင်းရင်းသား နိုင်ငံရေး ဟာ အရပ်သား နိုင်ငံရေး။ ၁၉၆၂ ခုနှစ်မှာ ပါတီတွေအားလုံး ဖျက်သိမ်းလိုက်တဲ့အခါကျတော့ အရပ်သားနိုင်ငံရေးဟာ မျိုးဆက် ပြတ်သွားတယ်။ ကျွန်တော်တို ကရင့်နိုင်ငံရေးဟာလည်း ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၃၁ မှာ ကမန်တော်တို့ ကရင်ရှေ့ဆောင်ဖြစ်တဲ့ KNU ကို မတရားအသင်း ကြေငြာလိုက်တာနဲ့ ကရင့်နိုင်ငံရေးဟာ ပြတ်တောက်သွားတယ်။ ၁၉၄၉ ကနေ ပြန်တွက်ရင် ကျွန်တော်တို့ ကရင်နိုင်ငံရေး ဘယ်လောက် ကင်းကွာသွားသလဲ။ ဗမာနိုင်ငံရေးသမားတွေက ၁၉၆၂ လောက်ကတည်းက ပြတ်တောက်သွားခဲ့တယ်။ အဲ့လို ပြတ်တောက်တဲ့အချိန်မှာ စစ်အာဏာရှင်စနစ်ကို ၁၉၇၄ ဥပဒေ ၂၀၀၈ ဥပဒေနဲ့ သေသေချာချာ ခိုင်မာအောင်လုပ်ခဲ့တယ်။ အဲ့လိုလုပ်ထားတဲ့အခါကျတော့ ငြိမ်းချမ်းရေးတံခါး ဖွင့်ပေးလိုက်တယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေက နိုင်ငံရေး ဖြတ်တောက်ခံရတဲ့အတွက်ကြောင့် Plan A မဖြစ်ရင် ဘာလုပ်ရမလဲ မသိဘူး။ အခက်အခဲဖြစ်တယ်။ မနေ့က ဗိုလ်မှူးကြီး စောကျော်ညွန့် ဆွေးနွေးတာကိုလည်း ကျွန်တော်တို့ နားလည်ပေးပါတယ်။ ကျွန်တော်တို့က စောင့်နေရတာနဲ့၊ လျော့ရတာနဲ့၊ အဲဒီ ကာလတွေ ကြုံတွေ့ခဲ့ရတယ်။ အဲ့လိုဆိုတော့ မနက်က ပဒိုကွယ် ပြောသွားတယ်။ လုပ်လို့မဖြစ်ရင် ဒီအတိုင်း ထိုင်နေမလား။ ဖြစ်တဲ့နည်းနဲ့ ကြိုးစားလိုက်ပါ။ အဲ့ဒီစကားကိုလည်း ကျွန်တော်ပြောပါမယ်။ ဒီအတိုင်းထိုင်နေရင် အနှစ် ၅၀ ကျော် အာဏာရှင်က ဒီလောက်ထုထည်ကို တည်ဆောက်ထားပြီးတော့ ဘယ်တော့ပျက်မလဲ။ ဒီအတိုင်း ထိုင်စောင့်နေရင်။ ကျွန်တော်တို့ကိုတောင် ကျေးဇူးတင်အုံးမယ်။

ဖြစ်နိုင်တဲ့နည်းကို ကျွန်တော်တို့ ရှာကြရမယ် ဆိုတဲ့အခါကျတော့ ကနေ့ ကော်သူးလေနယ်၊ အာဇာနည်နယ်မြေမှာ လုပ်လို့ရတယ်၊ ကျွန်တော်တို့ကို ခွန်အားဖြစ်စေတယ်။

KNDCC အနေနဲ့ ကနေ့ ဘုရားကျောင်းမှာ ကျွန်တော်တို့ စည်းဝေးထိုင်တယ်။ လုပ်မဖြစ်သေးတဲ့ ဒေသတွေ ကျွန်တော်တို့ ဘယ်လိုလုပ်မလဲပေါ့။ လုပ်တဲ့နေရာ သွားလုပ်မယ်ဆိုပြီး ဆုံးဖြတ်ချက် ကျလာတယ်။ တစ်ခုတော့ ရှိတယ်။ ဒါကို ပေါ့ပေါ့တန်တန်တွေးရင် ပေါ့ပေါ့တန်တန် ဖြစ်သွားမယ်။ ဗမာစကားတစ်ခုရှိတယ်။ လုပ်သလိုမဖြစ်ရင် ဖြစ်သလို လုပ်မယ်ဟော့ ဆိုတဲ့ စကား ဖြစ်တယ်။ အခု ကျွန်တော်တို့ ထိန်းချုပ်နယ်မြေမှာလုပ်တယ်။ သွားလုပ်တယ်ဆိုတာက ကိုယ်လုပ်ချင်တဲ့နေရာမဖြစ်လို့ ဖြစ်သလို သွားလုပ်မှာ မဟုတ်ဘူး။ အဲ့တာကို ကျွန်တော်တို့ နားလည်ဖို့ လိုတယ်။ ဖြစ်သင့်တာထက် ပိုပြီးဖြစ်ထွန်းအောင် သွားလုပ်တာလို့ ခေါင်းထဲမှာရှိဖို့ လိုတယ်။ အဲလိုသွားတဲ့အခါကျတော့ လမ်းခရီးတွေ ငွေကြေးကုန်ကျမှု အခက်အခဲတွေ ပါသင့်ပါထိုက်တဲ့လူတွေ အားလုံး ပါချင်မှပါမယ်။ သို့သော် သွားခွင့်ရတဲ့လူတွေက ကိုယ့်နယ်ပယ်က ကရင်လူထုတွေရဲ့ ရင်ထဲမှာ ဘာရှိသလဲ။ ခံစားချက်တွေ ဘာရှိသလဲ။ စုဆောင်းသယ်ဆောင်ပြီး ယူသွားရမှာ ဖြစ်တယ်။

နောက်တစ်ခုက ဖက်ဒရယ်နဲ့ပတ်သက်တာ ပြောချင်တယ်။ ဖက်ဒရယ်မှာလည်း အစားစားရှိပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပြီးနောက်ပိုင်း စစ်အေးကာလမှ အမျိုးသားလှုပ်ရှားမှု National Liberation Movement ဖြစ်တယ်။ ဘယ်လိုမှ အတူတူနေလို့ မရရင် ခွဲထွက်ရမှာပဲ ဖြစ်တယ်။ ဥပမာ– ဆိုဗီယက်ယူနီယံဟာ သမိုင်းဆရာတွေက ဖရဲသီးကျကွဲသလို အစိတ်စိတ်အမွှာမွှာ ခွဲထွက်ကုန်ကြတယ်။ လူဦးရေ ၅၀ ရာခိုင်နှုန်းရှိတဲ့ ရုရှား၊ လူဦးရေ ၁.၅ ရာခိုင်နှုန်းရှိတဲ့ ဘောလတစ် ပြည်နယ်များက ခွဲထွက်တဲ့အခါ လူဦးရေ ၅၀ ရာခိုင်နှုန်းရှိတဲ့ ရုရှားက ဘာမှမတတ်နိုင်ဘူး။ ဒါကို ကြည့်ခြင်းဖြင့် ဒီမိုကရေစီ တော်လှန်ရေးထက် အမျိုးသား တော်လှန်ရေးက ပိုပြီး အဓိကကျပါတယ်။ ပြီးခဲ့တဲ့ ရွေးကောက်ပွဲတစ်ခုမှာ နိုင်ငံရေးပါတီက ကိုယ်စားလှယ်တစ်ယောက်က ဒီမိုကရေစီရရင် ဖက်ဒရယ်ရသယောင်နဲ့။ ဒီလိုမဟုတ်ပါဘူး။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ဟာ ဒင်္ဂါးတပြားရဲ့ ခေါင်းနဲ့ပန်းပဲ ဖြစ်တယ်။ ကမ္ဘာမှာ နိုင်ငံအမျိုးအစား ၃ ခုရှိတယ်။ ၃ ခုရှိတာ လူမျိုးကိုတော့ Nation လို့ခေါ်တယ်။ နိုင်ငံကိုတော့ State လို့ခေါ်တယ်။ လူမျိုးဘာသာ တမျိုးထဲနေတာ Nation State. ဘာသာတူ၊ စကားတူ၊ စာတူ။ နောက်တစ်ခု State Nation. မူလနေထိုင်သူတွေအပြင် နောက်မှလာတဲ့သူ ပေါင်းနေတယ်။ ဥပမာ– အမေရိကန်၊ ဩစတေးလျ။ နောက်တစ်ခုက Third Nation State. အမျိုးဘာသာ တူသော်ငြားလည်း နိုင်ငံတစ်ခုမှာ မဟုတ်ဘူး။ နိုင်ငံ ၂ ခု ၃ ခုမှာ သွားနေကြတယ်။ ဥပမာ– မြောက်ကိုးရီးယား၊ တောင်ကိုးရီးယား။ ဟိုတုန်းက တောင်ဗီယက်နမ်၊ မြောက်ဗီယက်နမ်။ ခုတော့ ပြန်ပေါင်းသွားပြီ။ အရှေ့ဂျာမဏီ၊ အနောက်ဂျာမဏီ ခုတော့ ပေါင်းသွားပြီ။ နောက်တစ်ခုက Multi Nation State. အဲ့တာက နိုင်ငံတစ်ခုတည်းမှာ လူမျိုးများစွာ စုပေါင်းနေထိုင်ကြတယ်။ အဲဒါက ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ တူတယ်။ အိန္ဒိယ၊ ယူကေ။ အဲလို လူမျိုးစုံနေထိုင်တဲ့တိုင်းပြည်မှာ သတိထားစရာတစ်ချက်က ဘာလဲ။ လူမျိုးတစ်မျိုးက လူမျိုးတစ်မျိုးကို လွှမ်းမိုးရင် အဲ့ဒီတိုင်းပြည်မှာ တည်ငြိမ်မှုမရှိဘူး။ အချုပ်အခြာအာဏာ အာမခံချက် မရှိဘူး။

အဲဒါကြောင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ထမင်းစား ရေသောက်လို အမြဲပြောနေတဲ့ အဖွဲ့အစည်း တစ်ခုက ပြည်ထောင်စုစစ်စစ်သာ လုပ်လိုက်ရင် ခင်ဗျားတို့ပြောတဲ့ ပြည်ထောင်စု မပြိုကွဲစေရဘူး။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲစေရဘူး။ အချုပ်အခြာအာဏာ မယိမ်းယိုင်စေရပါဘူး။ ပြည်ထောင်စုစစ်စစ် မဖြစ်ဘဲနဲ့ ဒီ ၃ ခုကိုပဲ စိုးရိမ်ပါတယ်၊ လိုက်ထိန်းချုပ်နေလို့ လူဦးရေ ၅၀ ရာခိုင်နှုန်းရှိတဲ့ ရှရှားတောင်မှ ၁.၅ ရာခိုင်နန်းရှိတဲ့ လူတွေကို နယ်မြေခွဲပေးလိုက်ရတာကို ဒါသာဓကတွေ ရှိပါတယ်။ အဲ့ဒီတော့ တည်ငြိမ်တိုးတက်တဲ့ လူဦးရေအများကြီးစုနေတဲ့ နိုင်ငံဟာ ဘယ်လိုနေရမလဲ။ ဒီနေ့ ပြောနေကြတဲ့ စာတမ်းတွေဖတ်နေကြတဲ့ Federalism စနစ်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့သည် အမေရိကန်တို့လို နဂိုရှိနေတဲ့သူရဲ့ နောက်မှပြောင်းလာတာ မဟုတ်ဘူး။ ကျွန်တော်တို့က နဂိုမူလကတည်းက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ကျွန်တော်တို့ လူမျိုးကြီး ၈ မျိုးက အတူတူ နေလာကြတာ ဖြစ်တယ်။ အဲ့ဒီလူမျိုးတွေဟာ တစ်မျိုးနှင့်တစ်မျိုး အနိုင်မကျင့်ဘဲနဲ့ မလွှမ်းမိုးဘဲနဲ့ တူန်းတူရည်တူ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသော ဖက်ဒရယ် ပြည်ထောင်စုစနစ် ဖြစ်ဖို့လိုတယ်။ ကျွန်တော်တို့သွားမယ့် ဖက်ဒရယ်သည် ဘယ်လို ဖက်ဒရယ်မျိုးကို သွားမှာလဲ။ လူမျိုးတစ်မျိုးသည် National Identity မပျောက်ဖို့ လိုပါတယ်။ တိုင်းပြည် ချမ်းသာရုံနဲ့ မပြီးဘူး။ သူ့လူမျိုး ဂုဏ်သိက္ခာ၊ သူ့စကား ထိန်းသိမ်းမှု၊ သူ့ယဉ်ကျေးမှု ထိန်းသိမ်းမှု လုပ်ရပါမယ်။ ကျွန်တော်တို့သွားမယ့် Federalism ဟာ ဒါမျိုးဆိုတာ နောင်ကာလ နောင်ဒေသမှာ ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ဟာ လူတန်းစား အဖွဲ့အစည်း အမျိုးမျိုး လာပါ တယ်။ ပါတီအမျိုးမျိုးက လာပါတယ်။ ပြည်ထောင်စု မပြိုကွဲအောင်၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲအောင်၊ အချုပ်အခြာ ခိုင်မြဲအောင် ပြည်ထောင်စုစစ်စစ်ကို လုပ်လိုက်စမ်းပါ။ ကျေးဇူးတင်ပါတယ်။

### Fr. **သိန်းခင်**

### (တနင်္သာရီတိုင်းဒေသကြီး ကရင်လူထုတွေ့ဆုံဆွေးနွေးပွဲ)

အပြောင်းအလဲတစ်ခုကို လုပ်ဆောင်တဲ့အခါမှာ change သည် အခြေတစ်ခုမှသည် တစ်ခုသို့၊ အတွေးအခေါ် တစ်ခုမှသည် နောက်အတွေးအခေါ်တစ်ခုသို့ ပြောင်းလဲလိုတဲ့ စိတ်ဆန္ဒတွေ သည် ကိန်းအောင်နေကြပါတယ်။ ဒါပေမယ့် ဒီထက်ကောင်းတာက transform ဖြစ်တယ်။ အတွင်းအပြင် အားလုံးကို ပြောင်းလဲနိုင်မှသာလျှင် ပြီးပြည့်စုံတဲ့ ပြောင်းလဲမှုတစ်ခုကို ပြောင်းလဲ နိုင်မှာ ဖြစ်တယ်။ အပေါ်ယံသာပြောင်းပြီး အတွင်းအပြင် မပြောင်းလဲနိုင်ခဲ့ဘူးဆိုရင် conflict တွေ ဆက်ဖြစ်နေမှာ ဖြစ်တယ်။ အရွေ့တစ်ခုအတွက် အင်အားသည် လူထုမှာ ရှိပါတယ်။ လူထုအမြင် ရှင်းလာမယ်၊ အသိတရား ပြည့်ဝလာမယ်ဆိုရင် ရွေ့လိုတဲ့ပုဂ္ဂိုလ်အတွက် နောက်လိုက်နောက်ပါ အင်အားတစ်ခု ဖြစ်လာပါလိမ့်မယ်။ တကယ်လို့ ရွေ့လိုတဲ့သူက အာဏာရှင်ဆန်ဆန် ရွေ့လိုတာ ရွေ့ခဲ့မယ်ဆိုရင် ဒီအရွေ့ကလည်း ရွေ့လာမှာ မဟုတ်ပါဘူး။ ဒါသည် နှစ်ပေါင်းမြောက်မြားစွာ ကျွန်တော်တို့ ကျော်ဖြတ်ခဲ့ရတဲ့ အရွေ့တစ်ခု ဖြစ်တယ်။ တကယ်လို့ ငါသည် ဒီအရွေ့ထဲမှာ

မပါချင်သေးဘူး မလုပ်ချင်သေးဘူးဆိုရင် ဒီအရွေ့သည် နောက်ကျခဲ့မှာ ဖြစ်ပါတယ်။ ဒါကြောင့် စိတ်အေးအေးထားပြီး မှန်မှန်ကန်ကန် တွေးခေါ်စဉ်းစားပြီး အရွေ့ခံရတဲ့ လူတန်းစားတစ်ရပ်အနေနဲ့ ဘယ်လို ပူးပေါင်းပါဝင်မလဲဆိုတာ အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေထိုင်ဖို့က အရေးကြီးသလို ရွေ့တဲ့သူကလည်း မိမိဘယ်လိုမျိုး ရွေ့ချင်တယ်၊ သွားချင်တယ်၊ လာချင်တယ်၊ သေသေချာချာ ပြောခဲ့လို့ရှိရင် အရွေ့အပြောင်းတစ်ခုသည် ဝမ်းမြောက်ဝမ်းသာစရာတစ်ခု ဖြစ်သလို အားတက်စရာ အကြောင်းတွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် အရွေ့ခံရတဲ့ပုဂ္ဂိုလ်က ဒီနေရာမှာ အရေးကြီးလာတယ်။ အမှန်တကယ်ဆိုရင် ဒီမိုကရေစီက အရွေ့ခံရတဲ့ လူတန်းစားတွေဆီက စတင်ပေါ်ပေါက်လာခဲ့ရမှာ ဖြစ်တယ်။ ဒါကြောင့် အရွေ့ခံရတဲ့ လူတန်းစားထဲမှာ မိမိရဲ့ ခံယူချက်၊ ခံစားချက်၊ မိမိရဲ့ အတွေ့အကြုံ အားလုံးအပေါ်မှာ စုပုံပြီးနောက် ဒီနေ့ ကျွန်တော်တို့ လိုချင်တဲ့အရွေ့ကို ရွေ့ဖို့က ကျွန်တော်တို့ ပြည်သူလူထုလက်ထဲမှာ ရှိတယ်ဆိုတာကို ပြောလိုခြင်းဖြစ်တယ်။ ဗမာပြည်ကို ပြန်ကြည့်လိုက်ရင် ကျွန်တော်တို့ ရွေ့ချင်တာသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စု ပေါ်ပေါက်လာရေးပဲ ဖြစ်တယ်။ ဒါပေမယ့် ဒီမိုကရေစီဆိုသော ဝေါဟာရနှင့် ဖက်ဒရယ်ဆိုသော ဝေါဟာရကို ရွေ့မည့်သူနှင့် အရွေ့ခံရသည့်သူများသည် သေသေချာချာ နားလည် သဘောပေါက်ရန် လိုတယ်။ သို့ပေမယ့် တချို့သည် ဖက်ဒရယ်သည် ခွဲထွက်တာ ပေါင်းစည်းတာ စသည်ဖြင့် ကိုယ့်ရပ်တည်ချက်အပေါ် အဓိပ္ပာယ်ဖွင့်ဆိုကြခြင်းဖြင့် အရွေ့ခံရသည့်သူများကို အမြင်တိမ်းစေတယ်၊ စောင်းစေပါတယ်။ ဒါကြောင့် ရွေ့မည့်သူနှင့် အရွေ့ခံသူများသည် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို သေသေချာချာ သိရှိနားလည်ထားခြင်းဖြင့် လိုချင်သည့်ပန်းတိုင် ဒီမိုကရေစီလား၊ ဖက်ဒရယ်လားဆိုတာကို စဉ်းစားနိုင်မှာ ဖြစ်တယ်။ တစ်ချိန်တစ်ခါက ကျွန်ုပ်တို့သည် စစ်မြေပြင်မှာ စစ်တိုက်နေကြတယ်၊ ယနေ့မှာ စားပွဲခုံပေါ်မှာ စစ်တိုက်နေတာ ဖြစ်တဲ့အတွက် အမြင်ရှင်းဖို့အတွက် တွေးခေါ်မှုရှင်းဖို့အတွက် ပွင့်လင်းမြင်သာဖြစ်ဖို့ အတွက်က အရေးကြီးလာပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ရွေ့တဲ့အချိန်မှာ အရေးကြီးဆုံး အချက် ၄ ချက်ကို တင်ပြပါရစေ။

(၁) ရိုးသားမှု၊ ဖြောင့်မတ်မှု၊ တည်ကြည်မှု၊ သစ္စာရှိမှု။ (ဒီအခြေခံရှိရင် ပေါင်းစည်းနိုင်ပါတယ်၊ ရွေ့နိုင်ပါတယ်။)

(၂) ရည်ရွယ်ချက် (ရည်ရွယ်ချက်သည် သန့်ရှင်းရမယ်၊ စင်ကြယ်ရမယ်။)

(၃) လုပ်နိုင်စွမ်း (dialogue သည် ညီတူမျှတူ ဖန်တီးနိုင်ရမယ့်အရာ ဖြစ်တယ်။ လုပ်နိုင်စွမ်း၊ ကိုင်နိုင်စွမ်းကိုလည်း တဖြည်းဖြည်းမြှင့်တင်သွားဖို့ လိုတယ်။)

(၄) အဖြေ (ဘာပဲလုပ်လုပ် အဖြေမထွက်တဲ့အလုပ်သည် အားလုံးကို အနှောင့်အယှက် ဖြစ်စေတယ်။)

ဒါကြောင့် ငြိမ်းချမ်းရေး ခရီးလမ်းသည် တချိန်မဟုတ်ရင်တစ်ချိန် အဖြေထွက်ဖို့ ကြိုးစားရပါမယ်။ အစည်းအဝေးပဲလုပ်လုပ် ဘာပဲလုပ်လုပ် အဖြေတစ်ခုထွက်ရန် လိုတယ်။ အားလုံးပဲ သဘောပေါက် နားလည်စွာနဲ့ စည်းစည်းလုံးလုံးနဲ့ သွားမယ်ဆိုရင် လိုချင်သည့် ပန်းတိုင်ကို ဧကန်မုချ ရောက်ရှိမည် ဖြစ်ကြောင်း ... ။

### ပဒိုစောဆာပိတု
### (တနင်္သာရီတိုင်းဒေသကြီး ကရင်လူထုတွေ့ဆုံဆွေးနွေးပွဲ)

နိုင်ငံရေး စစ်တိုက်မယ်ဆို ဘိတ်ထားဝယ်ခရိုင်မှာ နိုင်ငံရေးတိုက်စစ်မှူး ရှာမယ်ဆို တိုက်မယ့်သူ မရှိသလောက် ဖြစ်ပါတယ်။ စစ်ရေး တိုက်စစ်မှူးဆိုရင် ရွေးထုတ်လို့ရတယ်။ ဒါတွေ ဘာကြောင့်ဖြစ်ပေါ်ရလဲဆိုရင် ဓလေ့ထုံးတမ်းအရ ဖြစ်ကောင်းဖြစ်မယ်။ ကျွန်တော်တို့ကရင်မှာ ယှဉ်ပြိုင်ချင်စိတ် မရှိဘူး။ ဒါကြောင့် ခေါင်းဆောင်ဖြစ်လိုစိတ်လည်း နည်းတယ်။ ခေါင်းဆောင် မလုပ်ချင်ရင် သူများခေါင်းဆောင်တာကို ခံရမှာဖြစ်တယ်။ ပွဲမတိုး၊ အတွေ့အကြုံ မရှိတာတွေ ကလည်း မအောင်မြင်မှုတွေကို ဖြစ်စေတယ်။ မကောင်းတဲ့ ဝသီအကျင့်တွေကို မေ့ပစ်ပြီး ယှဉ်ပြိုင်ချင်စိတ် ကြိုးစားချင်စိတ် ရှိရမယ်။

နှစ်ပေါင်း ၆၀ ကျော်အကြောင်းအရာတွေကိုတော့ လွယ်လွယ်နဲ့ ဆွေးနွေးလို့ပြီးမှာ မဟုတ်ဘူး။ ဒီမှာထိုင်နေတဲ့သူအားလုံးဟာ အများအတွက် လာထိုင်ပေးခြင်း ဖြစ်တယ်ဆိုတာကို ရိုးရိုးသားသား ခံယူဖို့ လိုပါတယ်။ အခုလို စာတမ်းတွေကို လာပြီး ဖတ်ပြ ဆွေးနွေးပေးတဲ့ ခေါင်းဆောင်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီလိုဆွေးနွေးပွဲကို KNU ဦးဆောင်တာ မဟုတ်ပါဘူး။ အားလုံးက အတူ ဦးဆောင်ကြတာ ဖြစ်ပါတယ်။ ဒီလို အစီအစဉ်က ဒီတခုတည်းနဲ့ ပြီးမှာ မဟုတ်ပါဘူး။ နောက်နောင်လည်း ရှိအုံးမှာ ဖြစ်ပါတယ်။ ပထမဆုံး ဖြစ်ပေမယ့် နောက်ဆုံးအကြိမ် မဟုတ်ဘူး ဆိုတာ သိစေချင်ပါတယ် ...

### စောဂျူဗလီစံလှ
### (ရန်ကုန်တိုင်းဒေသကြီး ကရင်လူထု တွေ့ဆုံဆွေးနွေးပွဲ)

ပထမအချက်အနေနဲ့ တင်ပြလိုတာက ကရင်လို့ပြောရင် အဲလိုပြန့်ကျဲနေတဲ့ ကရင်တွေရဲ့ အခြေအနေ။ ကရင်ထုက သုံးထုရှိတယ်။ ပထမထုကတော့ တရားဝင်ရထားတဲ့ ကရင်ပြည်နယ် ဖြစ်တယ်။ ဒုတိယထုကတော့ လက်ရှိငြိမ်းချမ်းရေး ပြောဆိုနေကြတဲ့ ကရင်လက်နက်ကိုင်ထု ဖြစ်တယ်။ တတိယထုကတော့ ငါးတိုင်းပြည် (မွန်နှင့် ကယားပြည်နယ်၊ ဧရာဝတီ၊ ပဲခူးနှင့် တနင်္သာရီ တိုင်းဒေသကြီး) မှာရှိနေတဲ့ ကရင်တွေ ဖြစ်တယ်။ ဒီထုသုံးထုရဲ့ အနေအထားက ကရင်ဖြစ်သော်လည်း သူတို့ရဲ့ ခံစားချက်၊ လက်တွေ့စိတ်ထား၊ လိုအပ်တဲ့အပိုင်းတွေက သီးခြားရှိတယ်။ ကရင်ပြည်နယ်မှာ ဖြစ်ပျက်နေတဲ့ဟာက နှစ်ပေါင်း ၇၀ ဖြစ်တယ်။ ကရင်ပြည်နယ် ပြင်ပမှာရှိတဲ့ ငါးတိုင်းပြည်ဖြစ်တဲ့ ကရင်တွေနဲ့ မတူဘူး။ အဲဒီချိန်မှာ ကရင်ရဲ့အကြောင်းအရာတွေက မတူကြဘူး။ မတူကြတဲ့အခါမှာ တစ်ချို့ကလေးတွေကတော့ သိပ်အတွေ့အကြုံ နည်းတယ်။ ခေါင်းထဲမှာ သိပ်နားမလည်ကြဘူး။ ဒီထုသုံးထုကို ကျွမ်းကျင်ဖို့ လိုတယ်။ ဒီသုံးထုရဲ့စိတ်ထားက သီးခြားချက် ရှိသော်လည်း ကရင်ဆိုတဲ့ဟာကို စုတဲ့စိတ်ဓာတ်က ပြင်းပြနေတဲ့ဟာကို စနစ်တကျ ဒီထုသုံးထု ရဲ့ အသံကို ညီညွတ်ရယူတတ်ဖို့ လိုပါတယ်။

ဒုတိယအချက်က ကရင်ကျောင်းသူ၊ ကျောင်းသားတွေက ဗမာတွေနဲ့ ယှဉ်ပြီးတော့

ဘယ်လောက် နေနိုင်သလဲ၊ ဘယ်လောက် တွဲလုပ်နိုင်သလဲ၊ ကျွန်တော်တို့ ပြန်ပြီးတော့ စီစစ်စေချင်ပါတယ်။ ခုတက္ကသိုလ်မှာ ပါမောက္ခစာရင်းထဲ ကျွန်တော်ကြည့်လိုက်တာ ကရင်တစ်ယောက်မှ မပါဘူး၊ ဌာနမှူး မပါဘူး၊ တက္ကသိုလ်နဲ့ ကရင်ကျောင်းသားတွေနဲ့ဝေးနေရင် ပညာရေးမှာ ကရင်ဘယ်မှာ နေတာလဲဆိုတာက ကျွန်တော်ရှင်းပြလိုပါတယ်။ ပညာတတ်နည်းတဲ့ လူမျိုးဟာ တဖြည်းဖြည်းနဲ့ ပျောက်ကွယ်သွားမှာ ဖြစ်တယ်။ လူငယ်ဆွေးနွေးပွဲ အများကြီး လုပ်ကြတယ်။ လူငယ်ဆွေးနွေးပွဲမှာ ကျွန်တော်တို့ ကရင်လူငယ်တွေ ဘယ်နှစ်ယောက်ပါနေသလဲ၊ ပိုင်ပိုင်နိုင်နိုင် ပြောနိုင်တဲ့ ကျွန်တော်တို့ ကရင်တွေ ဘယ်နှစ်ယောက်ပါသလဲ၊ အဲဒီနယ်ပယ်မှာ ကျွန်တော်တို့ ပါဝင်ခဲ့ခြင်း မရှိရင်တော့ ကျွန်တော်တို့ ကရင်လူငယ်တွေဟာ ဗမာပြည်မှာ မရှိတော့ရင် ကျွန်တော်တို့ လုပ်နေတဲ့ 'အား'ဟာ ရှိပါ့မလားဆိုတာကို လူကြီးတွေကိုလည်း ကျွန်တော်ပြောချင်ပါတယ်။ ကရင်လူငယ်တွေ မင်းတို့နေရာ မင်းတို့ပြန်ယူပါ၊ မင်းတို့မယူရင် ငါတို့ကရင် နိုင်ငံကြီးဟာ ရှေ့တိုးဖို့ဟာ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေမှာဖြစ်တယ်။တတိယအချက်ကတော့ ဗမာတွေနဲ့ ဖြစ်တဲ့ နာကြည်းမှုတွေက မပျောက်ရင် ကျွန်တော်တို့ ဆက်လုပ်တဲ့အရာ မှန်သမျှ အရာရောက်မှာ မဟုတ်ဘူး။ နာကြည်းမှုတွေက လုပ်သူနှင့် လုပ်ခံရသူရဲ့ကြားမှာ ဖျောက်ဖျက်ဖို့ဟာ ကျွန်တော်တို့ အချိန်ယူရတယ်။ နှစ်ယောက်စလုံး သတ္တိရှိရမယ်။ တောင်းပန်ရဲသလို ခွင့်လွှတ်ရဲရတယ်။ ဒါမျိုးတွေဟာ ကျွန်တော်တို့ ထပ်သွားရအုံးမယ်လို့ ကျွန်တော်ထင်တယ်။ ဒါကို ကျွန်တော်တို့ ဘယ်လို ဖျောက်ဖျက်ရမလဲဆိုတာ အရေးကြီးတဲ့အချက် ဖြစ်တယ်။ ဒါကတော့ ခွင့်လွှတ်ခြင်း၊ သည်းခံခြင်း၊ ဆိုတဲ့ဟာကိုပဲ တန်ဖိုးထားဖို့ ဖြစ်တယ်။ ခွင့်လွှတ်ခြင်းနဲ့ သည်းခံခြင်းတရားက ဒီဟာတွေကို မစိုးပိုင်ဘူးဆိုရင် နာကြည်းမှုပေးတဲ့သူကလည်း စိတ်မချမ်းသာသလို၊ နာကြည်းခံရတဲ့သူကလည်း စိတ်မချမ်းသာပါဘူး။ အဲလိုဆို ဒီနိုင်ငံမှာ ကျွန်တော်တို့လိုချင်မျှော်လင့်တဲ့ ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ရေးဆိုတဲ့ ငြိမ်းချမ်းရေးက ဝေးနေအုံးမှာ ဖြစ်တယ် … ။

**မန်းမင်းရဲထွေး**

**(ရန်ကုန်တိုင်းဒေသကြီး ကရင်လူထုတွေ့ဆုံဆွေးနွေးပွဲ)**

ကျွန်တော်တို့ကရင်လူမျိုးတွေမှာ မတူကွဲပြားမှုတွေ အများကြီး ရှိပါတယ်။ စကား အားဖြင့် မတူကွဲပြားမှု၊ ကိုးကွယ်ယုံကြည်မှု အားဖြင့်မတူ ကွဲပြားမှုနေရာဒေသအားဖြင့် မတူကွဲပြားမှုတွေ ကြားထဲကနေပြီးတော့ ကျွန်တော်တို့တွေ ငြိမ်းချမ်းရေးကို အရင်းခံပြီးတော့ မကြာခဏ တစ်စုတစ်စည်း တွေ့ဆုံမှုတွေ တွေ့ရတာ ဝမ်းသာစရာ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့အတွက် အကျိုးရလဒ်ကောင်းတွေရှိတယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဒီမတူကွဲပြားမှုတွေကမှ စပြီးတော့ ကျွန်တော်တို့တွေက ပေါင်းစည်းညီညွတ်ရေးဆီ သွားရမယ့်လမ်းကြောင်းကို လျှောက်လှမ်းကြရမယ် အားလုံးရည်ရွယ်ချက်တူ လမ်းကြောင်းတူနဲ့ ကရင်တစ်မျိုးသားလုံး စည်းလုံးညီညွတ်ခြင်း ကရင်တစ်မျိုးသားလုံးရဲ့ ရပိုင်ခွင့် မျှော်မှန်းချက်တွေကို ကြွရောက်လာကြတဲ့ ပုဂ္ဂိုလ်တွေ အားလုံးကနေပြီးတော့ ရည်မျှော်ပြီးတော့ ကရင်လူထု တွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်လာကြတယ်။

ဒီမတူကွဲပြားမှုတွေကနေ ကျွန်တော်တို့လိုချင်တဲ့ ပန်းတိုင်ရောက်အောင် ကျွန်တော်တို့တွေ

ဆွေးနွေးကြ မယ်၊ ညှိနှိုင်းကြမယ်၊ တိုင်ပင်ကြမယ် ရှေ့ဆက်ကျွန်တော်တို့ လုပ်ငန်းစဉ်တွေ ဆက်လုပ်ကြမယ် သွားကြမယ် ဆိုတဲ့ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရခြင်း ဖြစ်ပါတယ်။ ဒီတော့ မတူကွဲပြားမှုမှသည် ပဋိပက္ခဆီသို့ မဖြစ်အောင်ဆိုတာကတော့ အင်မတန် အရေးကြီးပါတယ်။

ကျွန်တော်တို့ ကရင်လူမျိုးတွေက ကိုယ့်အချင်းချင်း ပဋိပက္ခကတော့ သိပ်ကြီးကြီးကျယ်ကျယ် မရှိပါဘူး။ မတူကွဲပြားမှုမှသည် ပဋိပက္ခ၊ ပဋိပက္ခမှသည် သွေးထွက်သံယို၊ သွေးထွက်သံယိုမှသည် စစ်ပွဲ ဆိုပြီး မကောင်းတဲ့ဘက်ကိုသွားတဲ့ အခြေအနေမျိုး မရောက်အောင် ကျွန်တော်တို့အားလုံး ဝိုင်းဝန်းပြီးတော့ ညီညီညွတ်ညွတ်နဲ့ လုပ်ဆောင်ကြရမှာ။

Unity and Diversity ဆိုတဲ့ ဒီမိုကရေစီရဲ့ပြယုဂ်။ မတူကွဲပြားမှုမှသည် ညီညွတ်ခြင်းဆီသို့ဆိုတဲ့ ဆောင်ပုဒ်ကလေးဟာ အင်မတန်မှ လှပါတယ်။ ဒီမိုကရေစီ နိုင်ငံတွေမှာဆိုရင် အဲဒီနည်းနဲ့ စတင်ပြီးတော့ တည်ထောင်ကြရတယ်၊ ပြုလုပ်ကြတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကရင်လူမျိုးတွေကလည်းပဲ မတူကွဲပြားမှုတွေ ရှိတယ်။ မတူကွဲပြားမှု ရှိတာတွေကို ကျွန်တော်တို့က အားယူပြီးတော့ ဒီကနေ့ သွားရမယ့်လမ်းကြောင်း ကျွန်တော်တို့ ကရင်လူမျိုးတွေရဲ့ ရပိုင်ခွင့်တွေ ရည်မှန်းချက်တွေကို ပြည့်မှီအောင် တက်ရောက်လာကြတဲ့ ကရင်လူမျိုးတွေ အားလုံးမှာ တာဝန်ရှိပါတယ်။ ဆက်လက်လုပ်ဆောင်ရပါမယ် အခက်အခဲတွေလည်း ရှိပါမယ်။ စိန်ခေါ်မှုတွေလည်း အများကြီးရှိပါတယ်။ ဒါတွေကို ကျော်လွှားပြီးတော့ ကျွန်တော်တို့ သွားရမယ့်လမ်းက ညီညီညွတ်ညွတ်နဲ့ နားလည်မှုရှိရှိနဲ့ သွားမှသာလျှင် ကိုယ်လိုချင်တဲ့ လမ်းကိုရမှာဖြစ်ပါတယ်။

နောက်တစ်ခုက ငြိမ်းချမ်းရေး ရမှသာပဲ လူထုဖွံ့ဖြိုးတိုးတက်မှုရှိမယ်၊ ဒီငြိမ်းချမ်းရေး ဆိုတာဘာလဲ။ ငြိမ်းချမ်းရေးဆိုတာ မေတ္တာတရားနဲ့ တည်ဆောက်ရမည့်အရာ ဖြစ်တယ်၊ အနက်အဓိပ္ပာယ်က စေးကပ်ခြင်းပဲ။ စေးကပ်မှုဆိုတာ ချစ်ခြင်းပဲ။ ချစ်ခြင်းမေတ္တာရှိမှ စေးကပ်မှု ရှိမယ်၊ စေးကပ်မှုမရှိရင် ပေါင်းစည်းမှုမရှိဘူး ပေါင်းစည်းမှုမရှိရင် တစ်ကွဲတစ်ပြားစီ ဖြစ်မယ်။ တစ်ကွဲတစ်ပြားစီဖြစ်ရင် ညီညွတ်မှု ရှိပါ့မလား၊ ဒီတော့ စေးကပ်တဲ့ သဘောရှိတာက မေတ္တာပဲ၊ စေးကပ်မှ စည်းလုံးမယ်။ ကောက်ညှင်းရဲ့သဘောပါပဲ။ ကောက်ညှင်းက စည်းကပ်မှ လုံးလို့ရမယ်။ စည်းလုံးတယ်ဆိုတာ ကောက်ညှင်းကလာတယ်။ ကျွန်တော်တို့ကရင်တွေရဲ့ ကောက်သစ်စားပွဲ ဟာလည်း ကောက်ညှင်းကို အခြေခံထားတယ် ဆိုတယ်။ မေတ္တာရဲ့သဘော စေးကပ်တဲ့ သဘောပဲ။

ငြိမ်းချမ်းရေးဆိုတာလည်းပဲ မတူကွဲပြားတဲ့ သဘောတရားရှိတဲ့သူ အားလုံးကို စေးစေး ကပ်ကပ်ဖြစ်အောင် မေတ္တာသဘောဆောင်ပြီးတော့ ငြိမ်းချမ်းရေးကို ကျွန်တော်တို့ သွားကြရမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာ စစ်ပွဲတွေ ပစ်ခတ်တာတွေ ရပ်ကြမှ ငြိမ်းချမ်းရေး မဟုတ်ပါဘူး။ ကိုယ်နေထိုင်ရာဒေသတွေမှာ ကိုယ့်ဘာသာ ယုံကြည်မှုရှိရမယ်။ အစစအရာရာ လုံခြုံမှုရှိရမယ်။ ပညာသင်ကြားတဲ့နေရာမှာ စီးပွားရှာတဲ့နေရာမှာ ကျန်းမာရေး စတာတွေ ကောင်းမွန်နေမှ ဖြစ်မှာပါ။ ဒါတွေ မကောင်းဘူးဆိုရင် ငြိမ်းချမ်းရေးရှိမှာ မဟုတ်ပါဘူး။

နောက်တစ်ခါ ငြိမ်းချမ်းရေးကို တည်ဆောက်တဲ့နေရာမှာ လူမျိုးအလိုက်၊ တိုင်းရင်းသား အလိုက် သူ့ရဲ့ကိုယ်ပိုင်ပြဌာန်းခွင့်နဲ့ တန်းတူညီမျှမှုတွေ ရှိမှသာလျှင် ကျွန်တော်တို့က လက်တွဲလို့ ရမယ်။ နိုင်ငံတော်ကြီးကို တိုးတက်အောင် တည်ဆောက်လို့ရမယ်။ အားလုံးဝိုင်းဝန်း ပါဝင်ရမယ်။ အဲလိုမှမဟုတ်ရင် ဒီတစ်ဦးက အခွင့်အရေးယူ တစ်ဦးက အခွင့်အရေးမရ။ အခွင့်အရေး မရတဲ့သူက ဖွံ့ဖြိုးရေးမှာ ပါဝင်မလာ။ အခွင့်အရေးရတဲ့သူကလည်း သူ့ကိုယ်ကျိုးစီးပွားအတွက်ပဲ သွားတယ်။ ဒါကြောင့် ကျွန်တော်တို့က ပဋိပက္ခတွေ ဖြစ်လာတယ်။

မြန်မာနိုင်ငံကြီးကို ဗမာတစ်မျိုးတည်း တည်ဆောက်လို့မရဘူး။ ကရင်တစ်မျိုးတည်း လည်း တည်ဆောက်လို့ မရဘူး၊ ရှမ်းတစ်မျိုးတည်းလည်း တည်ဆောက်လို့မရဘူး၊ တိုင်းရင်းသား တစ်မျိုးတည်းနဲ့ တည်ဆောက်လို့မရဘူး။ အားလုံး ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းတည်ဆောက်ရမှာ ဖြစ်ပါတယ်။ အဲလိုတည်ဆောက်မှသာလျှင် ညီညွတ်တဲ့ နိုင်ငံကြီးတစ်နိုင်ငံဖြစ်တယ်။ လူမျိုးတစ်မျိုး ကနေပြီးတော့ အခွင့်အရေး အထူးယူပြီးတော့ သူတစ်မျိုးတည်းကနေ ခြယ်လှယ်နေမယ်ဆိုရင် ကျန်တဲ့ တိုင်းရင်းသားတွေက လက်ခံမှာမဟုတ်ဘူး။ အဲဒါဆိုရင် ပဋိပက္ခက ဖြစ်နေမှာဖြစ်တယ်။ ပဋိပက္ခမှသည် သွေးထွက်သံယို ဖြစ်မယ်။ စစ်ပွဲတွေဖြစ်လာမယ်ဆိုတော့ ဘယ်တော့မှ ညီညွတ်မှာ မဟုတ်ဘူး၊ အဲတော့ကား ငြိမ်းချမ်းရေးရှိမှသာလျှင် လူမှုဘဝဖွံ့ဖြိုး တိုးတက်မယ်။

ငြိမ်းချမ်းရေးကို နိုင်ငံရေး စားပွဲဝိုင်းမှာ စတင်မယ်။ Political Dialogue တဲ့။ ဒီနေ့ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆိုတာက အထက်ကနေပြီးတော့ အောက်ခြေအဆင့်ထိ အဆင့်ဆင့် ကျွန်တော်တို့ ကရင်အမျိုးသားကနေပြီးတော့ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ တွေ။ အဲမှတစ်ဆင့် ဒေသအလိုက် နိုင်ငံရေးဆွေးနွေးပွဲတွေ လာဦးမယ်။ အဲတော့ကား နိုင်ငံရေး ဆိုတာ တရုတ်ခေါင်းဆောင် မော်စီတုန်းကပြောတယ် **'နိုင်ငံရေးဆိုတာ သွေးမထွက်တဲ့စစ်၊ စစ်ပွဲဆိုတာ သွေးထွက်တဲ့ နိုင်ငံရေး'** လို့ သူက ပြောတယ်။ ကျွန်တော်တို့ စဉ်းစားကြည့်တယ်။ စစ်တော့ စစ်ပဲ။ စစ်ပွဲလည်း နိုင်ငံရေးပဲ – နိုင်ငံရေးလည်း စစ်ပွဲပဲ ဖြစ်နေတယ်။ ဒီနေ့ နိုင်ငံရေးစားပွဲဝိုင်းကို သွား နေတော့ သွေးမထွက်တဲ့ နိုင်ငံရေးကိုသွားနေတဲ့ ပုံစံသဘောမျိုးကိုတော့ ပြောနေကြတယ်ပေါ့။

ဒီတော့ စစ်ပွဲတစ်ပွဲမှာလည်း သူ့ဗျူဟာတွေ အမျိုးမျိုးရှိတယ်၊ မဟာဗျူဟာ၊ နည်းဗျူဟာ စသည် အားဖြင့်ပေါ့။ စစ်ပွဲမှာ ခင်းကျင်းရတဲ့ သေနင်္ဂဗျူဟာတွေ အများကြီးရှိသလိုပဲ နိုင်ငံရေးမှာ လည်း ထိုနည်းၪင်းပဲ ဆိုတော့ နိုင်ငံရေးကိုသိမြင် နားလည်ရမယ်။ နိုင်ငံတော် တည်ဆောက်ရေး ကိုလည်း ပြုလုပ်ရမယ်။ နိုင်ငံရေးသဘောတရား နိုင်ငံတော် တည်ဆောက်ရေးကိုလည်း နားလည်ရ မယ်။ နိုင်ငံရေး နည်းဗျူဟာ စစ်ရေးဗျူဟာမှအစ ကျွန်တော်တို့က သိမြင်နားလည်မှသာလျှင် နိုင်ငံရေးဆိုတဲ့ သွေးမထွက်တဲ့ စစ်ကို ကျွန်တော်တို့က ဆင်နွှဲနိုင်မှာ ဖြစ်တယ်။

ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးသမား သုံးမျိုးရှိတယ်။ ပထမက အပျော်တမ်း နိုင်ငံရေး သမား၊ နောက်တစ်ခုကတော့ အာဏာနိုင်ငံရေး၊ နောက်ဆုံးတစ်ခုက တကယ်နိုင်ငံရေးသမားကောင်း စစ်စစ်ဆိုတာ Professional Politician လို့ခေါ်ပါတယ်။ လူငယ်တွေအားလုံးသည် Professional Politician တွေဖြစ်အောင် ကြိုးစားကြပါ။ ဒါမှသာလျှင် ကိုယ့်လူမျိုးကို ကာကွယ်နိုင်မယ်။ ကိုယ့် နိုင်ငံကို ကယ်တင်နိုင်မယ်။ အရေးကြီးပါတယ်။ လူငယ်တွေ နိုးနိုးကြားကြားနဲ့ အမျိုးသားကို

ချစ်တဲ့ စိတ်နဲ့ ကိုယ့်နိုင်ငံကိုချစ်တဲ့ စိတ်နဲ့ Professional Politician ဆိုတဲ့ တကယ့်ကျွမ်းကျင်တဲ့ နိုင်ငံရေးသမားကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစားကြပါ။

# အမေးအဖြေကဏ္ဍ

## NCA ဆိုင်ရာ

**အမေး**

**နော်ဆန်းလွင် (KWU အရပ်ဖက်အမျိုးသမီးအသင်း)**

ကျွန်တော်တို့ KWU အရပ်ဖက်အမျိုးသမီးအသင်းကပါ။ ... အခုက နိုင်ငံရေး ဆွေးနွေးပွဲကလည်း မလုပ်နိုင်ဘူး၊ အပစ်ကလည်း မရပ်နိုင်ဘူးဆိုတော့ ကျွန်တော်တို့ NCA ကို ယုံလို့ရသေးလား မသိဘူး။ ... ကျွန်တော်တို့ NCA ကို အားကိုးချင်တယ်။ အားကိုးလို့ မရဘူးဆိုရင်လည်းပဲ ပိုပြီးတော့ တန်ဖိုးရှိတဲ့ အသစ်တစ်ခုကို လိုလားပါတယ်။

**အဖြေ**

**ပဒိုစောကွယ်ထူးဝင်း (KNU Vice-Chairperson)**

ပထဦးဆုံး KWU က အမျိုးသမီးရဲ့ တင်ပြတဲ့အပေါ်မှာ ကျနော်ဖြေကြားချင်တာက ကရင်အမျိုးသားတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေး ဘယ်နည်းလမ်းနဲ့ သွားဖို့လဲဆိုတာကို NCA ထက်ပိုပြီးတော့ မရှိသေးတဲ့ အနေအထားဖြစ်တယ်။ NCA က လက်မှတ်ရေးထိုးပြီးတဲ့ နောက်ပိုင်းမှာ တကယ့်ကို ငြိမ်းချမ်းသွားမယ်– အဲလို မဟုတ်ပါဘူး။

ကျွန်တော်တို့က **ရန်သူကို အပြတ်ရှင်းပြီးတော့ အသေသတ်ရတဲ့၊ ဖြတ်ရတဲ့ နှစ်ပေါင်း ၆၀ ကျော် ဆောင်ရွက်မှုတွေအပေါ်မှာ မုန်းတီးမှုတို့ မယုံကြည်မှုက တော်တော်နက်နဲတယ်။ ပြောရမယ်ဆိုရင်တော့ လူမျိုးရေး မုန်းတီးမှု ကျွန်တော်တို့ ဖန်တီးထားတယ်၊ သဘောတရား သွင်းထားတယ်။ ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် တစ်ဖက်ကလည်း သောင်းကျန်းသူ အဖျက်သမား ဆိုပြီး အစိုးရက ဝါဒဖြန့်ထားတယ်။ ကျွန်တော်တို့တောထဲမှာရှိတဲ့အဖွဲ့ခေါင်းဆောင်တွေကလည်းဗမာဆိုတာယုံရတာမဟုတ်ဘူး။ ရန်သူဆိုတာ ဘယ်တော့မှ ကတိတည်တာ မဟုတ်ဘူး။ ကျွန်တော်တို့က ရန်သူနဲ့ တစ်ဖက်နဲ့တစ်ဖက် နှစ်ပေါင်း ၆၀ကျော် တိုက်လာတာကနေပြီးတော့ ဒီလက်နက်ကိုင် ပဋိပက္ခတွေကို သိက္ခာရှိရှိနဲ့ ချုပ်ငြိမ်းပြီးတော့ ပဋိပက္ခဖြစ်ရတဲ့ အကြောင်းအရင်းတွေကို နိုင်ငံရေးအရ ဆွေးနွေးသွားမယ်လို့ သဘောတူညီချက်နဲ့ လုပ်နေတာဖြစ်တယ်။**

ယုံကြည်တာ မယုံကြည်တာ တစ်ပိုင်းထား၊ လုပ်သင့်တာကို လုပ်ရမှာ ဖြစ်တယ်။ လက်ထပ်ပြီးတဲ့ လင်မယားက ရန်မဖြစ်ဖူးတဲ့ လင်မယားရှိလား မသိဘူး။ ချစ်ပြီးမှ ယူကြတာ။ ကျွန်တော်တို့က တိုက်ပြီးမှ ပစ်ခတ်ရပ်စဲရေးလုပ်တာ ဖြစ်တယ်။ ကြားထဲမှာ ပဋိပက္ခတွေ ရှိနေမှာပဲ ဖြစ်တယ်။ ဒါက သဘောတရားအနေနဲ့ ပြောပြတာ ဖြစ်တယ်။ **လူသားတွေပါ။ အပြတ်ရှင်းမယ်ဆိုတာနဲ့ ကျွန်တော်တို့ကို သင်လာခဲ့တာ ဖြစ်တယ်။ သို့သော်လည်းပဲ ဒီနည်းလမ်းနဲ့ ရှင်းလို့မရဘူးဆိုတာ မြင်လာတဲ့အပေါ်မှာ ဒီလက်နက်ကိုင်ပဋိပက္ခတွေကို သိက္ခာရှိရှိနဲ့ ချုပ်ငြိမ်းပြီးတော့ နိုင်ငံရေး ဆွေးနွေးပွဲကို သွားမယ်။** တိုက်ပွဲဆိုတာက အတွေ့အကြုံ ရှိနေတယ်။ သို့သော်လည်းပဲ နိုင်ငံရေး ဆွေးနွေးပွဲက လုပ်နေကျ မဟုတ်ဘူး။ အစိုးရကလည်း သူ့အုပ်ချုပ်မှု အတွေ့အကြုံပဲ ရှိတယ်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းအနေနဲ့ ငြိမ်းချမ်းရေးကိစ္စတွေက စဉ်းစားရမှာများတယ်။ NCA ကို

ပစ်ထားပြီး ရှာမယ်ဆိုရင်တော့ ဘယ်နှစ်နှစ် ထပ်ကြာအုံးမလဲ၊ ဘယ်နှစ်နှစ် ထပ်တိုက်ရအုံး မလဲ မသိဘူး။ ခုလောလောဆယ် ရခဲ့တဲ့ဟာတွေ ကောင်းအောင် ဘယ်လိုလုပ်မလဲဆိုတာကို ကျွန်တော်တို့ နားလည်ရမယ်။ ချက်ချင်းနဲ့ ငြိမ်းချမ်းသွားမယ်၊ ချက်ချင်းနဲ့ ယုံကြည်သွားမယ်ဆိုတာ မဖြစ်နိုင်ဘူး။ နှစ်ဖက်စလုံးက ဖောက်လာရင်တော့ သွားမှာပဲ ဖြစ်တယ်။ မဖောက်အောင်လို့ ကြိုးစားနေတာ– ခုက။ ဒါက ပြည်သူတွေရဲ့ အကျိုးအတွက် ကရင်အမျိုးသားတွေအတွက်ပဲ ဖြစ်တယ်။

ကျွန်တော်တို့ ပြည်ထောင်စုမှာ ပြည်ထောင်စု မပြိုကွဲရေးဆိုတာက ကျွန်တော်တို့ ဖက်ဒရယ် အော်ကတည်းကကို ကွဲဖို့ မဟုတ်ဘူး။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ ကျွန်တော်တို့ ဒီနိုင်ငံမှာ ရှိနေတယ်၊ ဒီနိုင်ငံသားလို့ ခံယူတယ်ဆိုကတည်းက ဒီနိုင်ငံရေးနဲ့ ကျွန်တော်တို့ ဆိုင်သလားဆိုတာကို စဉ်းစားရမှာ ဖြစ်တယ်။ ဒီနိုင်ငံပြိုကွဲဖို့အတွက်ဆို ကျွန်တော်တို့ ဖက်ဒရယ်သုံးစရာ မလိုဘူး။ ကရင်ပြည်ကို တိုက်၊ ကာကွယ်၊ လွတ်လပ်ရေးတောင်း၊ Independent လုပ်။ ကျွန်တော်တို့ တောင်းရမယ်။ ခုကျွန်တော်တို့ အဲလိုမလုပ်နိုင်တဲ့အတွက်ကြောင့် သုံးတဲ့ စကားလုံးတွေကလည်း အကျိုးကိုလည်း မလျော့ဘူး။ ဒါပေမယ့် ဒီအပေါ်မှာ အခြေခံပြီးတော့ ဆွေးနွေးရတယ်။ သေသေချာချာ လေ့လာကြည့်ပါ။ နိဒါန်းမှာ ရှိပါတယ်။ ဖက်ဒရယ်ကို တည်ထောင်ရင် လိုအပ်မယ့်အချက်တွေ။ **ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေး** ဆိုတဲ့အချက်တွေလည်း ပါပါတယ်။ ပြည်နယ်အတွင်းမှာ သူ့ရဲ့ ပြည်နယ် ဖွဲ့စည်းပုံ အခြေခံဥပဒေရှိဖို့အတွက် ကျွန်တော်တို့ လွှန်ခဲ့တဲ့ ညီလာခံတုန်းက အဲဒါကို သဘောတူထားတာ ရှိတယ်။ သို့သော်လည်းပဲ ခွဲမထွက်ရဆိုတဲ့အချက် ကျွန်တော်တို့ လက်မခံတဲ့အတွက် အပေးအယူလုပ်တဲ့အပေါ်မှာ အဲလိုဖြစ်တယ်။ ဒါကို **ကျွန်တော်တို့ဘက်က ပြည်ထောင်စု ခွဲမထွက်ရ ဆိုတဲ့စာသား ကျွန်တော်တို့ လက်မခံဘူး။ လက်မခံတဲ့အပေါ်မှာ တစ်ဖက်က နားလည်ထားတာက ဒါဆို ခွဲထွက်ပိုင်ခွင့် ရှိတယ်ဆိုတဲ့ သဘောဖြစ်နေတယ်။ ပြည်ထောင်စု ပြောကတည်းကိုက ဘယ်လိုသွားခွဲထွက်မှာလဲ၊ ဒါပေမယ့် သူ့ရဲ့လုပ်ပိုင်ခွင့်၊ သူ့ရဲ့ကိုယ်ပိုင် ပြဌာန်းခွင့် ဖြစ်တဲ့ သူ့ရဲ့ပြည်နယ်မှာ ဖွဲ့စည်းပုံ ရှိရမယ်ဆိုတဲ့အပေါ်မှာ ညှိနှိုင်းမှု မပြီးသေးရင် ဆက်လက်ညှိနှိုင်းမယ်။** အားမရတာတို့၊ မကျေနပ်တာတို့ အဲဒီအပေါ်မှာ ရှိလားဆိုတော့ ရှိတယ်။ လက်တွေ့မှာလည်း ဒီလိုဖြစ်နေတယ်။ နှစ်ပေါင်းများစွာ ပဋိပက္ခဖြစ်လာတဲ့ အမုန်းတရားမှ အခြေခံပြီးဆောင်ရွက်လာတဲ့ လုပ်ငန်းကို ကျွန်တော်တို့က ချစ်ခြင်းတရားနဲ့ ဘယ်တော့မှ ချက်ချင်းလုပ်လို့ မရဘူး။ ဒါက လက်တွေ့ပကတိ အနေအထား ဖြစ်တယ်။ အားနည်းချက်တွေ ရှိတယ်၊ ပြုပြင်ရမယ်။ အဓိပ္ပာယ် ကောက်ယူမှုက မတူဘူး။ ဒီလက်နက်ကိုင် ပဋိပက္ခကို ချုပ်ငြိမ်းဖို့အတွက် ဆောင်ရွက်နေတဲ့အတွက်ကြောင့် NCA မှာ ရေးသားချက်တွေက အဓိပ္ပာယ် ကောက်ယူမှုတွေကို ကျွန်တော်တို့ ခရစ်ယာန်တွေလိုပဲ။ ကျမ်းစာကတော့ တကယ့်တမန်တော်တွေ ရေးကြတာပဲ။ ဖတ်တဲ့လူတွေကလည်း ဖတ်ပြီးတော့ ပုံစံအမျိုးမျိုးနဲ့ ရှိခိုးကြတာပဲ ဖြစ်တယ်။ NCA လည်း အဲလိုပဲ။ လူသားတွေရေးပြီးတော့ သဘောတူညီမှု ယူထားတာ ဖြစ်တယ်။ သို့သော် တစ်ချို့တွေက နားလည်မှုက မတူတော့ အဲဒီမှာ ပဋိပက္ခတွေဖြစ်တယ်။ ပြည်စုံမှုတော့ မရှိဘူး။ သို့သော်လည်း ဒါထက်ကောင်းအောင် Process အပေါ်မှာ မူတည်ပြီးတော့ လုပ်သွားဖို့တော့

စီစဉ်ရတယ်။ အတွေ့အကြုံတော့ မရှိဘူး။ တချို့နိုင်ငံတွေက ကျွန်တော်တို့နိုင်ငံရဲ့ Peace Process က တစ်ခြား နိုင်ငံထက် ပိုရှုပ်ထွေးတယ် ပြောကြတယ်။ အဖွဲ့ကလည်းများ၊ အမြင်ကလည်းမတူ၊ ရည်မှန်းချက်ကလည်းကွာ၊ ဒါကြောင့် စုစည်းရတာ တော်တော်ခက်ပါတယ်။ **ဒါထက်ကောင်းတဲ့ လုပ်ဆောင်ရမယ့်နည်းကို အကြံပေးနိုင်ရင်လည်း ကောင်းပါတယ်။ ကျွန်တော်တို့ လုပ်သွားမှာ ဖြစ်တယ်။** ဒါကတော့ ကျွန်တော်တို့လုပ်တဲ့ အနေအထားဖြစ်တယ်။ အားမရတာတွေ ရှိမယ်၊ အားနည်းချက်တွေ ရှိမယ်၊ သို့သော်လည်း ဒါထက်ပိုမိုကောင်းမွန်တဲ့ဟာကို ရှာမတွေ့သေးတဲ့ အချိန်မှာ ဒါကိုစွန့်ပစ်ပြီးတော့ အသစ်တစ်ခုထပ်ရဖို့ မနည်းညှိရမယ် ထင်တယ်။ နှစ်ပေါင်း ၆၀ ကျော် တိုက်လာပြီးတော့ ညှိလို့ရလာတဲ့ စာချုပ်လေး၊ ပထမဆုံးရလာတဲ့ သဘောတူညီမှု၊ မပြည့်စုံဘူးဆိုရင် နောက်ထပ်ဘယ်နှစ်နှစ် ထပ်တိုက်ပြီးတော့ ထပ်တောင်းပြီးတော့၊ ထပ်ပြီးတော့ ညှိပြီးတော့ ရမလဲမသိဘူး။ ခုလောလောဆယ် ဒါကိုတော့ ပြည့်စုံအောင် ကျွန်တော်တို့ စဉ်းစားရမှာ ဖြစ်တယ်။

## UPDJC ဆိုင်ရာ

**အမေး**

### နော်အုန်းလှ (ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ်)

NCA ဆိုတာ ၂၀၀၈ နဲ့ မပတ်သက်ဘူးလို့ NCA မှာပါတဲ့ အဖွဲ့တော်တော်များများက ပြောကြပါတယ်။ ဒါပေမယ့်လို့ လက်ရှိသွားနေတဲ့ လမ်းကြောင်းက ၂၁ ပင်လုံကနေ လွှတ်တော်ကို နောက်ဆုံးသွားမှာ ဖြစ်တဲ့အတွက် ၂၀၀၈ ကိုသွားတာနဲ့ အတူတူပဲ။ NCA လမ်းကြောင်းက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဆွေးနွေးအဖြေရှာရာမှာ အဆင်မပြေတော့ဘူး။ မျှော်လင့်သလို ဖြစ်မလာတော့ဘူးဆိုရင် ကျွန်မတို့ အသစ်သွားဖို့ နည်းလမ်း ရှာမလား၊ အဟောင်း သွားမလား ...

### စောကျော်ဇွာ (ကရင်ပြည်နယ် ကိုယ်စားလှယ်)

NCA ကိုတော့ ပြင်လို့မရဘူးဆိုတာကို အားလုံးက လက်ခံတယ်၊ ဒါပေမယ့် နိုင်ငံရေး ဆွေးနွေးမှု မူဘောင်ကို ညှိနှိုင်းပြင်ဆင်လို့ ရပါတယ်လို့ ပြောတဲ့အတွက်ကြောင့် ကြွရောက်လာတဲ့ UPDJC ကိုယ်စားလှယ်များနဲ့အတူ တိုင်းရင်းသားပါတီ ခေါင်းဆောင်များ၊ တော်လှန်ရေး ခေါင်း ဆောင်များ ကျွန်တော်တို့ ကရင်အမျိုးသားပန်းတိုင်သို့ ရောက်ရှိနိုင်မယ့် နိုင်ငံရေးမူဘောင် ရရှိဖို့ အတွက် UPDJC အစည်းအဝေးမှာ ညှိနှိုင်းပေးကြပါ၊ တိုက်တွန်းပေးကြပါ။

### နန်းစေအွာ (ကရင်ပြည်နယ် ကိုယ်စားလှယ်)

နိုင်ငံရေးဆွေးနွေးပွဲမှာ ဦးဆောင်ဆွေးနွေးခွင့်ရတဲ့ EAO ခေါင်းဆောင်တွေနဲ့ ကရင်ပါတီ ခေါင်းဆောင် ၆ ဦးပါဝင်တာ သိရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ သို့သော်လည်းပဲ ဒီအတည်ပြုထားပြီးဖြစ်တဲ့ ၃၇ ချက်ထဲမှာ၊ ကျွန်မတို့ ၂၀၁၆ တစ်နှစ်ပတ်လုံးအပြင်၊ ၂၀၁၇

ဇန်နဝါရီလအထိ ကျွန်မတို့ကရင်လူထုတွေ ပါဝင်ဆွေးနွေးခဲ့တဲ့ ခေါင်းစဉ်တွေ တစ်ခုချင်းစီကို ၃၇ ချက်မှာ ဘယ်နှစ်ချက် ပါဝင်သလဲဆိုတာကို ဒီလိုလူထုတွေ့ဆုံပွဲမျိုးတွေမှာ စိတ်ရှည်လက်ရှည်နဲ့ ပြန်လည်ချပြ ရှင်းလင်းပေးဖို့ပါ။

**အဖြေ**

**ဗိုလ်မှူးကြီး စောကျော်ညွန့်** (UPDJC)

မေးမြန်းပေးသွားတဲ့ ကိုယ်စားလှယ်များ အားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော်က UPDJC အဖွဲ့ဝင်တစ်ဦးဖြစ်ပေမယ့် ကျွန်တော်ဖြေကြားတဲ့ အရာတွေက လူကြီးမင်းတို့ လိုလားချက်တွေနဲ့ မတိုက်ဆိုင်တာတွေ သဘောတစ်ထပ်တည်း မဖြစ်တာတွေ ရှိခဲ့ရင် နားလည် ခွင့်လွှတ်ပေးဖို့ ကြိုပြီးမေတ္တာရပ်ခံပါတယ်။ ပထမဆုံးအနေနဲ့ NCA စာချုပ် ဖြစ်ပါတယ်။ NCA စာချုပ်က လပေါင်း ၂၂ လကြာ ရေးဆွဲခဲ့တဲ့ NCA စာချုပ်က NCCT ခေတ်ကတည်းက ရေးဆွဲခဲ့တာ ဖြစ်ပါတယ်။ အဲ့တုန်းက ကျွန်တော်တို့ မပါခဲ့သေးပါဘူး။ NCA ရဲ့ အခြေခံမူ အချက်(၁) ထဲမှာ ခုနခေါင်းဆောင်ကြီးပြောတာ မှန်ပါတယ်။ ဒီ့တာဝန် အရေးသုံးပါး ဒီအရာကြီးက ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ကျွန်တော်တို့ တိုင်းရင်းသား ပြည်သူလူထုအတွက် နားထောင်လို့မကောင်းတဲ့ အရာတစ်ခု ဖြစ်တယ်။ **ဒီ့တာဝန် အရေးသုံးပါး ရေးခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ ငါတို့ကို နှစ်ပေါင်းများစွာ နှိပ်ကွပ်ခဲ့တဲ့ စစ်အာဏာရှင် အစိုးရဖြစ်တဲ့အတွက်ကြောင့် သူရေးတဲ့ အချက်တွေက ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ ကျွန်တော်တို့အတွက် တော်တော်လေး နားခါးခဲ့တယ်။** ဒါပေမယ့်ဘာဖြစ်လို့ NCA စာချုပ်ထဲမှာ ပါလာတာလဲ။ NCA ကို အကြမ်းလုပ်တဲ့ NCCT မှာတော့ ကျွန်တော် မပါ ပါဘူး။ အဲ့တုန်းက လုပ်ခဲ့တဲ့ ခေါင်းဆောင်တွေရဲ့ ပြန်ပြောချက်အရ သူတို့ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲ၊ **ငါတို့ရဲ့အချက်သုံးချက်မပါရင် မင်းတို့လိုချင်တဲ့ ဒီမိုကရေစီအရေး၊ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အချက်တွေလည်းမပါရဘူး** အဲ့လိုမျိုး ဒါက တကယ်အဖြစ်အပျက်၊ အဲ့ဒါကြောင့်မို့လို့ ကျွန်တော်တို့ တိုင်းရင်းသား ခေါင်းဆောင်များက ကျွန်တော်တို့ တိုင်းရင်းသား ပြည်သူလူထုထဲမှာ အင်မတန် နားကြားခါးတဲ့ ဒီအချက်သုံးခုကို သူ့အချက်လည်းပါမယ် ကိုယ့်အချက်လည်းပါမယ်၊ တစ်ယောက် မှ မပါဘူးဆိုရင်လည်း အလုပ်မဖြစ်တော့ဘူး။ အလုပ်ဖြစ်အောင် နှစ်ခုနလုံးပါအောင် လုပ်ခဲ့ရတာ ဖြစ်တယ်။ **တကယ့် လက်တွေ့အကောင်အထည်ဖော်တဲ့အခါကျမှပဲ ပြည်ထောင်စုမပြိုကွဲရေးဆိုတာ ခင်ဗျားတို့ ဘာကိုဆိုလိုချင်တာလဲ၊ ပြိုကွဲအောင်ဘယ်သူလုပ်နေတာလဲ၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးဆိုတာ ခင်ဗျားတို့ဘာကိုစိုးရိမ်နေတာလဲ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲဖို့ ဘယ်လိုလုပ်မလဲ၊ ပြိုကွဲအောင် ဘယ်သူလုပ်နေတာလဲ ဆိုတာကို အားလုံးဝိုင်းဝန်း အဖြေရှာရမှာ ဖြစ်ပါတယ်။** ပါလာတဲ့အရာကတော့ ပါလာပြီးဖြစ်ပါတယ် အဲ့ဒီအတွက် သဘောမကျဘူးဆိုရင်လည်း နားလည် ခွင့်လွှတ်ပေးကြပါ။ အဲ့ဒီအတိုင်း ဆက်သွားနိုင်အောင် ကြိုးစားပါမယ်။ သုံးပွင့်ဆိုင်ကနေ ဘယ်နှစ်ပွင့်မှန်း မသိတော့ဘူး။ ဒါမှန်ပါတယ်၊ နိုင်ငံရေးဆွေးနွေးလုပ်နေတဲ့ UPDJC အဖွဲ့က လုပ်နေတဲ့အလုပ်တွေက NCA စာချုပ်အတိုင်း သိသိသာသာ ချိုးဖောက်နေတာရှိသလို သွယ်ဝိုက်ပြီး ချိုးဖောက်တာတွေလည်း ရှိတယ်။ ကျွန်တော် သာဓက တစ်ခုပြောပြမယ် ၂၀၁၅ ဒီဇင်ဘာ ၂၄

UPDJC အစည်းအဝေး လုပ်တယ်။ အဲ့မှာ ဘာပြောလဲဆိုတော့ ဦးသိန်းစိန် အစိုးရလက်ထက်မှာ ညီလာခံတစ်ခုလောက် လုပ်ရအောင်။ အဲ့တော့ ညီလာခံလုပ်မယ်။ ကျွန်တော်တို့ မူဘောင်ဆွဲတုန်းကတော့ NCA အတိုင်းပဲ၊ အဲ့မှာ အတိအလင်း ပြဌာန်းထားပြီးသား ဖြစ်တယ်။ နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်တွင် အစိုးရ၊ တပ်မတော်၊ လွှတ်တော်ကိုယ်စားလှယ်များက တစ်စု၊ တိုင်းရင်းသား လက်နက်ကိုင် ကိုယ်စားလှယ်များကတစ်စု၊ တရားဝင်မှတ်ပုံတင်ထားသောပါတီ ကိုယ်စားလှယ်များ တစ်စုဆိုတော့ သုံးပွင့်ဆိုင်ပဲ ရှိတယ်။ အဲ့အချိန်မှာ ဦးအောင်မင်း တို့လည်း ရှုံးနေပြီ၊ တပ်မတော်က အားကိုးတဲ့ ကြံ့ခိုင်ရေးပါတီကလည်း ရှုံးတော့မယ်၊ အဲ့တော့ ၄၅၀ ဆိုရင် ဘယ်လိုခွဲမလဲဆိုပြီး ဦးအောင်မင်းက ပြောတယ်။ အဲ့ဒါနဲ့ တပ်မတော်၊ အစိုးရ၊ လွှတ်တော်က ၁၅၀၊ တိုင်းရင်းသား လက်နက်ကိုင်က ၁၅၀၊ ပါတီ အစုအဖွဲ့က ၁၅၀ ဆိုပြီးပြောတော့ အဲ့အချိန်မှာ ဗိုလ်ချုပ်မြင့်နိုင်က အဲ့လိုတော့ မလုပ်ပါနဲ့ဗျာ။ အချိန် ၁၅ မိနစ်လောက်ပေးပါဆိုပြီး ဖုန်းဆက်ပြီး မေးတယ်၊ အဲ့ဒါပြီးတော့ ပြန်ပြောတယ် အဲ့လိုတော့ မလုပ်ကြပါနဲ့ဗျာတဲ့၊ ခင်ဗျားတို့ အဲ့လိုလုပ်ရင် တပ်မတော်က အယောက် ၅၀ ပဲရတော့မယ်၊ တိုင်းရင်းသားတွေက ၁၅၀ ရတော့မယ်။ ကျွန်တော်တို့ တပ်မတော်နဲ့ တိုင်းရင်းသားတွေနဲ့ အဓိက တိုက်လာတာပါ။ ဘယ်လိုပဲဖြစ်ဖြစ် တိုင်းရင်းသားလက်နက်ကိုင်နဲ့ တပ်မတော်ကို တစ်ချိုးထဲ ထားပေးဖို့ ထွက်လာတယ်။ **ဘယ်လိုမှ ညှိလို့မရဘူး၊ အဲ့အတိုင်းဆိုပွဲပျက်ပြီ။ အဲ့လိုဆို NCA ကိုချိုးဖောက်သလိုဖြစ်သွားပြီ။ အဲ့တော့ သဘောတူလိုက်ရတယ်။ အဲ့ဒါကလည်း ကျွန်တော်တို့ အားနည်းချက် ဖြစ်မှာပါ။** ဒါကတကယ် အဖြစ်မှန် ဖြစ်ပါတယ်။

နောက်တစ်ခုက ၂၀၀၈ ဖွဲ့စည်းပုံကို လူထုအသံနားထောင်ပြီးတော့ ပြင်ဆင်နိုင်အောင် ဖိတ်ခေါ်ပါတယ်၊ ကျွန်တော်တို့ လူထုအသံ များများရနိုင်ဖို့အတွက် အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ ကော်မတီမှ လူထုတွေကြားထဲမှာ ဘယ်လို ထဲထဲဝင်ဝင်ရောက်အောင် သွားနိုင်မလဲဆိုတာကိုတော့ နည်းလမ်းရှာပေးဖို့ လိုအပ်မယ်လို့ မြင်မိပါတယ်။ လိုလည်း လိုလားပါတယ်၊ ဖြစ်လည်းဖြစ်ချင်ပါတယ်။ ဆရာကျော်ဇွာ တင်ပြတာမှန်ပါတယ်။ မူဘောင်က အသေမဟုတ်ပါဘူး။ စာချုပ်ထဲမှာ မူဘောင် ဘယ်လိုပြင်ဆင်ရမလဲဆိုတာ ရှိပြီးသား ဖြစ်ပါတယ်။ ဒီမူဘောင်ကို နိုင်ငံရေးဆွေးနွေးပွဲတွေ၊ ညီလာခံတွေ၊ တရားဝင်ရေးဆွဲနိုင်ဖို့ ရေးဆွဲထားတဲ့ မူဘောင် ဖြစ်ပေမယ့်လည်း နိုင်ငံရေးအခြေအနေ အရ လိုအပ်ရင် လိုအပ်သလို ပြင်ဆင်ခွင့် ရှိပါတယ်ဆိုတာက ပြဌာန်းပြီးသား ဖြစ်ပါတယ်။ မူဘောင်ကို ရေးဆွဲတာ UPDJC၊ ပြင်ဆင်တာလည်း UPDJC ပဲဖြစ်မှာပါ၊ အဲ့တော့ UPDJC ခေါင်းဆောင်များ မူဘောင်ပြင်ဆင်တဲ့အခါမှာ ပြည်သူတွေရဲ့သဘောထားကို ထင်ဟပ်စေတဲ့ မူဘောင်တစ်ခု ဖြစ်လာအောင် အတတ်နိုင်ဆုံး တိုက်တွန်းပြောပေးပါ။ ပြည်သူလူထုဆီက မူဘောင်နဲ့ပတ်သက်တဲ့ အချက်အလက်တွေကိုလည်း စာနဲ့ဖြစ်စေ၊ နှုတ်နဲ့ဖြစ်စေ၊ By name နဲ့ဖြစ်စေ တိုက်ရိုက် ပြောကြားနိုင်ပါတယ်။

ဆရာမ နန်းစေးအွာ မေးသွားတာ အရမ်းကောင်းပါတယ်။ ကျွန်တော်တို့ ၃၇ ချက်မှာ ကရင်လူထုကို ဘယ်လောက်ထင်ဟပ်စေလဲ၊ ကရင်နိုင်ငံရေးဆွေးနွေးပွဲကနေ ထွက်လာတဲ့ နိုင်ငံရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ အခြေခံ၊ UPDJC က ချပေးတာက ခေါင်းစဉ်ပဲ ချပေးတာဖြစ်တယ်။ တကယ့်တကယ် နိုင်ငံရေး ဆွေးနွေးပွဲကို ကြီးကြပ်ရမယ့် UPDJC

က ပထမအကြိမ်မှာ ဖက်ဒရယ်စနစ်ကို အခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူကို ဆွေးနွေးဖို့ ဖြစ်တယ်။ ကျွန်တော်တို့က မပြောခဲ့ရတာ ကြာတော့ အားလုံးဆွေးနွေးကြတယ် ဒီမိုကရေစီကိစ္စလည်း ပါလာတယ်၊ ဖွဲ့စည်းပုံလည်း ပါလာတယ်။ ဟိုကို ရောက်သွားတဲ့အခါကျတော့ UPDJC က ဘယ်လို လုပ်လဲဆိုရင် အခုက ဖက်ဒရယ်ကိစ္စပဲပါသေးတဲ့အတွက် ဒီမိုကရေစီကိစ္စကို ခဏဖယ်ထားပေးဖို့ ပြောတယ်။ နောက် လုပ်ငန်းကော်မတီ အစည်းအဝေးပြန်စတဲ့အခါကျမှ ဆက်ဆွေးနွေးဖို့ ပြောခဲ့ပါတယ်။ ဒါကို လုပ်ငန်းကော်မတီထဲမှာ ပါဝင်တဲ့သူတွေကတော့ ထဲထဲဝင်ဝင် ပိုသိပါလိမ့်မယ်။ ကျွန်တော်က လုပ်ငန်းကော်မတီထဲမှာ မပါပါဘူး ကျွန်တော်နားလည်တာက အဲ့လိုပဲဖြစ်ပါတယ်။ ကျွန်တော်တို့က အခြေခံမူနဲ့ မူဝါဒနဲ့၊ လုပ်နည်းလုပ်ဟန်၊ အကောင်အထည်ဖော်မှုအပိုင်းမှာ လိုအပ်တာတွေ ရှိပါတယ်။ ဒါတွေကလည်း ကျွန်တော်တို့က ပညာရှင်တွေ မဟုတ်တဲ့အတွက် အဆန်းမဟုတ်ပါဘူး။ အဲ့လိုအခြေခံမူ မဆန်တဲ့ အချက်အလက်တွေကိုလည်း လုပ်ငန်းကော်မတီကို ပြန်ချပြပြီးတော့ ဒါကိုတော့ အကောင်အထည်ဖော်ရမယ့် လုပ်ငန်းစဉ်အနေနဲ့ သတ်မှတ်ပေးဖို့ ပြန်ခွဲတာတွေလည်း ရှိပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ တက်လာတဲ့ အချက်အလက်များ အားလုံးက UPDJC ရဲ့ခေါင်းစဉ်နဲ့ မကိုက်ညီသေးလို့ ခေတ္တသိမ်းထားတာနဲ့ အခြေခံမူမဆန်ပဲနဲ့ မူဝါဒဆန်တဲ့ အစိတ်အပိုင်း၊ လုပ်ငန်းစဉ်ဆန်တဲ့ အစိတ်အပိုင်းဖြစ်သွားတဲ့အတွက် လုပ်ငန်းကော်မတီမှာ ခေတ္တသိမ်းထားခိုင်းတာတို့ပဲ ရှိပါတယ်။ ပယ်လိုက်တာတော့မရှိပါဘူး။ နောက်တစ်ခု ပြောချင်တာက **ကျွန်တော်တို့လည်း တော်တော်လေး အတိုက်အခံလုပ်ရတယ်။ NCA ထဲမှာလည်း ပြဌာန်းထားတာပဲ တရားဝင်နိုင်ငံရေးပါတီလို့ ပြောထားပြီး အခုမှဘာလို့ အနိုင်ရပါတီလို့ ပြောရတာလဲ။** ဒါဟာ မူဘောင်နဲ့ မကိုက်ညီဘူး။ အားလုံးဝိုင်းဆွေးနွေးကြတယ်၊ **နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့စကားကို ပြန်ပြောရမယ်ဆိုရင် အနိုင်မရတဲ့ပါတီက လူထုကိုယ်စားမပြုဘူးလို့ပဲနားလည်တယ်တဲ့၊ကျွန်တော်တို့ပြန်ပြောတယ်အဲ့လိုမဟုတ်ဘူး။အခြေအနေအရ ရွေးကောက်ပွဲမှာ အနိုင်မရပေမယ့် သူ့ရဲ့လူထုထောက်ခံမှု၊ သူ့အင်အားစုက သူ့နေရာနဲ့သူ ရှိပါတယ်။ ပြောရင်းနဲ့ အဲ့ဒါဆို ကျွန်မတို့ UPDJC မှာ အနိုင်ရတဲ့ပါတီပဲ ထည့်မယ်ဆိုရင် ဘယ်လိုနေမလဲ၊ အခု ကျွန်မတို့ရွေးထားတဲ့ အနိုင်ရပါတီတွေကကော တရားဝင်ပါတီ မဟုတ်ဘူးလား ဆိုတော့ ဘာပဲဖြစ်ဖြစ် အစိုးရတစ်ရပ်ရဲ့မူဝါဒကလည်း ကျွန်တော်တို့ကို လွှမ်းမိုးပါတယ်။ တပ်မတော်ရဲ့ဖိအားကြောင့်တော့ မဟုတ်ပါဘူး၊အစိုးရသစ်ရဲ့မူဝါဒကြောင့်ဖြစ်မယ်လို့ထင်ပါတယ်။** ကျွန်တော်တို့အပေါ်မှာ အားမလိုအားမရဖြစ်တာတွေကိုလည်း နားလည်ပေးဖို့ ပြောလိုပါတယ်။ ဒီနည်းလမ်းနဲ့ မရရင် ဘယ်နည်းလမ်းနဲ့ သွားရမလဲဆိုတာကို ဝိုင်းဝန်းအကြံပေးကြဖို့ လိုပါတယ်ဆိုတာကို ကျွန်တော်တတ်သလောက် ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမေး**

**မန်းထိန်ဝင်းစိန် (ရောဝတီတိုင်းဒေသကြီး ကိုယ်စားလှယ်)**

လက်ရှိမှာ ၂၁ ရာစုပင်လုံ တက်ခွင့်ရတဲ့ တိုင်းရင်းသား ခေါင်းဆောင်တွေကို ပြည်သူလူထု တစ်ယောက်အနေနဲ့ မျှော်လင့်အားထားတဲ့ကိစ္စကို တင်ပြတဲ့သဘောပါ။ ၂၁ ရာစုပင်လုံ

လုပ်တယ်ဆိုတာက ကျွန်တော်တို့က ဘာသွားတောင်းမှာလဲ၊ သူများပစ္စည်း သွားတောင်းမှာလား၊ စဉ်းစားရမယ်။ သူများပစ္စည်းဆိုရင်တော့ ဘာလို့တောင်းမှာလဲ၊ မတောင်းပါနဲ့။ ကိုယ့်ပစ္စည်းလား၊ ကိုယ့်ပစ္စည်းက ကိုယ့်လက်ထဲမရှိလို့ တစ်စုံတစ်ယောက်ရဲ့ လက်ထဲရှိရင် ပြန်ပေး။ ဒါကျွန်တော်တို့ပစ္စည်း ကျွန်တော်တို့ ပြန်တောင်းတာ။ သွားတက်တဲ့ခေါင်းဆောင်တွေ အနေနဲ့ သူများပစ္စည်း သွားတောင်းတာလား၊ ကိုယ့်ပစ္စည်း ကိုယ်ပြန်တောင်းတာလား၊ စဉ်းစားရမယ်။ ၂၁ ပင်လုံက ကျွန်တော်တို့နေတဲ့ ပြည်ထောင်စုကြီးကို ဘယ်လိုပေါင်းစပ် ဖွဲ့စည်းမလဲဆိုတာကို လုပ်တဲ့ အစည်းအဝေး၊ ပေါင်းစပ်ဖွဲ့စည်းတဲ့ အစည်းအဝေး၊ ကျွန်တော်တို့ ဘယ်လိုတည်ဆောက်မလဲဆိုတာကို စဉ်းစားရမယ်၊ သူတည်ဆောက်ချင်တာနဲ့ ကိုယ်တည်ဆောက်ချင်တာ၊ သူ့သဘောထား၊ ကိုယ့်သဘောထား ညှိနှိုင်းရမယ့်ကိစ္စ။ အခုဟာက နှစ်ပေါင်း ၇၀ အတွင်းမှာ ဒုတိယအကြိမ် တွေ့ဆုံရတာ ဖြစ်တယ်။ လွတ်လပ်ရေးရပြီး ၁၃ နှစ်နဲ့ ၃ လ မှာ ၁၉၆၂ မတ်လ ၂၄ မှာ ဖက်ဒရယ် Seminar မှာ တိုင်းရင်းသားတွေ ပထမတစ်ခါတင်ပြခဲ့ပြီးပြီ။ အဲ့ဒါကို ဗိုလ်နေဝင်းက ပြည်ထောင်စုစစ်စစ်ဖြစ်တဲ့ ဖက်ဒရယ်က တိုင်းပြည်ပြိုကွဲတယ်ဆိုပြီးတော့၊ အဓိပ္ပာယ် ပုံမှားဖွင့်ပြီးတော့ တိုင်းပြည်ကို သိမ်းလာခဲ့တယ်။ ဒုတိယအကြိမ်မှာ ကျွန်တော်တို့ ပြန်လည်တင်ပြခွင့်ရတယ်။ သွားရတဲ့ သဘောတရားက သူများပစ္စည်း ကျွန်တော်တို့ သွားတောင်းတာမဟုတ်ဘူး၊ ကျွန်တော်တို့ပစ္စည်း ကျွန်တော်တို့ လက်ထဲမရှိတော့လို့ ပြန်တောင်းတာဖြစ်တယ်။ နောက်ဆုံးတစ်ခုပြောချင်တယ်၊ ခုနက ဗိုလ်မှူးကြီးကျော်ညွှန့် ပြောသွားတယ်၊ ဘယ်အချက်ရောက်တော့ လျော့ပေးလိုက်ရတယ်၊ ဘယ်အချက်ရောက်တော့ ထားခဲ့လိုက်ရတယ်၊ **နေပါဦးဆိုတာက မြန်မာစကားမှာ ကာလသတ်မှတ်ချက် မရှိဘူး။ မသေမချင်း နေပါဦး ပြောလို့ရတယ်။** အဲ့တော့ ကျွန်တော်တို့က ဒါမလုပ်ပါနဲ့ဦး၊ ဒါထားလိုက်ပါနဲ့ အကြိမ်ပေါင်းဘယ်လောက်နဲ့ နောင်နှစ်ပေါင်းကာလ ဘယ်လောက်အထိ ကျွန်တော်တို့ ခေါင်းဆောင်တွေ ပြည်သူတွေကို သယ်ဆောင်ပြီး ပြောနေအုံးမှာလား။ ပြည်သူတစ်ယောက် အနေနဲ့ သိချင်ပါတယ်။

## နန်းမြင့်တင် (ကရင်ပြည်နယ် ကိုယ်စားလှယ်)

အားလုံးမင်္ဂလာပါ။ ကျွန်မ ကရင် CSO ကိုယ်စား တက်ရောက်ခြင်း ဖြစ်ပါတယ်။ NCA စာချုပ်ပါ CSO များရဲ့ အခန်းကဏ္ဍမှာ အပိုဒ် ၂၂ (ခ) မှာ ဖော်ပြထားတဲ့ **"ကြားကာလ အစီအစဉ်"** ဆိုတဲ့အရာက ဘယ်အချိန်မှာ သတ်မှတ်ထားတာလဲ၊ သတ်မှတ်ပြီးပြီလား၊ မသတ်မှတ်ရသေးဘူးလား ဆိုတာကို သိချင်ပါတယ်။

## နော်ကပေါ်စေး (မွန်ပြည်နယ် ကိုယ်စားလှယ်)

အခုကျွန်မတို့တွေ ဆွေးနွေးတာတွေက အများကြီးပဲ။ NCA က အားနည်းချက်တွေ ရှိသလို၊ အားသာချက်တွေ အများကြီးရှိတာကိုလည်း မြင်ရပါတယ်။ တခါတလေ အချင်းချင်းတွန်းတော့ တွန်းနေကြတယ်၊ ကရင် အချင်းချင်း တစ်ယောက်တစ်ဖက်စီ တွန်းနေသလို ခံစားမိတယ်။ တကယ်လို့သာ ၂၀၀၈ သည် ကျွန်မတို့အတွက် ပိတ်ဆို့နေတယ်ဆိုရင် ဘယ်လိုမျိုး ဝိုင်းတွန်းကြ

မလဲ။ ကွေ့ဝိုက်ပြီးတော့ မတွန်းစေချင်ဘူး။ စစ်တပ်နဲ့ ပြောမယ်ဆိုရင်လည်း တိုက်ရိုက်ပဲ ပြောစေချင်ပါတယ်။ အစိုးရလည်း ချောင်ကပ်နေတယ်လို့ ကျွန်မတို့မြင်တယ်။ တွန်းမယ်ဆိုရင်လည်း ပြိုင်တူ တွန်းဖို့ … ။

**အဖြေ**

**ဗိုလ်မှူးကြီး စောကျော်ညွန့် (UPDJC)**

မန်းထိန်ဝင်းစိန် သမိုင်းအထောက်အထားနဲ့ ထောက်ပြသွားတဲ့အရာတွေကလည်း မှန်ကန်တဲ့အရာတွေ ဖြစ်ပါတယ်။ ဗဟုသုတလည်း ရပါတယ်။ ကိုယ်စားလှယ်တွေ မေးသွားတဲ့အပေါ်မှာ ကျွန်တော် တတ်နိုင်သလောက် ဖြေသွားပါမယ်။ တိုင်းရင်းသား ပညာရှင် ကိုယ်စားလှယ်ဆိုတာ မူဘောင်ထဲမှာပါသလို တကယ်လည်း လက်တွေ့ကျင့်သုံးခဲ့ပါပြီ။ ပြန်လည်ရွေးချယ်တဲ့အပိုင်းမှာတော့ တကယ့်ပညာရှင်တွေဆီကို ရောက်လား မရောက်ဘူးလားဆိုတာကတော့ ကျွန်တော်လည်း မသိဘူး။

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းက ၁၅၀ ရတယ်။ တပ်မ တော် ၁၅၀၊ လွှတ်တော် ၁၅၀၊ အစိုးရ ၁၅၀၊ ပါဝင်သင့်ပါဝင်ထိုက်သူ ၅၀၊ တိုင်းရင်းသားကိုယ်စားလှယ် ၅၀၊ စုစုပေါင်း ၇၀၀ ဦး။ ကျွန်တော်တို့အနေနဲ့ ပါဝင်သင့်ပါဝင်ထိုက်သူက အယောက် ၁၀၀ ရှိတာကို သုံးပုံပုံ လိုက်တယ်၊ အဲ့မှာတော့ သုံးပွင့်ဆိုင်ရှိတယ်။ အစိုးရ၊ တပ်မတော်၊ လွှတ်တော်က ၃၃ ယောက်၊ အနိုင်ရပါတီက ၃၃ ယောက်၊ တိုင်းရင်းသားလက်နက်ကိုင်က ၃၃ ယောက်၊ အဲ့မှာ လက်နက်ကိုင် ၈ ဖွဲ့က ပြန်ခွဲပြီး ရွေးချယ်ရတယ်။

အခြားအဖွဲ့တွေ ပညာရှင်ဖြစ်လား/မဖြစ်လား၊ တိုင်းရင်းသား ဖြစ်လား/မဖြစ်လားတော့ မသိဘူး။ PC မှာတော့ နီးစပ်ရာကို ကောက်ထည့်သွားလိုက်တာပဲ။ ပညာရှင် ဖြစ်လား/မဖြစ်လားကို မသိဘူး။ တိုင်းရင်းသားပညာရှင် ရွေးချယ်မှုအပိုင်းမှာ တကယ် ရွေးချယ်ခဲ့ပါတယ်၊ ရွေးချယ်မှုအပိုင်းမှာသာ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းနဲ့ ပြည့်မပြည့် ဆိုတာကတော့ မသိနိုင်ပါဘူး၊ သေချာစဉ်းစားပြီး ရွေးချယ်ရမယ့်အပိုင်း ဖြစ်ပါတယ်။

နောက်တစ်ခု ပြောချင်တာက မန်းထိန်ဝင်းစိန် ထောက်ပြသွားတဲ့အချက်က အင်မတန်မှန်ကန်ပါတယ်။ နှစ်ပေါင်း ၆၀ ကျော် ဖိနှိပ် ခံခဲ့ရပြီးပြီ၊ လွတ်လပ်ချင်တယ်၊ လွတ်မြောက်ချင်တယ်၊ ဒီနေရာမှာ ကျွန်တော်တို့ ကြုံနေရတဲ့ အခက်အခဲကတော့ ၂၀၀၈ ဖွဲ့စည်းပုံ၊ ခုနက ဆရာမ ထောက်ပြသွားတဲ့ အစိုးရက ချောင်ကပ်နေတယ်ဆိုတာလည်း မှန်တယ်။ အခု နိုင်ငံရေးအခင်းအကျင်းကို ကြည့်မယ်ဆိုရင် ပြည်ထဲရေး၊ ကာကွယ်ရေး၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန တို့ကို ကြည့်မယ်ဆိုရင် တပ်မတော်က အကုန်ယူထားပြီးပြီ ဆိုတဲ့အခါမှာ သူတို့ယူတာကလည်း ၂၀၀၈ ကြောင့် ယူတာပေါ့၊ ဒီနေရာမှာ ဝိုင်းစဉ်းစားပေးပါ။ တပ်မတော်က ၂၀၀၈ ကို မပြင်ချင်ဘူး၊ ပြင်ချင်တယ်ထားဦး ၂၀၀၈ အခြေခံဥပဒေကို အသက်ပေးပြီး ကာကွယ်ရမယ်ဆိုတာ သူ့မှာ Policy ရှိတယ်။ အထက်အမိန့်အရ ကာကွယ်ရမယ်ဆိုရင် ကာကွယ်ရမှာပဲ။ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်တွေ အနေနဲ့ကျတော့ ကိုယ့်သဘောနဲ့ကိုယ် မလုပ်နိုင်တဲ့ အခြေအနေ အများကြီး

ရှိတယ်။ ဥပမာ ဥပဒေတစ်ခုခုကို ကျွန်တော်တို့ပြင်ချင်တယ်ဆိုရင် တပ်မတော်သားတစ်ဦးရဲ့ သဘောထားမပါဘဲနဲ့ မပြင်နိုင်ဘူး။ တပ်မတော်သားတွေရဲ့ အထက်အမိန့်က သူတို့ခေါင်းဆောင်ကြီး ဆီက လာတာပဲ ဖြစ်တယ်။ ဒီနိုင်ငံမှာ ကျင့်သုံးနေတဲ့ ဗီတိုအာဏာဆိုတာ အဲ့ဒီခေါင်းဆောင်ကြီးဆီမှာ ရှိနေတယ်။ ၇၅% ကျော်ဆိုတော့ သူတို့ဆီက ကောက်ရတော့မယ် သူတို့ဆီက အရာကလည်း အထက်အမိန့် ရမှဆိုတော့ ကျွန်တော်တို့ အဲ့ဒီအခက်အခဲကို ဘယ်လိုကျော်လွှားမလဲ။

ပြီးခဲ့တဲ့ PPST အစည်းအဝေးမှာ လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အားလုံး အမျိုးသားအဆင့် လူမျိုးအလိုက် ဆွေးနွေးပွဲတွေအားလုံး လုပ်ပြီးမှသာ တတိယအကြိမ် ပင်လုံကို လုပ်မယ်လို့ အစည်းအဝေး ဆုံးဖြတ်ထားတယ်။

၂၀၀၈ခုနှစ် ၂ လပိုင်းတုန်းကလုပ်တဲ့ JICM အစည်းအဝေးမှာ ဘယ်လိုဆုံးဖြတ်ထား လဲဆိုတော့ ၂၁ ပင်လုံ တတိယအကြိမ် အစည်းအဝေးကို လာမည့် ဧပြီလကုန် မေလဆန်းတွင် ကျင်းပပြုလုပ်သွားရန် လျာထားသတ်မှတ်သည်။ PPST အစည်းအဝေး ဆုံးဖြတ်ချက်နဲ့ JICM ရဲ့ ဆုံးဖြတ်ချက်က မျဉ်းပြိုင်ဖြစ်နေတယ်။ အခုက ရှမ်းလည်း မလုပ်ရသေးဘူး၊ ရခိုင်လည်း မလုပ်ရသေးဘူး၊ မွန်လည်း ထပ်ဝင်လာတဲ့အခါကျတော့ မွန်လည်း မလုပ်နိုင်သေးဘူး။

အဲ့လိုဆို ဒီသုံးခု မပြီးသေးဘဲနဲ့ လုပ်မယ်ဆိုရင် PPST အစည်းအဝေး ဆုံးဖြတ်ချက်ကို ချိုးဖောက်ရာကျတယ်။ အဲ့တော့ အားလုံးပြီးမှ လုပ်မယ်ဆိုရင် ပဒိုမန်းငြိမ်းမောင် ပြောသလိုဆိုရင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကြာမယ်။ PPST အစည်းအဝေး ဆုံးဖြတ်ချက်အတိုင်း လုပ်မယ်ဆိုရင် အလုပ် မဖြစ်တော့ဘူး၊ ဘာလို့လဲဆိုတော့ ရှမ်းမှာလည်း သူ့ပြဿနာနဲ့သူ။ သူ့အကြောင်းပြချက်နဲ့ သူ ပြောနေတာပဲ။ ဒီနေရာမှာ ခုန ကျွန်တော်ပြောနေတဲ့ မြန်မာအမျိုးသား နိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က အမြဲတမ်း ဦးဆောင်ပါဝင်ရမည်ဆိုတဲ့ အချက်ကို ကိုင်ပြီးတော့ အစိုးရက သဘောတူတော့မယ်ဆိုရင် တပ်မတော်က အဲ့အချက်ကို ပြန်ကိုင်လိုက်ပြီ။ အဲ့ဒီပိတ်ဆို့မှု တွေက တကယ်ဖြစ်တယ်၊ ရခိုင်ဆိုရင် မလုပ်တော့ဘူး၊ ဖျက်သိမ်းလိုက်ပြီ။ ဦးခိုင် ကိုယ်တိုင်က ကာချုပ်နဲ့တွေ့ပြီးတော့ ကျွန်တော်တို့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ မလုပ်တော့ဘူး၊ ပါတီအနေနဲ့ စာတမ်းတင်ပြီးတော့ အလုပ်အဖွဲ့အစည်းအဝေးမှာ ပါဝင်နိုင်ဖို့ပဲ လုပ်တော့မယ်ဆိုပြီး ပြောတယ်။

ဒီလိုအခြေအနေမျိုးမှာ ND အားလုံးပြီးမှ ၂၁ ပင်လုံကို လုပ်မယ်ဆိုရင် ရင်လေးစရာပဲ၊ အဲ့ဒါကြောင့် ဖေဖော်ဝါရီလ ၅–၆ PPST အရေးပေါ် အစည်းအဝေးမှာ ဆုံးဖြတ်လိုက်ပါတယ်။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ– ၂၁ ရာစုပင်လုံ အစည်းအဝေးကို JMC ဆုံးဖြတ်ချက်နှင့် သင့်ကြိုက်အပြီး အလွတ်သဘော ဆွေးနွေးပွဲ ရလဒ်အပေါ် အခြေခံ၍ ကျင်းပသွားရန် ဆုံးဖြတ်သည်။ **ကျွန်တော်တို့က ၂၀၀၈ ကို ပြင်ချင်လို့ နိုင်ငံရေးဆွေးနွေးပွဲလုပ်မယ်၊ ပင်လုံလုပ်မယ်။ ဟိုတစ်ဖက်က ၂၀၀၈ ပျက်မှာစိုးလို့ နိုင်ငံရေးဆွေးနွေးပွဲ ပျက်လေကောင်းလေ၊ ငြိမ်းချမ်းရေး ပျက်လေ ကောင်းလေ။ အဲ့လိုတကယ် ရှိနေတယ်။ အဲ့ဒီအတွက် ကျွန်တော်တို့ကိုလည်း ဘယ်လိုဆက်သွားရမလဲ ဆိုတာကို ကူညီပါဦးလို့ ပြောချင် ပါတယ်။**

**ဗိုလ်မှူးကြီး စောစိန်ဝင်း(UPDJC)**

ခုနက ဆရာမတစ်ယောက် မေးသွားတယ် NCAကို ကွေ့ဝိုက်ပြီးတော့ တစ်ယောက်တစ်ဖက်စီ ဆွဲနေကြတယ်ဆိုတဲ့ အမြင်၊ ပြီးတော့ မန်းထိန်ဝင်းစိန် ပြောသွားတဲ့ ကိုယ့်ပစ္စည်း ကိုယ်ပြန်တောင်း တာပဲ။ အဲ့တာ နောက်ဆုံး ပင်လုံအစည်းအဝေး မတိုင်ခင် UPDJC အစည်းအဝေးမှာ တွေ့ကြုံ ရတဲ့ အခက်အခဲပဲ ဖြစ်တယ်။ နောက်ဆုံး UPDJC အစည်းအဝေးမှာ တင်လာတာ ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်တို့၊ ကိုယ်ပိုင်ဥပဒေတို့ ပါလာတော့ ဘာနဲ့အလဲအလှယ်လုပ်ရလဲဆိုတော့ တပ်မတော်က ခွဲထွက်ခွင့် မရှိရဆိုတဲ့ စကားလုံးကို ကိုင်လာတယ်။

ကျွန်တော်တို့ ကရင်မှာက ပြဿနာမရှိဘူး။ ဒါပေမယ့် တစ်ချို့ EAO အဖွဲ့တွေမှာက ပြဿနာရှိတယ်။ သူတို့မှာ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ မလုပ်ရသေးတဲ့အတွက် ကတိကို လွယ်လွယ်မပေးနိုင်ဘူးလို့ ပြောတယ်။ အဲ့ဒါကို JICM အစည်းအဝေးမှာ ဒါကို တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တစ်ချို့ရဲ့ သဘောထားလား EAO ရဲ့ သဘောထားလားဆိုတာကို ဒေါ်စုက ဖြတ်မေးလိုက်တယ်။ အဲ့ဒါကို KNUဥက္ကဋ္ဌက တော်တော်လေး စဉ်းစားလိုက်ရတယ် တစ်ဖွဲ့ချင်းစီရဲ့ သဘောထားလား EAO သဘောထားလား ဆိုတာကို ၅ မိနစ်လောက် စဉ်းစားပြီးမှ ဒါ EAO သဘောထားပါလို့ သူပြောလိုက်တယ်။ အဲ့ဒီတော့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နဲ့ပတ်သက်ပြီးတော့ ဆက်လက်ပြီး ဆွေးနွေးဖို့ ယူသွားတယ်။ UPDJC မှာလည်း အကြိတ်အနယ် ဆွေးနွေးပြီး နောက်ဆုံးမှာတော့ တစ်ချို့ EAO တွေရဲ့ ND မလုပ်ရသေးတဲ့အပေါ် အခြေခံပြီးတော့ ခွဲထွက်ခွင့် မပြုရဆိုတဲ့ ဥပဒေကို လက်မခံနိုင်တဲ့အတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် စတာတွေကို ချန်ထားခဲ့ရတယ် ဆိုတာကို ပြောပြချင်တာ ဖြစ်ပါတယ်။

**ပဒိုစောလှေ့စေး** (KNU)

ဆရာမနန်းစေးအွာ မေးထားတဲ့မေးခွန်းက အချက် ၃၇ ချက်ထဲမှာ မြေယာက အများဆုံး ဖြစ်တယ်။ အသိအမှတ်ပြုတာက ၁၀ ချက်ရတယ်။ Karen EAOs အနေနဲ့က ၁၄ ချက်တင်ထားတယ်၊ သဘာဝနဲ့သယံဇာတက ၁၈ ချက်၊ အဲ့အချိန်မှာ စာတမ်းရှင်က ပါမသွားဘူး၊ ဟိုကိုရောက်တဲ့အခါ မှာတော့ EAOs အဖွဲ့တွေ ဖတ်တဲ့အခါ နားမလည်ဘူး။ ဥပမာ တိုင်းရင်းသား ပြည်သူလူထုသည် မြေယာ၏ မူရင်းပိုင်ရှင်ဖြစ်သည်။ သူတို့ဘယ်လိုပြန်ပြောင်းလိုက်လဲဆိုရင် ပြည်သူလူထုသည် မြေယာ၏ မူရင်းပိုင်ရှင်ဖြစ်သည်လို့ မလိမ့်တစ်ပတ် လုပ်လိုက်တယ်။ သူတို့ငြင်းခုံကြမှာပေါ့ တိုင်းရင်းသားနဲ့ ပြည်သူ။ နောက်တစ်ခုက ကျား၊မ တန်းတူညီမျှခွင့်ကတော့ ဘာမှမပြောင်းလဲဘူး။ ကျွန်တော်တို့ တင်ထားတဲ့အတိုင်းပဲ။ နောက်တစ်ချက်က မြေဆိုသည်မှာ မြေ၊ သစ်တော၊ ရေ၊ ရေလုပ်ငန်းနှင့် သဘာဝသယံဇာတများအားလုံး ပါဝင်သည်။ အဲ့ဒါကို ထည့်စရာမလိုဘူးတဲ့ ကျွန်တော်တို့ ထည့်ထားပြီးသားတဲ့။ မလိုပါဘူးဆိုပြီး ပြောတယ်။ အဲ့ဒီတော့ အဲ့အချက်ကို ဆက်လက် ဆွေးနွေးရန်ဆိုတဲ့အထဲမှာ ပြန်ထည့်လိုက်တယ်။

တင်ထားတဲ့စာတမ်းက သုံးခုရှိတယ်။ တစ်စောင်က Karen EAOs က တင်ထားတဲ့ စာတမ်းတစ်ခု၊ PNLO က တင်ထားတဲ့ စာတမ်းတစ်ခု၊ တနင်္သာရီတိုင်းက တင်ထားတဲ့ စာတမ်း

တစ်ခု။ အဲ့မှာ ကျွန်တော်တို့တင်တာ မပါသေးတာက **'တစ်နိုင်ငံလုံးဆိုင်ရာ ဘက်ညီမျှတသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး အထောက်အကူဖြစ်စေသည့် ဖွံ့ဖြိုးတိုးတက်သည့်မြေယာမူဝါဒ ဖြစ်စေရမည်"** ဆိုတာက ပါမလာဘူး။ အဲ့ဒါက PNLO နဲ့ တနင်္သာရီစာတမ်းကဟာကို ပြန်ယူလိုက်တယ်ထင်တယ်။ စဆွေးနွေးတဲ့အချိန်မှာ တပ်မတော်လက်ထဲမှာ ဘာမှ မရှိဘူး၊ ဆွေးနွေးပြီးလို့ နေ့လည်နားချိန် ရောက်ပြီဆိုရင် သူတို့လက်ထဲမှာ စာတစ်စောင် ပြန်ပါလာတယ်။ သူစာတမ်းက ကိုယ့်စာကို ဆန့်ကျင်ဘက် ပြန်လုပ်လိုက်တယ်။ တစ်ချို့ကို ညှိလို့ရတယ်။ တစ်ချို့ကို ညှိလို့မရဘူး။ အဲ့ ၁၀ ချက်ထဲမှာ ကျွန်တော်တို့ တင်တဲ့အတိုင်း ပါလာတာက တစ်ချက်ပဲ၊ ကျန်တာတွေက တပ်မတော်က တင်တာလည်း ဖြစ်မယ်၊ PNLO က တင်တာလည်းဖြစ်မယ်။ ကျွန်တော့်အနေနဲ့ အဲ့လောက်ပဲ ဖြည့်စွက်ချင်ပါတယ်။

**မေးခွန်း**

**စောစံအေး (မွန်ပြည်နယ် ကိုယ်စားလှယ်)**

စီးပွားရေး ဆိုင်ရာအနေနဲ့ ကမ္ဘာမှာ လျှပ်စစ်ဓာတ်အားက အရေးကြီးပါတယ်။ အဲ့ဒီထဲမှာ ကျောက်မီးသွေးဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကလည်း အဓိက ပါဝင်ပါတယ်။ ကျွန်တော်တို့ ကရင်ပြည်နယ်မှာ ပြည်နယ်အစိုးရအနေနဲ့ နောက်ဆုံးနေနဲ့ လက်ခံပြီးတော့ လုပ်မယ်လို့တော့ ကြားရတယ်။ လုပ်ဖြစ်လား မလုပ်ဖြစ်လားတော့ မသိဘူး။ လုပ်ခဲ့သည်ရှိသော် အကျိုးနဲ့အပြစ်၊ အပြစ်နဲ့အကျိုး ဘယ်ဟာက များသလဲဆိုတာ သိချင်ပါတယ်။ လူမှုရေးအနေနဲ့ ရာဇာမင်းကားကိစ္စပါ။ ကရင်လူငယ် ၆ ဦး။ ၅ ဦးကို သေဒဏ်ပေးတယ်။ ၁ ဦးကို တစ်သက်တစ်ကျွန်းပေးတယ်။ ဒါတွေကို UPDJC အနေနဲ့ ကြားရဲ့သား သိရဲ့သားနဲ့ အမှုမှန်ပေါ်အောင် ဘာဖြစ်လို့ မဖြေရှင်းပေးနိုင်သလဲ။

မြေယာနှင့်သဘာဝပတ်ဝန်းကျင်အနေနဲ့ ကျွန်တော်တို့ သထုံမြို့နယ်မှာ ကရင်လူမျိုးတွေ အထွဋ်အထိပ် မြတ်နိုးတန်ဖိုးထားတဲ့ မောလင်းကစဲ့ (မင်းလွင်တောင်) ကို အဖွဲ့အစည်း တော်တော်များများ နိုင်ငံတော်လည်း ပါပါတယ်။ KNU တပ်မဟာ (၁) ကိုယ်တိုင်လည်း ပါပါတယ်။ ဒီတောင်နဲ့ ဘိလပ်မြေထုတ်မယ့်ကိစ္စကို ဒေသခံတွေ ကျွန်တော်တို့ ကရင်တွေ ကန့်ကွက်ရဲ့သားနဲ့ လုပ်မယ် လုပ်မယ် တကဲကဲ ဖြစ်တယ်။ ဒါကို UPDJC အနေနဲ့ တစ်ဖက်တစ်လမ်းက ဘယ်လိုကူညီဆောင်ရွက်ပေးနိုင်ပါသလဲ။

**စောကျော်ဇွာ (KNDCC- Kayin State-Focal)**

ကရင်ပြည်နယ်အစိုးရရဲ့ ကျောက်မီးသွေးထုတ်လုပ်မှု ရရှိထားသော ထုတ်လုပ်ရေး စက်ရုံနှင့် ပတ်သက်၍သော်လည်းကောင်း တစ်ခြားကြီးမားသော သဘာဝသယံဇာတနှင့် ပတ်သက်ပြီး KNU, KNLA ရဲ့ သဘောထားကို ကျနော် ပြန်လည်မျှဝေ လိုပါတယ်။ သဘောထားများကတော့ အောက်ပါအတိုင်း ထားရှိထားပါတယ်။ နံပါတ်(၁) ဗဟိုစီးပွားရေးကော်မတီသည် ငြိမ်းချမ်းရေး တည်ဆောက်နေသည့် ကာလအတွင်း Mega Project အဆင့်ရှိ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်

အချိန် မတန်သေးဘူး။ သဘောထားရှိပါသည်။ နံပါတ်(၂) ပြည်သူလူထုနှင့် ပတ်ဝန်းကျင် ထိခိုက်စေမည့် သယံဇာတ အခြေပြု အဆင့်မြင့်နည်းပညာအသုံးပြု လုပ်ငန်းများမှ ထွက်လာသည့် ဘေးထွက်ပစ္စည်းများကို ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း၊ လျှော့ချခြင်းနှင့် ချိုးဖောက်မှုများအား အရေးယူခြင်း၊ သက်ရောက်မှုများအား ပြန်လည်ကုသခြင်းနှင့် ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေ မရှိသေးသဖြင့် လက်မခံသင့်ပါ။ နံပါတ်(၃) မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဆင့်အတန်း သတ်မှတ်မှု စံနှုန်းနှင့် ထိန်းသိမ်းရေးဥပဒေများ၊ ဒီ သယံဇာတများအပေါ် နည်းပညာ အသုံးပြုခြင်းဆိုင်ရာနှင့် ဘေးထွက်အန္တရာယ်ကို ကာကွယ်ခြင်း သဘောသဘာဝနှင့် ကိုက်ညီမှု မရှိသေးသဖြင့်၊ နောက်တစ်ခုက ယခင်ကာလများ၏ တာဝန်မယူသေးသော စီးပွားရေးလုပ်ငန်းရှင်ကြီး၏ ရင်းနှီးမြှုပ်နှံမှုများရဲ့ အကျိုးဆက်များအပေါ် ပြည်သူလူထု စိုးရိမ်စိတ် ကြီးမားစွာ ရှိနေသေးသဖြင့်၊ နောက်တစ်ခုက အထက်ပါ ဖော်ပြသော အခြေအနေများ ကုစားမှု မပြုသေးဘဲ အကောင်အထည်ဖော်မည့် မည်သည့် ရင်းနှီးမြှုပ်နှံမှုမျိုးမဆို ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံးမှ အားပေးထောက်ခံရန် မရှိပါ။ အဲ့လောက်ဆိုရင် ကျေနပ်လောက်ပြီ ထင်ပါတယ်။ ဒါက ပြီးခဲ့တဲ့ သုံးလလောက်တည်းက အစည်းအဝေးမှာ ဆုံးဖြတ်ထားတဲ့ အချက်အလက် ဖြစ်ပါတယ်။

## JMC ဆိုင်ရာ

**အမေး**

**စောနိုင်ဦး(တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ်)**

JMC မှ လက်နက်ကိုင်နှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပါက ဖြေရှင်းပုံအဆင့်ဆင့်နှင့် အမှား ကျူးလွန်သူအား မည်ကဲ့သို့ အရေးယူသနည်း။ JMC အနေဖြင့် အစိုးရစစ်တပ်နှင့် မဟုတ်ပဲ NCA ထိုးထားသည့် အဖွဲ့အစည်း အချင်းချင်း ပစ်ခတ်တိုက်ခိုက်မှု တစ်စုံတစ်ရာ ပြဿနာ ပေါ်ပေါက်လာပါက မည်ကဲ့သို့ ကိုင်တွယ် ဖြေရှင်းပေးပါသလဲ။

**အဖြေ**

**ပဒိုဘီးလယ် (JMC–S တနင်္သာရီ)**

နှစ်ဖက်တပ် ပြဿနာဖြစ်ပြီဆိုရင် JMC ကတော့ တိုင်ကြားစာအတိုင်း အရင်စီစစ်မှာဖြစ်တယ်။ စီစစ်ပြီး သက်ဆိုင်ရာ မှားယွင်းတဲ့အဖွဲ့တွေကို အကြောင်းကြားလိုက်ပါမယ်။ သက်ဆိုင်ရာတပ်ဖွဲ့မှ ၎င်းတို့စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အပြစ်ကျူးလွန်သူကို အပြစ်ဒဏ်ပေး အရေးယူရမှာ ဖြစ်ပါတယ်။ အရေးယူတဲ့နေရာမှာလည်း အရေးယူပုံယူနည်းများကို JMC သို့ ပြန်လည်အကြောင်းကြားရပါသည်။

**အမေး**

**(စောအယ်ဒါ၊ ရေးမြို့နယ် ကိုယ်စားလှယ်)**

ကျွန်တော်ကတော့ ကရင်စာပေယဉ်ကျေးမှုက ဖြစ်ပါတယ်။ ကျွန်တော်သိလိုတာက နှစ်ဦးနှစ်ဖက်တပ်များ ခွင့်မပြုတဲ့နေရာ– ကြားနယ်မြေဆိုတဲ့နေရာမှာ တစ်ချို့ နယ်မြေမှာတော့ တပ်နယ်မြေ တိုးချဲ့တာ မဟုတ်ဘဲနဲ့ ရဲနယ်မြေစခန်းတွေ လာချမယ်ဆိုရင် ကျွန်တော်တို့ ပြည်သူလူထု အနေနဲ့ တားဆီးလို့ရပါသလား။

**စောမိုရှေး (JMC-S, Mon)**

ရဲစခန်းကိစ္စ JMC-L ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်ဖြေပေးပါမယ်။ အခု NCA လက်မှတ်ထိုးပြီးတော့ NCA ကို ကျွန်တော်တို့ ကရင်လူထုတွေက ဘယ်လိုမြင်လဲဆိုတော့ တကယ်ကို သိကြားမင်းလို့ ထင်နေတာ။ အမှန်ကတော့ ကျွန်တော်တို့ရဲ့ ပထမခြေလှမ်းပဲ ရှိသေးတယ်။ အရမ်းကြီးလည်းပဲ NCA က အစွမ်းမထက်ပါဘူး။ ရဲစခန်းကိစ္စကို ကျွန်တော်ပြောပြမယ်။ တပ်စခန်းတွေ လာဆောက်လို့တော့ မရဘူး၊ ရဲစခန်း လာဆောက်မယ်ဆိုရင် ရမလား၊ NCA နောက်ပြီးတော့ CoC ထဲမှာ ဘာရေးထားလဲဆိုတော့ ဥပဒေစိုးမိုးရေးကို ဒီလိုမျိုး နိုင်ငံတော်ကာကွယ်ရေးကိစ္စ အပစ်ရပ်စဲ လက်မှတ်ထိုးထားတဲ့ ဧရိယာထဲမှာ လုပ်ဆောင်မယ်ဆိုရင် တစ်ဖက်သတ် လုပ်လို့ မရပါဘူး။ ညှိနှိုင်းပြီးတော့ လုပ်လို့ရပါတယ်။ ဒီနေရာမှာ ညှိနှိုင်းတယ် ဆိုတဲ့စကားက နှစ်ဦးနှစ်ဖက်နော်။ ဆိုတော့ ကျွန်တော်တို့ ကရင်တွေဘက်က ညှိနှိုင်းတဲ့အခါမှာ အရေးကြီး ဆုံးဖြတ်ရမယ့်နေရာမှာ ဗမာစကား မတတ်တဲ့သူက အဲ့အစည်းအဝေးကို သွားတက်လိုက်တဲ့အခါ တလွဲတွေ ဖြစ်ကုန်ရော။ အဲ့အခါကျတော့ NCA ကို အပြစ်တင်လို့ မရဘူး။ ရဲစခန်းလာဆောက်တဲ့ ကိစ္စတစ်ခုဟာ တကယ်တမ်းပြောရရင်တော့ ရည်ရွယ်ချက် တစ်ခုခုတော့ ရှိရမယ်။ ဒါပေမယ့် ကျွန်တော်တို့အပိုင်းမှာ ရဲစခန်းသာ ရှိမယ်ဆိုရင် ဥပဒေ စိုးမိုးရေးရမယ်။ တစ်ဖက်ကလည်း တစ်ခုခုပေ့ါ။ ဒါပေမယ့် ရမ်းလုပ်လို့ မရဘူး။ နှစ်ဖက်ညှိနှိုင်းပြီးတော့ ညှိနှိုင်းတဲ့အခါကျေလည်ပါစေ။ ကျွန်တော်တို့ ဘက်ကလည်း ညှိနှိုင်းတဲ့ အခါမှာ ဦးနှောက်အပြည့်နဲ့ ညှိနှိုင်းဖို့လိုပါတယ်။ ဒါဆိုရင် ကျွန်တော်ဖြေတဲ့ အဖြေဟာ ဒီရဲစခန်းနဲ့ ပတ်သက်ပြီးတော့ ကျေနပ်မယ်လို့ထင်ပါတယ်။

**အမေး**

**စောဆန်းဝင်း (တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ်)**

JMC-S အရပ်သားကိုယ်စားလှယ်တွေမှာ သူတို့က လက်နက်ကိုင်နှစ်ဖွဲ့ကြားမှာဖြစ်လာတဲ့ ပြဿနာကို သူတို့အနေနဲ့ အရပ်သားတစ်ယောက်အနေနဲ့ ကိုင်တွယ်နေရတဲ့ အနေအထားမှာ သူတို့ရဲ့ပါဝင်မှုကို နှစ်ဖက်လုံးက ဘယ်လောက်ထိ အသိအမှတ်ပြုသလဲ။ နောက်တစ်ခါဖြစ်လာတဲ့ ပြဿနာတွေအပေါ်မှာ သူတို့တွေရဲ့ ပါဝင်မှုအခန်းကဏ္ဍက ဘယ်လောက်အထိ ပါဝင်မှု ရှိသလဲဆိုတဲ့ အနေအထား။ နောက်ပြီး အခုချိန်မှာ သက်ဆိုင်ရာ ဒေသအသီးသီးမှာ

လူထုတွေ့ဆုံပွဲတွေ လိုက်လုပ်နေတာရှိတယ်။ ကျွန်တော်တို့အောက်မှာ မြင်တာက အဲ့လိုပွဲမျိုးတွေကို နယ်လုံတို့က ဦးဆောင်ပြီးတော့ပဲ လုပ်ရတာတွေ့ရတယ်။ သို့သော် ရင်းနှီးမှုအရသော်လည်းကောင်း၊ လုပ်ငန်း သဘောအရ သော်လည်းကောင်း၊ တပ်ဖက်ဆိုင်ရာတွေနဲ့ အမြဲထိတွေ့ သွားလာနေရတဲ့ အခါကျတော့ တစ်ခါတစ်လေများ ကိုယ့်လူ သူ့ဘက်တော်သားများ ဖြစ်သွားမလား။ ပြဿနာတွေ တိုင်တန်းလာတဲ့အခါ သူတို့ကကော နှစ်ဖက်ကိုပြန်ပြောတဲ့အခါ ဘယ်လောက်ထိ လိုက်နာမှု ရှိကြသလဲ။ အဲလိုအနေအထားမျိုး ကျွန်တော်တို့ သိချင်ပါတယ်။

**အဖြေ**

**ဗိုလ်မှူးကြီး စောကျော်သန်းဌေး (JMC-U)**

JMC-S ကို ဖွဲ့ဖို့က ဆုံးဖြတ်ချက် ရှိပါတယ်။ ကြာအင်းဆိပ်ကြီး၊ လှိုင်းဘွဲ့၊ သထုံ၊ မြစ်သာ၊ လဲချား၊ ပဲခူးမှာကျတော့ တပ်မတော်က ဘောကလိ၊ ကျွန်တော်တို့ဘက်က ထန်းတပင်၊ နောက်မဟုတ်ရင်လည်း ရွှေကျင်၊ ကျောက်ကြီး၊ လျာထားတာ ရှိပါတယ်။ တပ်မတော်အနေနဲ့ကတော့ ဖာပွန်နဲ့ ဘောကလိ Function ဖြစ်မှ ဆက်ဖွင့်မယ်။ ခုနက လျာထားတဲ့မြို့မှာတော့ ဆက်ဖွင့်ဖို့ ရှိပါတယ်။

နယ်မြေပိုင်းခြားသတ်မှတ်မှုနဲ့ပတ်သက်ပြီး JMC က ဘာမှမလုပ်ရသေးပါဘူး။ JMC ရဲ့ အဓိကတာဝန်က အဲ့တာတွေပဲဖြစ်ပါတယ်။ နှစ်ဖက်တပ်ပြန်လည်နေရာချထားရေးမှာ JMC က စောင့်ကြည့်ရမယ်။ ထိပ်တိုက် ထိတွေ့ရင်ဆိုင်မှု မရှိအောင် တပ်စခန်း အရေအတွက်ကိစ္စကိုလည်း စောင့်ကြည့်ရမှာ ဖြစ်တယ်။ အဓိက အချက်ကို ဘာမှ မလုပ်ရသေးပါဘူး။ အချင်းချင်းကြားမှာ ယုံကြည်မှု တည်ဆောက်ဖို့အတွက် အလုပ်ရုံ ဆွေးနွေးပွဲကို လုပ်ဆောင်နေပါသေးတယ်။ အချင်းချင်း ရင်းနှီးသွားအောင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဘုံသဘောထား နားလည်မှု ရှိသွားအောင် အဲ့ဒီအဆင့်ပဲ လုပ်ဆောင်နိုင်ပါသေးတယ်။ နည်းပညာပိုင်းအရတော့ တဖြည်းဖြည်းနဲ့ ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်တယ်။

အရပ်သားကိုယ်စားလှယ်နဲ့ ပတ်သက်ပြီး JMC-U မှာ ၃ ယောက်ပါတယ်။ တိုင်းရင်းသား တွေ အဆိုပြုတဲ့ ကိုယ်စားလှယ် ၃ ယောက်ပါတယ်။ ဒီ ၆ ယောက် တစ်စုတစ်စည်းတည်း ဖြစ်ဖို့က ဦးကိုကိုကြီး ဥက္ကဋ္ဌ တက်လုပ်တဲ့ အချိန်တုန်းက သူကြိုးစားပါတယ်။ ဘယ်ဘက်ကပဲ ဖြစ်ဖြစ် အရပ်သားကိုယ်စားလှယ်များသည် လက်နက်ကိုင် ၂ ဖွဲ့ကြားမှာ နေရမှာ ဖြစ်တယ်။ **JMC အနေနဲ့ နှစ်ဖက်တပ်မပါလေ ကောင်းလေပဲ ဖြစ်တယ်။ တပ်မတော်သည် ၂၀၁၈ အပေါ်မှာ မားမားမတ်မတ် ရပ်တည်တာဖြစ်တယ်။ ကျွန်တော်တို့သည် NCA စာချုပ်၊ ပြည်နယ်သဘောတူစာချုပ်၊ ပြည်ထောင်စုအဆင့် သဘောတူ စာချုပ်တွေအပေါ်မှာ ရပ်တည်တာဖြစ်တယ်။ ဒါကြောင့်မို့ ရပ်တည်ချက်ဟာ မတူဘူး။** ခုနက ဗိုလ်မှူးကြီးကျော်ညွှန့် ပြောသလို တပ်မတော်သည် အမျိုးသားနိုင်ငံရေးမှာ ဦးဆောင်ရမည်တို့၊ အချုပ်အခြာအာဏာတို့၊ တစ်ခုတည်းသော တပ်မတော်၊ နိုင်ငံတော် လေထု မြေထု ရေထု ဒါတွေ အားလုံးဟာ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွေကပဲ ဖြစ်ပါတယ်။ ပြည်ပရန် ကာကွယ်ရေး အတွက်လည်း NCA အတိုင်းမလုပ်ပဲနဲ့ ၂၀၀၈ အတိုင်း လုပ်ပါတယ်။ ယုံကြည်မှု တည်ဆောက်ဖို့

အတွက်က ခုကယုံကြည်မှု တည်ဆောက်တာ မဟုတ်ဘဲနဲ့ ကျွန်တော်တို့အဖွဲ့က စည်းကမ်း မရှိဘူး။ **သူတို့ဘက်က တင်တဲ့စာတမ်းက စသုံးလုံး(စစစ) တို့၊ SB တို့ ထွေအုပ်တို့နဲ့ဆိုင်တဲ့ စာတွေပဲ ဖြစ်ပြီးတော့ပြည်သူတွေက တင်တဲ့စာကတော့ မတွေ့ရသလောက် ခဲယဉ်းပါတယ်။ JMC ရဲ့အနှစ်သာရကိုဂဃနဏ နားလည်ဖို့လိုသလို JMC သည် ငြိမ်းချမ်းရေးလုပ်ငန်း တစ်ခုကို လွှမ်းမိုးတာမဟုတ်ဘဲနဲ့ JMC ကို အသုံးချပြီးတော့မှ လုပ်တာမဟုတ်ဘဲနဲ့ နယ်မြေတိုးချဲ့တာ မဟုတ်ဘဲနဲ့၊ အုပ်ချုပ်ရေးတိုးချဲ့တာမဟုတ်ဘဲနဲ့ စည်းရုံးရေး ပိုင်းဆိုင်ရာ လုပ်တာမဟုတ်ဘဲနဲ့ JMC ဟာ ပူးတွဲ အကောင်အထည်ဖော်ရတဲ့ကော်မတီ ဖြစ်တယ် ဆိုတာ ပီပီပြင်ပြင် အကောင်အထည်ဖော်ဖို့ လိုပါတယ်လို့ ပြောကြားချင်ပါတယ်။** ကျေးဇူးတင်ပါတယ်။

**ပဒိုစောလှထွန်း (GS-2, KNU)**

JMC ဆိုင်ရာကိစ္စရပ်ကို နည်းနည်းလေး ဖြည့်စွက်ပြောကြားချင်ပါတယ်။ NCA အရ ကော်မတီဖွဲ့ထားတာ ၂ ခုဖြစ်တယ်။ ဘာပဲဖြစ်ဖြစ် ဒီ ၂ ခုက ဒီနိုင်ငံမှာ အကောင်အထည်ဖော်ရမယ့် ကော်မတီကြီး ၂ ခုဖြစ်တယ်။ အဲဒါက UPDJC နဲ့ JMC ပဲဖြစ်တယ်။ အားလုံးသည် ပူးတွဲ ကော်မတီဖြစ်တယ်။ **ပူးတွဲကော်မတီဖြစ်တော့ ပူးတွဲသဏ္ဍာန်ဆောင်ရမယ်ဆိုတဲ့ အဓိပ္ပာယ် ရှိရမှာဖြစ်တယ်။** အကောင်အထည်ဖော် ဆောင်ရွက်ရင်း ပွတ်တိုက်မှုတွေ ဖြစ်ပေါ်လာတာ လက်ရှိမြင်နေကြရမှာ ဖြစ်တယ်။ အဲ့ဒီအခြေခံအချက်တွေကြောင့်ပဲ KNU က နိုင်ငံရေး ဆွေးနွေးပွဲကို Review ပြန်လုပ်သလို JMC ကိုလည်း Review ပြန်လုပ်ပါတယ်။ JMC ကို ဘာလို့ Review လုပ်ရလဲ ဆိုတော့ JMC ဆိုရင် ပစ်ခတ်တိုက်ခိုက်မှု လေ့လာစောင့်ကြည့်ရေးဖြစ်တဲ့အတွက် ပစ်ခတ်တိုက်ခိုက်မှုနဲ့ဆိုင်တဲ့ ကိစ္စရပ်တွေ အဓိက ဖြစ်ရပါလိမ့်မယ်။ အဲ့ဒါကို ကျွန်တော်တို့ပြန်ပြီးတော့ သုံးသပ်တယ်။ ပါဝင်ရမယ့် စုဖွဲ့မှုကို စောင့်ကြည့်လေ့လာတာ ဖြစ်တဲ့အတွက် ဘယ်သူတွေက ပါဝင်သင့်သလဲ ဆိုတာကို ဆွေးနွေးလာကြတယ်။ အဲ့ဒါကြောင့်မို့လို့ KNU မှာပါတဲ့ Member အားလုံးကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၆–၇–၈ မှာ ကျွန်တော်တို့ တွေ့ကြတယ်။ တွေ့ကြပြီးတော့ JMC တစ်ခုလုံးကို ဘယ်လို ဆက်သွားသင့်သလဲဆိုတဲ့ သုံးသပ်ချက်ကို ပြန်ပြီးတော့ စုလာတယ်။ သုံးသပ်ချက် တစ်ချို့ကို ဒီကသိနိုင်အောင် အသိပေးချင်ပါတယ်။

(၁) အချက်က JMC-ပစ်ခတ် တိုက်ခိုက်မှုကိုပဲ စောင့်ကြည့်ရမှာ ဖြစ်တဲ့အတွက် ပစ်ခတ် တိုက်ခိုက်မှုနဲ့ ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း ဖြစ်ဖို့လိုတယ်။ **ကန့်ကွက်စာ တွေကိုပြန်ကြည့်လိုက်တဲ့အချိန်မှာ တချို့ကိစ္စရပ်တွေက ကန့်ကွက်စာမဟုတ်ဘဲနဲ့ အုပ်ချုပ်ရေး ဆိုင်ရာကိစ္စတွေ တချို့ပါတယ်။** အဲ့ဒါကလည်း Code Of Conduct ထဲမှာ အရပ်သားတွေကို ကာကွယ်ဖို့အတွက် ပါဝင်ပြီးသား ဖြစ်မယ်။ ဘာပဲဖြစ်ဖြစ် ပစ်ခတ်မှုတွေဖြစ်ရင် ဘာလို့ဖြစ်လဲ၊ ဘာကြောင့်ဖြစ်လဲ ဆိုတာကို ပြန်သွားဖို့လိုတယ်။ အဲ့ဒါမှသာ ရှေ့ဆက်သွားမယ့်အရာတွေကို ကိုင်တွယ်နိုင်မှာ ဖြစ်တယ်။ **နောက်တစ်ဆင့် JMC ကိုဒီထက်ကောင်းအောင်လုပ်သွားဖို့ဆိုတဲ့နေရာမှာပူးတွဲဆိုတဲ့ကိစ္စကလည်းနောက်ပြန်ဆွေးနွေးရမယ့် အချက်တွေ ဖြစ်လာတယ်။ ပူးတွဲဆိုရင် သိထားတဲ့အတိုင်း ပူးတွဲ ဉက္ကဋ္ဌလား တစ်ခုခုတော့ရှိရမှာဖြစ်တယ်။ နောက်တစ်ခုက KNU တပ်မဟာ(၂)ကော၊ တပ်မဟာ(၄)ကော ဘာကြောင့် နုတ်ထွက်တယ် ဆိုတာကို တချို့သော ကိစ္စတွေ ဆုံးဖြတ်ချက်ချတဲ့နေရာမှာ ပူးတွဲဆန်ဆန် ဆုံးဖြတ်ချက်ချတာ မဟုတ်ဘဲနဲ့ တစ်ဖက်**

**သတ်ဆန်တဲ့ ဆုံးဖြတ်ချက်မျိုးတွေ ဆုံးဖြတ်လာတဲ့အတွက် နစ်ဖက် ညှိနှိုင်းပြီးတော့ ဆုံးဖြတ်ချက်ချတာ မဟုတ်တဲ့အတွက် ခေါင်းဆောင်တွေက နှုတ်ထွက်ရတာ ဖြစ်ပါတယ်။**

JMC-L လုပ်ရမယ့်နေရာ ကျွန်တော်တို့သိထားတာသည် လျာထားတာကိုသာ သိထားပြီးတော့ ထားမလား/ မထားဘူးလား ဆိုတာသည် သက်ဆိုင်ရာအဖွဲ့အစည်း တစ်ဖွဲ့ချင်းရဲ့ သဘောထားကို ရယူရမှာဖြစ်တယ်။ အဖွဲ့အစည်းတိုင်း သက်ဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းတွေ ရှိတယ်။ အဲဒါတွေကို ကျော်ပြီးတော့ လုပ်လာတဲ့အတွက် JMC-L ကို မဖွဲ့စည်းနိုင်တာဖြစ်တယ်။ အပြန်အလှန် နားလည်မှုနဲ့ အဖွဲ့အစည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေ ပြန်ပြီးတော့ အသိပေးညွှန်ကြားတဲ့ လုပ်ထုံးလုပ်နည်းတွေ ရှိပါတယ်။ ဆိုလိုတာက JMC သည် အပစ်အခတ်ရပ်စဲရေးကို သီးသန့်စောင့်ကြည့် လေ့လာတာဖြစ်တဲ့အတွက် အဲ့ဒီကော်မတီက ဆုံးဖြတ်ချက်တစ်ခုချင်း ကျလာတဲ့ အချက်တွေက သက်ဆိုင်ရာအဖွဲ့အစည်းမှာ ပြန်ပြီးအသိပေးရမှာ ဖြစ်တယ်။ အဲ့လို အသိပေးပြီးမှ သက်ဆိုင်ရာ ခရိုင်သော်လည်းကောင်း၊ တပ်မဟာ သော်လည်းကောင်း၊ ညွှန်ကြားပေးပြီးမှ ဆောင်ရွက်ရမှာ ဖြစ်တယ်။ ဒါက အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းနဲ့ သွားရမှာ ဖြစ်ပေမယ့် အဲဒီအဆင့်တွေ မသွားပဲနဲ့ JMC တိုက်ရိုက်သွားမယ်ဆိုရင် အကောင်အထည်ဖော်လို့ မရတဲ့ function ဖြစ်တဲ့ကိစ္စတွေ အဲ့မှာကြုံလာရမှာ ဖြစ်တယ်။

နောက်တစ်ခုက KNU အနေနဲ့ ကနဦးနိုင်ငံရေး တိုက်ပွဲကိုသွားတဲ့အချိန်မှာ အဓိကဖြစ်တဲ့ကော်မတီ ၂ ခုကို ထားထားပါတယ်။ အဲ့ဒါက နိုင်ငံရေးဆိုင်ရာတိုက်ပွဲကို သွားရမယ့် ကော်မတီ နဲ့ စစ်ရေးဆိုင်ရာကို ကိုင်တွယ်ရမယ့် ကော်မတီ ၂ ရပ် ဖြစ်ပါတယ်။ နိုင်ငံရေးဆိုင်ရာ ကော်မတီမှာ ကဏ္ဍ ၅ ရပ်ဖြစ်တဲ့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝသယံဇာတ သူ့ ကဏ္ဍအလိုက် သက်ဆိုင်ရာ ကော်မတီတွေ ဖွဲ့ပြီးတော့ အကောင်အထည်ဖော်သလို၊ စစ်ဖက်ဆိုင်ရာမှာလည်း Military Affair of Negotiation Team (MANT) ကို တာဝန်ပေးထားတာ ဖြစ်တယ်။ အဲ့ဒီအထဲမှာ သက်ဆိုင်ရာတပ်မဟာမှူးတွေ အားလုံးပါဝင်သလို စစ်ဖက်ဆိုင်ရာနဲ့ ပတ်သက်တဲ့ ကိစ္စရပ်တွေ ဖြစ်လာတယ်ဆိုရင် သီးသန့် စကားပြောဖို့ တပ်မဟာ တစ်ခုတည်းမဟုတ်ဘဲနဲ့ KNU/ KNLA တစ်ခုလုံးသဘောထားနဲ့ ရပ်တည်ပြီးတော့ ပေါ်လစီပေါ်မှာ ရပ်တည်ပြီးတော့ ဆွေးနွေးသွားဖို့ ဖြစ်တယ်။ အဲ့ဒါကြောင့်မို့ တပ်မဟာ(၅) လယ်မူပလောကိစ္စမှာ ကျောက်ကြီးမှာ ဆွေးနွေးမယ့်ကိစ္စမှာ MANT ကို တာဝန်ပေးလိုက်တာ ဖြစ်တယ်။ EC ဆုံးဖြတ်ချက်အရ ဒါကို ကိုင်တွယ်ဖြေရှင်းဖို့ ဖြစ်တယ်။ အဲ့ထဲမှာပါတဲ့လူတွေက KNU ကပဲ တာဝန်ပေးထားတာ ဖြစ်တယ်။ သူပါမှ ဟိုလူပါမှ သက်ဆိုင်ရာတစ်ဖက်က တောင်းဆိုတဲ့လူပါမှ မဟုတ်ဘဲနဲ့ ကိုယ့်ရဲ့အဖွဲ့အစည်းက တာဝန်ပေးထားတဲ့ လူတွေပဲ တာဝန်ပေးထားတာ ဖြစ်ပါတယ်။ အဲ့ဒါကို ရှင်းရှင်းလင်းလင်း သိထားဖို့ အသိပေးလိုပါတယ်။

**JMC ထဲမှာလည်းပြန်ပြီးတော့ သတ်မှတ်ရမယ့် တချို့အချက်တွေ ရှိလာတယ်။ JMC ထဲမှာလည်း တချို့အချက်တွေကို သေသေချာချာ အဓိပ္ပာယ် ဖွင့်ဆိုရမယ့် အချက်တွေ ရှိလာတယ်။ အဲ့ဒါတွေကလည်း ရှင်းရှင်းလင်းလင်း ဖြစ်နေမှ ရှေ့ဆက်သွားနိုင်မှာဖြစ်တယ်။** ဝိဝါဒ ကွဲပြားစေမယ့် တချို့စကားလုံးတွေ အဓိပ္ပာယ်တွေ ကျွန်တော်တို့ ရှာထုတ်ထားတာရှိတယ်။ အဲဒါက သက်ဆိုင်ရာ JMC တွေက

ပြန်စုပြီးတော့ အခိပ္ပာယ်ဖွင့်ဆိုထားတာရှိတယ်။ **နောက်တစ်ချက်က အရေးပေါ်ဆိုတဲ့ ကိစ္စပဲဖြစ်တယ်။ အကယ်၍အရေးပေါ်ခေါ်တယ်ဆိုရင် အရေးပေါ်ခေါ်နိုင်တဲ့ လုပ်ထုံးလုပ်နည်းလား Criteria လား။ သတ်မှတ်ချက်လား ရှိရမှာ ဖြစ်တယ်။ ဘယ်လိုအခြေအနေမှ အရေးပေါ်ခေါ်ရမလဲ။ သူ့သတ်မှတ်ချက်က ဘယ်လိုလဲ။ အဲ့ဒါကလည်း ရှင်းရှင်းလင်းလင်း ရှိမနေဘူး။ ထိတွေ့မှုဖြစ်တိုင်း JMC အရေးပေါ်ခေါ်ရမလားဆိုတဲ့ မေးခွန်း** ပြန်ဖြစ်လာတယ်။ ထိတွေ့မှုက ဘယ်လိုထိတွေ့မှုမျိုးလဲ။ ဘယ်သူကတင်မှ ခေါ်ရမလဲ။ သက်ဆိုင်ရာ အစိုးရ၊ EAO၊ အရပ်သား ကိုယ်စားလှယ် ဘယ်နှစ်ဦးက တင်လာမှ ခေါ်နိုင်သလဲ။ ဒါတွေကလည်း သေချာသီးသန့် မရှိတာဖြစ်တဲ့အတွက် မရှင်းမရှင်းတွေ ဖြစ်လာတယ်။ ဖာပွန် လယ်မူပလောကိစ္စမှာ တချို့ မေးလာတာတွေရှိတယ်။ ဘာကြောင့် ဘာထုတ်ပြန်ချက် Statement မှ မထုတ်တာလဲ။ ကျွန်တော်တို့အနေနဲ့ သတင်းအချက်အလက် ဘယ်လောက် ခိုင်လုံသလဲ။ အောက်ခြေက တင်ပြမှုမရှိရင် ဗဟိုကလည်း ဘာမှသွားပြီးတော့ ဆုံးဖြတ်လို့ မရဘူး။ သတင်း အချက်အလက်က ဘယ်လောက်ထိ မှန်ကန်လဲ။ အဲ့သတင်းတွေက နိုင်ငံတကာကို အသိပေးလိုက်မယ်ဆိုရင် မှတ်တမ်းမှတ်ရာတွေက ခိုင်လုံမှုရှိရမှာ ဖြစ်တယ်။ အဲဒါကြောင့် တချို့အကြောင်းတွေသည် ချက်ခြင်း ထုတ်ပြန်လို့ မရသလို သက်ဆိုင်ရာ တပ်မဟာရဲ့ ရှိနေတဲ့ ပကတိအနေအထားနဲ့ ပါဖို့လိုတယ်။ ဒါကြောင့် သေချာတိကျတဲ့ အစီရင်ခံစာ အချက်အလက်တွေနဲ့ မတ်လ ၁၆ ရက်နေ့မှာ ဖြစ်နေတဲ့ ပြဿနာတွေ၊ ဘယ်သူမှား ဘယ်သူမှန်တယ်ဆိုတာတွေ၊ ကျွန်တော်တို့ ရပ်တည်ချက်တွေပါတဲ့ Statement ကို ထုတ်ပြန်ပြီး ဖြစ်တယ်။ အဲ့ဒီ ရပ်တည်ချက်အတိုင်းပဲ ကျွန်တော်တို့က ရပ်တည်နေတယ်။ တစ်ဖက်မှာလည်း အဖြစ်နိုင်ဆုံး အကောင်းဆုံး သွားနိုင်မယ့် လမ်းကြောင်းနဲ့ NCA အရ ဖြစ်လာမယ့် ပြဿနာတွေကို ထိပ်တိုက်ရင်ဆိုင် ဖြေရှင်းခြင်း လမ်းကြောင်း မဟုတ်ဘဲနဲ့ ညှိနှိုင်းဖြေရှင်းသွားမယ်ဆိုတဲ့ အောက်ကနေ ကျွန်တော်တို့ KNU က သွားနေတာဖြစ်တယ်။ ဒါပေမယ့် ကိုယ့်ရဲ့ ရပ်တည်ချက်အပေါ်မှာတော့ ရပ်တည်ရမှာ ဖြစ်တယ်။ အဲ့ဒါကြောင့်မို့ ဒီကိစ္စတွေကိုလည်း ဒီမှာရောက်ရှိနေတဲ့ သက်ဆိုင်ရာ အဖွဲ့အစည်း အသီးသီးကသော်လည်းကောင်း၊ ရှိနေတဲ့ ကရင်ခေါင်းဆောင်တွေက သော်လည်းကောင်း၊ ဒီအခြေအနေတွေကို သိရှိပြီးတော့ ဆောင်ရွက်နေရတဲ့ ပကတိ အခြေအနေတွေနဲ့ ရပ်တည်နေတဲ့ အနေအထားကို သိရှိနိုင်ဖို့အတွက် ခု JMC မှာ ဖြည့်စွက် ပြောကြားခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## UPC / Union Accord နှင့် KND ဆိုင်ရာ

**အမေး**

**ရန်ကုန်တိုင်းကိုယ်စားလှယ်**

ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)မှာ ရရှိတဲ့ ၃၇ ချက်သည် အနာဂတ် ဒီမိုကရေစီ ဖက်ဒရယ် တည်ထောင်ဖို့အတွက် အထောက်အကူဖြစ်နိုင်မလား၊ အနှစ်သာရ ရှိမလားဆိုတာ သိချင်ပါတယ်။

**အဖြေ**

**ပဒိုစောလှထွန်း (KNDCC)**

ဒါကအားလုံးကို ပြန်မေးရမယ့် မေးခွန်းဖြစ်တယ်။ နိုင်ငံရဲ့ သမိုင်းဖြစ်စဉ်နဲ့ ပြန်ပတ်သက်လာတယ်။ လွတ်လပ်ရေးရပြီး နောက်ပိုင်း ပြည်တွင်းစစ်တွေ ဖြစ်လာတယ်။ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မူ ၈ ချက်နဲ့သာ သွားမယ်ဆိုရင် စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို ရရှိခဲ့မှာ ဖြစ်တယ်။ ပြည်ထောင်စုကို ဖက်ဒရယ်နဲ့ ဘယ်လို တည်ထောင်သွားမလဲဆိုတာ အခုလုပ်နေတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ဆွေးနွေးနေတာ ဖြစ်တယ်။ ဒီ ၃၇ ချက်မှာ လူထုရဲ့ တကယ့်သဘောတူညီချက် မရဘူးဆိုရင် နောက်တစ်ပွဲမှာ Union Accord မှာ ပြန်ပြီးတော့ ဆွေးနွေးရမှာတွေ ရှိတယ်။ နိုင်ငံရေး ဆွေးနွေးပွဲအတွက် တင်ရမယ့် လမ်းကြောင်းတွေ ပွင့်လာမယ်။ ကျွန်တော်တို့ ကနဦးလိုချင်တဲ့ အချက်နဲ့ အပေါ်ရောက်သွားတာတွေမှာ ပါချင်မှလည်း ပါလိမ့်မယ်။ **ကျွန်တော်တို့ခေါင်းဆောင်တွေရဲ့နိုင်ငံရေးစကားဝိုင်းထဲမှာအားကောင်းသလောက်တော့ပါမယ်။ အနှစ်သာရအပိုင်းမှာတော့ နောင်လာမယ့် ဆွေးနွေးပွဲတွေမှာ သူနဲ့ပတ်သတ်တဲ့ အကြောင်းအရာတွေ ပါသွားမယ်။** ၃၇ ချက်သည် အာမခံချက် ရှိခြင်း/မရှိခြင်း၊ အနှစ်သာရ ရှိခြင်း/မရှိခြင်းသည် မြင်နိုင်တယ်။

**အမေး**

**ရန်ကုန်တိုင်းဒေသကြီးကိုယ်စားလှယ်**

နိုင်ငံရေးဖော်ဆောင်မှုဟာ ဘာကြောင့်ရပ်တန့်ရသလဲဆိုတဲ့ အကြောင်းအရင်းကို သိချင်ပါတယ်။

**အဖြေ**

**ပဒိုစောလှထွန်း (KNDCC)**

(၁) အချက်က ရပ်တန့်နေရတဲ့ ကိစ္စက ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဖြစ်စဉ်ထဲမှာ NLD အစိုးရ တက်လာတဲ့ နောက်ပိုင်း ပြန်လည်သုံးသပ်ချက်အရ NCCT နဲ့ UPWC ဆွေးနွေးခဲ့တဲ့ နောက်ပိုင်းမှာ နားလည်ထားတဲ့ နားလည်မှုနဲ့ အခြေခံဆောင်ရွက်မှုဟာ ကွဲလွဲနေတယ်လို့ ပြောလို့ရတယ်။ ကျွန်တော်တို့ ကနဦး နားလည်ထားတဲ့ Frame Work ထဲမှာ ပြန်ပြီးတော့ ပြောင်းလဲလိုက်တာတွေ ပါလာတယ်။ Concept တွေက နည်းနည်းချင်း နားလည်မှုလွဲလာတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ အရင်က ကျွန်တော်တို့ နားလည်ထားတာက အားလုံးပါဝင်ရမယ်ဆိုတဲ့ အခြေခံမှုအောက်မှာ သက်ဆိုင်ရာ ပြည်နယ်နဲ့တိုင်း ၁၄ ခုနဲ့ နေပြည်တော်ကောင်စီမှာလည်း နိုင်ငံရေးဆွေးနွေးပွဲတွေကို ကျင်းပပြုလုပ်ပြီးတော့ ဆွေးနွေးသွားမယ်။ ဒီဖက်မှာလည်း သက်ဆိုင်ရာ ပြည်နယ်နဲ့တိုင်းမဟုတ်တော့ပဲနဲ့ EAOs နယ်မြေထဲမှာပဲ ဆွေးနွေးသွားမယ်။ နောက်တစ်ခုကလည်း အခြေခံကျတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ ပြုလုပ်ဖို့ လူထုအမြင်သဘောထား ဆွေးနွေးပွဲတွေ ပြုလုပ်ရမယ်။ အဲ့ဒါတွေက ဆက်စပ်နေကြတယ်။ အောက်ခြေမှာ အမြင်သဘောထားတွေ မရဘဲနဲ့ ဘယ်လိုမှ ဆွေးနွေးလို့ မရဘူး။ ဒီနိုင်ငံရဲ့ အရှေ့ကိုသွားတဲ့အချိန်မှာ ဒီနိုင်ငံမှာရှိနေတဲ့ တိုင်းရင်း

သား လူမျိုးစုတွေရဲ့ ဖက်ဒရယ်တည်ဆောက်ပုံက အားလုံးအမြင် သဘောထားတွေ ပါဝင်လာရမှာ ဖြစ်ပါတယ်။ တချို့နေရာတွေမှာ ကန့်သတ်မှုတွေရှိလာတယ့် အခြေခံသဘောထားတွေအပေါ်မှာ အမြင် ကွဲလွဲမှုတွေရှိလာပြီး ပြန်လည်ညှိနိုင်းရမယ့် ကိစ္စတွေရှိလာတယ်။ UPC တစ်ခုနဲ့ တစ်ခုကြား မှာလည်း ပြီးစီးအောင်လုပ်ရမယ့် လုပ်ငန်းတွေရှိသလို အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ နဲ့ ပတ်သတ်တဲ့ အောက်ခြေ ဆက်စပ်မှုကိုလည်း UPDJC ရဲ့ TOR ထဲမှာလည်း ထည့်သွားနိုင်ဖို့ စဉ်းစားလာတယ်။ အဲ့ဒါကိုလည်း ပြီးခဲ့တဲ့ PPST မှာလည်း အစိုးရနဲ့ တပ်ချုပ်နဲ့ နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ်နဲ့လည်း ဆွေးနွေးရမှာ ဖြစ်သလို UPDJC မှာလည်း ထည့်သွင်း ဆွေးနွေးသွားဖို့ ရှိလာတယ်။ အဲ့ဒါက ကျွန်တော်တို့ သွားမယ့်အရွေ့မှာ ရှိနေတဲ့ အခြေခံ Concept နဲ့ သွားနေတဲ့ Concept အကြားမှာမတူတဲ့ ကွဲလွဲမှုတွေကြောင့် split ဖြစ်နေတာ ဖြစ်ပါတယ်။

**အမေး**

**ရန်ကုန်တိုင်းဒေသကြီး ကရင်ကိုယ်စားလှယ်**

ငြိမ်းချမ်းရေးအောင်မြင်မှုကို ဘယ်လောက်ရာခိုင်နှုန်းအထိ မျှော်လင့်ထားသလဲ။ ဘယ်လောက် အချိန်အတိုင်းအတာထိ ကြာမယ်လို့ မျှော်လင့်ထားသလဲ ဆိုတာကို မေးချင်ပါ တယ်။

**အဖြေ**

**ပဒိုစောလှထွန်း (KNDCC)**

အချိန်ဘယ်လောက်ကြာမလဲဆိုတာက ကျွန်တော်တို့ရဲ့ ကြိုးစားမှုနဲ့ ဆောင်ရွက်မှုအပေါ်မှာ မူတည်ပါတယ်။ ငြိမ်းချမ်းရေးရဖို့က ကျွန်တော်တို့ သွားရမယ့် အခြေခံတည်ဆောက်မှု အပေါ်မှာ မူတည်တာ ဖြစ်ပါတယ်။ အားလုံး ပါဝင်နိုင်မလား ဆိုတာက အရင်က ရှိခဲ့တဲ့ အကြောက်တရားတွေနဲ့ မသိနားမလည်သေးတဲ့ သူတွေရဲ့ရှိနေတဲ့ ပကတိအခြေအနေ အပေါ်မှာမူတည်မယ်။ နိုင်ငံတကာရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကလည်း တသမတ်တည်း ရှိနေတာမဟုတ်ဘူး။ တချို့တွေလည်း တိုက်ပွဲတွေ ဖြစ်လာတာ ရှိတယ်။ ပြီးရင် ပြန်ကြိုးစားကြတာပဲ ဖြစ်တယ်။ ငြိမ်းချမ်းရေးကို လိုချင်တယ်ဆိုရင် ကျွန်တော်တို့ နောက်ထပ်တိုက်ပွဲတွေ မဖြစ်အောင် ကြိုးစားရမယ်။ ဒါက ကျွန်တော်တို့ လုပ်ရမယ့် အပိုင်း ဖြစ်တယ်။ ငြိမ်းချမ်းရေးနဲ့ ပတ်သတ်တာတွေကို လူထုကိုလည်း အသိပေးဆောင်ရွက်ရမှာ ဖြစ်တယ်။ **ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်က ပြည်တွင်းစစ် ချုပ်ငြိမ်းမှ ဖြစ်မယ်ဆိုရင် EAOs၊ အစိုးရ၊ ပါတီတွေအားလုံးဒီဖြစ်စဉ်တွေကိုလူထုကိုရှင်းပြမှဖြစ်မယ်။ ပြန်ကြည့်လိုက်ရင်အဲ့လိုဖြစ်စဉ်တွေကိုဘယ်သူ က လိုက်ပြီးတော့ ရှင်းပြမလဲဆိုတဲ့ မေးခွန်း ပြန်ထွက်လာတယ်။ အဲ့ဒါဆို ၂၀၁၂ ကနေ ၂၀၁၇ ထိ ဖြစ်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေကို ဘယ်သူတွေက လိုက်ရှင်းပြသလဲ။ ဒါတွေက ကျွန်တော်တို့ သွားနေတဲ့ အရွေ့မှာ ရပ်တန့်နေရတဲ့ ကိစ္စတွေ ဖြစ်တယ်။** ဒုတိယအချက်က နှစ်ပေါင်းများစွာ ဖြစ်ခဲ့တဲ့ နိုင်ငံရဲ့အုပ်ချုပ်ရေး အခြေအနေကြောင့် ဖြစ်ကောင်းဖြစ်နိုင်တယ်။ ကုစားဖို့က မူပိုင်းဆိုင်ရာ အခြေခံမှုတွေ လိုအပ်လာ တယ်။ အခြေခံမှုတွေ မဖြစ်လာဘဲနဲ့ စောစောကပြောတဲ့ ကိစ္စတွေ မဖြစ်လာဘူး။ ဖြည်းဖြည်းခြင်း

ဘယ်လိုဖြေရှင်းသွားမလဲဆိုတာက အဖက်ဖက် အဆင့်ဆင့် ပြောင်းလာတဲ့ အစိုးရဖြစ်စဉ်နဲ့ လူထုကို ကိုယ်စားပြုတဲ့ လွှတ်တော်အမတ်တွေက လွှတ်တော်ထဲမှာ ဘယ်လိုမျိုး ပြောင်းလဲနိုင်မလဲဆိုတဲ့ အပေါ်မှာလည်း မူတည်တယ်။ အချိန်ဘယ်လောက် ကြာမလဲဆိုတာကတော့ အားလုံးပါဝင်နိုင်တဲ့ အနေအထားပေါ်မှာ မူတည်တယ်။

**အမေး**

**နော်ဟဲလေဖော ( ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ကိုယ်စားလှယ်)**

ပြည်ထောင်စုသဘောတူညီမှုစာချုပ် အစိတ်အပိုင်း(၁)မှာ တစ်ချို့ အနှစ်သာရ ရှိတဲ့ အချက်တွေ ဖြုတ်ချလိုက်တာ တွေ့ရတယ်။ အချုပ်အခြာ ကျင့်သုံးတဲ့အပိုင်းမှာ သီးခြားစီ ကျင့်သုံးတာက မပါဘဲနဲ့ အပြန်အလှန် ထိန်းကျောင်းပြီးသွားမယ် ဆိုတာမျိုး၊ တန်းတူရေးအောက်မှာ ဆိုရင် ပြဋ္ဌာန်းခွင့်နဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဖြုတ်ခံရပြီးတော့ ထိန်းသိမ်းကာကွယ် မြှင့်တင်ခွင့်ပဲ ဆိုတော့ သဘောတူထားတဲ့ အချက်တွေနဲ့ပတ်သက်ပြီး Political Dialoglue အထိသွားမယ် ဆိုတော့ ပြန်လည်ပြင်ဆင်ပြောင်းလဲလို့ရလား၊ ဒါကိုပဲ ဆက်ကိုင်သွားမှာလားဆိုတာ သိချင်ပါတယ်။ Deadlock ဖြစ်နေတဲ့အချိန်မှာ စစ်တပ်ရဲ့အခန်းကဏ္ဍက အရမ်းအရေးကြီးတဲ့ အခါကြတော့ သူတို့ရည်ရွက်ချက်က ၂၀၂၀ ကျရင် နောက်ထပ်သူတို့ ကြံ့ခိုင်ရေးပါတီ တက်လာမှ ဒါကို ဖြေဖျောက်ဖို့ အလားအလာရှိတာလား၊ ဒါမှမဟုတ် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ် ပြီးတော့ ဘာပဲဖြစ်ဖြစ် ဘာမှမလုပ်ဘူး ဆိုတာမျိုးကိုလည်း တွေးထားမြင်ထားတာမျိုးရှိလား။ နောက်တစ်ချက်အနေနဲ့ NCA မထိုးတဲ့အဖွဲ့၊ NCA ထိုးတဲ့အဖွဲ့၊ အစိုးရကို တပ်မတော်အနေနဲ့ နိုင်ငံတကာ အနေနဲ့ရော ဖိအားပေးမှုနဲ့ အခုလို Deadlock ဖြစ်နေတဲ့အရာနဲ့ပတ်သက်ပြီး ဘယ်လို ကျော်လွှားဖြေရှင်းမလဲ။

**အဖြေ**

**ပဒိုစောလှထွန်း** (KNDCC)

NCA မထိုးတဲ့အဖွဲ့နဲ့ တပ်မတော်၊ အစိုးရကြားမှာ Third Party နဲ့ ချဉ်းကပ်ရမှာ ဖြစ်တယ်။ ပါဝင်ဖို့ကို အစဉ်တစိုက်အနေနဲ့ ကြိုးစားခဲ့တယ်။ ချဉ်းကပ်မှုတွေ လုပ်နေတယ်။ ဖြစ်နေတဲ့ အခြေအနေမှာ ဆောင်ရွက်မှုတွေကို informal အနေနဲ့တွေ့ပြီး ညှိနှိုင်းဖြေရှင်းဖို့၊ ကရင်အမျိုးသား အစည်းအရုံးကပဲ အစိုးရနဲ့တွေ့၊ တပ်နဲ့ တွေ့ပြီး ဖြစ်နေတဲ့ အခြေအနေတွေကို ရှင်းပြဖို့ရှိတယ်။

ပြည်ထောင်စုသဘောတူညီမှု အစိတ်အပိုင်းက လွှတ်တော်အတည်ပြုချက်ရမှ အတည် ဖြစ်တယ်။ လွှတ်တော်ထဲမှာ ပြင်ဆင်ဖြည့်စွက်မှု လုပ်မယ့်နေရာမှာ EAOs တွေရဲ့ ပါဝင်မှု အခန်းကဏ္ဍက ပျောက်နေတယ်။ ပြင်ဆင်ရေးဆွဲမယ့်အဖွဲ့နဲ့ EAOs တွေ ဘယ်လိုတွေ့ဆုံပြီး လုပ်ဆောင်မလဲဆိုတဲ့ အပိုင်းတစ်ပိုင်း ရှိလာတယ်။ ဆိုင်ရာပတ်သတ်တဲ့ ကိစ္စတွေကိုလည်း ဆွေးနွေးဖို့ရှိတဲ့အတွက် အဲ့ဒီအချိန်ကျရင်လည်း ကိုယ့်ဘက်က သွားဆွေးနွေးမယ့်လူက ဘယ်လို အပိုင်းတွေကို ထည့်သွင်းနိုင်အောင် လုပ်ဆောင်မလဲဆိုတာ စဉ်းစားရမှာဖြစ်တယ်။

**အမေး**

**စောလစ်ဗင်းစတုန်း (Saw Living Stone)l (တနသ်ာရီတိုင်း ကိုယ်စားလှယ်)**

ပြည်သူလူထုကြား အခြားဒေသတွေမှာ တွေ့ဆုံဆွေးနွေးမှု ခွင့်ပြုချက်မရတာ ဘာကြောင့်လဲဆိုတာ သိချင်ပါတယ်။

**စေးအယ်မူး (ပလောမြို့ ကရင်ကိုယ်စားလှယ်)**

NCA စာချုပ်ချုပ်ဆိုပြီးဆိုတော့ လူထုတွေ့ဆုံပွဲ ပြုလုပ်ခွင့် တောင်းသော်လည်း ခွင့်ပြုချက်မရ၊ အခွင့်အရေး မရခြင်းက ဘာကြောင့်လဲ၊ ငြိမ်းချမ်းရေးက ဘယ်အထိ ဖြစ်နေလဲဆိုတာ သိချင်ပါတယ်။

**အဖြေ**

**ပဒိုဘီးလယ် (ဘိတ် – ထားဝယ် ခရိုင် ဥက္ကဌ)**

UPDJC ကချမှတ်ထားသော်လည်း အစိုးရ ခွင့်မပြုတဲ့အတွက် ဖြစ်တယ်။ စုပေါင်းပြောဆိုဆွေးနွေးတိုင်ပင်တာကို မနှစ်သက်တဲ့အတွက် ခွင့်မပြုခြင်းဖြစ်တယ်လို့ ယူဆတယ်။ NCA လမ်းကြောင်းကနေ **နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲမှ ညီလာခံအခင်းအကျင်းသည် တပ်မတော်နှင့်အစိုးရဘက်ခြမ်းက မဖျက်ရင် ပျက်စရာမရှိဘူး။** ဒါကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအနေနဲ့ ခိုင်ခိုင်မာမာ လက်ခံယုံကြည်ထားတာက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ပဲ တိုက်မယ်။

**ပဒိုစောလှထွန်း(KNDCC)**

NCA သည် လက်မှတ်ထိုးထားသူ EAO အချင်းချင်းကြားတွင်သာ အကျုံးဝင်သည်။ EAO အချင်းချင်း ထိတွေ့မှု ဖြစ်ပေါ်လာပါက သက်ဆိုင်ရာ EAO ခေါင်းဆောင်များ အချင်းချင်း တိုင်ပင်ညှိနှိုင်းကာ ဖြေရှင်းနိုင်ပါတယ်။

**အမေး**

**စောယိုရှူး (မွန်ပြည်နယ် ကိုယ်စားလှယ်)**

National Accord မှာ ၃၇ ချက်သည် လွှတ်တော်နှင့် ဆိုင်သွားပြီ။ ကျွန်တော်တို့ လွန်ခဲ့တဲ့ ၃ နှစ်ပတ်လုံး အပတ်တကုတ်လုပ်ခဲ့တဲ့ စာတမ်းတွေထဲမှာ ဒီ ၃၇ ချက်က ဘယ်အချက်နဲ့ ကိုက်ညီပါသလဲ။ တကယ်လို့ မပါခဲ့သည်ရှိသော် ဘာကြောင့် အဲဒီလိုမျိုး ကျန်ခဲ့ရသလဲ။ အဲ့လိုမေးရတဲ့အကြောင်းရင်းက အားလုံးသိကြပြီးတဲ့အတိုင်း ကျွန်တော်တို့ working group team မှာ ကရင်အဖွဲ့အစည်းတွေက အကောင်းဆုံး အလုပ်လုပ်သွားပေမယ့် secretary အတွင်းရေးမှူးအဖွဲ့မှာ ကရင်တွေမရှိပါဘူး။ အဲ့ဒီမှာ ကျွန်တော်တို့ တင်လိုက်သည့်ဟာသည် ပြုတ်သွားပါတယ်။ ပြီးတော့ နာယကလား၊ ဆုံးဖြတ်ချက်တဲ့ လူကြီးတွေကလည်း ဘာမှ မလုပ်ပေးနိုင်ဘူး။ အဲ့ဒီ အခြေအနေလေးကို ကျွန်တော်တို့ ပြည်သူလူထုတွေ သိအောင်ရှင်းပြပေးပါ။

**အဖြေ**

**ဗိုလ်မှူးကြီး စောကျော်ညွှန့် (UPDJC)**

၂၁ ရာစု ပင်လုံ ဒုတိယအစည်းအဝေးမှာ သဘောတူညီချက် ၃၇ ချက် ရထားတယ်။ အဲ့ဒီ ၃၇ ချက်က ကဏ္ဍ ၄ ခုထဲက အချက်တွေပဲ ဖြစ်ပါတယ်။ နိုင်ငံရေးကဏ္ဍမှာ အားလုံးပေါင်း ၁၂ ချက်၊ စီးပွားရေးကဏ္ဍမှာ ၁၁ ချက်၊ မြေယာနှင့်သဘာဝသယံဇာတက ၁၀ ချက်၊ လူမှုရေးက ၄ ချက်။ ပေါင်းလိုက်တဲ့အခါကျတော့ အားလုံးပေါင်း ၃၇ ချက်ဖြစ်ပါတယ်။ ဒီနေရာမှာ ခုနက မေးတဲ့ မေးခွန်းအရ ငါတို့ကရင်တွေ ဆွေးနွေးထားတဲ့ အချက်တွေ၊ လိုချင်တဲ့ အချက်တွေ အားလုံး ပါသလား။ ငါတို့ဆွေးနွေးထားတဲ့ ဘယ်အချက်နဲ့ ကိုက်ညီမှုရှိပါသလဲဆိုတာ ဖြစ်ပါတယ်။

အရင် နိုင်ငံရေးအခင်းအကျင်းအရ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ကော်မတီ အတွင်းရေးမှူးအဖွဲ့ဆိုတာ ရှိပါတယ်။ အဲ့ဒီအဖွဲ့က အလုပ်အများဆုံးလုပ်တယ်၊ ခြယ်လှယ်တယ် လို့လည်း ထင်ခံရပါတယ်။ အဲ့ဒီအဖွဲ့မှာ ကရင်အမျိုးသား တစ်ယောက်မှ မပါဘူး။ ပဒိုကွယ်ထူးဝင်း ကိုယ်တိုင်က UPDJC ဒု–ဥက္ကဋ္ဌ နေရာမှာ ပါပြီးသား ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျန်တဲ့လူမျိုးတွေကို နေရာမျှပေးလိုက်ရတဲ့အခါကျတော့ UPDJC အတွင်းရေးမှူး ၅ ယောက်မှာ ကရင်တစ်ယောက်မှ မပါတော့တာ ဖြစ်တယ်။ ပြန်လည်ဖွဲ့စည်းလိုက်တဲ့ UPDJC အတွင်းရေးမှူးထဲမှာတော့ ပဒိုတာဒိုမူး က အတွင်းရေးမှူး ဖြစ်လာပါတယ်။ လူကြီးမင်းတို့ကို ပြန်လည်အမှတ်စေချင်တာ တစ်ခုရှိပါတယ်။ ကဏ္ဍတိုင်းကိုတော့ ကျွန်တော်မနှံ့စပ်ပါဘူး။ နိုင်ငံရေးကဏ္ဍမှာ ကရင်အမျိုးသားတွေ ဆွေးနွေးခဲ့တဲ့ အခြေခံမူတွေဟာ ကျွန်တော်တို့ အခုမှ ကောက်ထုတ်ပြီးတော့ လုပ်ထားတဲ့မူတွေ မဟုတ်ပါဘူး။ လွန်ခဲ့သော ၂၀၀၅ မှာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအားလုံး၊ လွတ်မြောက်နယ်မြေ ရောက်ရှိနေတဲ့ နိုင်ငံရေး အင်အားစုများ အားလုံး စုပေါင်းပြီးရေးဆွဲထားတဲ့ ဖက်ဒရယ်ပြည်ထောင်စု အခြေခံမူများပဲ ဖြစ်ပါတယ်။ နည်းနည်းပါးပါး ပြန်ပြင်ထားတာတွေပဲ ရှိပါတယ်။ အဲ့ ၂၀၀၅ တုန်းက ကရင်ခေါင်းဆောင်တွေလည်း လက်မှတ်ထိုးခဲ့ပါတယ်။ အနာဂတ်မှာ တည်ဆောက်မယ့် ပြည်ထောင်စုကို ဒီမိုကရေစီနဲ့ တည်ဆောက်ပါ့မယ်ဆိုပြီး လက်မှတ်ထိုးခဲ့တာဖြစ်တယ်။

အခုကျွန်တော်တို့ ကရင်ခေါင်းဆောင်တွေ လုပ်နေတာကလည်း နဂို ၂၀၀၅ တုန်းက အခြေခံမူကိုပဲ အခြေခံပြီးတော့ ဆက်လက်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ကဏ္ဍတိုင်းတော့ မဟုတ်ပါဘူး။ နိုင်ငံရေးကဏ္ဍတစ်ခုတည်းကိုပဲ ကျွန်တော် လွှမ်းခြုံပြီး တင်ပြတာဖြစ်ပါတယ်။ ကျွန်တော် တောင်းပန်ပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်တော့မယ်ဟော့ဆိုတော့ UPDJC က နေရာတကာ ကြီးကြပ်လမ်းညွှန်တာ မလုပ်နိုင်ပါဘူး။ ကရင်ပြည်နယ်မှာ ပထမဆုံး လုပ်မယ့် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲအတွက် UPDJC က ခေါင်းစဉ်ချပေးရမယ်ဆိုတာ မူဘောင်ထဲမှာ ရှိထားပြီး ဖြစ်တယ်။

ဒါပေမယ့် ကရင်တွေမှာက ကဏ္ဍအလိုက်ကို အကြိုညှိနှိုင်းပွဲ လုပ်နေပြီ။ အဲ့ဒီအချိန်အထိ UPDJC က ခေါင်းစဉ်မချနိုင်သေးဘူး။ နောက်ပိုင်း တချို့ ဆွေးနွေးချက်တွေသည် UPDJC က ချပေးထားတဲ့ ခေါင်းစဉ်ထက် ကျော်ပြီးတော့ ဆွေးနွေးတာတွေ ရှိပါတယ်။ ဥပမာ– UPDJC က ချပေးတာ ဖက်ဒရယ်စနစ်နှင့် ပတ်သက်သော ဖွဲ့စည်းပုံဆိုင်ရာ အခြေခံမူများ။ ဖက်ဒရယ်ပဲ

သူပြောသေးတာ ဖြစ်တယ်။ ဒီမိုကရေစီ ခဏထားလိုက်အုံး။ ထိုနည်းတူ တိုင်းရင်းသားလူမျိုးများဆိုင်ရာ အခွင့်အရေးကိစ္စရပ်များ။ အဲ့တာတွေကို UPDJC က ချမှတ်ပေးခဲ့ပါတယ်။ တကယ်ဆွေးနွေးတဲ့အခါကျတော့ ကျွန်တော်တို့ တိုင်းရင်းသားတွေက နိုင်ငံရေးဆွေးနွေးပွဲကို တစ်ခါမှ မလုပ်ရတဲ့အခါကျတော့ တခါတည်း အားတက်သရောနဲ့ လုပ်ချလိုက်တာ တော်တော်များများ အချက်တွေ ပါလာတယ်။ ဒီမိုကရေစီလည်း ပါတယ်၊ ဖက်ဒရယ်လည်း ပါတယ်၊ တိုင်းရင်းသား လူမျိုးစု အခွင့်အရေးတွေလည်း ပါတယ်။ UPDJC က မချမှတ်သေးတဲ့ ပြည်နယ်ဖွဲ့စည်းပုံဆိုင်ရာအခြေခံမူများလည်းပါတယ်။ ဒါကြောင့် ဒီ ၃၇ ချက်ဟာ UPDJC က ချမှတ်ပေးတဲ့ ခေါင်းစဉ်အချက်နဲ့ ကိုက်ညီတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။ UPDJC က ချပေးထားတဲ့ ခေါင်းစဉ်နဲ့ မကိုက်ညီတဲ့ အချက်တွေ မပါသေးပါဘူး။

ဖက်ဒရယ်စနစ်နှင့် ပတ်သက်သော ဖွဲ့စည်းပုံဆိုင်ရာ အခြေခံမူများနဲ့ ကိုက်ညီတဲ့ အချက်တွေ အားလုံးကိုရော ရရှိခဲ့သလားဆိုတော့ မရပြန်ပါဘူး။ ဥပမာ– ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အုပ်ချုပ်ခွင့်တို့ဟာ ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများထဲမှာ အကျုံးဝင်ပါတယ်။ တကယ် နိုင်ငံရေးဆွေးနွေးပွဲကို ဆွေးနွေးလိုက်တဲ့အခါကျတော့ ပြည်ထောင်စု၏ မည်သည့်အစိတ်အပိုင်းဟူသမျှ ပြည်ထောင်စုအတွင်းမှ မည်သည့်အခါမှ ခွဲမထွက်ရ ဆိုတဲ့အချက်ပါလာတော့ ကျွန်တော်တို့ ၂၀၀၅ သဘောတူထားတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အုပ်ချုပ်ခွင့်တို့ဟာ ၃၇ ချက်ထဲမှာ မပါလာတော့တာ တွေ့ရပါတယ်။ ခွဲမထွက်ရဆိုသည့်အချက်သည် ကရင်စာတမ်းဆီကနေ တက်လာတာတော့ မဟုတ်ပါဘူး။ ပအိုဝ်းဘက်က ထွက်လာတယ်၊ တနင်္သာရီတိုင်းဘက်က ထွက်လာတာ ဖြစ်တယ်။ တပ်မတော်ကလည်း ဒီအချက်ကိုပဲ ကိုင်ထားတယ်။ တိုင်းရင်းသားတွေဘက်ကလည်း ဒီအချက်သည် အမိန့်ပေး စေခိုင်းရာ ရောက်သည့်အတွက် မထည့်စေချင်ပါ။ တပ်မတော်ဘက်ကလည်း ဒီအချက်ကို မထည့်ပါက တိုင်းရင်းသားလက်နက်ကိုင်တွေ လိုချင်တဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အုပ်ချုပ်ခွင့်တို့လည်း မထည့်သေးဘဲ ချန်ထားလိုက်တာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် ပြောချင်တာက ဒီ ၃၇ ချက်သည် ကရင်အမျိုးသားတွေ လိုလားတဲ့အချက်များ မပါသေးပါဘူး။ မပါဘူးဆိုတာကလည်း အခြေအနေအချိန်အခါ မရောက်သေးလို့ မပါသေးတာ ဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေ ကျွန်တော်တို့အားလုံး ဆက်လက်ကြိုးပမ်းသွားကြရမှာ ဖြစ်ပါတယ်။

ကရင်လက်နက်ကိုင်များ တစ်ဖွဲ့တည်း ပြန်လည်ပေါင်းစည်းရေးနဲ့ပတ်သက်ပြီး UPDJC ၏ တာဝန်နဲ့၊ လုပ်ငန်းလမ်းညွှန်မှာ ရေးဆွဲထားတာတော့ မရှိပါဘူး။ ကရင်လက်နက်ကိုင် ခေါင်းဆောင်များ အသီးသီး၏ ခေါင်းထဲမှာတော့ ရှိနေမှာတော့ သေချာပါတယ်။ ကျန်တဲ့ မေးခွန်းအချက်များက UPDJC နဲ့ တိုက်ရိုက်ဆက်စပ်မှု မရှိတဲ့အတွက် သက်ဆိုင်ရာ ဆွေနွေးမည့်ခေါင်းစဉ် ရောက်လာသည့်အချိန်မှသာ မေးမြန်းပြီး သက်ဆိုင်ရာ တာဝန်ရှိသူများမှ ပြန်လည်ဖြေကြားပေးမှာ ဖြစ်ကြောင်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။

**အမေး**

**စောကလိုထူး (သံတောင်ကြီး၊ ကရင်ကိုယ်စားလှယ်)**

လေးစားအပ်ပါသော သဘာပတိကြီးများမှတစ်ဆင့် မေးမြန်းချင်တဲ့မေးခွန်းက အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲမှာ လောက်လောက်ငှင ကြိုတင်ပြင်ဆင်ရမယ်လို့ ကျွန်တော် နားလည်တယ်။ ဒါပေမယ့် တစ်ချို့နေရာဒေသမှာ ပိတ်ပင်တားမြစ်တာလား၊ ရပ်ဆိုင်းခိုင်းတာလား၊ ဒါမှမဟုတ်ရင် ရွှေ့ခိုင်းတာလား၊ အဲ့လိုမျိုးဖြစ်လို့ မဆောင်ရွက်နိုင်ကြဘူးလို့ ကြားသိရတယ်။ ဘာကြောင့် အဲ့သလိုဖြစ်ရတာလဲ။ ပိတ်ပင်တားမြစ်တာပဲ ဖြစ်ဖြစ်၊ ရွှေ့ဆိုင်းတာပဲ ဖြစ်ဖြစ် လုပ်တဲ့သူတွေက လုပ်ပိုင်ခွင့် အပြည့်အဝရှိလား၊ ဘာကြောင့် ဒီလို ဖြစ်နေရတာလဲပေါ့။ အဲ့ဒါကို UPDJC ကနေပြီးတော့မှ ဘယ်လိုပြန်လည် ဖြေရှင်းပေးမှာလဲ၊ တာဝန်ခံမှု တာဝန်ယူမှုတွေ ဘယ်လိုရှိပါသလဲ။ ပြီးရင် ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ရှေ့ဆက် ဘယ်လို ရှင်းရှင်းလင်းလင်း ပွင့်လင်းမြင်သာစွာ ဘယ်လို ဆက်လုပ်ကြမလဲဆိုတာကို မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**စောဟိုရှေး (မွန်ပြည်နယ် ကိုယ်စားလှယ်)**

ဆရာရှင်းပြလိုက်တဲ့အထဲမှာ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲကို သုံးပိုင်း ပိုင်းလိုက်တယ်ပေါ့။ ဒီဒေသဆိုင်ရာတို့ ဒီလူမျိုးအလိုက်တို့ နောက်အကြောင်းအရာတို့ပေါ့။ ကျွန်တော့်မေးခွန်းက အဲ့ဒီ အမျိုးသားအဆင့် ဆွေးနွေးပွဲကို သုံးပိုင်းပိုင်းလိုက်တာ ဘယ်သူက ပိုင်းတာလဲ။ ပြီးတော့ ဒီလိုပိုင်းရတဲ့ ရည်ရွယ်ချက်ကို သုံးသပ်ပေးပါ။

**အဖြေ**

**စောကျော်ဇွာ (KNDCC- Kayin State Focal)**

အားလုံးကို ကျေးဇူးတင်ပါတယ်။ မေးသွားတဲ့မေးခွန်းတွေကို ကျွန်တော် ဖြေပိုင်ခွင့်ကလည်း မရှိပြန်ဘူး။ ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့နော် တာဝန်ယူထားတဲ့အတွက်ကြောင့် ကျွန်တော် သိသလောက် ပြောပြပါမယ်။ ဆရာမေးထားတဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ပိတ်ပင်ခံရတာလား၊ တားမြစ်ခြင်း ခံရတာလားပေါ့။ အဲ့ဒီနေရာမှာကျတော့ အားလုံးကို ပြန်ကြည့်မယ်ဆိုရင် ဘာနဲ့ ပတ်သက်နေလဲဆိုတော့ NCA မှာပဲ သွားပတ်သက်ပါတယ်။ NCA သည် ရှင်းလင်းပြတ်သားသော ရေးသားချက်တွေ မရှိတဲ့အတွက်ကြောင့် ဒီလိုမျိုးဖြစ်ရခြင်း ဖြစ်ပါတယ်။ ဆိုလိုတာက ရှမ်းလူမျိုးက သူ့နေရာမှာ ဘယ်လိုရှိလဲ၊ ဘယ်လိုမျိုး လုပ်ရမလဲဆိုတာ NCA ထဲမှာ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ ကျင်းပရမယ်ဆိုရင် တစ်ကြောင်းပဲပါတယ်။ မိမိ အမျိုးသားရှိသော နေရာတိုင်းမှာ ကျင်းပ ပေးရမယ်။ နောက်တော့ တစ်ခုထပ်ပါတာက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပလို့ရတာက ဘယ်သူတွေလဲ ဆိုတာကို ပြန်လည်စဉ်းစားဖို့လည်း လိုတယ်။ ဘယ်သူတွေပါလဲ ဆိုတော့ သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းတွေက ဦးဆောင်ပြီး ကျင်းပပေးရတယ်။ နောက်ပြီးတော့မှ တရားဝင်နိုင်ငံရေးပါတီကလည်းပဲ ဦးဆောင်ဆွေးနွေးလို့ ရတယ်။ ဒါတွေက NCA ထဲမှာ ပါတယ်။ အဲ့ဒါကို ရှင်းလင်း ပြတ်သားသော ရှင်းလင်းချက်တွေကို

မထုတ်ထားတဲ့အတွက်ကြောင့် အခုလို သူပိတ် ငါပိတ်၊ သူတိုးငါတိုး ဖြစ်သွားရခြင်း ဖြစ်ပါတယ်လို့။

သူတို့လုပ်ပိုင်ခွင့် ရှိသလား ဆိုတော့ ပိတ်ပင်ထားသူကတော့ ဘာရှုထောင့်နဲ့ ကြည့်လဲဆိုတော့ လုံခြုံရေးရှုထောင့်နဲ့ သူကြည့်တဲ့အတွက်ကြောင့် အချိန်မရွေး သူလုပ်ပိုင်ခွင့် ရှိပါတယ်။ လုံခြုံရေးရှုထောင့်ဆိုတော့ ဘယ်လိုပဲဖြစ်ဖြစ် လုံခြုံရေးထိခိုက်မယ်လို့ ယူဆရင် ဒါဟာ လုပ်ပိုင်ခွင့် ရှိပါတယ်။ အဲ့တော့ အဓိက တာဝန်ရှိတဲ့ဟာကတော့ NCA မှာ တိတိကျကျ ရှင်းရှင်းလင်းလင်း ဖော်ပြထားတာ မရှိဘူး။ ဒါဆိုရင် ဒုတိယအဆင့် အနေနဲ့ ဘယ်သူ့မှာ တာဝန်ရှိလဲဆိုတော့ UPDJC အတွင်းရေးမှူးအဖွဲ့တွေက တာဝန်ရှိပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ မူဘောင်ဆွဲတဲ့အခါမှာ တိတိကျကျ ပြတ်ပြတ်သားသားလေး ရေးဆွဲပေးဖို့လိုပါတယ်။

NCA ထဲမှာ အခန်းလေးတစ်ခု ပါပါတယ်။ ကြားကာလ အစီအစဉ် အကောင်အထည်ဖော်မယ်ဆိုတဲ့ အဆင့်ပါပဲ။ အဲ့ဒီကြားကာလသည် ဘယ်လိုဖော်မလဲ၊ ဘာတွေ လုပ်မလဲ၊ အဲ့ဒါ မဖော်ပြထားတဲ့အတွက်ကြောင့် ကေအဲန်ယူလည်း သူ့အစီအစဉ်ထဲမှာရှိတဲ့ အုပ်ချုပ်ရေးစနစ်ကို သူလုပ်တယ်။ သူ စစ်သားစုဆောင်းတာ မဟုတ်ဘူး။ သူ့ရဲ့ အုပ်ချုပ်ရေးစနစ်က တစ်အိမ်မှာကို အရွယ်ရောက်တဲ့သူတိုင်းက စစ်မှုမထမ်း မနေရလို့ သူ့မှာပြဋ္ဌာန်းထားပြီးသား။ အဲ့တော့ မလုပ်ချင်တဲ့သူဆိုရင်လည်း လုပ်ကိုလုပ်ရ မယ်။ အဲ့ဒါ ကျွန်တော်တို့ရဲ့ NCA ထဲမှာ ပါထားသောကြားကာလအစီစဉ်က တိကျစွာ ဖော်ပြပြီး တော့မှ သဘောတူထားတဲ့ဟာ မရှိတဲ့အတွက်ကြောင့် အခုလိုမျိုး ဖြစ်ပါတယ်ပေါ့နော်။ ဘယ်သူ့မှာ မှ အပြစ်မရှိပါဘူး။ စာအုပ်ထဲမှာ မရှင်းလို့ပါ။

နောက် နောက်ဆုံးမေးခွန်းတစ်ခုကတော့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲက ထင်ထားသလို မဖြစ်ဘဲနဲ့ အပိုင်းသုံးပိုင်းနဲ့ ဆွေးနွေးလိုက်တဲ့အခါမှာ ကောင်းသလား၊ မကောင်းသလားဆိုတော့ အဲ့နေရာမှာ တစ်ဖက်ကို ပြန်ကြည့်ရင် အရမ်းကောင်းတယ်။ အရမ်းကောင်းတယ်ဆိုတာက တိုင်းရင်းသား အသီးသီးက မိမိတို့ရဲ့ အလိုချင်ဆုံး နိုင်ငံရေးမူဝါဒတွေကို တင်ပြနိုင်သလိုသက်ဆိုင်ရာ အစိုးရလည်းပဲ၊ သက်ဆိုင်ရာ ဒေသန္တရ အစိုးရကလည်းပဲ သူ့ရဲ့ လိုချင်တဲ့ နိုင်ငံရေးမူဝါဒကို တင်သွင်းနိုင်တာကို တွေ့ရှိရတဲ့အတွက်ကြောင့် တကယ်ကောင်းတဲ့ ပုံစံတစ်ခု ဖြစ်ပါတယ်။

အခုကတော့ အကြောင်းအရာအလိုက် ဆွေးနွေးတာကတော့ တကယ့်ပညာရှုထောင့်နဲ့ပါပဲ။ ဆိုလိုတာကတော့ ကရင်ပြည်နယ်မှာရှိတဲ့ ကရင်ပြည်နယ်အစိုးရသည် မိမိတို့ရဲ့ ကရင်ပြည်နယ်ကို ဘယ်လိုပုံစံမျိုးနဲ့ အုပ်ချုပ်ချင်သလဲဆိုတာ မိမိတို့ရဲ့ကိုယ်ပိုင် မိမိတို့ရဲ့ မူဝါဒ အကြံပြုချက်တွေကို တင်သွင်းနိုင်တာက အရမ်းပဲ ကောင်းတယ်။ ထိုနည်းတူ တိုင်းရင်းသားတွေရဲ့ လိုလားချက်ဘယ်လို ရှိလဲ။ အဲ့ဒါတွေကို စုပေါင်းနိုင်မယ်ဆိုရင်တော့ တော်တော်လေး အရမ်းကောင်းတဲ့ဟာ ဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိဖြစ်နေတာက ဒေသန္တရအစိုးရ၊ ပြည်နယ်အစိုးရတွေက အစိုးရလို့သာ ပြောတယ်၊ အုပ်ချုပ်မှုအာဏာ မရှိဘဲနဲ့ စီမံခန့်ခွဲမှု အာဏာပဲ ရှိတယ် ဆိုရင်တော့ အဲ့ဒါတွေ အားနည်းသွားမှာ ဖြစ်ပါတယ်။ ဆိုလိုတာက အခု ပွင့်ပွင့်လင်းလင်း ပြောမယ်ဆိုရင် ဒေသအလိုက်ဆွေးနွေးပွဲမှာ ထွက်ပေါ်လာမယ့် နိုင်ငံရေးအကြံပြုချက် အားလုံးသည် အဲန်အယ်ဒီ ပါတီရဲ့ နိုင်ငံရေး

အကြံပြုချက်တွေပဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဓိကက ဘယ်သူက ဦးဆောင်လဲဆိုတော့ ပြည်နယ် အစိုးရ/ တိုင်းဒေသရဲ့ အစိုးရ နှင့် နေပြည်တော်ကောင်စီက ဦးဆောင်တယ်။ အဲ့လိုလည်း ဖြစ်မှာပါ။ တိုင်းဒေသကြီးနဲ့ပြည်နယ် ပေါင်းမယ်ဆိုရင် ၁၄ ခု၊ နေပြည်တော်ကောင်စီ ပေါင်းလိုက်ရင် ၁၅ ခု၊ အဲ့ဒီ ၁၅ ခုနဲ့ တိုင်းရင်းသားက ဘယ်လောက် ရှိမလဲဆိုတော့ ပေါင်းလိုက်ရင် ၁၀ ခုပေါ့။ တကယ်လို့ မဲခွဲမယ်ဆိုရင် ဒေသက တင်တဲ့ မူဝါဒက ပိုပြီးတော့ အားသာပါတယ်။

**ဗိုလ်မှူးကြီး စောကျော်ညွန့် (UPDJC)**

ကိုယ်စားလှယ်တစ်ယောက် မေးသွားတာက ဒီသုံးပိုင်းဖြစ်သွားတာ ဘယ်သူ့လက်ချက်လဲ၊ အဲ့လိုသဘောမျိုးပေါ့နော်။ သုံးပိုင်းဆိုတာကတော့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ လူမျိုးအလိုက် သော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း၊ အကြောင်းအရာအလိုက် သော်လည်းကောင်းဆိုတော့ သုံးခုဖြစ်သွားတာ ဟုတ်ပါတယ်။ ကျွန်တော် ဝန်ခံပါတယ်။ အဲ့ဒါ ကျွန်တော်တို့ UPDJC လက်ချက်ပါ။

အဲ့လို သုံးပိုင်းဖြစ်သွားတာ တာဝန်အရ UPDJC သည် နိုင်ငံရေး ဆွေးနွေးမှု မူဘောင် ရေးဆွဲရန် တာဝန်ရှိသည်ဆိုတော့ UPDJC ကနေပဲ အဲ့လို သုံးပိုင်း လုပ်လိုက်တာ ဖြစ်ပါတယ်။ ကျွန်တော်လည်း ပါပါတယ်။ ဒါပေမယ့် လူတစ်ယောက်နဲ့တစ်ယောက် အကြိုက်တော့ ဘယ်တူပါ့မလဲနော်။ ဘယ်လိုပဲ ဖြစ်နေပါစေ၊ ဒါကတော့ UPDJC အနေနဲ့လည်း အဲ့လိုခွဲပြီးတော့ လုပ်လိုက်မယ်ဆိုရင် ပိုပြီးတော့ ထိရောက်မှု ရှိနိုင်မယ်။ NCA စာချုပ်အရ ကျွန်တော်တို့ လူမျိုးကိုကြီးပဲ ဦးတည်ပြီးတော့ သွားလိုက်မယ်ဆိုရင် လက်မှတ်ထိုးတဲ့ တိုင်းရင်းသားတွေကြီးပဲပါတယ်။ ဟို လက်နက်ကိုင်တော်လှန်ရေး မရှိတဲ့ မြစ်ဝကျွန်းပေါ်က လူတွေ၊ လက်နက်ကိုင် တိုက်ပွဲ မရှိတဲ့ တိုင်းရင်းသားတွေ မပါမှာစိုးလို့။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို သုံးပိုင်း ပိုင်းပါတယ်။

တစ်ဆက်တည်းပဲ ကျွန်တော် နံပါတ်တစ်မေးတဲ့ မေးခွန်းလည်း ကျွန်တော် ဖြေပေးလိုက်ပါမယ်။ သူမေးတာ အကုန်လုံးမှန်တယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဟာ သူ့လုပ်နည်း လုပ်ဟန်နဲ့ တိတိကျကျကို လုပ်ထားပြီးသားပဲ။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို သုံးပိုင်း ရှိတယ်။ အဲ့ဒီ သုံးပိုင်းကို ဦးဆောင်ကျင်းပခွင့် ရှိတာက အစိုးရလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ အဲ့လိုလူတွေက ဦးဆောင် ကျင်းပခွင့် ရှိတယ်။ ဒါပေမယ့် ယနေ့ ရှိသလားဆိုတော့ မရှိပါဘူး။ တားဆီးတာတွေ ဟန့်တား တာတွေ အမျိုးမျိုး ရှိတယ်။ အဲ့လို့ တားဆီး ဟန့်တားတဲ့ သူတွေဟာ လုပ်ပိုင်ခွင့် ရှိသလားဆိုတော့ ဆရာကျော်ဇွာ ပြောသွားပါပြီ။ အဲ့ဒါ လုပ်ပိုင်ခွင့် ရှိတဲ့သူရဲ့အပြစ် မဟုတ်ပါဘူး။ တိုင်းရင်းသား လက်နက်ကိုင်ရဲ့အပြစ် မဟုတ်ပါဘူး။ UPDJC ရဲ့ အားနည်းချက်လည်း မဟုတ်ပါဘူး။ **အဓိက တရားခံက ၂၀၀၈ အခြေခံဥပဒေပါ။**

လူကြီးမင်းတို့ အားလုံး စဉ်းစားကြည့်ကြပါ။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ ဘယ်လိုမှ ပြင်ဆင်လို့ မရအောင် တမင်တကာ ရေးထားတဲ့ အခြေခံဥပဒေ ဖြစ်ပါတယ်။

လွှတ်တော်ကနေ ပြင်မယ်ဆိုရင်လည်း လေးသချိုးနဲ့ ကမ္ဘာတစ်သိန်း။ ဘယ်လိုမှ ပြင်ဆင်လို့ရမှာ မဟုတ်ပါဘူး။ ဒါပေမယ့် NCA စာချုပ်ကို ပြန်ဖတ်ကြည့်ပါ။ NCA စာချုပ် အကောင်အထည်ဖော်မှု အပိုင်းမှာ ဖော်ပြထားတယ်။ နိုင်ငံရေး ဆွေးနွေးပွဲများမှ ထွက်ပေါ်လာသော ရလဒ်များနှင့်အညီ ဖွဲ့စည်းပုံ အခြေခံဥပဒေ အပါအဝင် ဥပဒေများကို ပြင်ဆင်ပြီး ဖြည့်စွက်ခြင်း ပယ်ဖျက်ခြင်းများ ပြုလုပ်ရန် ဆိုတာ ပါပြီးသားဖြစ်တဲ့အတွက်ကြောင့်ပါ။ ၂၀၀၈ ဖွဲ့စည်းပုံကို ပြင်နိုင်တာက NCA။ ဆိုတော့ **၂၀၀၈ ကို အမှီသဟဲလုပ်ပြီးတော့ နေထိုင်နေကြတဲ့ အစုအဖွဲ့၊ ၂၀၀၈ အပေါ်မှာ ကောင်းစားနေတဲ့ ပုဂ္ဂိုလ်များ အနေနဲ့ ဘယ်လိုမှ ပြင်ဆင်လို့ မရအောင် တမင်တကာ ရေးဆွဲထားတဲ့ ၂၀၀၈ ပေါ်မှာ သူ့ကို ဒုက္ခပေးမယ့် NCA လမ်းကြောင်းက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို နှေးကွေးအောင်၊ ပျက်အောင်၊ လုပ်တယ်ဆိုတာကိုတော့ ငြင်းဆန်လို့ မရပါဘူး။**

၂၀၀၈ အရ တပ်မတော်သည် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ၊ အမျိုးသား နိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် အစဉ်အမြဲ ပါဝင်ရမည်။ ခုနက ဆရာကျော်ဇွာပြောတဲ့ ပြည်ထဲရေး ဝန်ကြီးဌာနဆိုရင် မြန်မာတစ်နိုင်ငံလုံး ကုန်သွားပြီ။ အဲ့ဒါကြောင့်မို့ အဓိက တရားခံက ၂၀၀၈ ဥပဒေပါ။ ၂၀၀၈ ဥပဒေကို ပြင်ဆင်ဖို့ ကျွန်တော်တို့ စိတ်ရှည်လက်ရှည်နဲ့ပဲ စောင့်ကြရအောင်လို့၊ ရှေ့ဆက်ပြီးတော့ ကြိုးစားနေပါတယ်။

**အမေး**

**စောဆာကပရူရှီး (ကယားပြည်နယ် ကိုယ်စားလှယ်)**

ကျွန်တော် မေးချင်တာက KND ဆွေးနွေးပွဲက ၂ ခါလောက်ရှိပြီ။ တစ်ခါတက်လာလည်း မူကြမ်းပဲ။ နှစ်ခါလည်း မူကြမ်းပဲ၊ သုံးခါလည်း မူကြမ်းပဲ။ မူချောက ဘယ်အချိန်လောက်ရမလဲ၊ ကြာတော့ကြာမယ်ဆိုတာ သိတယ်။ ဒါပေမယ့် မေးချင်တာက ပထမ ပင်လုံညီလာခံ၊ ဒုတိယ ညီလာခံ၊ ဒီတတိယ ပင်လုံညီလာခံကျတော့ နည်းနည်း ပတ်ရှုပ်နေတယ်။ Deadlock ဖြစ်နေတယ်။ ဆိုတော့ အခု ကျွန်တော်တို့ အရင်တုန်းက တင်တဲ့ဟာနဲ့ အခု တတိယအကြိမ်ညီလာခံ တင်မယ့် ဟာနဲ့တူလား။ တစ်ထပ်တည်းကျလား၊ ဒါမှမဟုတ် အားနည်းချက်တွေကို ပြန်ပြင်ပြီးတော့ မူကြမ်း အသစ်တစ်ခု ပြန်ထုတ်တာလား အဲ့ဒါကို သိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အဖြေ**

**စောကြည်လင်း (KNDCC )**

စာတမ်းက အသစ်လား အဟောင်းလားဆိုတာ ကျွန်တော် ဖြေပေးပါ့မယ်။ ဒီစာတမ်းတွေ သည် ကျွန်တော်တို့ အခုမှ လုပ်တဲ့ စာတမ်းတွေ မဟုတ်ပါဘူး။ စာတမ်းလေးရဲ့ မြစ်ဖျားခံတဲ့ နေရာသည် တော်တော်ကြာပြီ။ ၂၀၀၅ ခုနှစ်က လာတာဆိုတော့ အခြေခံ မနည်းတော့ဘူး။ ကေအဲန်ယူနဲ့ တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီကနေပြီးတော့ ပြောကြ ဆိုကြ ဆွေးနွေးညှိနှိုင်းကြနဲ့ ထွက်လာတဲ့ စာတမ်းဖြစ်ပါတယ်။ အဲ့တော့ ဒီစာတမ်းသည် အဟောင်းပါပဲ။ ဒီစာတမ်းဖြစ်လာဖို့အတွက် ကေအဲန်ယူမှာရှိတဲ့ ပုဂ္ဂိုလ်များနဲ့ တတ်သိပညာရှင်တွေ ပူးပေါင်းပြီးတော့

ဘယ်လိုစာလုံးတွေ၊ ဘယ်လိုပေါင်းမလဲ ဆိုတာတွေကို စုစည်းပြီးတော့မှ ဒီစာတမ်းကို ယူလာတာ ဖြစ်ပါတယ်။ ဒါကို ပြီးပြည့်စုံပြီလို့ မဆိုလိုဘူး။ ဒါကြောင့်မို့လို့ လူထုတွေ့ဆုံပွဲ Public Consultation မှာ လူထုထဲမှာ ရှိတဲ့ အကြံဉာဏ်ရမလား၊ ကျွန်တော်လည်း ဉာဏ်စွမ်း ရှိသလောက် ပြောတာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

# ဒေသအလိုက် လူထုတွေ့ဆုံဆွေးနွေးပွဲ

**(ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီ၊ ကရင်၊ ကယား(ကရင်နီ)၊ မွန်၊ ပဲခူး၊ အထက်မြန်မာပြည်၊ နယ်စပ်ဒေသ)**

## အခမ်းအနားအစီအစဉ်

**အစီအစဉ် (က)**

- ကရင်အမျိုးသားအလံတော်အား အလေးပြုခြင်း
- မိတ်ဆက်ခြင်းအစီအစဉ်
- ကြိုဆိုနှုတ်ခွန်းဆက်ခြင်း
- အဖွင့်အမှာစကားပြောကြားခြင်း
- သြဝါဒစကားပြောကြားခြင်း

**အစီအစဉ် (ခ)**

- ကရင်လူထုတွေ့ဆုံဆွေးနွေးပွဲ ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြခြင်း
- မျက်မှောက် နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးအခြေအနေအား ရှင်းလင်းတင်ပြခြင်း
- UPDJC ဆိုင်ရာ၊ JMC ဆိုင်ရာ၊ UPC / Union Accord နှင့် KND ဆိုင်ရာ
- အမေးအဖြေကဏ္ဍ

**အစီအစဉ် (ဂ)**

- စုစည်းထားသော ကဏ္ဍအလိုက် စာတမ်းများအားတင်ပြခြင်း
  - (က) နိုင်ငံရေးကဏ္ဍအဖွဲ့
  - (ခ) လူမှုရေးကဏ္ဍအဖွဲ့
  - (ဂ) စီးပွားရေးကဏ္ဍအဖွဲ့
  - (ဃ) မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍအဖွဲ့
- ကဏ္ဍအလိုက် စာတမ်းများအပေါ် မရှင်းလင်းသည်များကို မေးမြန်းဖြေကြားခြင်း
- အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ အကြံပြုခြင်းနှင့် ဖြည့်စွက်ဆွေးနွေးခြင်း
- ကဏ္ဍအလိုက် ပြန်လည်တင်ပြခြင်း
- ပြင်ဆင်ဖြည့်စွက်ထားသော ကဏ္ဍအလိုက်စာတမ်းများအား ဒုတိယအကြိမ် KND သို့ တင်သွင်းရန် မှတ်တမ်းတင်ခြင်း။

**အစီအစဉ် (ဃ)**

- KNDCC မှ ရှေ့ဆက်လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြခြင်း
- ရှေ့ဆက်လုပ်ငန်းစဉ်များအပေါ် မေးမြန်းဖြေကြားခြင်း
- ကျေးဇူးတင်စကား ပြောကြားခြင်း
- နိဂုံးချုပ်စကား ပြောကြားခြင်း
- ကရင်လူထုတွေ့ဆုံဆွေးနွေးပွဲကို ကရင်အမျိုးသားသီချင်းဖြင့် အောင်မြင်စွာ ရုပ်သိမ်းခြင်း။

# KNDCC Orientation Meeting

**၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၅ - ၁၆) ရက်**

**အဂ္ဂါပေဘုရားရှိခိုးကျောင်း၊ ရဲသာရွာသစ်၊ ဘားအံမြို့**

**ဆုံးဖြတ်ချက်များ**

(၁) ဆွေးနွေးပွဲခေါင်းစဉ်ကို **"ကရင်လူထုတွေ့ဆုံဆွေးနွေးပွဲ"** ဟု သတ်မှတ်အတည်ပြုသည်။

(၂) ဖိတ်စာတွင် တာဝန်ယူကျင်းပသည့် အဖွဲ့သည် **"ကရင်အမျိုးသား နိုင်ငံရေး ဆွေးနွေးပွဲ ကျင်းပရေးကော်မတီ"** ဟု ဖော်ပြမည်။ ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်တွင် ပူးပေါင်း ပါဝင်လာမှု အားကောင်း လာစေရန်၊

**သဘောတူဆုံးဖြတ်ချက်များ**

# Public Consultation

**(KNDCC)**

**၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၁ ရက်၊ ဝေ့နော်တဃာ (ထို့ကော်ကိုး)**

**သဘောတူဆုံးဖြတ်ချက်များ**

(၁) ကရင်လူထုတွေ့ဆုံဆွေးနွေးပွဲများကို ကျင်းပပြုလုပ်နိုင်မည့် နေရာဒေသများတွင် ကျင်းပပြုလုပ်ရန် သဘောတူသည်။

(၂) ကရင် + မွန် + ကယားတွင် ကျင်းပပြုလုပ်မည့် ကရင်လူထုတွေ့ဆုံဆွေးနွေးပွဲကို ဧပြီလ ၂၁–၂၃ ရက်တွင် KNU ဒူးပလာယာခရိုင်၌ ကျင်းပပြုလုပ်ရန် သဘောတူသည်။

(၃) တနင်္သာရီတိုင်းတွင် ကျင်းပပြုလုပ်မည့် ကရင်လူထုတွေ့ဆုံဆွေးနွေးပွဲကို KNU ဘိတ်–ထားဝယ်ခရိုင်တွင် ကျင်းပပြုလုပ်ရန် သဘောတူသည်။

(၄) ဧရာဝတီတိုင်းတွင် ကျင်းပပြုလုပ်မည့် ကရင်လူထုတွေ့ဆုံဆွေးနွေးပွဲကို KNU တောင်ငူခရိုင်တွင် ဧပြီလ ၂၄–၂၆ ၌ ကျင်းပပြုလုပ်ရန် သဘောတူသည်။

(၅) ပဲခူးတိုင်း + အထက်မြန်မာပြည်တွင် ကျင်းပပြုလုပ်မည့် ကရင်လူထုတွေ့ဆုံဆွေးနွေးပွဲ ကျင်းပနိုင်ရန်အတွက် ပဲခူးတိုင်း Focal Person များနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန် သဘောတူသည်။ ရန်ကုန်တိုင်းမှ ပူးပေါင်းပါဝင်သွားမည်။ (စောထွန်းထွန်းမှ တာဝန်ယူ တွေ့ဆုံညှိနှိုင်းသွားရန်)

(၆) ဒေသအလိုက် ကျင်းပပြုလုပ်မည့် ကရင်လူထုတွေ့ဆုံဆွေးနွေးပွဲတွင် မူလလျာထားသော ကဏ္ဍအလိုက် Support Team အဖွဲ့များကို Admin မှ တာဝန်ယူအသိပေးသွားရန်၊ (FT, DT, TT, Finance, Logistics, By Sector)

(၇) ကရင်ထုထုများအကြား ငြိမ်းချမ်းရေးဖြစ်စဉ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးချပြနိုင်ရန်အတွက် KNDCC မှ ဆက်လက်ဆွေးနွေး အကောင်အထည်ဖော်သွားမည်။

KAREN NATIONAL DIALOGUE
CONVENING COMMITTEE

Email: karen.national.dialogue@gmail.com
Ph: +95 9781053622, +95 9782005496, +95 9425032284, +95 9973873676

# KNDCC Meeting

တောင်ကလေး၊ ဘားအံမြို့၊ ကရင်ပြည်နယ်
၂၀၁၈ ခုနှစ်၊ မတ်လ (၂၄) ရက်

**ဆုံးဖြတ်ချက်များ**

(၁) ထို့ကော်ကိုး လူထုတွေ့ဆုံပွဲ (Public Consultation) ကို ၂၀၁၈ ခုနှစ်၊ ဧပြီလ (၉-၁၀) ရက်တွင် ကျင်းပပြုလုပ်သွားမည်။ လိုအပ်သည့် ပြင်ဆင်ဆောင်ရွက်မှုများကို KNDCC ကျင်းပရေးကော်မတီမှ ကူညီဆောင်ရွက်သွားရန်၊

(၂) KNDCC သည် April လတွင် ကျင်းပမည့် PPST အစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ်မူတည်၍ ထို့ကော်ကိုး လူထုတွေ့ဆုံပွဲ (Public Consultation) တွင် ဒေသအလိုက်မှ Focal Person များကို ခေါ်ယူပြီး ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းသွားမည်။

(၃) ဒေသအလိုက်မှ ဆောင်ရွက်ခဲ့သော လူထုတွေ့ဆုံပွဲဆိုင်ရာ အကြောင်းအရာ အချက်အလက်များ/မှတ်တမ်းမှတ်ရာများ၊ ဆောင်ရွက်ချက် အကျဉ်းချုပ်များကို သက်ဆိုင်ရာ Focal Person မှတဆင့် KNDCC Admin သို့ ပေးပို့သွားရန်၊ (ဥပမာ - ဖိတ်စာ၊ ပြန်လည်အကြောင်းကြားစာ၊ ....)

(၄) KNDCC Structure တွင် ထည့်သွင်းရန် ကျန်ရှိသော KNDCC ကော်မတီ အဖွဲ့ဝင်များကို သက်ဆိုင်ရာ ဒေသအလိုက် Focal Person များမှ ချိတ်ဆက်ဆောင်ရွက်ပြီး ပြန်လည်တင်ပြသွားရန်၊

(၅) KNDCC Technical Team ၏ တရားဝင်တွေ့ဆုံမှုအစည်းအဝေးတစ်ခု ခေါ်ယူကျင်းပရန် တင်ပြလာမှုကို Technical Coordinator မှ ဆက်လက်ဆောင်ရွက်ရန်နှင့် ဖိတ်ကြားစာကို KNDCC မှ ဖိတ်ကြားသွားရန် သဘောတူသည်။ တွေ့ဆုံမှုအစည်းအဝေးရလဒ်များကို KNDCC ထံသို့ ပြည်လည်တင်ပြရန်။

(၆) Technical Team တွေ့ဆုံမှု အစည်းအဝေးအတွက် လိုအပ်သည့် ရန်ပုံငွေရှာဖွေမှုကို ကူညီပေးနိုင်သည့် အဖွဲ့အစည်းထံ ချဉ်းကပ်ဆောင်ရွက်မည့်ကိစ္စကို KNDCC မှ သဘောတူသည်။

(၇) KNDCC အနေဖြင့် အဆိုပြု Command Space Concept ကိစ္စအပေါ် သီးသန့်ဆောင်ရွက်ရန် ကိစ္စအဖြေစ် ဆုံးဖြတ်သည်။

(၈) Command Space Concept ကိစ္စအပေါ် KNDCC ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုကို ရယူသွားမည်။

## ဒုတိယအကြိမ် ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ

# အခြေခံမူနှင့် မူဝါဒစာတမ်းများ စုစည်းချက်နှင့်အတည်ပြုချက်ခြင်း အစည်းအဝေး

**2nd KND's Validation & Summarizing Meeting**

# $2^{nd}$ KND's Validation & Summarizing Meeting

# ဒုတိယအကြိမ် ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ

## အခြေခံမူနှင့် မူဝါဒစာတမ်းများ စုစည်းချက်နှင့် အတည်ပြုခြင်း အစည်းအဝေး

၁၁ - ၁၂ ရက်နေ့၊ ဖွန်လ ၂၀၁၈ ခုနှစ် (လော်ခီးလာ၊ ကော်သူးလေ)

**ပထမနေ့**

- အဖွင့်မိန့်ခွန်း
- လမ်းညွှန် အမှာစကား
- ဩဝါဒမိန့်ခွန်း
- ရည်ရွယ်ချက်
- ဒေသအလိုက် စုစည်းထားသောစာတမ်းများအား ဖတ်ကြားတင်သွင်းခြင်း
- နိဂုံးချုပ် အမှာစကား

**ဒုတိယနေ့**

- အဖွင့်အမှာစကား
- ကဏ္ဍအလိုက် စာတမ်းများအား စုဖွဲ့ဆွေးနွေးခြင်း

**တတိယနေ့**

- အဖွင့်အမှာစကား
  (က) ကဏ္ဍအလိုက် အခြေခံမူ(စာတမ်း)များအား အဆိုပြုတင်ပြခြင်း
  (ခ) သဘာပတိမှ စာတမ်းများအား အတည်ပြုကြောင်း ကြေငြာခြင်း၊
- ဒုတိယအကြိမ် ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ မှတ်တမ်းတင်ခြင်းဆိုင်ရာ ကဏ္ဍအား တင်သွင်းခြင်းနှင့် အတည်ပြုခြင်း
- ဒုတိယအကြိမ် ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှ ဆုံးဖြတ်ချက်များအား အဆိုတင်သွင်းခြင်းနှင့် အတည်ပြုခြင်း၊
- ဒုတိယအကြိမ် ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ၏ ထုတ်ပြန်ကြေငြာချက်အား ဖတ်ကြားတင်ပြခြင်းနှင့် အတည်ပြုခြင်း

**ပိတ်ပွဲအခမ်းအနား**

- ပဒိုစောသမိန်ထွန်း တိုက်တွန်းအားပေးစကား။
- ဦးဆောင်ကော်မတီမှ တိုက်တွန်းအားပေးစကားပြောကြားခြင်း။
- ကျင်းပရေးကော်မတီမှ ကျေးဇူးတင်စကား ပြောကြားခြင်း။
- ဦးဆောင်ကော်မတီမှ ကျေးဇူးတင်စကား ပြောကြားခြင်း။

# ပထမနေ့

**သဘာပတိအဖွဲ့– ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး၊ ပဒိုစောကွယ်ထူးဝင်း၊ ဆရာတော်အရှင်စန္ဒာဝရ၊ သိက္ခာတော်ရဆရာတော်စောအယ်ဒါး၊ မန်းထိန်ဝင်းစိန်၊ မန်းအောင်ပြည်စိုး၊ စောခင်မောင်မြင့်**

**အခမ်းအနားမှူး – နော်အယ်ဖောဝါး၊ Saw Saw EC ၊ နော်ဖောဂေးရူ**

# ကေအဲန်ယူ ဥက္ကဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးမှ အဖွင့်မိန့်ခွန်းပြောကြားခြင်း

ကညီဒီကလုာ်စၢဖှိၣ်ကရၢယ ကရၢခိၣ်သုးခိၣ်ကျၢ်ဒိၣ်စိ စီၤမူတူၤစ့ဖိ
အတၢ်ကတိၤအိးထိၣ်ကညီကလုာ်ထံရူၢ်ကီၢ်သဲးတၢ်အိၣ်ဖှိၣ်ကူၣ်လိာ်အမူး
နံၤသီ– လါချံတ့ၢ်လီၤ ၁၂ သီ ၂၇၅၇ နံၣ်
လါယူၤ ၁၀ သီ ၂၀၁၈ နံၣ်

ပကညီကလုာ်ခိၣ်နၢ်, သရၣ်မါ, ခၢၣ်စးဒီး ပှၤမၤသကိးတၢ်ခဲလၢာ်

အဆိယဆၢဂ့ၤဆၢဝါဘၣ်သု “ဂီၤလၢအဂ့ၤ” ကီးဂၤဒဲးန့ၣ်လီၤ. ယစံးဘျုး ဘၣ်သုဝဲကီးဒံနီၢ်ဂၤဒဲး လၢသုဟ့ၣ် သုတၢ်ဆၢကတီၢ် ဒီးဟဲပာ်ဖှိၣ်ထီၣ်သကိးသုသးလၢ ကညီကလုာ်ထံရူၢ်ကီၢ်သဲးတၢ်အိၣ်ဖှိၣ် ကူၣ်လိာ်တဘျီအံၤ န့ၣ်လီၤ. ယစံးဘျုးဘၣ်စ့ၢ်ကီး ပကညီကလုာ် ပှၤကူၣ်ဘၣ်ကူၣ်သ့တဖၣ် ပှၤသ့ပှၤ ဘၣ် တဖၣ် ပှၤသူၣ်စၢ်သးဘိၣ်တဖၣ်ဒီး လီၢ်ကဝီၤ ကညီကလုာ် တဖၣ်ခဲလၢာ်လၢ အပာ်ဖှိၣ်မၤသကိးတၢ်လၢ ကညီကလုာ်ထံရူၢ်ကီၢ်သဲး တၢ်အိၣ်ဖှိၣ်ကူၣ်လိာ် တဘျီအံၤ ကကဲထီၣ်အဂီၢ် သုဟ့ၣ်လီၤသုတၢ်ဆၢကတီၢ် သုဂံၢ်သုဘါ သုတၢ်ကူၣ်တၢ်ဆး သုတၢ်ထံၣ်တဖၣ် ဒီးကတဲာ်ကတီၤ တၢ်လၢတၢ်အိၣ်ဖှိၣ်ကူၣ်လိာ် တဘျီအံၤ ကကဲထီၣ်အဂီၢ် အဃိန့ၣ်လီၤ. ကတီၢ်အံၤ မ့ၢ်တၢ်စူၤခါ အဆၢကတီၢ် ဒီးသုဝဲတနီၤ သုဘၣ်ဟဲလၢ တၢ်လီၢ် ယံၤ သုကလီၤဘှံးဘၣ်ဆၣ် သုပာ်ဖျါထီၣ်သုတၢ်သးအိၣ်သုပှၤကလုာ်ဒီး ပာ်ဖှိၣ်မၤသကိးတၢ်လၢသုပတီၢ် လၢသုလီၢ် လၢသုသနၢၣ်စုာ်စုာ်ဒၣ်ဝဲအဃိ စံးဘျုးဒီးပာ်လၤပာ်ကပီၤသုတၢ်ဟ့ၣ်လီၤသးအံၤကီးနီၢ်ဂၤဒဲးန့ၣ် လီၤ. တၢ်ပာ်ဖှိၣ် ထီၣ်သးတၢ်မၤတဖၣ်အံၤ မ့ၢ်တၢ်ပာ်ဖျါထီၣ် ကညီကလုာ် အတၢ်ဃူတၢ်ဖိး န့ၣ်လီၤ.

တၢ်အိၣ်ဖှိၣ်ကူၣ်လိာ် တဘျီအံၤမ့ၢ် ကညီကလုာ် ထံရူၢ်ကီၢ်သဲး တၢ်အိၣ်ဖှိၣ်ကူၣ်လိာ် ခံဘျီတဘျီလၢ တၢ်ထံၣ်လိာ်စံးကတိၤထံရူၤကီၢ်သဲး တၢ်မၤအပူၤန့ၣ်လီၤ. မ့ၢ်ပပှၤကလုာ်လၢကီၢ်ဒီဘ့ၣ် တၢ်လီၢ်ဟီၣ်ကဝီၤ အါတီၤအခၢၣ်စးတဖၣ် အတၢ်ပာ်ဖှိၣ်ထီၣ်အသးလၢ တၢ်ကကွဲးပာ်ဖှိၣ်က့ၤ ထံရူၢ်ကီၢ်သဲးတၢ်ဂ့ၢ်ခိၣ်တီတဖၣ် လၢ တၢ်ကတဲာ်ကတီၤအီၤတဖၣ် အဖီခိၣ် တၢ်ထံၣ်လိာ်ကူၣ်လိာ် သကိးဒီး ပပှၤကလုာ် ဟီၣ်ကဝီၤတဖၣ် အတၢ်ဟ့ၣ်ကူၣ်ဘှီဘၣ်မၤပှဲၤအီၤတဖၣ်န့ၣ်လီၤ. မ့ၢ်ဒ်သိး အကကဲထီၣ်ဝဲ ပကညီကလုာ်ခဲလၢာ်အတၢ်ပာ်သး အတၢ်ထံၣ်န့ၣ်လီၤ. မ့ၢ်တၢ် ပာ်ဖှိၣ်ပာ်ဂၢၢ် ပာ်ကျၢၤက့ၤ ပကညီကလုာ် အတၢ်ထံၣ်လၢ အဂ့ၤကတၢၢ် အကြၢး

ကတၢၢ်လၢ ပပှၤကလုာ် ဒီးတၢ်သူၣ်ထီၣ်ဒံၣ်မိၣ်ကရၢ်စံၣ်ဖဲၣ်ဒရၢၣ်ထံကီၢ်အဂီၢ်န့ၣ်လီၤ.

ပကညီကလုာ်ခိၣ်နၢ်, သရၣ်သမါ, ခၢၣ်စးဒီးပှၤမၤသကိးတၢ်ခဲလၢာ်

စုကဝဲၤတၢ် ပၢၢ်ဆၢတၢ် တၢ်ဂဲၤလိာ်အဆၢကတီၢ် ပပှၤကလုာ်တဖၣ် ဘၣ်ဟ့ၣ်လီၤ အတၢ်စုလီၢ်ခီၣ်
ခီၣ် အဘၣ်အစ့ၤ အကပၢၤကဝီ အတၢ်ထူးတၢ်တီၤ အက့ၢ်အဂီၤ အသးသမူတဖၣ် လၢပဂံၢ်ထီၣ်တလၢာ်
ပဒွးအီၤတန့ၢ်ဘၣ်န့ၣ်လီၤ. ပမိၢ်ပပၢ် ပပုၢ်ပဝဲၢ် ပဘူးပတံၢ် ပှၤလၢ ပအဲၣ်တဖၣ် ဟ့ၣ်လီၤ တ့ၢ်အဂံၢ်အဘါ
အသးသမူ လၢပတၢ်ဂဲၤလိာ်အံၤအပူၤန့ၣ်လီၤ. တၢ်ဂဲၤလိာ်အံၤ ယံာ်တ့ၢ်ဝဲယၤ ဖှိၣ်နံၣ်တဝဝ်ဘျဲၣ် ၆၉ နံၣ်ဒီး
အိၣ်တ့ၢ် လံဝဲလၢပှၤ ၃ စီၤလံန့ၣ် ပစံးအီၤသ့န့ၣ်လီၤ. ကတီၢ်အံၤဒ် ပဃ့ထီၣ်ဒီးတၢ်စံးကတိၤထီၣ်ဃူ
သကိးအီၤဒီး သးလီၤပလိာ်လၢပကဆိကတီၢ် တၢ်ဒုးတၢ်ယၤတဖၣ်ဒီးစံးကတိၤဃုထံၣ်န့ၢ် တၢ်အစၢတဖၣ်
လၢပကအိၣ်မူ သကိးလၢတၢ်ထဲသိး တုၤသိးယ တၢ်သဘျ့ တၢ်မုာ်တၢ်ခုၢ်အပူၤလၢ အအိၣ်ဒီး တၢ်စံၣ်
ညီၣ်ပၢလီၤက့ၤ ပတၢ်အိၣ်မူ အဘၣ်အတီၢ်အဂီၢ် ဒီးသူၣ်ထီၣ်ကီၢ်စၢဖှိၣ် လၢ ဒံၣ်မိၣ်ကရၢ်စံၣ် ဒီး ဖဲၣ်ဒရၢၣ်
သနူအဖီခိၣ် န့ၣ်လီၤ.

ဒ်ပတၢ်လဲၤခီဖျိ အိၣ်တ့ၢ်ဝဲအသိး အပူၤကွံာ်စုကဝဲၤတၢ်ဂဲၤလိာ်အဆၢကတီၢ်မ့ၢ်ဂ့ၤ တၢ်ပတုာ်
တၢ်ခးဝံၤအလီၢ်ခံ တၢ်ဂဲၤလိာ်လၢတၢ်ထံၣ်လိာ်စံးကတိၤထံရှူကီၢ်သဲးအကျဲအကတီၢ် မ့ၢ်ဂ့ၤအပတီၢ်မ့ၢ်ဂ့ၤ
ပဘၣ်ကွၢ်ဆၢၣ်မဲာ်ဒီး တၢ်အိၣ်သးတဖၣ်လၢ အတၤတၢ်ဒီးပှၤအါမံၤန့ၣ်လီၤ. တၢ်ထံၣ်လိာ်စံးကတိၤဒီး ကျဲၤဘၣ်
လိာ်ထံရှူကီၢ်သဲးတၢ်ဂ့ၢ်ကီလၢ အဒုးအိၣ်ထီၣ်တၢ်သဘံၣ်ဘုၣ်ဒီး စုကဝဲၤအတၢ်သဘံၣ်ဘုၣ်အံၤ မ့ၢ်ကညီ
ဒီကလုာ်စၢဖှိၣ်ကရၢဒီးကလုာ်ဒူၣ်တဖၣ် အတၢ်ဃ့ထီၣ်န့ၣ်လီၤ. တၢ်သူၣ်ထီၣ်ထံလီၢ်ကီၢ်ပူၤ တၢ်မုာ်တၢ်ခုၢ်
တၢ်မၤအပူၤ ပှၤလၢအဘၣ်ထွဲတဖၣ် တၢ်ထံၣ်တဖၣ် တလီၤ ပလိာ်ခဲလၢာ်ဘၣ်. တၢ်တူၢ်ခီၣ်ဟ်သး လၢတၢ်သူၣ်
ထီၣ် ထံလီၢ်ကီၢ်ပူၤအဖီခိၣ် တၢ်ထံၣ်တဖၣ် လီၤဆီဒီး တၢ်မၤတဖၣ်ကဲထီၣ် တၢ်သးဒ့ဒီ တၢ်ဘၣ်ယိာ် ဘၣ်
ဘှီ အိၣ်ဝဲန့ၣ်လီၤ. မ့ၢ်နာ်သက့ဒ်န့ၣ် ပဂ့ာ်ကျဲးစၢး ဃုထံၣ်န့ၢ်ကျဲတဖၣ် လၢပလဲၤခီဖျိတၢ်ကီတၢ်ခဲ
တၢ်နိးတၢ်ဘျး တၢ်အိၣ်သးလၢ အတၤတၢ်ဒီးပှၤတဖၣ် အံၤခီဖျိတၢ်ဘှီဘၣ်မၤလိာ်အီၤဒီးကျဲလၢ အလီၢ်အိၣ်
တဖၣ်န့ၣ်လီၤ.

ကတီၢ်အံၤပစံၣ်ညီၣ်တဲာ်ဒီး ဃုထၢတၢ်မၤကျဲလၢ အကိညၢ်ဘိၣ်စၢ် ကတၢၢ်လၢပပှၤကလုာ် အဂီၢ်
န့ၣ်လီၤ. ပဆိကတီၢ် စုကဝဲၤအတၢ်ဂဲၤလိာ်ဒီးဂဲၤလိာ် လၢထံရှူကီၢ်သဲးအကျဲန့ၣ်လီၤ. ပနာ်လၢ ကျဲအံၤအဃိ
ပပှၤကလုာ်တဖၣ် ဟ်ဖှိၣ်မၤသကိးတၢ် ဒီးပှၤလၢ အသနၢၣ်ဒၣ်ဝဲ စုာ်စုာ်သ့န့ၣ်လီၤ. ကတီၢ်ဖဲပဂဲၤလိာ်တၢ်လၢ
ပကမၤန့ၢ် ထံရှူကီၢ်သဲးတၢ်အုၣ်ကီၤသးလၢ ပပှၤကလုာ် အဂီၢ်အဆၢကတီၢ်အလီၢ်အိၣ်လၢပပှၤကလုာ်
တဖၣ် ကပာ်တ့ၢ်ပနီၢ်ကစၢ်အတၢ်ထံၣ် ပထံရှူကီၢ်သဲးအပၣ်တံၣ်အပီၣ်လစံၣ် ပတၢ်စူၢ်တၢ်နာ် အတၢ်အိၣ်
ဆၢထၢၣ်တဖၣ်ဒီးကွၢ်စူၣ်တၢ်ဒီး မၤတၢ်လၢပပှၤကလုာ် ပထံပကီၢ်အတၢ်ဘၣ်ဘျူးဘၣ်ဖှိၣ် အဂီၢ်လၢ
တၢ်ဃူတၢ်ဖိးအပူၤန့ၣ် မ့ၢ်တၢ်လၢအလီၢ်အိၣ်ဝဲသပှၢ်ပှၢ်န့ၣ်လီၤ. ပကပာ်တ့ၢ်ကွံာ် ပတၢ်လီၤဆီလိာ်သးတဖၣ်
လၢပပှၤ ကလုာ်အတၢ်ဘၣ်ဘျူး ဒီးမၤလၢ ပှဲၤပပှၤကလုာ်အတၢ်မိာ်န့ၢ် သးလီအဂီၢ်န့ၣ်မ့ၢ်တၢ်လၢ ပဝဲကိးဂၤ
ပကတူၢ်ခီၣ်ဟ်သးဒီး မၤအီၤန့ၣ်မ့ၢ်တၢ် လၢယသးအိကၣ်ဟ်ဖျါထီၣ်ဆူသုအိၣ်န့ၣ်လီၤ.

ပကညီကလုာ်ခိၣ်နၢ်, သရၣ်သမါ, ခၢၣ်စးဒီးပှၤမၤသကိးတၢ်ခဲလၢာ်,

တၢ်ပတုာ်တၢ်ခးဒီးတၢ် ဂဲၤလိာ်လၢ ထံရူၢ်ကီၢ်သဲး တၢ်ထံၣ်လိာ်စံးကတိၤ အကျဲအံၤအဖီခိၣ် ပပှၤကလုာ်တနီၤ,  ပပှၤမၤသကိးတၢ်တနီၤ, တၢ်ပာ်ဒ့ၣ်ပာ်ကမၢ်တၢ်တီခိၣ်ရိၣ်မဲ, တၢ်ပဲၤအၢပဲၤသိ ထံရူၢ်ကီၢ်သဲး အတၢ်လဲၤကျဲအံၤ အိၣ်ဝဲဒၣ်နၣ်လီၤ. ကီၢ်ပဒိၣ်သုးတဖၣ် အတၢ်ဟူးတၢ်ဂဲၤတဖၣ် အဃိ တၢ်သးဒ့ဒီ, တၢ်ဘၣ်ယိာ် ဘၣ်ဘှီအိၣ်ဝဲလၢ တၢ်လဲၤကျဲအံၤအဖီခိၣ် အိၣ်ထိၣ်ဝဲနၣ်လီၤ. ဒ်ပမ့ၢ်ပှၤဘၣ် မူဘၣ် ဒါလၢတၢ်တီခိၣ်ရိၣ်မဲ တၢ်ဂဲၤလိာ်အံၤအသိး ပတၢ်ကရၢကရိ အတၢ်အိၣ်သး တဖၣ်ပသ့ၣ်ညါအီၤနၣ်လီၤ. ကညီတၢ်ပၢၢ်ဆၢ အတၢ်ဂဲၤလိာ် အနံၣ် ၆၀ ဘျၣ်အတီၢ်ပူၤအံၤ တကတီၢ်ဘၣ် တကတီၢ်တၢ်အိၣ်သးတဖၣ် ဆီတလဲအသး, တၢ်ပာ်ဖှိၣ်မၤ သကိးတၢ်တဖၣ် လီၤကဆှၣ်လၢပပှၤကလုာ် အသိးအကျါ အိၣ်ထိၣ်ဝဲနၣ် လီၤ. တၢ်ဘၣ်ကွၢ် ဆၢၣ်မဲာ်ဒီးတၢ်ကီတၢ်ခဲ, တၢ်ဃံးတၢ်စ့ၤဒီး တၢ်ပၢၢ်ဆၢအနံၣ်ယံာ် အလါထၢတဖၣ် အဖီခိၣ်, ပပှၤမၤသကိး တၢ်တနီၤအသး လီၤဘှံးလီၤဘှါဒီး တၢ်စူၢ်တၢ်နာ် ဟးဂူာ်ဟးဂီၤ ဝဲလၢတၢ်ပၢၢ်ဆၢ အတၢ်မၤနၢၤအဂီၢ် အိၣ်ထိၣ်ဝဲ နၣ်လီၤ.

ကညီဒီကလုာ်စၢဖှိၣ်ကရၢ ဒ်အမ့ၢ်ကရၢလၢအဆၢထၢၣ်ခၢၣ်စး ဒီးဂဲၤလိာ်တၢ်လၢ ပကညီ ဒီတကလုာ်အဂီၢ်အသိး ကညီဒီကလုာ်စၢဖှိၣ်ကရၢ မၤလၢပှဲၤ ကညီဒီကလုာ် အတၢ်မိာ်နု့ာ်သးလီ ကနု့ာ်အဂီၢ် မ့တမ့ၢ်လၢကညီဒီကလုာ် အတၢ်ပာ်ဖှိၣ်မၤသကိးတၢ်လၢ တၢ်ဂဲၤလိာ်အံၤ အပူၤဘၣ် သၢပျၢၤပတၢ်မုၢ်လၢ် လၢထိၣ်ပှဲၤထိၣ်တနု့ာ်ဘၣ်. ကတီၢ်အံၤပအိၣ်ဒီး တၢ်ခွဲးတၢ်ယာ်လၢ ပကပာ်ဖှိၣ်မၤသကိး ဘၣ်တၢ်လၢ ပပှၤကလုာ်အဂီၢ် ခီဖျိထံရူၢ်ကီၢ်သဲးတၢ်ဂဲၤလိာ် အတၢ်မၤကျဲ အံၤအပူၤသ့နၣ်လီၤ.

ကညီ ဖိၣ်စုကဝဲၤကရၢ ခဲလၢာ် ကဘၣ်အိၣ်ဒီး တၢ်ဃူတၢ်ဖိးဒီး ဖိၣ်လိာ်စုမၤသကိးတၢ် လၢ တၢ်နၢ်ပၢၢ်လိာ်သးအပူၤလီၤ. ကညီထံရူၢ်ကီၢ်သဲး ပာ်တံၢ်တဖၣ် ကဘၣ်ထိၣ်ဃူမၤသကိးတၢ် အိၣ်ဒီးတၢ်ထံၣ် စိကွၢ်စိ လၢကညီ ဒီကလုာ် အဂီၢ်နၣ်လီၤ. ကညီကရၢသဘျုတဖၣ်စ့ၢ်ကီး ကဘၣ်ဖိၣ်လိာ်သကိးအစု ဒီးမၤသကိးတၢ် ဒ်အတၢ်သ့တၢ်ဘၣ် ဒီးလၢအသနၢၣ်ဒၣ်ဝဲလီၤ. ဒ်နၣ်အသိး ကညီဖိကိးဂၤဒဲးနၣ် ကဘၣ် သ့ၣ်ညါ ဒီးပာ်ပနီၣ်လီၤအသး ဒ်ကညီဖိတဂၤအသိး ဒီးဟ့ၣ်ထီၣ် အတၢ်သ့ၣ်ညါ နၢ်ပၢၢ် ဒီး အတၢ်ဆၢကတီၢ် လၢအိၣ်ဒီးအီၤတဖၣ်လီၤ. ကညီဖိလၢ အိၣ်လၢထံချၢကီၢ်ချၢ ဒီးထံယံၤကီၢ်ယံၤတဖၣ်စ့ၢ်ကီး ဖဲအိၣ်လၢ ထံကီၢ်တဘ့ၣ်ဂ့ၤ တဘ့ၣ်ဂ့ၤနၣ် ကဘၣ်တိစၢၤမၤစၢၤ ဒီးဆီၣ်ထိၣ် ကညီကလုာ်အတၢ်ဂဲၤလိာ်အံၤ ဒ်အင်္ဂါ အဘါ, တၢ်သ့တၢ်ဘၣ် ဒီးတၢ်ဆၢကတီၢ် လၢအိၣ်ဒီးအီၤလီၤ ပကဘၣ်အိၣ်ဒီး ပှၤကလုာ်တၢ်ဃူတၢ်ဖိး ဒီးထံရူၢ်ကီၢ်သဲး တၢ်စိၣ်မဲာ်စိာ်နါ ဒီးထံရူၢ်ကီၢ်သဲး တၢ်သးသဒ့ၣ်တဖၣ်လီၤ.

ပကွဲမုာ်ဘၣ်ပပှၤကလုာ် ပှၤသ့ပှၤဘၣ်တဖၣ်ဃ ပပှၤကလုာ်သူၣ်စၢ်သးဘီၣ်တဖၣ် ပပှၤကလုာ် ခိၣ်နၢ်လၢ အဂဲၤလိာ်တၢ်လၢထံရူၢ်ကီၢ်သဲး တၢ်ခွဲးတၢ်ယာ်တဖၣ် လၢကမၤသကိးတၢ်လၢ ထံရူၢ်ကီၢ်သဲး တၢ်ဂဲၤလိာ် ထံရူၢ်ကီၢ်သဲး တၢ်ထံၣ်လိာ် စံးကတိၤတၢ် မၤအပူၤအံၤနၣ်လီၤ မ့ၢ်တၢ်ခွဲး တၢ်ယာ်လၢ ပကပာ်ဖှိၣ် ထိၣ်ပသး ဃူဃူဖိးဖိးလၢထံရူၢ်ကီၢ်သဲး တၢ်ဂဲၤလိာ် ထံရူၢ်ကီၢ်သဲး တၢ်ထံၣ် လိာ်စံးကတိၤအံၤ အပူၤလၢ ပပှၤကလုာ် အတၢ်ဘၣ်ဘျုးဘၣ်ဖှိၣ် အဂီၢ်ဒီး မၤလၢပှဲၤ ပပှၤကလုာ် ထံရူၢ်ကီၢ် သဲးအတၢ်မုၢ်လၢ် မၤလၢပှဲၤ ပပှၤကလုာ် ထံရူၢ်ကီၢ်သဲး အတၢ်ခွဲးတၢ်ယာ် နၣ်လီၤ.

ပကညီကလုာ်ခိၣ်နၢ်, သရၣ်သမါ, ခၢၣ်စးဒီးပှၤမၤသကိးတၢ်ခဲလၢာ်,

လၢခံကတၢၢ်ယစံးဘျုးကဒီးသ့ ဒီးယနာ်လၢပကညီ ကလုာ်တၢ်အိၣ်ဖှိၣ် ကူၣ်လိာ် တဘျီအံၤ

ပကဒိးန့ၣ်ဘၣ်ဝဲ တၢ်ဂ့ၢ်တၢ်ကျိၤ တၢ်အစၢအဂ့ၤကတၢၢ် တဖၣ်လၢတၢ်ကဆှၢထီၣ် အီၤဆူကီၢ်စၢဖှိၣ် တၢ်ထံၣ် လိာ် စံးကတိၤ တၢ်မၢ်တၢ်ခုၣ် ကမံးတံာ် ဟ်ဖှိၣ်လၢတၢ်ကစံးကတိၤ သကိးအီၤဃုာ်ဒီး ကရူၢ်ကရၢအဂၤတဖၣ် အဂီၢ်န့ၣ်လီၤ. မ့ၢ်ဒ်သိးတၢ်ကပာ်လီၤအီၤလၢ တၢ်သူၣ်ထီၣ်ထံကီၢ်တၢ်ဘျၢ သဲစးခိၣ်သ့ၣ်အပူၤ လၢတၢ်ကမၤန့ၢ် ထံရူၤကီၢ်သဲး တၢ်အုၣ်ကီၤသး ဖိးသဲစး လၢပပှၤကလုာ် အဂီၢ်န့ၣ်လီၤ. မ်ပကပာ်ဖျါထီၣ် သကိးပကညီ ကလုာ်အတၢ်ဃူတၢ်ဖိး ခီဖျိတၢ်ထံၣ်လိာ်စံးကတိၤ ထံရူၢ်ကီၢ်သဲး အတၢ်မၤကျဲအံၤ ဒီးဂဲၤလိာ်မၤန့ၢ်သကိး ပပှၤကလုာ် အတၢ်ခွဲးတၢ်ယာ် ဒီးသူၣ်ထီၣ်သကိးတၢ်မၢ်တၢ်ခုၣ် လၢထံကီၢ်တဘ့ၣ်အံၤ အပူၤ တကၠ့ၢ်န့ၣ်မ့ၢ် ယတၢ်ကတိၤအိးထီၣ် မူးတဘျီအံၤန့ၣ်လီၤ.

တၢ်ဘျုးဒိၣ်မးန့ၣ်လီၤ

# ဦးဆောင်ကော်မတီဝင်၊ ကေအဲန်ယူ ဒု - ဥက္ကဌ
# ပဒိုစောကွယ်ထူးဝင်းမှ အဖွင့်လမ်းညွှန် အမှာစကားပြောကြားခြင်း

**၂၀၁၈ ခုနှစ် ဖွန်လ ၁၁ ရက်၊ လေးဝါး၊ ကော်သူးလေ**

ဒီကနေ့ ကရင်အမျိုးသား နိုင်ငံရေး ဆွေးနွေးပွဲကို တက်ရောက်လာကြတဲ့ ကရင်အမျိုးသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ကရင်နိုင်ငံရေး ပါတီများနှင့် ကရင် အရပ်ဖက် အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင် ကိုယ်စားလှယ်များ၊ ဒေသအသီးသီးမှ ကရင် ခေါင်းဆောင် ကိုယ်စားလှယ်များ၊ ဒီဆွေးနွေးပွဲ ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ခဲ့ကြတဲ့ ခေါင်းဆောင် ကိုယ်စားလှယ်များ၊ အလုပ်အဖွဲ့များ၊ အထောက်အကူပြုသူများ အားလုံး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ယခုလို ကရင်အမျိုးသားတရပ်လုံးရဲ့ အကျိုးအတွက် အချိန်ပေးပြီး ဒီဆွေးနွေးပွဲကို ပါဝင်တက်ရောက်တဲ့အတွက်ကြောင့်လည်း အားလုံးကို အထူး ကျေးဇူးတင်အပ်ပါတယ်။

ဒီကနေ့ လူမျိုးအလိုက် ကျင်းပတဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ၊ ဒုတိယအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ၊ ဖွင့်ပွဲအခန်းအနားမှာ ကရင်အမျိုးသား လူမျိုးအလိုက် ကျင်းပတဲ့ နိုင်ငံရေးဆွေးနွေးပွဲ ဦးဆောင်ကော်မတီရဲ့ကိုယ်စား အဖွင့်အမှာစကား ပြောကြား ခွင့်ပြုတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်၊ ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကျနော်တို့နိုင်ငံရဲ့ လူမျိုးအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ၊ ပထမဦးဆုံးအကြိမ်ကို ကရင်ပြည်နယ်၊ ဘားအံမြို့မှာ ကျင်းပခဲ့ပြီး ခုဒုတိယအကြိမ်ကို လေးဝါးမှာ ကျင်းပခွင့်ရတဲ့အတွက် ကရင်အမျိုးသားတဦး၊ ကေအဲန်ယူ–ကရင်အမျိုးသား အစည်းအရုံးအဖွဲ့ဝင် တဦးအနေနဲ့ များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဒီကရင်အမျိုးသား စုံညီအစည်းအဝေး နှစ်ခုရဲ့ သဘောသဘာဝဟာ ကွာခြားမှုရှိပေမယ့်လည်း အနှစ်သာရအားဖြင့်၊ ရည်ရွယ်ချက် အားဖြင့် တခုတည်း ဖြစ်ပါတယ်။

**နိုင်ငံရေးပြဿနာကို စစ်ရေးနည်းအရ မဖြေရှင်းဘဲ နိုင်ငံရေးနည်းဖြင့် တွေ့ဆုံဆွေးနွေး အဖြေရှာ မည့်မူကိုကျနော်တို့အားလုံးလက်ခံပြီး** ကျနော်တို့နိုင်ငံမှာ နှစ်ရှည်လများ ဖြစ်ပွားခဲ့တဲ့ လက်နက်ကိုင် ပဋိပက္ခကို သိက္ခာရှိရှိ အဆုံးသတ်ပြီး၊ လက်နက်ကိုင် ပဋိပက္ခကို ဖြစ်ပွားစေတဲ့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ အဖြေရှာနိုင်ရန်၊ ကျနော်တို့ ကရင်လက်နက်ကိုင် အဖွဲ့အစည်း ၃ ဖွဲ့၊ အခြား တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း အချို့တို့နဲ့ အတူတကွ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) **ဟာ တိုင်းရင်းသားများ လိုလားသော၊ အေးချမ်းသာယာပြီး၊ ဖွံ့ဖြိုးတိုးတက်သော၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ဖက်ဒရယ် ပြည်ထောင်စုကို နိုင်ငံရေး ဆွေးနွေးပွဲ ရလဒ်နဲ့အညီ ပြန်လည်တည်ဆောက် ရေး** အတွက် ချုပ်ဆိုသော စာချုပ်ဟုဆိုရင်လည်း မှားမည် မဟုတ်ပါ။

ဒီကနေ့ ကျင်းပတဲ့ ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲဟာ တနိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို အခြေခံပြီး တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိဘို့ နိုင်ငံရေးအရ အဖြေရှာရာမှာ တနိုင်ငံလုံးက ကရင်အမျိုးသားတို့ရဲ့ အမြင်သဘောထားများ၊ အကြံပြုချက်များ ရရှိဖို့အတွက်၊ ဒေသအလိုက် ကရင်အမျိုးသားများနှင့်တွေ့ဆုံပွဲများ အကြိမ်ကြိမ် ကျင်းပပြီး စုစည်းမှုပြုလုပ်ခဲ့ပါတယ်။ ဒီလိုကျင်းပတဲ့နေရာမှာ အခက်အခဲ စိန်ခေါ်မှု များစွာကိုလည်း ရင်ဆိုင်ကျော်လွှားခဲ့ရတယ်။ ဒီကနေ့ ကျင်းပတဲ့ ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲဟာ အဖွဲ့အစည်းအလိုက်၊ ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက်၊ ဒေသအလိုက် ကိုယ်စားလှယ် အားလုံး ပါဝင်တဲ့ စုံညီအစည်းအဝေး ဖြစ်ပြီး၊ ဒေသအလိုက် စုစည်းထားသော ကရင်တမျိုးသားလုံးရဲ့ အမြင်သဘောထားများ၊ အကြံပြုချက်များကို ပြန်လည်စုစည်း အတည်ပြုသွားမှာ ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ် မေလအတွင်း ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ– ၂၁ရာစုပင်လုံ (ဒုတိယ အစည်းအဝေး) ကျင်းပပြီးနောက် တနှစ်တာအတွင်းမှာ နိုင်ငံရေးဆွေးနွေးမှု မူဘောင် သတ်မှတ်ချက်နဲ့အညီ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကို မကျင်းပနိုင်ခဲ့ဘူး၊ NCA ကို အကောင်အထည်ဖော်တဲ့နေရာမှာ နားလည်မှု၊ ခံယူမှု မတူညီတဲ့အတွက် အချိန်ကြာခဲ့တယ်၊ **ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ကျင်းပနိုင်ဖို့အတွက် နိုင်ငံရေးဆွေးနွေးမှု မူဘောင်အတိုင်း၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ မကျင်းပနိုင်ခြင်း၊ တားဆီးပိတ်ပင်မှုခံရခြင်းစတဲ့အခက်အခဲများနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ တရားဝင်စည်းဝေးပွဲများ မကျင်းပနိုင်တဲ့အတွက် အလွတ်သဘောတွေ့ဆုံ ဆွေးနွေးတဲ့ နည်းလမ်းဖြင့် တစ်ဆို့နေတဲ့ အခက်အခဲများကို ကျော်လွှားသွားနိုင်ဖို့ ဆောင်ရွက်ခဲ့ရတယ်၊** ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကို ကျင်းပနိုင်ဖို့အတွက် တစ်ဆို့နေတဲ့အချက်များကို ချန်ထားပြီး အခြား အကြောင်းအရာများကို ဆွေးနွေးဖို့ အလွတ်သဘော အစည်းအဝေးများက နည်းလမ်းရှာခဲ့တယ်။ ယခုအချိန်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– ၂၁ရာစု ပင်လုံ(တတိယ အစည်းအဝေး) ကို ဇွန်လအကုန် ဇူလိုင်လဆန်းမှာ ကျင်းပနိုင်ဖို့ လျာထားချမှတ်ခဲ့တယ်။ နိုင်ငံရေး အခက်အခဲကြောင့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကို မကျင်းပနိုင်သော်လည်း မိမိဘက်မှ ပြင်ဆင်မှုများကို လုပ်ဆောင်ထားရမှာ ဖြစ်တယ်။

ဒီကနေ့ ကျင်းပတဲ့ ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲကဲ့သို့ အခြားသော တိုင်းရင်းသား ဒေသများ၊ တိုင်းနဲ့ပြည်နယ်ဒေသများ အားလုံးမှာလည်း အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ဖို့ လိုအပ်ပါတယ်။ ဒီလို ကျင်းပနိုင်မှသာ အားလုံးရဲ့ အမြင်သဘောထားများကို ရရှိမှာဖြစ်ပြီး အားလုံးပါဝင်သည့် တည်ငြိမ်အေးချမ်းတဲ့ ဖက်ဒရယ် ပြည်ထောင်စုကို တည်ဆောက်နိုင်မှာ ဖြစ်သည်။ ကျွန်တော်တို့ အတူတကွပိုင်ဆိုင်တဲ့ နိုင်ငံကို ပြန်လည်တည်ဆောက်ရာမှာ အယူအဆနဲ့ ခံယူချက်ကအစ အနှစ်သာရအရ ပါဝင်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ဆိုင်ရာ ပြည်ထောင်စု တည်ဆောက်ရေးကို ရှေ့ရှုဘို့ လိုအပ်ပါတယ်။ အနှစ်သာရပါတဲ့ ပြောင်းလဲဖြစ်ထွန်းမှုအတွက် ကျွန်တော်တို့အားလုံးရဲ့ ကြိုးပမ်းအားထုတ်မှု၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးအပေါ် လေးနက်မှုရှိတဲ့လုပ်ငန်း၊ ယန္တရားတွေကို အတူတကွချမှတ် အကောင်အထည် ဖော်ကြရမှာဖြစ်တယ်။ ဒီလိုအတူတကွချမှတ် အကောင်အအထည်ဖော်တဲ့နေရာမှာ တနိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှု

ရပ်စဲရေး သဘောတူစာချုပ် (NCA) ရဲ့ ခိုင်မာမှုအပေါ်မှာ မူတည်တာဖြစ်ပါတယ်။

တဆက်တည်းမှာပဲ အားလုံးပါဝင်ပြီး အားလုံးပိုင်ဆိုင်တဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဖြင့် ငြိမ်းချမ်းသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွ ပူးပေါင်းပါဝင်နိုင်ဖို့ လိုအပ်ပါတယ်၊ **လက်ရှိတိုင်းရင်းသားဒေသအချို့မှာဖြစ်ပွားနေသေးတဲ့ လက်နက်ကိုင်ပဋိပက္ခများကို ရပ်တန့်နိုင်ဖို့အတွက် နိုင်ငံတော် အစိုးရနှင့် သက်ဆိုင်ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတို့မှ နည်းလမ်းရှာ သွားဖို့ လိုပါတယ်။ အမြင်မတူမှု၊ အငြင်းပွားမှု၊ တဖက်နဲ့တဖက် ပြစ်တင် ဝေဖန်မှု၊ မုန်းတီးမှု၊ နာကျည်းမှု၊ မယုံကြည်မှုများကို ရှေ့တန်းမတင်ဘဲ လက်နက်ကိုင် တိုက်ပွဲတွေကြောင့် တိုင်းရင်းသားပြည်သူ၊ အမျိုးသမီး၊ ကလေးငယ်များတို့၏ ရင်ဆိုင်ရသော အနိဌာရုံများကို ထောက်ထား၍ အမြန်ဆုံးတွေ့ဆုံညှိနှိုင်းနိုင်ဖို့ တောင်းဆိုလိုပါတယ်။**

အမျိုးသား ပြန်လည်သင့်မြတ်ရေးဟာ ကျွန်တော်တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှင်သန်ဖွံ့ဖြိုးရေးအတွက် အသက်တမျှ အရေးကြီးပါတယ်။ ဒါကြောင့် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း မရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ပါဝင်လက်မှတ်ရေးထိုးနိုင်အောင် လမ်းဖွင့်ပေးရာမှာလည်း နိုင်ငံတော်အစိုးရနဲ့ တပ်မတော်ဘက်မှ သဘောထားကြီးပြီး မူဝါဒဆိုင်ရာမှာ ဖြေလျှော့မှုအချို့ ပြုလုပ်ခြင်း၊ အင်အားသုံး တိုက်ခိုက်မှုတွေကို ရပ်ဆိုင်းထားခြင်းတို့ကို ပြုလုပ်ပေးဘို့ လိုအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပြဋ္ဌာန်းချက် နှင့်အညီ ယခုကဲ့သို့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ ဆွေးနွေးညှိနှိုင်း အဖြေရှာရန်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးမှုများကို ကျင်းပသလို၊ ရရှိထားသော ပစ်ခတ်တိုက်ခိုက်မှု သဘောတူညီချက် အကောင်အထည်ဖော်မှုများကိုလည်း ပိုမို ခိုင်မာအောင် လုပ်ဆောင်သွားဖို့ လိုအပ်ပါတယ်။ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) မှာ သဘောတူညီထားကြပြီး အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်မဖော်နိုင်သေးတဲ့ အပိုင်းများကို လေးလေးနက်နက်ထားပြီး ဆက်လက်ညှိနှိုင်း အကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်။ တည်ငြိမ်အေးချမ်းပြီး ကရင်အမျိုးသား အပါအဝင် တိုင်းရင်းသား လူမျိုးများ အားလုံး လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတဲ့ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုသစ်ကို ကရင်အမျိုးသားများအားလုံး အတူတကွ ပူးပေါင်းတည်ဆောက်ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်

# ဆရာတော် အရှင်စန္ဒာဝရ မှ ဩဝါဒမိန့်ခွန်းပြောကြားခြင်း

ဒီကနေ့ဆွေးနွေးပွဲသို့ ကြွရောက်လာကြတဲ့ သဘာပတိအဖွဲ့ဝင်များ၊ နိုင်ငံရေးခေါင်းဆောင်များ၊ တော်လှန်ရေးခေါင်းဆောင်များနှင့် ပါတီများ၊ ဒေသအသီးသီး ခေါင်းဆောင်များကို လေးစားခြင်းနှင့်အတူ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီကနေ့ဆရာတော်အနေနဲ့ လမ်းညွှန်ချက် ပေးမှာကတော့ လောကရှုထောင့် လောကအထဲကနေပြီးတော့ ၄ ခု ပြောကြားချင်ပါတယ်။ ဘာသာရေးရှုထောင့် ဘာသာရေး အမြင်ကနေပြီးတော့ ၅ ခု ပြောချင်ပါတယ်။ လောကရှုထောင့် လောကအမြင်ကနေ ပြောချင်တာကတော့ လွန်ခဲ့သော ၃ နှစ်ကျော်က ငြိမ်းချမ်းရေးခရီး ကရင်ပြည်နယ်ကိုယ်စားပြု ထိုင်းနိုင်ငံ၊ ဘန်ကောက်ကနေပြီးတော့ ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ လေ့လာတွေ့ရှိချက်ကို ပြန်လည်တင်ပြလိုပါတယ်။ ကရင်အမျိုးသားအတွက် အသုံးလိုရင် အသုံးချနိုင်ရန် ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလို့ပြောတဲ့ စကားလုံးကတော့ နှလုံးကြီးဝါဒ အသုံးအနှုန်း တစ်ခုဖြစ်ပါတယ်။ သို့သော် အင်မတန်နက်ရှိုင်းပါတယ်။ ငြိမ်းချမ်းရေးလို့ ပြောလာပြီဆိုရင်တော့ ငြိမ်းချမ်းရေးရဲ့ အခြားတစ်ဖက် အစုအဖွဲ့တစ်ဖွဲ့ကိုလည်း မြင်ထားဖို့ အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးရဲ့ အခြားတစ်ဖက် ဆန့်ကျင်ဖက်ကတော့ ၄ မျိုးရှိပါတယ်။ အဲ့ဒါကတော့ ကြမ်းတမ်းမှုဖြစ်တယ်။ (၁) တိုက်ရိုက် အကြမ်းဖက်မှု၊ (၂) သွယ်ဝိုက်အကြမ်းဖက်မှု၊ (၃) ဖွဲ့စည်းပုံ အကြမ်းဖက်မှု၊ (၄) ယဉ်ကျေးမှု အကြမ်းဖက်မှု တို့ဆိုပြီးတော့ ငြိမ်းချမ်းရေးကို ဟန့်တားစေတဲ့ အကြမ်းဖက်မှု ၄ မျိုးဖြစ်ပါတယ်။

**(၁) တိုက်ရိုက်အကြမ်းဖက်မှု** ကာကွယ်တွန်းလှန်တဲ့ နေရာမှာ တွန်းလှန်နည်းကတော့ ဘယ်အချိန်ပဲဖြစ်ဖြစ် ရရာလက်နက်၊ ရှိရာခွန်အားနဲ့ တုန့်ပြန်ပြီးတော့ တွန်းလှန်ကာကွယ်ရမှာ ဖြစ်ပါတယ်။ **(၂) သွယ်ဝိုက်ခြင်းအကြမ်းဖက်မှု** ကိုတော့ ကြိုတင်ကာကွယ်သော အစီအမံနဲ့ ဂရုစိုက်ပြီးတော့ တွန်းလှန်ကာကွယ်ရမှာ ဖြစ်ပါတယ်။ **(၃) ဖွဲ့စည်းပုံအကြမ်းဖက်မှု** မှာ ဖွဲ့စည်းပုံကတော့ မိမိအတွက် အများကြီး ယူထားပြီးတော့ သူများအတွက်ကို နည်းနည်းပဲပေးထားတဲ့ အခြေခံဥပဒေဖွဲ့စည်းပုံ အကြမ်းဖက်မှု၊ အဲ့ဒီအကြမ်းဖက်မှုကိုတော့ တော်လှန်တဲ့နေရာမှာ အကြမ်းမဖက်သွေးချွေးတွေ မထွက်ဆိုတဲ့ ပညာရှိတိုက်ကွက်နဲ့ တိုက်ရမှာဖြစ်တယ်။ ပညာရှိတိုက်ကွက်ဆိုတာကတော့ ထောက်ပြခြင်း ဖြစ်ပါတယ်။ အပြစ်အပြစ်တွေကို ထောက်ပြပြီးတော့ အချို့အချို့ကို ထောက်ပြခြင်းသည် ပညာရှိတိုက်ကွက် ဖြစ်တာကြောင့် ဒီနည်းအတိုင်းပြန်လည်ပြီးတော့ တွန်းလှန်ကာကွယ်ရမှာပါ။ **(၄) ယဉ်ကျေးမှုအကြမ်းဖက်မှု။** အဲ့ဒါကတော့ တံတိုင်းကာပြီးတော့ ဘယ်လိုပဲစည်းထားပေမယ့် ကမ္ဘာက လွှမ်းခြုံလာတော့ ယဉ်ကျေးမှုတစ်မျိုးကနေပြီးတော့ ရောဂါပွားသလိုပွားလာတယ်။ ယဉ်ကျေးမှု အကြမ်းဖက်မှုကိုတော့ မိမိရဲ့မျိုးချစ်စိတ်ဓာတ် ယဉ်ကျေးမှု၊ မြတ်နိုးတန်ဖိုးထားမှုနဲ့ မိမိရဲ့ အသိတရားနဲ့ ကာကွယ်ပြီးတော့ တွန်းလှန်ရမှာ ဖြစ်ပါတယ်။ အဲ့ဒါ ကတော့ လွန်ခဲ့တဲ့ ၃ နှစ်ကျော်က မဟီဒေါတက္ကသိုလ်မှာ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ လေ့လာချက်ကို ကရင်အမျိုးသားတွေအတွက် အသုံးတည့်တယ်ဆိုရင် အသုံးချဖို့ ဝေငှခြင်း ဖြစ်ပါတယ်။ အဲ့ဒါ

လောကအမြင် လောကရှုထောင့်ကနေပြီးတော့ အမြင် ၄ ချက် ဖြစ်ပါတယ်။

အခုဘာသာရေးရှုထောင့် ဘာသာရေးအမြင်ကနေပြီးတော့ ငြိမ်းချမ်းရေးလမ်းညွှန်ချက် ၅ ခုကို တင်ပြချင်ပါတယ်။ တစ်ဦးကိုတစ်ဦး၊ တစ်ယောက်ကိုတစ်ယောက်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ လှည့်ပတ်နေသမျှ ကာလပတ်လုံး ကောက်ကျစ်နေသမျှ ကာလပတ်လုံး ငြိမ်းချမ်းရေးက အလှမ်းဝေးနေဦးမှာပါ။ ဒီတော့ လှည့်ပတ်တယ်၊ ကောက်ကျစ်တယ်၊ ကရင်အမျိုးသားတွေက ရိုးသားတော့ သူများလှည့်ပတ်တာ အင်မတန်မှ ရွံရှာတယ်။ ဒါကြောင့်မို့လို့ လှည့်ပတ်ခြင်းက ကရင်တွေနဲ့ အင်မတန်မှ အလှမ်းဝေးနေတဲ့ အရာဖြစ်တယ်။ တကယ်လို့မှ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားတဲ့ ဆန္ဒရှိတယ်ဆိုရင် လှည့်ပတ်မှုကိုမပြုဘဲနှင့် ဖြောင့်မတ်မှုကိုတော့ ပြသရမှာဖြစ်ပါတယ်။ ဒီနေရာမှာ လှည့်ပတ်မှုကိုတော့ မြန်မာနိုင်ငံရဲ့သမိုင်းကတော့ ရသေ့ရှစ်သောင်းနဲ့စသလိုမျိုး မဆုံးနိုင်တဲ့ ရသေ့ရှစ်သောင်းလိုမျိုး တွေ့နေရတယ်။ ဒါကြောင့်မို့ တကယ်ငြိမ်းချမ်းရေးလိုလားရင်တော့ အဖွဲ့အချင်းချင်း လှည့်ပတ်ခြင်း၊ လူအချင်းချင်း လှည့်ပတ်ခြင်း၊ ကင်းရှင်းဖို့လိုတယ်လို့ ဘာသာရေးသူတော်ကောင်းတွေအမြင်ကနေ ပြောဆိုသွားတာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ အထင်သေးတာ၊ တစ်ယောက်ကတစ်ယောက်ကို တစ်ဖွဲ့ကတစ်ဖွဲ့ကို တစ်မျိုးက တစ်မျိုးကို အထင်သေးတာပါပဲ။ အထင်သေးရင် ငြိမ်းချမ်းရေးကို ဘယ်တော့မှ အားပေးရာ မရောက်ပါဘူး။ အထင်သေးနေသလို အထင်ကြီးဖို့လည်း မလိုဘူး။ လိုတာက လေးစားခြင်း၊ အသိအမှတ်ပြုခြင်း ဖြစ်ပါတယ်။ အပြန်အလှန် လေးစားနေသမျှ ငြိမ်းချမ်းရေးက မနီးမဝေးပါ။ အထင်းသေးနေသမျှ ငြိမ်းချမ်းရေးက အလှမ်းဝေးနေဦးမှာပါပဲ။

နောက်တစ်ခုက နံပါတ်(၃) ချုပ်ခြယ်မှု၊ အကြပ်ကိုင်မှု၊ တစ်ဖွဲ့ကတစ်ဖွဲ့ကို၊ တစ်ဦးကတစ်ဦးကို၊ တစ်အုပ်စုက တစ်အုပ်စုကို ချုပ်ခြယ်ကြတယ်၊ အကြပ်ကိုင်နေကြတယ်။ ဒီလိုချုပ်ခြယ်၊ အကြပ်ကိုင်၊ အသာစီးရလိုမှုနဲ့ ကျင့်သုံးနေသ၍ ငြိမ်းချမ်းရေးကတော့ ဝေးနေအုံးမှာပဲ။ ဒီတော့ အပြန်အလှန် လွတ်လပ်မှု ပေးကြပြီးတော့ မျှတမှုကိုလည်း ဆန္ဒရှိနေကြရမှာ ဖြစ်ပါတယ်။ သို့မှသာ ငြိမ်းချမ်းရေးနဲ့ ပိုင်ဆိုင်ရနေတဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။

နံပါတ်(၄)ကတော့ ညည်းဆဲခြင်း ညည်းပန်းမှု၊ နှိပ်စက်ခြင်း နှိပ်စက်မှု၊ ဒီထက်ပိုဆိုးသွားရင်တော့ သတ်ဖြတ် အနိုင်ကျင့်မှု၊ ညည်းဆဲမှု၊ နှိပ်စက်မှု၊ သတ်ဖြတ် အနိုင်ကျင့်မှု ရှိနေသမျှ အကြမ်းဖက်မှု ရှိနေသမျှ ကာလပတ်လုံး ငြိမ်းချမ်းရေးက ဘယ်တော့မှ မရနိုင်ဘူး။ အဲ့ဒီ ညည်းဆဲမှု၊ နှိပ်စက်မှုအစား ကိုယ်ချင်းစာမှုနဲ့ ကြင်နာမှုတွေ အပြန်အလှန်ပေးနေကြမယ်ဆိုရင် ငြိမ်းချမ်းရေးက မဝေးဘူးလို့ ဘာသာရေးရှုထောင့်ကနေပြီးတော့ တင်ပြပြောချင်ပါတယ်။

နောက်တစ်ခုက တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့ တစ်ယောက်၊ ဒုက္ခပေးနေကြတယ်။ ဖြစ်သင့်တာကတော့ တတ်နိုင်သမျှ ဖေးမပြီးတော့ သုခချမ်းသာ၊ မချမ်းချမ်းသာအောင် စောင့်ရှောက်ကူညီရမှာကို စောင့်ရှာက်ကူညီရမယ့်အစား မစောင့်ရှောက် မကူညီဘဲနှင့် အနှောင့်အယှက်ပေးတယ်၊ ဒုက္ခပေးတယ်၊ ဆင်းရဲပေးတယ်။ အဲ့ဒီလိုပေးနေသမျှ ကာလပတ်လုံး ငြိမ်းချမ်းရေးကတော့ အလှမ်းဝေးနေဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဘာသာရေးရှုထောင့် ဘာသာရေးအမြင်နဲ့၊ တရားရှုထောင့် တရားအမြင်နဲ့ ထောက်ပြပြောဆိုရမယ်ဆိုရင် အချင်းချင်း အပြန်အလှန် လှည့်ပတ်တာကို မလုပ်ဘဲ

နှင့် ဖြောင့်မတ်မှုကို ပြသနိုင်မှသာ၊ အထင်သေးသလို မလုပ်ဘဲနှင့် အပြန်အလှန်လေးစားမှုကို ပြုနိုင်မှသာ၊ ချုပ်ခြယ်မှု၊ အကြပ်ကိုင်မှုကို မလုပ်ဘဲနှင့် လွတ်လပ်မှုကို ဝေငှပေးနိုင်မှသာ၊ ညည်းဆဲမှု၊ နှိပ်စက်မှု၊ အနိုင်ကျင့်မှု၊ အသားစီးရလိုမှုကို မကျင့်သုံးဘဲနှင့် ကိုယ်ချင်စာ အကြင်နာတရားရှိမှသာ၊ ဆင်းရဲလိုမှုကို မလိုလားဘဲနှင့် ချမ်းသာမှုကို လိုလားပြီးတော့ မျှတတန်းတူရေး အခွင့်အရေးတရပ်ကို ပေးနိုင်ခဲ့ရင်တော့ ငြိမ်းချမ်းရေးက အလှမ်းမဝေးပါဘူးလို့ ဘာသာရေး ရှုထောင့် ဘာသာရေးအမြင်ကနေပြီးတော့ တင်ပြပေးလိုက်ပါတယ်။ အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ။

# ကျင်းပရေးကော်မတီဝင်၊ ပဒိုစောလှထွန်း မှ
# Validation and Summarizing Meeting ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြခြင်း

အားလုံးကို မင်္ဂလာပါ။ Validation and Summarizing Meeting ကို တက်ရောက်လာကြတဲ့ ဘာသာရေးခေါင်းဆောင်များ ရဟန်းသံဃာတော် အရှင်သူမြတ်များ နိုင်ငံရေးပါတီ ခေါင်းဆောင်များ ပြည်နယ်အမျိုးသမီး ခေါင်းဆောင်များ သက်ဆိုင်ရာ ဒေသအသီးသီးက ကရင့်အမျိုးသား ခေါင်းဆောင်များ၊ ကရင် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်း ခေါင်းဆောင်များနဲ့ ကရင့်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရေးကော်မတီ ဦးဆောင်ကော်မတီနဲ့ ပံ့ပိုးကူညီကြတဲ့ ခေါင်းဆောင်ကြီးများအားလုံးကို ကိုယ်၏ ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းနဲ့အတူ ဒီလို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ကနဦး ပြောကြားလိုပါတယ်။

ဒီနေ့ ဖွန်လ ၁၀ ရက်နေ ၁၂ ရက် နေ့အထိ ကျင်းပပြုလုပ်မယ့် ကရင့်တစ်မျိုးသားလုံးရဲ့ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာအတွက် စုစည်းရမယ့် ကရင့်တစ်မျိုးသားလုံးရဲ့ နိုင်ငံရေး ဆန္ဒထဲမှာ ပါဝင်နေတဲ့ နိုင်ငံရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ မြေယာနဲ့ သဘာဝပတ်ဝန်းကျင်ကဏ္ဍ၊ လုံခြုံရေးကဏ္ဍ အသီးသီးတို့ကို လာမယ့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ– ၂၁ ရာစု ပင်လုံ အစည်းအဝေးထဲမှာ ကရင့်တစ်မျိုးသားလုံးရဲ့ကိုယ်စား ကရင့်တစ်မျိုးသားလုံးရဲ့ အမြင် သဘောထား စုစည်းချက်တွေကို ရယူပေးနိုင်ဖို့ ဒီ Validation and Summarizing လို့ခေါ်တဲ့ ကရင့် တစ်မျိုးသားလုံးရဲ့ တရားဝင်ဖြစ်မှု အစည်းအဝေး အတည်ပြုမှုအစည်းအဝေးနဲ့ ပြန်လည်စုစည်းခြင်း အစည်းအဝေးကို ပြုလုပ်ကျင်းပ ပြုလုပ်ရခြင်း ဖြစ်ပါတယ်။ ဒီအစည်းအဝေး ကျင်းပပြုလုပ်နိုင်ဖို့ အတွက် ကျွန်တော်တို့ ဒီနိုင်ငံရဲ့ တည်ဆောက်ချင်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာရေးအတွက် ၂၀၁၅ အောက်တိုဘာလကနေ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှု ရပ်စဲရေးစာချုပ် ချုပ်ဆိုပြီးတဲ့နောက်မှာ နိုင်ငံရေးဆွေးနွေးပွဲကနေတစ်ဆင့် နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်နဲ့အတူ ကျွန်တော်တို့ တည်ဆောက်မယ့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက် သွားဖို့ ဖြစ်ပါတယ်။

ဒီမိုကရေစီ ပြည်ထောင်စုကို တည်ဆောက်သွားနိုင်ဖို့အတွက် ကနဦးသက်ဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ လူမျိုးအလိုက်သော်လည်းကောင်း ဒေသအလိုက် သော် လည်းကောင်း၊ အကြောင်းအရာအလိုက်ကို သော်လည်းကောင်း နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ ကဏ္ဍ တွေကို ဆွေးနွေးပြီးတော့ လာမယ့် UPC ထဲမှာ အားလုံးဆွေးနွေးရင်းနဲ့ ပြည်ထောင်စုတည်ဆောက် ရေး ပြည်ထောင်စုသဘောတူညီချက် အစိတ်အပိုင်းတွေနဲ့ ကျွန်တော်တို့ စစ်ဆေးပြီးတော့ ပြည်ထောင်စု သဘောတူညီချက်ကို ရယူပြီး ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ကြ ဖို့ ဖြစ်ပါတယ်။

အဲ့ဒီအတွက် ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှာ ကရင်တစ်မျိုးသားလုံးက ကရင့် အမျိုးသားရေး နိုင်ငံရေးဆန္ဒနဲ့ ကရင်အမျိုးသားရေး မျှော်မှန်းချက်ကို ရည်ရွယ်ပြီးတော့ နောက်ဆုံး လော်ခီးလာမှာ ဒီနေရာမှာပဲ ၂၀၁၇ ဇန်နဝါရီလ ၂၈–၃၀ မှာ ကျင်းပပြုလုပ်၊ ကရင်တစ်မျိုးသားလုံးရဲ့ သဘောထား ဆန္ဒကို ပထမဆုံးအကြိမ် ရယူခဲ့တယ်။ ပြီးတော့ ကရင့်အမျိုးသားခေါင်းဆောင်တွေသာ UPC ၂၁ ရာစု ပင်လုံကို သွားရောက်ပြီးတော့ ကရင်အမျိုးသားတွေရဲ့ လိုလားတဲ့ ကရင့်အမျိုးသားတွေရဲ့ တင်ပြတဲ့ ကရင်အမျိုးသားတွေရဲ့ ဖြစ်ချင်တဲ့ မျှော်မှန်းတဲ့ ဆွေးနွေးပြောကြားတဲ့ နိုင်ငံရေး ဆန္ဒတွေကို ယူသွားပြီးတော့ UPC မှာ သွားရောက်ဆွေးနွေးခဲ့ပါတယ်။ ၂၁ ရာစု ပင်လုံ ဒုတိယ အစည်းအဝေးအပြီးမှာ ဒုတိယအကြိမ် ဆက်လက်ပြီးတော့ ဒီ လာမယ့် UPC ကျင်းပပြုလုပ်မယ်ဆိုရင် ဆက်လက် ဆွေးနွေးရမယ့် ကရင့်အမျိုးသားတွေရဲ့ နိုင်ငံရေးဆန္ဒတွေ ကရင့်အမျိုးသားတွေရဲ့ အမျိုးသားရည်မှန်းချက်တွေ ပါဝင်မယ့် နိုင်ငံရေးအနှစ်သာရ ရှိမယ့် စုစည်းချက်တွေကို ပြန်ပြီးတော့ စုစည်းဖို့နဲ့ National Dialog လို့ခေါ်တဲ့ အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ လူမျိုးအလိုက်ကို ကျင်းပ ပြုလုပ်ဖို့ ဖြစ်တယ်။ ဒါပေမယ့် UPDJC ရဲ့ ချမှတ်ထားတဲ့ ဒီလုပ်ငန်းစဉ်တွေအပေါ်မှာ ရှေ့လာမယ့် UPC ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ တတိယ ၂၁ ရာစု တတိယ ပင်လုံ အစည်းအဝေးမှာ အသစ်သော ခေါင်းစဉ်တွေကို ဆွေးနွေးမှာမဟုတ်ဘဲနဲ့ ပြီးခဲ့တဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ၂၁ ပင်လုံ ဒုတိယအစည်းအဝေးမှာ ကျန်ခဲ့တဲ့ ခေါင်းစဉ်တွေကိုသာ ဆက်လက်ဆွေးနွေးရမယ် ဖြစ်တဲ့အတွက် သက်ဆိုင်ရာ ကျင်းပပြုလုပ်ပေးခဲ့တဲ့ နိုင်ငံရေးဆွေးနွေးပွဲ ဒေသအလိုက်အဖွဲ့တွေဟာ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲလို့ခေါ်တဲ့ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ဖို့ မလိုအပ်တော့ဘူးဆိုတဲ့ အခြေအနေနဲ့ တစ်ဖက်မှာလည်း ခုနက UPC ကို သွားမယ်ဆိုရင် ကရင့်တစ်မျိုးသားလုံးရဲ့ သဘောထားဆန္ဒ၊ ကရင့်တစ်မျိုးသားလုံးရဲ့ စုစည်းတဲ့ အသံတစ်ခုတည်းနဲ့ အားလုံးရဲ့အမြင်သဘောထားတွေ တစ်ခုတည်း ဖြစ်နိုင်စေဖို့က လိုအပ်လာတယ်။

အဲ့ဒါကြောင့်မို့လို့ NCA-S EAO အဖွဲ့တွေဟာ ၂၀၁၇ အောက်တိုဘာလမှာ ကနဦး ပြန်တွေ့ပြီးတော့ ဆက်လက် သွားရမယ့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ အစည်းအဝေးကျရင် သက်ဆိုင်ရာလူမျိုးအလိုက်ကိုလည်းကောင်း အခြေခံတဲ့ တိုင်းရင်းသား အဖွဲ့တွေဟာ ဆွေးနွေးမယ့် ခေါင်းစဉ်ပေါ်မှာ အခြေခံပြီး ခုနက သက်ဆိုင်တဲ့ အောက်ခြေ၊ သက်ဆိုင်တဲ့ ခုနက လူမျိုးရဲ့ အမြင်သဘောထားတွေ စုစည်းနိုင်ဖို့အတွက် လူထုတွေ့ဆုံတွေ့ဆုံဆွေးနွေးပွဲလို့ခေါ်တဲ့ Public Consultation ကို ကျင်းပပြုလုပ်ရင်းနဲ့ နောက်ဆုံးမှာ ဒေသအသီးသီးမှာ ကျင်းပပြုလုပ်ပြီးတော့ ရရှိလာခဲ့တဲ့ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ ကဏ္ဍအလိုက်ရဲ့ အမြင်သဘောထားတွေကို စုစည်းနိုင်ဖို့ အတွက် အစီအစဉ် ရေးဆွဲတဲ့အချိန်မှာ နောက်ဆုံး ဒီ လေးဝါးမှာ ကျင်းပပြုလုပ်ဖို့ သတ်မှတ်ထား ခဲ့တာပဲ ဖြစ်ပါတယ်။

ဆိုတော့ အဲ့ဒီလုပ်ငန်းစဉ်တွေထဲကနေပဲ KNDCC ဟာ ကရင့် တစ်မျိုးသားလုံး နိုင်ငံရေး ဆွေးနွေးပွဲဆိုင်ရာနဲ့ ပတ်သက်ပြီး ဆောင်ရွက်ခဲ့မှုနဲ့ ၂၀၁၈ ဇန်နဝါရီလမှာ ကတည်းက သက်ဆိုင်ရာ လူမျိုးအလိုက်ကို အခြေခံပြီး ဒေသအလိုက်ကျင်းပပြုလုပ် သွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့

ဒေသအလိုက်ကို ကြိုးစားပြီး လူထုတွေ့ဆုံပွဲတွေ ကျင်းပပြုလုပ်ဖို့ အစီအစဉ်တွေ ပြုလုပ်လာခဲ့တယ်။ ဦးဆောင်ကော်မတီ ပြောသွားခဲ့သလိုမျိုးပဲ လက်ရှိနိုင်ငံရေး အခင်းအကျင်းအရ ခုနက ဟန့်တားမှုတွေ ပိတ်ပင်မှုတွေ ရှိခဲ့တဲ့အပေါ်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ လူထုတွေ့ဆုံပွဲတွေဟာ အခြားသော လုပ်ငန်းစဉ် ဒုတိယ လုပ်ငန်းစဉ် ရေးဆွဲရတဲ့ ထားရှိရတဲ့ လုပ်ငန်းစဉ်အရ ကျင်းပပြုလုပ်တဲ့ အစီအစဉ်တွေ အရွှေ့အပြောင်းတွေ အခက်အခဲကြားထဲကနေ နေရာဒေသ ၄ ခုမှာ မြန်မာနိုင်ငံမှာ တည်ရှိနေတဲ့ ကရင်လူမျိုးတွေဟာ ဒေသအသီးသီးက နီးစပ်ရာဒေသတွေ စုပေါင်းပြီးတော့ လူထုတွေ့ဆုံပွဲကနေ သက်ဆိုင်ရာကဏ္ဍအလိုက်ကို ကျင်းပဆွေးနွေးခဲ့ကြတယ်။ အခု ပေးထားတဲ့ စာတမ်းတွေထဲမှာ သက်ဆိုင်ရာဒေသအလိုက်က ဆွေးနွေးရရှိထားတဲ့ ဆွေးနွေးချက်တွေ တွေ့ရမှာ ဖြစ်ပါတယ်။ အဲ့ဒါက ရှေ့ဆက်လာမယ့် UPC အတွက် ကရင်တစ်မျိုးသားလုံးရဲ့ အောက်ခြေကျတဲ့ လူထုတွေ့ဆုံပွဲကနေ လူထုအမြင်သဘောထားတွေ ရယူမယ့် လုပ်ငန်းစဉ်တွေကို ခုနက ဆောင်ရွက်ခဲ့တာ ဖြစ်တယ်။

အဲ့ဒီ ဒေသအလိုက် လုပ်ခဲ့တဲ့ ခုနက ဆောင်ရွက်ခဲ့တဲ့ ခုနက ဒီ ရရှိလာတဲ့အပေါ်မှာ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ လူမျိုးအလိုက် National Dialog ကို ကျင်းပပြုလုပ်ခွင့်၊ ကျင်းပပြုလုပ်ဖို့ သက်မှတ်ထားခြင်း မရှိတဲ့အပေါ်မှာ လာမယ့် UPC ကို သွားဖို့အတွက် တရားဝင်မှု ဖြစ်တဲ့ အစည်းအဝေး သို့မဟုတ် ကရင့်တစ်မျိုးသားလုံးရဲ့ အမြင်သဘောထားတွေကို စုစည်းတဲ့ ကရင့်သဘောထား အမြင်တွေ ပါဝင်တဲ့ စာတမ်းအတည်ပြုချက်ကို ရယူရမှာ ဖြစ်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ ဒီ လေးဝါးမှာ ကရင့်တစ်မျိုးသားလုံးရဲ့ သဘောထားတွေ ပါဝင်တဲ့ ကရင့်တစ်မျိုးသားလုံးရဲ့ နိုင်ငံရေးဆန္ဒတွေ ပါဝင်တဲ့ UPC ကို တင်သွင်းမယ့် စာတမ်းအတွက် ဒီအစည်းအဝေးမှာ အတည်ပြုချက် ရယူတဲ့ စည်းဝေးပွဲ ဖြစ်ပါတယ်။

အဲ့ဒါကြောင့်မို့လို့ Validation and Summarizing လို့ခေါ်တဲ့ တရားဝင်ဖြစ်မှု အစည်းအဝေး သို့မဟုတ် အတည်ပြုမှု အစည်းအဝေးကနေ ဘာကို ရည်ရွယ်ထားသလဲဆိုတော့ လာမယ့် UPC အတွက် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ ကဏ္ဍ ၅ ခုလုံးကို ဆွေးနွေးရမယ့် ခေါင်းစဉ်တွေ အောက်မှာ ပြန်လည်စုစည်းရင်းနဲ့ UPC ကို တက်ရောက်ရမယ့် ကရင့်တစ်မျိုးသားလုံး ကိုယ်စားလှယ်တွေ အတွက် စာတမ်း စုစည်းရမယ်ဆိုတဲ့ ရည်ရွယ်ချက် ဖြစ်ပါတယ်။ အဲ့ဒါကို ဒီအစည်းအဝေးကနေ အတည်ပြုပြီးတော့ ဒီအစည်းအဝေးကနေ Mandate ပေးပြီးတော့ ကရင့်တစ်မျိုးသားလုံးရဲ့ UPC ကို တက်ရောက်သွားရမယ့် ကိုယ်စားလှယ်တွေက ဒီစာတမ်းတွေကို ယူသွားပြီး ကရင့်တစ်မျိုးသားလုံး အတွက် တက်ရောက်ပေးရမှာ ဖြစ်ပါတယ်။

ဒုတိယ တစ်ချက်ကတော့ လာမယ့် UPC ကို တက်ရောက် ဆွေးနွေးဖို့ဟာ ပြီးခဲ့တဲ့ UPC အပြီးမှာ ပြန်လည်သုံးသပ်ချက်နဲ့အတူ ကရင့်တစ်မျိုးသားလုံး ကိုယ်စား ဖြစ်တဲ့အတွက် သက်ဆိုင်ရာကဏ္ဍတွေကို တကယ်တက်သိနားလည် တက်ကျွမ်းတဲ့ ကရင်ကိုယ်စားလှယ်တွေထဲက ပါဝင်တက်ရောက်ဆွေးနွေးနိုင်ဖို့ သဘောထားရှိတဲ့အပေါ်မှာ ဒီအစည်းအဝေးကနေပဲ လာမယ့် UPC တက်ရောက်မယ့်သူ ဒီစာတမ်းတွေကို တကယ်တတ်သိ နားလည်တတ်ကျွမ်းတဲ့ ကရင့်အမျိုးသားတွေ ပါဝင်နိုင်ဖို့အတွက် ဒီကနေပဲ ရွေးချယ်ပြီးတော့ Mandate ပေးလိုက်မှာပဲ။

တတိယတစ်ခုကတော့ လက်ရှိရှိနေတဲ့ နိုင်ငံရေး အခင်းအကျင်းအရ ကေအဲန်ယူ ဥက္ကဌ ပြောခဲ့သလိုပဲ ကျွန်တော်တို့သွားနေတဲ့ ကျွန်တော်တို့တိုက်ပွဲဟာ အောင်မြင်မှု ပန်းတိုင်ကို မရောက်သေးတာ ဖြစ်တဲ့အတွက် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ဖြေရှင်းမယ့် နိုင်ငံရေးတိုက်ပွဲ ရှေ့ဆက် လမ်းကြောင်းထဲမှာ ခရီးစဉ်ထဲမှာ ကရင့် တစ်မျိုးသားလုံးနဲ့ဆိုင်တဲ့ နိုင်ငံရေးဆန္ဒတွေကို ဘယ်လိုပုံဖော်ရယူမလဲဆိုတဲ့ ကရင့်တစ်မျိုးသားလုံး နိုင်ငံရေးဆိုင်ရာနဲ့ ပတ်သက်တဲ့ ရှေ့လုပ်ငန်းစဉ်တွေကို ဒီမှာဆွေးနွေးသွားကြဖို့လည်း ဖြစ်ပါတယ်။ အဲ့ဒီမှာ အဓိက လိုအပ်နေတဲ့ ကရင့်တစ်မျိုးသားလုံးအတွက် အနာဂတ်ကို အာမခံချက်ရရှိစေမယ့် နိုင်ငံရေးတိုက်ပွဲကို သွားမှာဖြစ်တဲ့အတွက် အမှန်တကယ် ကရင် တတ်သိပညာရှင်တွေရဲ့ ပါဝင်ရမယ့် အခန်းကဏ္ဍ လိုအပ်ပါတယ်။

Technical Team လို့ခေါ်တဲ့ သို့မဟုတ် Technical Support သို့မဟုတ် ကရင်တတ်သိပညာရှင် အခန်းကဏ္ဍ။ ရှေ့ဆက် နိုင်ငံရေးအခင်းအကျင်းထဲမှာ တစ်ကယ့်ကို နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာအရ နိုင်ငံရေး ဆွေးနွေးပွဲအခက်အခဲကို ကျော်လွှားနိုင်ဖို့အတွက် တာဝန်ယူ ပံ့ပိုးကြမယ့် ပံ့ပိုးသူတွေ ပါဝင်ရမယ့် အခန်းကဏ္ဍတွေကိုလည်း ဒီမှာ ဆွေးနွေးသွားကြမှာ ဖြစ်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ ဒီနေ့ ၁၀ ရက်နေ့ကနေ ၁၂ ရက်နေ့မှာ ပြုလုပ်ကျင်းပမယ့် အဓိကရည်ရွယ်ချက်က အဓိက သုံးချက်ကို အခြေခံပြီးတော့ ရည်ရွယ်ပြီးတော့ ခေါ်ယူကျင်းပပြုလုပ်ရတာ ဖြစ်ပါတယ်။

ဒီအတွက် နေရာဒေသအသီးသီး အစုအဖွဲ့ အလွှာအသီးသီးကနေ ကရင့်တစ်မျိုးသားလုံးရဲ့ ရှေ့ဆက် အကျိုးတွက် ကရင့်တစ်မျိုးသားလုံးရဲ့ အမျိုးသားရေးအကျိုးအတွက်ကို အခက်ခဲကြားထဲကနေ ခရီးဝေးစွာ ရှိနေတဲ့ နေရာဒေသကနေ အကယ့်အားကြိုးမာန်တက် ပါဝင်ရောက်ရှိလာပြီးတော့ ကိုယ့်ရဲ့ကိုယ်စွမ်း ကိုယ့်ရဲ့ဉာဏ်စွမ်းနဲ့အတူ ကရင်တစ်မျိုးသားလုံးရဲ့ လိုလားတဲ့နိုင်ငံရေးဆန္ဒနဲ့ အမျိုးသားရေး မျှော်မှန်းချက်တို့ကို စုစည်းနိုင်ကြပါစေ။ ကရင့်တစ်မျိုးသားလုံးရဲ့ နိုင်ငံရေးဆန္ဒနဲ့ အမျိုးသားမျှော်မှန်းချက် ပြည့်ဝစွာရရှိနိုင်ဖို့နဲ့ အနာဂတ် ဒီမိုကရေစီ ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ကရင့်တစ်မျိုးသားလုံးရဲ့ တစ်ခုတည်းသော အသံကိုလည်း ရရှိနိုင်ပါစေ။

အဲ့ဒီအတွက် အခုရောက်ရှိနေကြတဲ့ ကိုယ်စားလှယ်များအားလုံးကိုလည်း KNDCC ရဲ့ ကျင်းပရေးကိုယ်စား KNU ကရင့်အမျိုးသား အစည်းအရုံးရဲ့ ကိုယ်စား ရှိနေတဲ့ ရာသီဥတု အခြေအနေအရ သော်လည်းကောင်း ကျင်းပပြုလုပ်ရတဲ့ နေရာဒေသအခက်ခဲသော်လည်းကောင်း လိုအပ်ချက် အားနည်းချက်တွေ ရှိမယ်ဆိုရင်လည်း KNDCC ကိုယ်စား KNU ကိုယ်စား ကျွန်တော်တို့ရဲ့ အားနည်းချက်ကိုလည်း လိုအပ်ချက်တို့ကိုလည်း နားလည်ကြပါစေလို့ တောင်းပန်ရင်းနဲ့ ဒီ Validation & Summarizing ရဲ့ တွေ့ဆုံဆွေးနွေးပြုလုပ်ရတဲ့ ကျင်းပပြုလုပ်ရတဲ့ ရည်ရွယ်ချက်ကို တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# ကဏ္ဍအလိုက် စာတမ်းများ ဖတ်ကြားတင်သွင်းခြင်း မှတ်တမ်းဓာတ်ပုံများ










## ဆရာတော် အရှင်စန္ဒာဝရ မှ နိဂုံးချုပ် အမှာစကားပြောကြားခြင်း

နိဂုံးချုပ်စကား သုံးခွန်းလောက် ပြောချင်ပါတယ်။ ခါတိုင်းလာတဲ့ အစည်းအဝေးတိုင်းမှာ အဖူးသမိန်ထွန်းရဲ့ အဆိုအမိန့်ကိုကြားနေရတယ်။ ဒီတစ်ခေါက် နောက်ကျလို့တဲ့ သူ့စကားကို မကြားလိုက်ရဘူး။ နောက်ကြားခွင့် ကြုံလိမ့်မယ်။

ဦးဇင်းအနေနဲ့ နိဂုံးချုပ်စကားပြောရမယ်ဆိုရင် သုံးခွန်း ပြောချင်ပါတယ်။ ကရင်အမျိုးသားတွေရဲ့ ပုံရိပ်၊ ကရင်အမျိုးသားတွေရဲ့ ဂုဏ်ရိပ်၊ ကရင် အမျိုးသားတွေရဲ့ ဘုံရိပ် မနိမ့်စေဘဲနဲ့ အထွဋ်အထိပ်ရောက်စေဖို့ရန်အတွက် မိမိစိတ်ထဲမှာ နှလုံးသွင်းထားဖို့ တိုက်တွန်းလိုပါတယ်။

အမျိုးသားပုံရိပ် လှပသထက်လှပအောင်၊ အမျိုးသားဂုဏ်ရိပ် မြင့်မြတ်သထက် မြင့်မြတ်အောင်၊ အမျိုးသား ဘုံရိပ် အေးမြသထက် အေးမြအောင် တတ်နိုင်တဲ့ဘက်က ဝိုင်းဝန်း ပြီးတော့ ဆောင်ရွက်နိုင်ကြပါစေလို့ မှာကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

# ဒုတိယနေ့

**သဘာပတိအဖွဲ့ – မန်းအောင်ပြည်စိုး၊ မန်းထိန်ဝင်းစိန်၊ နော်ဘလူးမင်းနိုက်ဖ်၊ စောခင်မောင်မြင့်၊ ပဒိုသမိန်ထွန်း၊ သိက္ခာတော်ရဆရာတော် စောအယ်ဒါး**

**အခမ်းအနားမှူး – နော်အယ်ဖောဝါး၊** Saw Saw EC ၊ **နော်ဖောဂေရူ**

## ဦးဆောင်ကော်မတီဝင် သဘာပတိကြီး စောခင်မောင်မြင့် မှ အဖွင့်အမှာစကားပြောကြားခြင်း

**၂၀၁၈ ခုနှစ် ဖွန်လ ၁၂ ရက်၊ လေးဝါး၊ ကော်သူးလေ**

ကြွရောက်လာကြသော ဦးဆောင်ကော်မတီဝင်များ၊ ကျင်းပရေးကော်မတီဝင်များ၊ ဒေသအသီးသီးမှ ကိုယ်စားလှယ် ခေါင်းဆောင်ကြီးများ၊ EAO ကိုယ်စားလှယ်များအားလုံးနှင့်တကွ အထောက်အကူပြု လုပ်ငန်းအဖွဲ့များအားလုံး စိတ်၏ကျန်းမာခြင်း၊ ကိုယ်၏ချမ်းသာခြင်းနှင့်ပြည်စုံ ပါစေလို့ ဦးစွာပထမ နှုတ်ခွန်း ဆက်သအပ်ပါတယ်။

ကျင်းပပြုလုပ်တဲ့ အစည်းအဝေးရဲ့ရည်ရွယ်ချက်အတိုင်း သုံးရက်တိုင် ကျင်းပပြုလုပ်ပြီး တော့ တတိယအကြိမ်ပင်လုံကိုတင်ပြမည့် အဓိကကဏ္ဍ ၄ ရပ်ကို စုဆောင်းရရှိခဲ့ပြီး သေချာ ညှိနှိုင်းပြီးတော့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ရည်ရွယ်ချက်အတိုင်းဆက်လက်၍ ၃ ရက်တာ အစည်းအဝေးကို ဆက်လက် ဆောင်ရွက်နေတယ်ဆိုတာ အားလုံးးအသိပဲဖြစ်ပါတယ်။

အဓိက ပြောလိုတာက ဒီရည်ရွယ်ချက်ကို မပျောက်ဘဲနှင့် ရည်ရွယ်ထားတဲ့ လမ်းကြောင်း အတိုင်း ထိထိရောက်ရောက် ဆောင်ရွက်သွားဖို့ပဲ ဖြစ်ပါတယ်။ ဒီကြားထဲမှာ ပြောကြဆိုကြရင်းမှ တစ်ယောက်နှင့် တစ်ယောက် နားလည်မှု လွဲတာလေးတွေ ရှိခဲ့ရင် သည်းခံခွင့်လွှတ်ကြပြီး အမျိုး သားရေးအတွက် ဂရုဏာဒေါသနဲ့ ပြောတယ်လို့ပဲ နားလည်သဘောပေါက်ပေးဖို့လည်း တိုက်တွန်း ပြောကြားလိုပါတယ်။

တစ်ချို့ကိစ္စတွေက အစည်းအဝေး ရည်ရွယ်ချက်နဲ့ မဆိုင်ပေမယ့်လည်း ကိုယ့်ရဲ့အမျိုး သားရေးကိစ္စကြောင့် ပြောမိတာတွေလည်း ရှိပါတယ်။ မနေ့ကလည်း ကျင်းပရေးကော်မတီက ဘာပဲဖြစ်ဖြစ် ဒီ ၃ ရက်တာမှာ ကျွန်တော်တို့ ကရင်အမျိုးသားတွေရဲ့ လိုအပ်တဲ့ အရေးကြီးတဲ့ကဏ္ဍက အချက်အလက်တွေကို စုဆောင်းရရှိပြီးတော့မှ ညှိနှိုင်းပြီး ဒေသ အသီးသီးမှ ကိုယ်စားလှယ်တွေရဲ့ အကြံပြုချက်များအပါအဝင် ဒီနေရာမှာပဲ အတည်ပြုမှာ ဖြစ်တဲ့အတွက် ကိုယ်အား ဉာဏ်အားရှိသ၍ ဝိုင်းဝန်းကြိုးစားပြီးတော့မှ သုံးသပ်အကြံပြုဆွေးနွေးရင်းနဲ့ ဒီအစည်းအဝေးရဲ့ရည်ရွယ်ချက်ကို အောင်အောင်မြင်မြင် ဆောင်ရွက်ကြပါစို့လို့ ပြောကြားရင် နိဂုံးချုပ်ပါတယ်။

# ကဏ္ဍအလိုက် စုဖွဲ့ဆွေးနွေးခြင်း (မှတ်တမ်းဓါတ်ပုံများ)





# ကဏ္ဍအလိုက် စုဖွဲ့ဆွေးနွေးခြင်း (မှတ်တမ်းဓါတ်ပုံများ)






# တတိယနေ့

**သဘာပတိအဖွဲ့ – မန်းထိန်ဝင်းစိန်၊ နော်ဘလူးမင်းနိုက်ဖ်၊ စောခင်မောင်မြင့်၊ ပဒိုစောသမိန်ထွန်း၊ သိက္ခာတော်ရဆရာတော် စောအယ်ဒါး**

**အခမ်းအနားမှူး – နော်အယ်ဖောဝါး၊** Saw Saw EC ၊ **နော်ဖောဂေးရှ**

## ဦးဆောင်ကော်မတီဝင် သဘာပတိကြီး မန်းအောင်ပြည်စိုးမှ အဖွင့်အမှာစကားပြောကြားခြင်း

ကိုယ်စားလှယ်ကြီးများအားလုံးကို လေးစားပါတယ်။ ဒီကနေ့ဟာ ဆွေးနွေးပွဲ နှစ်ရက် ပြီးမြောက်လို့ နောက်ဆုံး တတိယနေ့ ဖြစ်ပါတယ်။ မိုးထဲလေထဲမှာ ကျွန်တော်တို့လည်း စိတ်သောက နည်းနည်းတော့ ရောက်ပါတယ်။ စိတ်ထဲမှာနည်းနည်းတော့ တင်းကျပ်ပါတယ်။ ဘယ်လိုပြန်ရမလဲဆိုတာကို စိတ်ပူနေကြတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဒီအခြေအနေထိ တက်ရောက် ဆွေးနွေး အဖြေရှာခြ င်းဟာ တစ်စုံတစ်ခုသော အတိုင်းအတာအထိ ရရှိလိုက်တယ်လို့ တော့ ကျွန်တော်နားလည်ပါတယ်။ ကျေနပ်နှစ်သိမ့်အားရမယ့် အနေအထားလည်း ရှိတယ်လို့ သဘောရပါတယ်။ ဆက်လက်ပြီးတော့ လုပ်ဆောင်ရမည့်အရာများအတွက် စိတ်ပါလက်ပါ၊ စိတ်ရှိလက်ရှိနှင့် ပါဝင်ဆွေးနွေးကြရန်၊ အဆုံးထိနေသွားကြရန် မေတ္တာရပ်ခံအပ်ရင်း နိဂုံးချုပ်အပ်ပါတယ်။

## KNDCC မှ တတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံသို့ တင်သွင်းမည့် ကဏ္ဍအလိုက် စာတမ်းများအား ဖတ်ကြားတင်သွင်းခြင်း

– ပဒိုစောဆဲဘွယ် မှ လူမှုရေးကဏ္ဍစာတမ်းအား ဖတ်ကြားတင်သွင်းခြင်း
– စောအယ်သယူ မှ စီးပွားရေးကဏ္ဍစာတမ်းအား ဖတ်ကြားတင်သွင်းခြင်း
– စောဒါဝိဒ် မှ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ စာတမ်းအား ဖတ်ကြား တင်သွင်းခြင်း
– စောထွန်းဝင်းမင်း မှ လုံခြုံရေးကဏ္ဍစာတမ်းအား ဖတ်ကြားတင်သွင်းခြင်း
– နော်ဆဲဆဲထူး မှ နိုင်ငံရေးကဏ္ဍစာတမ်းအား ဖတ်ကြားတင်သွင်းခြင်း

## ကျောင်းပရေးကော်မတီဝင် စောကြည်လင်းမှ ဖတ်ကြားတင်သွင်းထားသောစာတမ်းများအား အတည်ပြုပေးရန် တင်သွင်းခြင်း

လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ ဒေသအသီးသီးမှ တက်ရောက် လာကြသော ခေါင်းဆောင်ကိုယ်စားလှယ်တော်ကြီးများခင်ဗျာ တင်ပြသွားကြတဲ့ ကဏ္ဍအလိုက် စုစည်း ဆွေးနွေးရရှိထားတဲ့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ မြေယာနှင့် သဘာဝ ပတ်ဝန်းကျင် လုံခြုံရေးဆိုင်ရာ စာတမ်းများကို လာမည့်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေးမှာ ကရင်အမျိုးသားထုတစ်ရပ်လုံးရဲ့ စာတမ်းများအဖြစ် တင်သွင်းသွားမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တင်ပြသွားကြတဲ့ ကဏ္ဍအသီးသီးစာတမ်းများအားလုံးကို ကရင်အမျိုးသားထု တစ်ရပ်လုံးကို ကိုယ်စားပြုပြီးတော့ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်များရဲ့ ဆန္ဒသဘောထား များကို ရယူသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော သဘာပတိကြီးခင်ဗျာ။ ယခု အစည်းအဝေးကြီးမှ ကဏ္ဍအလိုက် စုစည်းဆွေးနွေး ရရှိထားသော စာတမ်းများအားလုံးကို အတည်ပြုပေးနိုင်ရန်အတွက် တက်ရောက် လာကြသည့် ကိုယ်စားလှယ်တော်ကြီးများ၏ ဆန္ဒသဘောထားများကို ရယူပေးပြီး အတည်ပြု ပေးနိုင်ပါရန် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ ကျောင်းပရေးကော်မတီ KNDCC ကိုယ်စား အဖွဲ့ ခေါင်းဆောင်ဖြစ်သူ ကျွန်တော် စောကြည်လင်းမှ လေးစားစွာ ပန်ကြားတင်ပြအပ်ပါသည်။

## သဘာပတိကြီးမှ စာတမ်းများအား အတည်ပြုကြောင်းကြေငြာခြင်း

ကျောင်းပရေးကော်မတီ အဖွဲ့ခေါင်းဆောင် အဆိုတင်သွင်းသွားတဲ့ ကဏ္ဍကြီး ၄ ရပ်ပါ စာတမ်းကို တတိယအကြိမ် ၂၁ရာစု ပင်လုံသို့ တင်သွင်းဖို့အတွက်

- အားလုံး သဘောတူကြပါသလား။
- အားလုံး သဘောတူကြပါသလား။
- အားလုံး သဘောတူကြပါသလား။

- အားလုံး သဘောမတူတဲ့သူများ ရှိကြပါသလား။
- အားလုံး သဘောမတူတဲ့သူများ ရှိကြပါသလား။
- အားလုံး သဘောမတူတဲ့သူများ ရှိကြပါသလား။

**တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်အားလုံး သဘောတူကြတဲ့အတွက် ဒီစာတမ်းကို ၂၁ ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေးသို့ တင်ပြနိုင်ဖို့အတွက် အတည်ပြုကြောင်း ကြေညာအပ်ပါတယ်။**

# ပိတ်ပွဲအခမ်းအနား အစီအစဉ်

### တိုက်တွန်းအားပေးစကား

## ပဒိုစောသမိန်ထွန်း

လေးစားအပ်ပါသော ခေါင်းဆောင်ကြီးများနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျာ။ ဒီကနေ့ကတော့ ကျွန်တော့်ကို အမှာစကားပြောကြားဖို့ ပြောထားတဲ့အတွက် အမှာစကားပဲ ပြောကြားပါမယ်။ အချိန်ကတော့ တော်တော်နောက်ကျနေပြီ ဖြစ်တဲ့အတွက် တိုတိုတုတ်တုတ်နဲ့ လိုရင်းကိုပဲ ပြောသွားပါ့မယ်။

ကျွန်တော်တို့ ၂၀၁၅ အောက်တိုဘာ ၁၅ ရက်နေ့၊ နေပြည်တော်မှာ တစ်ပြည်လုံး အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် (NCA) လက်မှတ်ရေးထိုးတာက နိုင်ငံတော်သမ္မတကအစ သက်ဆိုင်ရာ ဝန်ကြီးများ အားလုံး၊ ကာကွယ်ရေးဦးစီးချုပ်မှအစ တပ်မတော်ဗိုလ်ချုပ်အားလုံး၊ ၎င်းအပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်ကြီးများ အဖွဲ့ ၈ ဖွဲ့မှ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

အဲ့ဒီမှာ အသိသက်သေအနေနဲ့ နိုင်ငံအလိုက်ကိုယ်စားလှယ်တွေ ပါပါတယ်။ ဒါကသမိုင်း ဖြစ်ပါတယ်။ လက်နက်ကိုင် တော်လှန်ရေးအဖွဲ့တွေနဲ့ ဆွေးနွေးပွဲလုပ်တိုင်းလုပ်တိုင်း နိုင်ငံခြားသား မပါရဆိုပြီး အမြဲတားမြစ်ခံရပါတယ်။ အဲ့ဒီ ၂၀၁၅ အောက်တိုဘာ ၁၅ မှာ အားလုံးက လက်မှတ်ရေးထိုးရပါတယ်။ ကုလသမဂ္ဂ အသိသက်သေကအစ၊ သံအမတ်တွေပါ အသိသက်သေ လက်မှတ်ရေးထိုးရပါတယ်။ ဒါ ဗမာပြည်ရဲ့ ထူးခြားတဲ့ သမိုင်းတစ်ခု ဖြစ်တယ်။ ပြောရမယ်ဆိုရင် ရှစ်လေးလုံးသမိုင်းလိုပဲ ထူးခြားတယ်လို့ အသိအမှတ်ပြုရပါမယ်။ ပယ်ဖျက်လို့ မရပါဘူး၊ ပယ်ဖျက်မယ်ဆိုရင် သမိုင်းပျက်မှာပဲ ဖြစ်တယ်။

ဒါကို တစ်စိုက်မတ်မတ်လုပ်တော့ အခုဒီအစည်းအဝေးမှာ လာရောက်ကြတာက ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံနဲ့ ၂၁ ရာစုပင်လုံညီလာခံအတွက် ပြင်ဆင်သွားကြဖို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီကိစ္စတွေကို ဆွေးနွေးတဲ့အခါမှာ မိုးတော ရေထဲမှာ အားလုံး ပါဝင်ဆွေးနွေးကြတာ အင်မတန် ကျေးဇူးတင်ပါတယ်။ ဂုဏ်လည်းယူပါတယ်။

နောက်ကြောင်းလေး ပြောရမယ်ဆိုရင် တွေးခေါ်မျှော်မြင်မှုတွေက ဗမာ့တပ်မတော်က

တွေးခေါ်မျှော်မြင်ပုံက အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား လက်ထက်က ဗမာတစ်ပြည်လုံးကို ပိုင်ခဲ့တယ်ဆိုတဲ့ အရာက သူတို့စိတ်ထဲမှာ စွဲနေတယ်။ ဒီအတွေးအခေါ်နဲ့ ကြည့်တယ်။ ကျွန်တော်တို့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေကျတော့ ၁၉၄၇ ခုနှစ် ပင်လုံစိတ်ဓာတ်၊ ပင်လုံသဘောထားအပေါ်မှာ အခြေခံပြီး တွေးတယ်။ ပြောကြတယ် အဲ့ဒီမှာ ကွာခြားသွားတယ်။

ဒီကနေ့ သွားဆွေးနွေးမယ့်အရာက အသေးအမွှားလေးတွေပါ ဘာညာ ပြောလို့ မရဘူး။ အဓိကအရာက တန်းတူရေးနဲ့ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ် ရရှိရေးက ကျွန်တော်တို့ ပန်းတိုင်ဖြစ်တယ်။ ဒါပေမယ့် နိုင်ငံရေး ဆွေးနွေးပွဲမှာ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တောင်းတော့ သူတို့က တိုင်းပြည်ကနေ ဘယ်ပြည်နယ် တစ်စိတ်တစ်ပိုင်းမှ မခွဲထွက်ရဘူးလို့ ဆိုလာတယ်။ ကျွန်တော်တို့က နေရာတိုင်းမှာ သတိရှိရှိ၊ တည်တည်ကြည်ကြည် ဆွေးနွေးသွားဖို့ လိုတယ်။

ညောင်နှစ်ပင် ညီလာခံကြီးမှာ လုပ်တဲ့ပုံစံက Hard power နဲ့သုံးပြီး ၂၀၀၈ ဖွဲ့စည်းပုံနဲ့ နိဂုံးချုပ်ခဲ့တာ အဲ့လို Hard Power လုပ်တာတောင် ၁၀ နှစ်ကျော်ကြာတယ်။ ဒီကနေ့ ငြိမ်းချမ်းရေး ဖော်ဆောင်မှုကျတော့ Soft Power ပြန်သုံးတယ်။ Soft Power ကျတော့ အစိုးရတစ်ဆက်ပြီးတစ်ဆက် ဆက်ပြီးဆောင်ရွက်ရမှာ ဖြစ်တယ်။ အဲ့ဒါက ၅ နှစ်စီမံကိန်းတွေ။ ဒီ ၅ နှစ်မှ ချမှတ်ထားတဲ့အရာကို နောက်အစိုးရက ဆက်လက် လုပ်ဆောင်ရမယ်။

ဦးသိန်းစိန်လက်ထက် ၅ နှစ်အတွင်းမှာ တစ်ခုခုတော့ ပြီးမြောက်ရမယ်ဆိုပြီး လုပ်ချလိုက်တယ်။ သူ့အတွက်တော့ မှတ်တမ်းဖြစ်သွားတယ်။ NLD အစိုးရကလည်း ၅ နှစ်ကာလအတွင်းမှာ မှတ်တမ်းတစ်ခု ပြုချင်တယ်။ အဓိက ထိပ်တိုက်တွေ့နေတာက တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်။ လုံခြုံရေးမှာလည်း၊ တပ်မတော်က တစ်ခုတည်းရှိရမယ်ဆိုတဲ့ အရာ၊ အဲ့ဒါက ဆွေးနွေးလို့ ခက်ခဲတဲ့ အနေအထားမှာရှိတယ်။ အခုက မတစ်ဆို့နေတဲ့ ဘုံတူညီချက်အရာတွေကို ဆွေးနွေးရတာ ဖြစ်တယ်။ အလကားပါဆိုပြီး မထားပါနဲ့။ လှေခါးထစ်တစ်ခု ဖြစ်တယ်။

ကျွန်တော်တို့ရချင်တဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ် ပြည်ထောင်စု ရအောင် ချီတက်သွားဖို့ ဖြစ်တယ်။ လုံခြုံရေးမှာလည်း တစ်ခုတည်းသော တပ်မတော်က အယူအဆတွေ ကွဲကြတယ်။ အဲ့ဒါကြောင့် တစ်ဆို့မှုတွေကို မဆွေးနွေးပဲနဲ့ ဘုံတူညီချက်လေးတွေကို ဆွေးနွေးတာဖြစ်တယ်။ ကျွန်တော်တို့က စဝင်ကတည်းက တန်းတူရေးနဲ့ ဖက်ဒရယ်ကို တင်လိုက်တာ။ အဲ့မှာ ဆွေးနွေးရင်းနဲ့ ကျလာတယ်။ လုံခြုံရေးမှာလည်း ကျွန်တော်တို့က ဖက်ဒရယ် ပြည်ထောင်စု တပ်မတော်၊ သူတို့က တပ်မတော်တစ်ခုတည်း ဖြစ်ရမယ်ဆိုတဲ့အရာ၊ အဲ့လိုဖြစ်တော့ ဒါက ကျွန်တော်တို့က ပုံစံပြောင်းတဲ့သဘောဖြစ်တယ်။ စံနဂုဏ် စစ်တိုက်နည်းလို့ အလယ်ကနေ ဝင်တိုက်လိုက်တယ်၊ မရတော့ ဘေးကနေပတ်ပြီး ဝိုက်ရတယ်။ အဲ့ဒါကြောင့်မို့လို့ ဒီပုံစံနဲ့သွားရင်းနဲ့ ဒီညီလာခံကျမှ အစိုးရနဲ့ တပ်မတော်နဲ့တွေ့ရတာ၊ ကျန်တဲ့အချိန်ကျတော့ ဘာမှတွေ့ရတာ မဟုတ်ဘူး။

အဲ့ဒီမှာ ကျွန်တော်တို့က ယုံကြည်မှုတည်ဆောက်ရမှာ အမြင်သဘောထားတွေ အလွတ်သဘော ဖယ်ရမယ်။ ဒါက ကျွန်တော်တို့ အခွင့်အရေး ဖြစ်တယ်။ Hard power နဲ့ကျင့်သုံးတဲ့

ညောင်နှစ်ပင် ညီလာခံကြီးတောင် ၁၀ နှစ်ကျော်ကြာရင် Soft power နဲ့တည်ဆောက်တဲ့ ဒီညီလာခံက ဘယ်လောက်ကြာမလဲ မပြောနိုင်ဘူး။ အစိုးရအဆက်ဆက်မှာ ဒီဆုံးဖြတ်ချက်တွေကို တရားဝင်လက်ခံပြီးမှ ဆက်လက်ပြီး ပြောင်းလဲသွားမှာ ဖြစ်တယ်။

ဒီကနေ့ ညီလာခံအဆက်ဆက်ကို သွားနေတာတွေက လွယ်လွယ်လေးနဲ့ မရနိုင်ပါဘူး။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့က တန်းတူရေးတောင်းတဲ့အခါ၊ သူတို့ကမည်သည့် ပြည်နယ်အစိတ်အပိုင်းမှ ခွဲထွက်ခွင့် မတောင်းရဘူး။ အဲ့ဒါကို အာမခံ ကတိပေးရမယ်။ ကျွန်တော်စောစောက ပြောခဲ့သလို ဗမာအစိုးရနဲ့ ဗမာတပ်မတော်ရဲ့ စဉ်းစားနည်းက ဘယ်ကလာလည်းဆိုရင် အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား ခေတ်ကနေလာတယ်။ အင်္ဂလိပ်သိမ်းသွားလို့ ငါတို့က အာဏာမဲ့ ဖြစ်သွားတာ။ အဲ့ဒါကြောင့် ပြန်ရတဲ့အခါမှာ ဒါကိုပဲ ထားရမယ်။ ဘယ်မှာပေါ်လည်းဆိုရင် ၁၉၄၈ မှာ လွတ်လပ်ရေးရပြီး၊ ၁၉၅၈ မှာ ၁၀ နှစ်ပြည့်တော့ ရှမ်းအဖွဲ့တွေက ခွဲထွက်ဖို့တော့ မပြောပါဘူး၊ ၁၉၄၇ ဥပဒေကို ပြင်ခိုင်းလိုက်တာ၊ ဒီဖွဲ့စည်းပုံနဲ့သွားရင် ပြည်နယ်တွေမှာ လုပ်ပိုင်ခွင့် ဘာမှ မရှိတော့ဘူး ဒါလေးပဲပြောတာ။ တစ်ခုရှိတာက ရှမ်းခေါင်းဆောင် တစ်ယောက်က နောက်တက်မယ့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို နမူနာအဖြစ် စာတမ်းလေးဝေ လိုက်တဲ့အခါမှာ ဘာဖြစ်လာလဲဆိုတော့ ဗမာအမျိုးသားတွေကလည်း ပြည်နယ်ရှိဖို့လိုတယ် ဆိုတဲ့သဘောပြောတော့ တစ်ဖက်ကတွေးတာက အလောင်းမင်းတရားတို့ လက်ထက်ကတည်းက ဒီတိုင်းပြည်ကို ငါတို့ပိုင်တယ် ဆိုပြီးတွေးတာ အင်္ဂလိပ်နဲ့ပြောတဲ့အခါမှာ မြန်မြန်ရအောင် လုပ်လိုက်လို့ ပြည်နယ်တွေဖြစ်ကုန်တာ၊ ဒီအမြင်ရှိတယ်။ အဲ့အမြင်ကို သူတို့ကဗမာပြည်နယ် လုပ်ရမယ်ဆိုရင် ဒါခွဲထွက်ရေးပဲ ဖြစ်တယ်။ ဖက်ဒရယ်ကို ခွဲထွက်ရေးဆိုပြီး ခုချိန်ထိလုပ်လာတော့ မြို့ပေါ်က ကလေးတွေ ခုချိန်ထိ ခေါင်းထဲစွဲနေတာ ဖြစ်တယ်။

တင်ပြတဲ့သူက စစ်မှန်တဲ့ဖက်ဒရယ်မူကို တင်လိုက်တော့ ဗမာက ဗမာပြည်နယ် ရှိရမယ်ဆိုတဲ့အရာကို သူတို့လက်မခံဘူး၊ လုံးဝ လက်မခံဘူး။ အဲ့ဒါကလည်း ရှေ့ဆက်မယ့် ဒီမိုကရေစီနဲ့ ဖက်ဒရယ် ပြည်ထောင်စုမှာ တိုင်းရင်းသားလူမျိုးစုတွေ စဉ်းစားထားဖို့ အရေးကြီးတယ်။

အခု ကျွန်တော်တို့က ၂၀၀၈ ဖွဲ့စည်းပုံအောက်မှာ အလုပ်လုပ်နေရတာဖြစ်တယ်။ အဲ့တော့ သူတို့က အတိမ်းအစောင်းတွေကို ကြည့်နေတယ်၊ ဒါတွေကို ကျွန်တော်တို့က လိမ္မာပါးနပ်စွာ ဆောင်ရွက်ရမယ်။ နောက်ဆုံးကျတော့ Soft Power ကနေ Bargaining Power ကို ပြန်သုံးတယ်။ ခင်ဗျားတို့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့် ရချင်ရင် ဗမာပြည်ကနေ မည်သည့်အစိတ်အပိုင်းမှ ခွဲမထွက်ရဆိုတာကို ဝန်ခံရမယ်။ ကတိပြုရမယ်ဆိုတာနဲ့ လုပ်လိုက်တယ်။

တပ်မတော်လည်း ဒီအတိုင်းပဲ။ သူတို့ပြောတဲ့ တပ်မတော်နဲ့ ကျွန်တော်တို့ပြောတဲ့ တပ်မတော်က ကွာသေးတယ်။ ၁၉၆၂ ခုနှစ် နောက်ပိုင်းမှာ ဗိုလ်ချုပ်နေဝင်းက မည်သည့် လက်နက်ကိုင် အဖွဲ့အစည်းမှ မတော်လှန်၊ မပုန်ကန်အောင်ဆိုပြီး ပြည်စောင့်ရဲကိုလည်း တပ်မတော်ထဲ ထည့်တယ်၊ လက်နက်ကိုင်ရဲကိုလည်း တပ်မတော်ထဲ ထည့်တယ်၊ ကျန်တာတွေအားလုံးကို ချုပ်ကိုင်လိုက်ပြီးမှ လက်နက်ကိုင်မှန်သမျှ အားလုံး တပ်မတော်စာရင်းထဲသွင်းလိုက်တယ်။ အဲ့ဒါကို တပ်မတော် တစ်ရပ်ထဲရှိရမယ်ဆိုပြီး အဲ့အချက်နဲ့ကိုင်တယ်။

ယေဘူယျပြောချင်တာက ဖဆပလ လက်ထက်က တပ်မတော်က ကာကွယ်ရေးဝန်ကြီး အောက်မှာထားတယ်၊ ပြည်ထဲရေးဝန်ကြီးအောက်မှာကျတော့ ပြည်သူ့စောင့်ရဲ၊ လက်နက်ကိုင်ရဲ၊ ကျန်တဲ့ရဲတွေ အားလုံးပါတယ်။ အဲ့မှာနှစ်ပိုင်းရှိတယ်။ အဲ့ဒါအားလုံးကို ကာကွယ်ရေးဝန်ကြီး အောက်မှာ ထားချင်တာ။ ကျွန်တော်တို့က ကာကွယ်ရေးဝန်ကြီးအောက်က တပ်မတော်၊ ပြည်ထဲရေးဝန်ကြီးအောက်မှာကျတော့ လက်နက်ကိုင်ရဲတွေ။ ဒါတွေကို သဘောထားတာ ဖြစ်တယ်။

အဲ့မှာ ကွာဟမှုရှိတယ်၊ ဒီကွာဟမှုတွေက ချက်ချင်းဆွေးနွေးလို့ မရဘူး၊ ဆွေးနွေးလိုက်ရင် ပိတ်မှာပဲ။ Deadlock လို့ ခေါ်တယ်။ အဲ့လိုမဖြစ်ရအောင် အရန်တွေ အဲ့ဒါကို ဘုံတူညီချက်လို့ ခေါ်တယ်။ ဘုံတူညီချက်တွေကို သူလည်းလက်ခံ၊ ကိုယ်လည်း လက်ခံလာအောင်ဆွေးနွေးတာ ဆွေးနွေးရင်းနဲ့မှ နောက်ဆုံးကျမှ အောင်မြင်သွားဖို့။ ဥပမာတစ်ခု ပြရမယ်ဆိုရင် ကျွန်တော်တို့ လိုချင်တာက အင်မတန်အဖိုးတန်တဲ့ ကျွန်းပင်ကြီး။ ဒီကျွန်းပင်ကိုရဖို့ နွယ်ပင်တွေ၊ ပိတ်ပေါင်းတွေ၊ သစ်ပင်ငယ်တွေ အများကြီးရှိတယ်။ အဲ့တော့ တိုက်ရိုက်ဝင်ပြီး သစ်ပင်ကို ခုတ်လို့ မရဘူး၊ မရတော့ ဘေးကအရာတွေ အကုန်ရှင်းရမှာ။ ပြီးမှ ကျွန်တော်တို့ လိုချင်တဲ့ ကျွန်းပင်ကြီးကို ရအောင်ယူရမှာ ဖြစ်တယ်။

ဒါကြောင့်မို့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိရမယ်၊ နောက်ပြီးတော့မှ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကို တည်ထောင်မယ်၊ နောက်ပြီး ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုနဲ့ ကိုက်ညီမယ့် ကာကွယ်ရေးနဲ့ လုံခြုံရေးနည်းလမ်းတွေကို တည်ဆောက်သွားဖို့ ဖြစ်တယ်။ အဲ့ဒါတွေက အင်မတန်ဆွေးနွေးရခက်နေတဲ့ အရာတွေဖြစ်တယ်။ ဆွေးနွေးရလွယ်တဲ့ ဘုံတူညီချက်ကို ဆွေးနွေးကြမယ်။ အဲ့အတွက်စိတ်ရှည်ရမယ်၊ အကင်းလည်းပါးရမယ်၊ တစ်ဖက်လူကိုလည်း ဆွဲဆောင်နိုင်ရမယ်။

Hard Power နဲ့လုပ်တဲ့ ညောင်နှစ်ပင်ညီလာခံက ၁၀ နှစ်ကျော်ကြာတယ်။ ၂၀၀၈ ဖွဲ့စည်းပုံ ထွက်လာတယ်။ ဒီကနေ့ Soft Power နဲ့လုပ်တဲ့ ဒီညီလာခံက ဘယ်နှစ်နှစ်ကြာမလဲ ဆိုတာကို ဘယ်သူပြောလို့ရလဲ။ အရေးကြီးတာက ကျွန်တော်တို့က တရားဝင် ကမ္ဘာသိ မကျင်းပခဲ့သေးတဲ့ ၂၀၁၅ အောက်တိုဘာ ၁၅ ရက်နေ့ နေပြည်တော်မှာ နိုင်ငံခြားသား အသိသက်သေတွေနဲ့ အားလုံး လက်မှတ် ရေးထိုးထားတဲ့အရာကို မပျက်ယွင်းအောင် ထိန်းသိမ်းသွားဖို့လိုမယ်။ ဒီဖြစ်စဉ်ကို စိတ်ရှည်ရှည်နဲ့ သွားရမယ်၊ အနှစ် ၂၀ လည်း ကြာချင်ကြာမယ်။ ကျွန်တော်တို့ ပြောတတ်ဆိုတတ်မယ် သူတို့လည်း စိတ်ပြောင်းလည်းမယ် ဆိုရင်တော့ အနှစ် ၂၀ လောက်တော့ ရောက်နိုင်တယ်။ စိတ်မပြောင်းလဲဘူး ဆိုရင်တော့ ထပ်သွားရဦးမှာ ဖြစ်ပါတယ်။

လက်နက်ကိုင်တော်လှန်ရေး အနှစ် ၆၀ ကျော်တာတောင် ခံနိုင်တယ်ဆိုရင် ဒီကနေ့ အေးအေးလူလူ လုပ်နိုင်တဲ့အရာကို သည်းမခံနိုင်ဘူးလား။ တစ်ချို့ရှိတယ် သည်းမခံနိုင်ဘူး၊ သွေးထွက်တဲ့ အလုပ်ကို အနှစ် ၆၀ သည်းခံနိုင်တယ်၊ သွေးမထွက်တဲ့အလုပ်ကျတော့ အနှစ် ၂၀ သည်းမခံနိုင်ဘူး။

အဲ့ဒါကြောင့် ကျွန်တော်တို့ ကရင်အမျိုးသားတွေ စဉ်းစားကြပါ။ စိတ်ရှည်ရှည်နဲ့ လိမ္မာ

ပါးနပ်စွာ လုပ်ဆောင်ဖို့လိုတယ်။ အဲ့ဒါကြောင့် အတတ်ပညာရှင်တွေ လိုတယ်၊ ပြောတတ်တဲ့လူတွေ လိုတယ်ဆိုတာ အဲ့ဒါကိုပြောတာ။ ကျွန်တော်တို့ စည်းလုံးညီညွတ်ကြပါ။ မတူညီ ကွဲပြားမှုအပေါ်မှာ ကျွန်တော်တို့အားလုံး စည်းလုံးညီညွတ်ကြပါ။ Unity In Diversity ကို ကျင့်သုံးကြပါ။

ကျွန်တော်တို့က အနေဝေးကြတော့ စိမ်းကြတယ်။ ဒီလိုအစည်းအဝေးလုပ်လိုက်မှ အနေနီး လာတယ်။ တစ်ယောက်အကြောင်း တစ်ယောက်သိလာတယ်။ ဒါမျိုး အစည်းအဝေးတွေ များများလုပ်ဖို့ လိုတယ်။ ဒါမှ ရင်းနှီးလာမှာ။ ဒါကြောင့်မို့ စိတ်ရှည်ကြ၊ ခွဲရိုကြ၊ အမျိုးသားအပေါ်မှာ သံယောဇဉ်ရှိကြပါ။ သစ္စာရှိပါအဆင့်ကို ကျွန်တော် မပြောဘူး။ သံယောဇဉ်ရှိဖို့ပဲပြောတာ။

ကျွန်တော်တို့ တစ်စည်းတစ်လုံးထဲလုပ်ရင် အောင်မြင်နိုင်တယ်ဆိုတာကို ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

**တိုက်တွန်းအားပေးစကား**

## နော်ဘလူးမင်းနိုက်ဖံ

**(ဦးဆောင်ကော်မတီ)**

အားလုံးပဲမင်္ဂလာပါ။ ဒီနေ့ ကျွန်မ ဒီအရှေ့မှာလာထိုင်တာ ပြန်စဉ်းစားရတယ်။ ကျွန်မကို လာပြီး တိုက်ခိုက်ကြမလား ဆိုပြီး။ ဘာလို့လဲဆိုတော့ ပထမတစ်ရက်က ကျွန်မ မလာနိုင်ဘူး။ ကျွန်မ ထိုင်လိုက် ထလိုက်နဲ့ မနေ့ကတစ်နေ့လုံး သဘာပတိတွေ ငြိမ်နေတယ်။ တစ်ချို့က အိပ်ငိုက်ကြတယ်။ ဒါက တိုက်ခိုက်တာ မဟုတ်ပါဘူး။ ပူးပေါင်းပါဝင်မှု တစ်ခုအနေနဲ့ ကျွန်မ ပြန်ခံနေပါတယ်။

အခုကျွန်မတို့ ဆက်သွားနေတဲ့ လမ်းခရီးမှာ အသင့်ဆိုတဲ့စကားလေး တစ်ခွန်းနည်းနည်း ပြောပြချင်ပါတယ်။ Facebook ကြည့်လာတဲ့ လူတွေအများကြီး ရှိမှာပါ။ အဲ့မှာဇာတ်လမ်းလေး တစ်ခုရှိတယ်။ အဲ့ဇာတ်လမ်းလေးက ဆုရတဲ့ဇာတ်လမ်းလေး ဖြစ်ပါတယ်။ အဲ့မှာ ကျောင်းသားတွေက ဆရာကို နှုတ်ဆက်ပြီး ထိုင်မယ်လုပ်တယ်။ နေဦး မထိုင်နဲ့ဦး၊ ကျောင်းအုပ်ကြီးရဲ့ မိန့်ခွန်းလာတယ်။ ကျောင်းသားတွေအားလုံး ဆရာရဲ့စကားကို နားထောင်ကြပါ။ ဘာမှပြန်မပြောပါနဲ့၊ ဒီနေ့ မင်းတို့ဆရာ မင်းတို့ကို သင်ခန်းစာအသစ်ပေးမယ်။ မင်းတို့ လိုက်နာကြပါ။ လိုက်လုပ်ကြပါ။

အဲ့မှာဆရာက သူ့ကျောင်းသားတွေကို စာသင်တယ်။ Blackboard ပေါ်မှာ စာရေးတယ်။ ၂ + ၂ = ၅ ဆိုတော့ ကျောင်းသားတွေက ကြောင်ပြီးတော့ ကြည့်ကြတယ်။ လိုက်ဆိုခိုင်းတော့ ကျောင်းသားတစ်ယောက်က မဆိုဘူး။ သူက ၂ + ၂ = ၄ လို့ပဲ ဆိုတယ်။ အဲ့မှာဆရာက မေးတယ်။ မင်းဆိုမလား မဆိုဘူးလား၊ သူက မဆိုဘူး၊ သူ့အဖြေက ၄ ပဲ။ အဲ့မှာ သူ့ဆရာ ဒေါသထွက် လာပြီးတော့ အပြင်ထွက်ပြီး အထက်တန်းကျောင်းသားတွေကို ခေါ်လာတယ်။ သူတို့ကို ဆိုခိုင်း တယ်။ သူတို့ကလည်း ၂ + ၂ = ၅ လို့ဆိုကြတယ်။ အဲ့မှာသူ့ကို အရှေ့ခေါ်ထုတ်ပြီး သူ့ဆရာက

Blackboard ပေါ်မှာ ၂ + ၂ ဆိုပြီး ရေးထားပေးတယ်။ သူ့ကို ဖြေခိုင်းတယ်။ သူကလည်း ၄ ကိုပဲ ရေးလိုက်တယ်။ အဲ့မှာ အထက်တန်း ကျောင်းသားတွေက သူ့ကို သတ်လိုက်တယ်။

အဲ့ဒါကျွန်မတို့ ကရင်တစ်ဖွဲ့လုံး မရင်ဆိုင်ရဘူးလို့ မထင်နဲ့။ ဒါကြုံတွေ့ရမယ့် သင်ခန်းစာပါ။ ကျွန်မ မှန်မှန်ကန်ကန်နဲ့ သေချာပြောပြချင်တဲ့တစ်ခုက အနှစ် ၇၀ ကာလပတ်လုံး ကျွန်မတို့ မခံနိုင်အောင် အတိုက်ခံရပါတယ်။ မပြုတ်ပြုတ်အောင် အတိုက်ခံရပါတယ်။ ဒါပေမယ့် မပြုတ်ဘူး။ ကျွန်မတို့ကိုတိုက်နေတဲ့ စစ်အင်အားကလည်း ကျွန်မတို့ထက် အဆပေါင်းများစွာ များတယ်ဆိုတာ ပြောစရာမလိုဘူး။ တစ်ဖက်မှာ ကျွန်မတို့တစ်တွေကလည်း ရရာ စစ်အင်အား လူအင်အားနဲ့ ရရာ လက်နက်နဲ့ တိုက်ခိုက်တယ်။ နိုင်မှာလည်း မဟုတ်ဘူး။ ဒါပေမယ့် ကျွန်မတစ်ခုပြောချင်တာ ကျွန်မတို့က ခက်ခက်ခဲခဲ သွေးထွက်သံယို အသက်ပေါင်းမြောက်များစွာ ပေးရသော်လည်း ဘာမှ မနိုင်ခဲ့ဘူး။ ဒီနေ့မှာ သွေးမဲ့တော်လှန်ရေး ဖြစ်တဲ့အချိန်မှာတောင် အရှုံးမပေးကြပါနဲ့၊ အရှုံးမခံကြပါနဲ့လို့ ကျွန်မသတိပေးချင်ပါတယ်။

ပြီးတော့ ဆက်သွားရမယ့်ခရီးက ရှေ့မှာဘာရှိလဲ မသိရတဲ့အတွက် တိုက်ပွဲမှာဆိုရင် ခဲယမ်း လက်နက်တွေ ရနိုင်တယ်။ ဒါပေမယ့် အခုလို့ မမြင်နဲ့၊ သတိရှိရှိနဲ့ ကျွန်မတို့ သွားရလိမ့်မယ်။ ဒါပေမယ့် ကျွန်မတို့မှာ ဘာအားသာချက်ရှိနေလဲဆိုရင် အရင်ကလို စည်းခြားခြင်း မခံရပါဘူး။ တစ်ယောက်နဲ့တစ်ယောက် လက်လှမ်းမမှီနိုင်သလို အမျိုးမျိုး ထင်ထင်မှားမှားတွေ မဖြစ်တော့ပါဘူး။

အခုဒီခန်းမထဲမှာ အနယ်နယ်အရပ်ရပ်က ကရင်လူမျိုး အင်အားစုက မနည်းပါဘူး။ ဒါကြောင့်မို့ တိုင်းရင်းသားလူနည်းစုဆိုတာ ကျွန်မ လက်မခံနိုင်ဘူး။ လက်ခံမှာလည်း မဟုတ်ဘူး။ ဒါပေမယ့် သူ့ရှင်းပြချက်ကတော့ ရှင်းချက်က နောက်မှလာတယ်။ လောလောဆယ် တိုင်းရင်းသား လူနည်းစုဆိုတာ ထွက်လာတယ်။ ကျွန်မတို့ တိုင်းရင်းသားတွေက လူနည်းစု မဟုတ်ဘူးဆိုတာ အမှန် ရပ်တည်လာတာပါ။

ဒါကြောင့် ကြွရောက်လာကြသော ခေါင်းဆောင်ကြီးများနှင့်၊ ကိုယ်စားလှယ်များကိုကျွန်မအနေနဲ့ ပြောချင်တာက ကျွန်မတို့ ဆက်သွားရမယ့်ခရီးမှာ အတွေ့အကြုံနဲ့ ကြီးမားစွာ တွက်ချက်ပြီး ဖြတ်သန်းလာရတဲ့ တန်ဖိုးကြီးကို ထားခဲ့လို့ မရဘူး။ တစ်ဖက်မှာလည်း စုပေါင်းပြီးမှ ရရှိလာတဲ့ ပညာသည်တွေကိုလည်း ကျွန်မတို့မထားခဲ့ပါဘူး။

တစ်ဖက်မှာ ပြန်ကြည့်ရင် ကျွန်မအမြဲပြောနေတဲ့ KNU အစည်းအဝေးမှာ ကျွန်မတို့ ကရင်လူမျိုးတွေက ငတုံးငအတွေ မဟုတ်ဘူး။ ခက်ခဲကြမ်းတမ်းတဲ့ ဘဝခရီးကို ဖြတ်သန်းရတဲ့အချိန်မှာ ပညာသင်ဖို့ အချိန်မရှိတဲ့အတွက်ကြောင့် တောထဲမှာပဲ သွားလာလုပ်ရှားပြီးတော့မှ ရပ်တည်လာခဲ့ရတာ။ ဒါပေမယ့် ကျွန်မတို့ အတွေ့အကြုံကိုတော့ လေးစားရမယ်။ အသိအမှတ် ပြုရမယ်။ ပညာသည် မဟုတ်သော်လည်း ဖြတ်သန်းခဲ့ရတဲ့ခရီးက ပညာသည်ထက်သာတဲ့ အပိုင်း အများကြီး ရှိတယ်ဆိုတာ ကျွန်မပြောတဲ့အတွက် ကျွန်မတို့ပညာသည်နဲ့ အတွေ့အကြုံကိုတော့ ပေါင်းရလိမ့်မယ်။

နောက်တစ်ချက်က နိုင်ငံရေးကို အကြီးအကျယ်ပြောပြီးတော့ ဆွေးနွေးလာခဲ့တဲ့အချိန်မှာ

အမျိုးသားရေးကို ကျွန်မတို့ မမေ့သင့်ပါဘူး။ ကျွန်မရဲ့ခံယူချက်က အမျိုးသားရေးက နိုင်ငံရေးထက် အရေးကြီးပါတယ်။ အမျိုးသားရေးကို ကျွန်မတို့ ပိုင်ပိုင်နိုင်နိုင်နဲ့ သေသေချာချာ မဆုပ်ကိုင်ဘူးဆိုရင် နိုင်ငံရေးဝဲကြီးရဲ့အထဲမှာ ကျွန်မတို့ရွာလည်သွားနိုင်ပါတယ်၊ ကျွန်မတို့ အမျိုးသားရေးကို သေသေချာချာ မကိုင်ထားနိုင်ဘူးဆိုရင် ကျွန်မတို့သွားမယ့် နိုင်ငံရေးမှာ ရွာလည်သွားမယ်လို့ပဲ ထပ်ပြောချင်ပါတယ်။

အခုဒီမှာရှိတဲ့ ကျွန်မတို့ရဲ့ သက်တမ်းတွေက ၄၀ ကျော် ၅၀ ကျော်မှာ အများစုက ရှိနေပြီး ဦးဆောင်နေတဲ့အခါမှာ စောစောကပြောသလို ကျွန်မ ဘယ်လောက် ဆက်ပြီး အသက်ရှင်ရမလဲ မသိတဲ့အတွက် မျိုးဆက်သစ်တွေရဲ့ အမျိုးသားရေးကို ကောင်းကောင်း ထည့်ပေးနိုင်တာကလွဲလို့ ကျွန်မ ဒီနေရာမှာ သတိပေး တိုက်တွန်းချင်ပါတယ်။

နောက် ကျွန်မတို့ ၇၀ နှစ် လောက် သက်တမ်းကာလကို ပြန်ကြည့်မယ်ဆိုရင် ဘာကြောင့် ကျွန်မတို့ ရပ်တည်နိုင်ခဲ့သလဲဆိုတာ ကျွန်မတို့ ပြည်သူလူထုကို ပြန်ပြီး သတိပေးစေချင်ပါတယ်။ ပြည်သူလူထုတွေက ကျွန်မတို့ တော်လှန်ရေး ခေါင်းဆောင်မှုနဲ့အတူ လက်တွဲလာခဲ့တာ သေစရာရှိလည်း သူတို့သေရတယ်။ ပေးစရာရှိလည်း သူတို့ပေးရတယ်။ အမျိုးသမီးဆိုရင် အမျိုးသမီးသူကြီးတွေအထိ ကိုယ့်ခေါင်းဆောင်တွေ ကိုယ့်ရဲဘော်တွေ အတွက် ဘယ်လောက်ပေးဆပ်ခဲ့လဲဆိုတာ ပြည်သူလူထုရဲ့ မှတ်တမ်းတွေမှာ ပြန်ဖတ်ကြည့်လို့ရတယ်။

အဲ့ဒါကြောင့် ကျွန်မတို့နဲ့တူတူ လက်တွဲလာတဲ့၊ ကျွန်မတို့နဲ့အတူတူ အသက်ပေးလာတဲ့ ကျွန်မတို့ရဲ့ပြည်သူတွေကိုတော့ ထားခဲ့လို့မရဘူး။ ပြည်သူတွေကို မေ့လို့မရတဲ့အတွက်ကြောင့်မို့ လူထုကို ဆန့်ကျင်တဲ့ အကြောင်းအရာ၊ အပြောအဆိုကိုတော့ လုံးဝ မဖြစ်စေချင်ပါဘူး။ ဒါပေမယ့် ကျွန်မတို့ သိနေပါတယ်။ တစ်ချို့နေရာတွေမှာ ရှိနေပါတယ်။ အခါအားလျော်စွာပဲဖြစ်ဖြစ်၊ အပြေကာင်းအမျိုးမျိုးကြောင့်ပဲဖြစ်ဖြစ် လူထုကိုဆန့်ကျင်လာတဲ့ အချက်အလက်တွေက ဒီနေ့အထိ ရှိနေသေးတဲ့အတွက် ဆက်လက်သွားမယ့်ခရီးမှာ လူထုအတွက် ဆက်ပြီးတော့ရပ်တည်ပြီးတော့ လူထုတွေပါအောင် လူထုနဲ့ဆက်ပြီး သွားရပါလိမ့်မယ်။

ကျွန်မရွာတွေမှာ သွားတဲ့အချိန်တုန်းက ကျွန်မပြောတယ်။ လူထုတွေ ကျွန်မတို့နဲ့လိုက်လာတဲ့ တော်လှန်ရေးခရီးတွေမှာ ဒီနေ့အပစ်အခတ်ရပ်စဲတဲ့ NCA ထွက်လာတဲ့အခါမှာ တာဝန်ပြီးပြီးလို့ မထင်နဲ့။ ဆက်ပြီးတော့ ကျွန်မတို့နဲ့သွားဖို့ ဖိတ်ခေါ်လိုက်ပါတယ်။ သူတို့အတွက် အဆင်သင့်ရှိသလို ကျွန်မတို့အတွက်ကိုလည်း မမေ့ကြပါနဲ့လို့ ပြောချင်ပါတယ်။ လူတွေ့ဆန့်ကျင်တာကိုတော့ ကျွန်မတို့ ဆောင်ရွက်ရပါလိမ့်မယ်။ လူထုက ကိုယ့်ဘက်မှာ ပါမလာဘူး။ ကိုယ့်ဘက်မှာ မရှိဘူးဆိုရင် ကိုယ်သွားတဲ့ ခရီးက ဆက်ပြီးတော့ ရှည်ဦးမှာ ဖြစ်ပါတယ်။ တစ်ခါကလူတစ်ယောက်က တံစဉ်တစ်ခုကို ကိုင်ပြီးတော့ ထွက်လာတယ်။ သူသွားမယ့်နေရာကိုသွားရင်းနဲ့ လမ်းမှာ အုန်းခြံကို တွေ့တဲ့အခါ ဝင်သွားပြီးတော့ တံစဉ်ကိုကိုင်ပြီး အုန်းပင်ပေါ် တက်တယ်။ တစ်ဝက်ကျော် ရောက်တဲ့အချိန်မှာ အုန်းခြံပိုင်ရှင် ရောက်လာတော့ လှမ်းအော်လိုက်တယ်။ ဟေ့လူ ခင်ဗျားဘယ်သွားမလို့လဲ ဆိုတော့ သူက မြက်သွားရိတ်မလို့ဆိုပြီး ပြန်ဖြေတယ်။ အဲ့တော့ အုန်းခြံပိုင်ရှင်က ဘာပြောလဲဆိုတော့ အုန်းပင်ပေါ်မှာ မြက်ရှိတယ်လို့ ဘယ်သူပြောလဲ၊ ဘယ်သူမှမပြောလို့ အခုလည်း ဆင်းလာမလို့ဆိုပြီး

ဆင်းလာတယ်။

အဲ့ဒီမှာ ကျွန်မပြောချင်တာက တံစဉ်ကိုင်ပြီး မြက်ရိတ်ရမယ့်သူက တံစဉ်ကိုင်ပြီး အုန်းပင် သွားတက်တဲ့အခါ အချိန်ကြာမယ်၊ နေရာလည်း မှန်မှာမဟုတ်ဘူး။ အလုပ်လည်း ဖြစ်မလာခဲ့ဘူး။ ဒါကြောင့် ကျွန်မပြောတဲ့ဥပမာနှစ်ခုမှာ နှစ်အပေါင်းငါးလို့ အပြောခံရပြီဆိုတာ တစ်ချို့သိမလား မသိဘူး။ နှစ်အပေါင်းနှစ်က 'လေး'ပဲ ရှိရမယ်။ အခု ငါးလို့ အပြောခံနေရပြီ။ အဲ့ဒါကို မြင်စေချင်ပါတယ်။ ထိုနည်းတူ တံစဉ်ကိုင်ပြီး အုန်းပင်မှာ မြက်ရိတ်နေရမယ့်လူ ရှိနေသ၍ ကျွန်မတို့ သွားချင်တဲ့လမ်းက နှောင့်နှေးမယ်လို့ ပြောချင်ပါတယ်။

နောက်ဆုံးကတော့ စည်းစည်းလုံးလုံးနဲ့ စုစည်းမှုရှိဖို့ အရမ်းအရေးကြီးတယ်။ ဘယ်လောက်ပဲ မှန်ကန်မှုရှိနေပါစေ ကျွန်မတို့ရဲ့ ကရင်တစ်မျိုးသားလုံးရဲ့ စုစည်းမှု မရှိဘူးဆိုရင် အကွဲကွဲ အပြားပြား ထပ်ဖြစ်နေဦးမှာပါ။ ဒါကြောင့် စုစုစည်းစည်းနဲ့ စည်းစည်းလုံးလုံးရှိဖို့ ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။

### ကျေးဇူးတင်စကား

## ဗိုလ်မှူးကြီး စောကျော်ညွန့်

### (ကျင်းပရေးကော်မတီ)

လေးစားအပ်ပါသော သဘာပတိကြီးများနှင့်တကွ သုံးရက်တာ ကျင်းပပြုလုပ်သော ကျွန်တော်တို့ရဲ့ အစည်းအဝေးလို့လည်း ခေါ်သလို အဖူးမနေ့က ကျွန်တော်တို့ ဒု-ဥက္ကဋ္ဌ အခေါ်လို မျိုး မကြာခင်ကျင်းပမယ့် ၂၁ ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေးအတွက် ကျွန်တော်တို့ ကရင်အမျိုးသားများရဲ့ ဒုတိယကြိမ်မြောက် ကရင်အမျိုးသား အစုအဖွဲ့အလိုက် နိုင်ငံရေးဆွေးနွေးပွဲကို တတ်ရောက်လာကြတဲ့ ကိုယ်စားလှယ်များအားလုံး ကျွန်တော့အနေနဲ့ ဒီသုံးရက်တာ ကျင်းပပြုလုပ်တဲ့ အစည်းအဝေးမှာ ကျင်းပရေး ကော်မတီအဖွဲ့များ အားလုံးကိုယ်စား ကျွန်တော့်အနေနဲ့ ကျေးဇူးတင်ကြောင်း ပထမဦးဆုံး ပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ ကျေးဇူးတင်စကားကို ပြောလာတာကလည်း အခါပေါင်းများပြီဖြစ်တဲ့ အတွက်ကြောင့် ရှည်ရှည်ဝေးဝေး မပြောတော့ပါဘူး။ မပြောလို့လဲ မဖြစ်ပါဘူး။ တကယ်ပဲ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်လို့ ကျေးဇူးတင်ရမှာ ဖြစ်ပါတယ်။

ဥပမာအားဖြင့် ဒီလောက်မိုးလေဝသ မကောင်းတဲ့ အခြေအနေ ကြားက၊ တိုက်တိုက်ဆိုင်ဆိုင် မုန်တိုင်းတွေဝင်တဲ့ကြားက၊ သွားရေးလာရေး ကမောက်ကမ ဖြစ်နေတဲ့ကြားကနေ အနယ်နယ် အရပ်ရပ် ရပ်ဝေးကနေ တကူးတက လာရောက်ပြီးတော့ ကျွန်တော်တို့ရဲ့ အစည်းအဝေး အစကနေ အလယ် အဆုံး ပြီးမြောက် အောင်မြင်တဲ့ထိ ပါဝင်ကူညီလက်တွဲ ဆွေးနွေးဆောင်ရွက်ပေးကြတဲ့ ကိုယ်စားလှယ်တော်ကြီးများအားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

ဒါ့ပြင် ဒီကိုယ်စားလှယ်များအားလုံး ဆွေးနွေးတာရော၊ ညှိနှိုင်းတိုင်ပင်တာရော၊ အကြံပြု

တာရော စိတ်ခွန်အား၊ ဉာဏ်ခွန်အားနဲ့ သက်ဆိုင်တဲ့ နည်းပညာဆိုင်ရာ အဖက်ဖက်က ပံ့ပိုးကူညီပေးကြသော ကရင်လူငယ် နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပြုအဖွဲ့ကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

ဒါ့ပြင် ကျွန်တော်တို့ ကိုယ်စားလှယ်တွေရဲ့ သွားရေးလာရေး၊ နေရေးထိုင်ရေး၊ စားရေးသောက်ရေး အစစအရာရာ လိုလေသေးမရှိအောင် ကူညီဆောင်ရွက်ပေးသော ဒီလော်ခီးလာက အမျိုးသားအားလုံးကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ အထူးအဖြင့်ကတော့ ကျွန်တော်တို့ ပွဲတစ်ပွဲ ဖြစ်မြောက်ဖို့အတွက် ဘဏ္ဍာငွေ မရှိပဲနဲ့ လုပ်ဖို့ အင်မတန် ခဲယဉ်းပါတယ်။ အခက်အခဲများကြားထဲကနေပြီးတော့ အစည်းအဝေး ဖြစ်မြောက်ဖို့အတွက် ပံ့ပိုးကူညီပေးကြသော အလှူရှင်အားလုံးနှင့်တကွ ဤပံ့ပိုးငွေများကိုလည်း စနစ်တကျ အသုံးချနိုင်အောင် ဘဏ္ဍာရေး စီမံခန့်ခွဲပေးရေးအဖွဲ့က တာဝန်ရှိ ပုဂ္ဂိုလ်များကိုလည်း အထူးပဲကျေးဇူးတင်ရှိပါတယ်။ ပြီးတော့ ကျွန်တော်တို့ရဲ့ ဒုတိယအကြိမ် ကရင်လူမျိုး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးတဲ့ ကျွန်တော်တို့ ကရင်အမျိုးသား အစည်းအရုံး KNU က တာဝန်ရှိပုဂ္ဂိုလ်များကိုလည်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါကြောင်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ ကျွန်တော့်ရဲ့ အားနည်းချက်ကြောင့်ဖြစ်စေ၊ အချိန်အကန့်အသတ်ကြောင့်ဖြစ်စေ ကျေးဇူးတင်ထိုက်သင့်ရဲ့သားနဲ့ ကျေးဇူးတင်စကား မပြောမိတဲ့ ပုဂ္ဂိုလ်များအားလုံးကိုလည်း တစ်ဆက်တည်း ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးဇူးတင်စကား ပြောလာတာကလည်း တော်တော်များနေပြီး ဒီလူကတော့ကွာ နောက်တစ်ခါလာလည်း ကျေးဇူးတင်၊ အရင်းမစိုက်ရပဲ ဖွတ်ပဲကျေးဇူးတင် ပြောမှာစိုးလို့ ကိုယ်စားလှယ်ကြီးများကို တကယ်ပဲ ကျေးဇူးဆပ်တဲ့အနေနဲ့ ကိုယ်စားလှယ်တော်ကြီးများ မိမိတို့ နေရပ် မပြန်ခင်လေးမှာ ကျွန်တော့်အနေနဲ့ ကျေးဇူးတင်တဲ့မှတ်တမ်းလေးတစ်ခုကို ပြောကြားချင်ပါတယ်။ တိုတိုလေးပါ။

အဲ့ဒါကတော့ ကိုယ်စားလှယ်တော်ကြီးများ အခက်အခဲ အမျိုးမျိုးကြားကနေ ဒီသုံးရက်တာလာရောက်ပြီးတော့ ဆွေးနွေးညှိနှိုင်း ရရှိလာတဲ့ သဘောထားစာတမ်းတွေ တင်ပြချက်များ အားလုံးကို ကျွန်တော်တို့က ယခုအချိန်တွင် သဘာပတိကနေ မှတ်တမ်းတင် အတည်ပြုထားပြီ ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးများရဲ့ ကဏ္ဍ ၅ ခုလုံး ဆွေးနွေးတင်ပြတဲ့ သဘောထားကို ကျင်းပရေးကော်မတီ အနေနဲ့ ရှေ့ဆက်ဘယ်လို သယ်ဆောင်သွားမယ်၊ ကရင်အမျိုးသားများအတွက် တကယ်အထောက်အကူပြုမယ့် မှတ်တမ်းတွေကို ကျွန်တော်တို့အနေနဲ့ဘယ်လိုယူဆောင်သွားမလဲဆိုတာကို နည်းနည်းလေး မျှဝေပေးချင် ပါတယ်။ အဲ့ဒါကတော့ ခေါင်းဆောင်တွေ ကိုယ်စားလှယ်တော်တွေသိကြတဲ့အတိုင်းပါပဲ။ ဒီကနေ့ အတည်ပြုလိုက်တဲ့ သဘောထားစာတမ်းတွေကို ၁၅-၁၇ ရန်ကုန်မှာ ကျင်းပမယ့် EAOs လုပ်ငန်းကော်မတီ အတည်ညှိနှိုင်းအစည်းအဝေးမှာ ဒီစာတမ်းတွေယူသွားပြီးတော့ ဒါက ကရင်သဘောထား၊ ဒါကရှမ်း သဘောထား၊ ဒါက ပအိုဝ့်သဘောထား စသည့်ဖြင့် ဒီညီလာခံကို တင်သွင်းမည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများရဲ့ တစ်ခုတည်းသောစာတမ်းဖြစ်လာဖို့ သယ်ဆောင်ညှိနှိုင်းဆွေးနွေး သွားကြရအုံးမှာ ဖြစ်ပါတယ်။ ထွက်ရှိလာတဲ့ EAOs သဘောထားစာတမ်းအားလုံးကို ကျွန်တော်တို့က UPDJC ကိုတင်မှာ ဖြစ်ပါတယ်။ UPDJC ဟာ

နိုင်ငံရေးလမ်းညွှန်ကြီးကြပ်မှုကို တာဝန်ခံဖို့ ဖွဲ့စည်းထားတဲ့အဖွဲ့ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အနယ်နယ် အရပ်ရပ် အသီးသီးက တင်ပြလာသော စာတမ်းတွေပေါ်မှာ တတိယ ပင်လုံမှာ ဘယ်အချက် ဘယ်အချက်ကတော့ တင်ပြဆွေးနွေးသင့်တယ်၊ ဘယ်အချက်တွေကတော့ ချပေးတဲ့ ခေါင်းစဉ်နဲ့ မကိုက်ညီသေးပါဘူး၊ နောက်မှဆွေးနွေးမယ် ဆိုတာကို စီစစ်လုပ်ဆောင်ပေးဖို့ တာဝန်ရှိပါတယ်။ အများကတော့ ၄၈ ယောက်နဲ့ဖွဲ့စည်းထားတဲ့ UPDJC စုံညီအစည်းအဝေးမှာ ဆွေးနွေးသွားလေ့ မရှိပါဘူး ပဒိုစောတာဒိုမူးလို ပုဂ္ဂိုလ်မျိုးပါဝင်တဲ့ UPDJC အတွင်းရေးမှူးများ အဖွဲ့ကပဲ သေချာစီစစ်ပြီးတော့ UPDJC အစည်းအဝေးကနေ အတည်ပြုပြီး ရယူလေ့ရှိပါတယ်။ UPDJC ကနေ ရရှိလာတဲ့အချက်တွေကို ကျွန်တော်တို့က အကြိတ်အနယ်ဆွေးနွေးဖို့ UPDJC လုပ်ငန်းကော်မတီကို ချမှတ်ပေးရမှာဖြစ်ပါတယ်။ UPDJC လုပ်ငန်းကော်မတီဆိုတော့ လူက အင်မတန်နည်းပါတယ်။ ကဏ္ဍတစ်ခုမှာ တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ် ၄ ယောက်ပဲ ရပါတယ်။

ကျွန်တော်တို့ ကဏ္ဍတိုင်း ကဏ္ဍတိုင်းမှာ ဘယ်တိုင်းရင်းသား လက်နက်ကိုင် ကိုယ်စားလှယ်မှ အပြည့်အဝ ပါဝင်နိုင်တာ မရှိပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့က သုံးဖွဲ့ရှိတာမို့လို့ ကျွန်တော်တို့က တကယ်လည်းပဲ ပူးပေါင်းပါဝင်မှုကို ကူညီတဲ့ အနေနဲ့ ကျွန်တော်တို့ KNU အဖွဲ့အစည်းကို PC အနေနဲ့ မျှမျှပြီးတော့ နေရာတိုင်းနေရာတိုင်းမှာ ကဏ္ဍ ငါးခုနလုံး ကျွန်တော်တို့ကရင်လူမျိုးတစ်ယောက်က Automatic ကော်မတီပါဝင်ပြီးသား ဖြစ်ပါတယ်။ အဲ့နေရာမှာ အကြေအလည် ညှိနှိုင်းဆွေးနွေးတဲ့နေရာမှာ UPDJC က ချမှတ်ပေးလိုက်တဲ့ အတည်ပြုစာတမ်းတွေပေါ်မှာ ဆွေးနွေးခွင့်၊ နောက်ပြီးတော့ ညှိနှိုင်းခွင့် ဆွေးနွေးသဘောတူတဲ့ အချက်တွေကိုပြောတာ ဖြစ်ပါတယ်။ လုပ်ငန်းကော်မတီကနေ သဘောတူတဲ့ အချက်လည်းရှိမယ်၊ သဘောမတူသေးတဲ့ အချက်လည်း ရှိမယ်။ အဲ့ဒီအချက်တွေက UPDJC ရောက်သွားမှာ ဖြစ်ပါတယ်။ အဲ့ဒီ UPDJC က ကျွန်တော်တို့ ညီလာခံမှာကျင်းပတဲ့ UPDJC အစည်းအဝေး ဖြစ်ပါတယ်။ အဲ့ဒီ UPDJC မရောက်ခင် လုပ်ငန်းကော်မတီမှာ အကြေအလည် ဆွေးနွေးပြီးကြောင်း ရရှိလာတဲ့ သဘောတူညီချက်တွေကို ခုနကခေါင်းဆောင်ကြီးတွေ ရွေးချယ်ထားတဲ့ ငါးရက်တာ ကျင်းပမယ့် ညီလာခံရဲ့ ဒုတိယနဲ့ တတိယနေ့မှာ ဆွေးနွေးကြရမှာ ဖြစ်ပါတယ်။ အဲ့ဒီထွက်ရှိလာတဲ့ အချက်တွေကို ခုနကျွန်တော်ပြောတဲ့ ညီလာခံရဲ့ စတုတ္ထနေ့မှာ ကျင်းပမယ့် UPDJC အစည်းအဝေးမှာ ကျွန်တော်တို့ ဆက်လက်ဆွေးနွေးရမှာ ဖြစ်ပါတယ်။ ကျွန်တော်ဆိုလိုချင်တာက လုပ်ငန်းကော်မတီက အဆိုပြုခွင့်ရှိတယ်။ အဲ့လိုကော်မတီရဲ့ အဆိုပြုမှုကို ညီလာခံမှာဆွေးနွေးမှာ ဖြစ်ပါမယ်။ ညီလာခံမှာ ဆွေးနွေးတာက ဆုံးဖြတ်ချက်တစ်ခုအနေနဲ့ စတုတ္ထနေ့မှာကျင်းပမယ့် UPDJC အစည်းအဝေးမှာ ချမှတ်ပေးရမှာ ဖြစ်ပါတယ်။ အတည်ပြုချက်ကတော့ UPDJC ပြီး နောက်တစ်ရက် ညီလာခံရဲ့ နောက်ဆုံးနေ့မှာ ညီလာခံစုံညီအခမ်းအနားမှာ UPDJC သဘောတူဆုံးဖြတ်ထားပြီးသား အချက်အလက်တွေကို အတည်ပြုပေးဖို့ အစီအစဉ်ရှိပါတယ်။ လူကြီးမင်းတို့အနေနဲ့၊ ကျွန်တော့အနေနဲ့ အမျိုးမျိုး မေတ္တာရပ်ခံချင်တာကတော့ ကျွန်တော်တို့ သွားနေရတဲ့လမ်းကြောင်းဟာ ကောက်ကောက် ကွေးကွေးနဲ့ တော်တော်လေး ရှည်ရှည်ဝေးဝေး ရှိနေပါတယ်။ အဲ့ကြောင့်မို့လို့ အခက်အခဲတွေ၊

စိန်ခေါ်မှုတွေက ကျွန်တော်တို့အတွက် အများကြီး ရှိပါတယ်။ ဒါပေမယ့် သဘာပတိ ပြောသွားသလိုပဲ နှစ်ပေါင်း ၆၀ ကျော် သွေးထွက်သံယိုဖြစ်တဲ့ စစ်မြေပြင်ကနေ အခက်အခဲမျိုးစုံ ဆင်းရဲဒုက္ခမျိုးစုံ နှစ်ပေါင်း ၆၀ ကျော် ရင်ဆိုင်လာခဲ့ပြီးမှတော့ ကျွန်တော်တို့ ဒီအခက်အခဲကို အမျိုးသားစည်းလုံးညီညွတ်မှုအားနဲ့ ဖြတ်ကျော်နိုင်လိမ့်မယ်လို့ အလေးအနက် ယုံကြည်ပါတယ်။ သဘာပတိပြောသလိုပါပဲ ကျွန်တော်တို့ဟာ အခက်အခဲ စိန်ခေါ်မှုကနေ သူလက်ခံ၊ ကိုယ်လက်ခံနိုင်တဲ့အဆင့်ကို မရရအောင်သွားမှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ စိတ်ရှည်မှု၊ သွေးစည်းမှု၊ သည်းခံမှု၊ အမျှော်အမြင်ကြီးမှုပေါ်မှာ အများကြီးမူတည်မှာ ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ပါစေ သမိုင်းအစဉ်အလာအရ ကောင်းသော လက္ခဏာနှင့် ပြည့်စုံသော ရိုးသားခြင်း၊ ဧည့်ဝတ်များကို ကျေပွန်တတ်ခြင်း၊ အဲ့လိုမျိုးအစဉ်အလာ ရှိခဲ့သော ကျွန်တော်တို့ ကရင်အမျိုးသားများအနေနဲ့ ကျွန်တော်တို့ တိုင်းရင်းသားများ လိုလားသော ဒီမိုကရေစီ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး အာမခံချက် အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စု တည်ဆောက်နိုင်တဲ့အထိ ကျွန်တော်တို့လိုချင်သော ပြည်ထောင်စု ငြိမ်းချမ်းရေး ရနိုင်တဲ့အထိ ကျွန်တော်တို့ရဲ့ ကရင်အမျိုးသား စည်းလုံးညီညွတ်မှုအားနဲ့ ဆက်လက်ပြီးတော့ တတပ်တအား ပါဝင်ပြီး ဆောင်ရွက်နိုင်လိမ့်မယ်လို့ အတိအလင်း ယုံကြည်တဲ့အတွက်ကြောင့်မို့လို့ အဲ့ဒီ ကိုယ်စားလှယ်များအားလုံးကို ကြိုတင်ပြီးတော့ ကျေးဇူးတင်ကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။

## ကျေးဇူးတင်စကား

## မန်းထိန်ဝင်းစိန်
**(ဦးဆောင်ကော်မတီ)**

လေးစားအပ်တဲ့ သဘာပတိအဖွဲ့ဝင်များနဲ့ KNDCC အမှုဆောင်ကော်မတီ၊ ကျင်းပရေးကော်မတီ ဒေသအသီးသီးက Focal Person များ၊ ဒေသအသီးသီးက ပါဝင်ဆွေးနွေး အကြံပြုဖြည့်စွက်ဖို့ လိုက်လာကြတဲ့ ကရင်အမျိုးသားခေါင်းဆောင်များ၊ ဒီအစည်းအဝေးဖြစ်မြောက်ဖို့အတွက် အားဖြည့်ကူညီပေးတဲ့ နည်းပညာ အထောက်အကူပြုတဲ့အဖွဲ့များ၊ ပညာရှင်များ၊ ရုံးအဖွဲ့များအားလုံးအပြင် အစည်းအဝေးများ ပြီးတဲ့အခါ အဆင်ပြေပြေနဲ့ Tea Break ကို ပြင်ဆင်ပေးတဲ့ အဖွဲ့ဝင်များ၊ နံနက်စာ၊ နေ့လည်စာ၊ ညနေစာ အစစအရာရာ ရာသီဥတု အခက်အခဲများကြားထဲက အဆင်ပြေအောင် ဆောင်ရွက်ပေးခဲ့တဲ့ ချက်ပြုတ်ရေးအဖွဲ့များ၊ ကျွေးမွေးရေးအဖွဲ့များ ဒါ့အပြင် ရာသီဥတုအခက်အခဲ ရှိသော်လည်း အဆင်ပြေပြေ ပို့ဆောင်ပေးသော ကျွန်တော်တို့ ဇရာဝတီက တည်းခိုတဲ့နေရာမှာ ဝေးသော်လည်းပဲ အစည်းအဝေးကို အချိန်မီရောက်ရှိနိုင်ရေး၊ ပြန်နိုင်ရေး အစည်းဝေးပြီးတဲ့အခါ ထမင်းလာစားဖို့ အခက်ခဲဖြစ်တဲ့အခါ ထမင်းများကို သယ်ယူပို့ဆောင်ပေးသော မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ၊ စီစဉ်ပေးတဲ့ အဖွဲ့ဝင်လူကြီးများ၊

အခမ်းအနားတစ်ခုလုံး စနစ်ကျကျနဲ့ အောင်အောင်မြင်မြင် ဆောင်ရွက်ပေးတဲ့ ကြီးကြပ်သူများအားလုံး အပြင် ကရင်အမျိုးသားများရဲ့ ကရင်နိုင်ငံရေး သမိုင်းမှတ်တိုင်တစ်ခုကို လေ့လာအကြံပေး ဆုံးဖြတ်ချက်ချ ရယူနိုင်အောင် ဒေသအသီးသီးက မိမိဒေသမှာ ခက်ခက်ခဲခဲ လုပ်လို့မဖြစ်တဲ့ကိစ္စကို ဒီနေရာမှာဖြစ်အောင် အစည်းအဝေး ပီပီပြင်ပြင်ဖြစ်အောင် တာဝန်ယူ ဆောင်ရွက်ပေးပြီးတော့ နေရာထိုင်ခင်း၊ အစစအရာရာ မီး၊ အဆောက်အဦးကအစ လိုလေသေးမရှိအောင် တာဝန်ယူဆောင်ရွက် ပေးတဲ့ KNU ကရင်အမျိုးသား အဖွဲ့အစည်းရဲ့ ဗဟိုဌာနချုပ်သော်လည်းကောင်း အခြားအခြားသော တပ်မဟာများအဖွဲ့၊ အခြား ကျေးဇူးတင်ထိုက်သူများ အားလုံးနဲ့ ကျွန်တော်မမှတ်မိတဲ့ အခြား ပုဂ္ဂိုလ်များအားလုံးကို ဗိုလ်မှူးကြီး စောကျော်ညွှန့် ကျေးဇူးတင်ခြင်းမျိုးထက် မနိမ့်သော ကျေးဇူး တင်ခြင်နဲ့ ကျေးဇူးတင်ပါတယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

## ဒုတိယအကြိမ်

# ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှ ရရှိသည့် အဆိုပြုစာတမ်းများ

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံ တတိယအစည်းအဝေးသို့ တင်သွင်းသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လူမျိုးအလိုက် ကျင်းပသော ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှ ရရှိသည့်

## နိုင်ငံရေးကဏ္ဍ မူဝါဒ အဆိုပြုစာတမ်း

**၂၀၁၈ ခုနှစ်၊ ဖွန်လ ၁၂ ရက်၊ လော်ခီးလာ**

### ၁။ တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ခြင်းဆိုင်ရာ အခြေခံမူများ

တိုင်းရင်းသားလူနည်းစုများ ဆိုသည်မှာ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်း လူဦးရေအရ အနည်းငယ်သာ နေထိုင်သော တိုင်းရင်းသားလူမျိုး အသီးသီးကို ဆိုလိုသည်။

ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များနှင့် ပထဝီအခြေခံသော အမျိုးသားများ ပြည်နယ် (ပြည်နယ်/တိုင်း) အတွင်း နေထိုင်သည့် တိုင်းရင်းသားလူမျိုး လူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် မြှင့်တင်ခြင်းကို ဆိုလိုခြင်း ဖြစ်သည်။

တိုင်းရင်းသား လူနည်းစု အခွင့်အရေး ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် မြှင့်တင်ခြင်းများကို အောက်ပါအခြေခံမူများဖြင့် ဥပဒေ ပြဋ္ဌာန်းပေးရမည်။

### တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ခြင်းဆိုင်ရာ အခြေခံမူများ

(က) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို ကျင့်သုံးသော ပြည်ထောင်စုတွင် ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများကို အပြည့်အဝ ကာကွယ်ပြဋ္ဌာန်းပေးရမည်။

(ခ) တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်နိုင်ရန် သက်ဆိုင်ရာ တိုင်းရင်းသား လူနည်းစုများ၏ လူဦးရေအနည်းအများ၊ နေထိုင်ရာဒေသ အကျယ်အဝန်း စသည်တို့ကို ထည့်သွင်းစဉ်းစား၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် အမျိုးသားနယ်မြေများကို သတ်မှတ်ချက်နှင့်အညီ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းပေးရမည်။

(ဂ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် အမျိုးသားနယ်မြေများ၏ လုပ်ပိုင်ခွင့်အာဏာ အဆင့်ဆင့်ကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေများတွင်

တိကျစွာ သတ်မှတ်ပြဋ္ဌာန်းပေးရမည်။

(ဃ) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များတွင် ပြန့်ကျဲစွာနေထိုင်၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် အမျိုးသားနယ်မြေများ ဖွဲ့စည်းနိုင်ရန် သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသော တိုင်းရင်းသား လူနည်းစုများကို ပြည်နယ်အစိုးရအဆင့်ဆင့်တွင် ကိုယ်စားပြုနိုင်ရန် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းပေးရမည်။

(င) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို ကျင့်သုံးသော ပြည်ထောင်စုတွင် ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်များအတွင်း နေထိုင်ကြသော ဌာနေတိုင်းရင်းသား လူနည်းစုများ၏ အမျိုးသားရေးဆိုင်ရာ စုပေါင်းအခွင့်အရေးများကို အပြည့်အဝ ကာကွယ်ပြဋ္ဌာန်းပေးရမည်။

(စ) တိုင်းရင်းသားလူနည်းစုများ၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများအရ လုပ်ကိုင်စားသောက်လာခဲ့ကြသော ဥယျာဉ်ခြံမြေများ၊ မြေယာများ၊ သစ်တောများ၊ စားကျက်မြေများ၊ မြစ်ချောင်း အင်းအိုင်များ၊ ပင်လယ်ရေပြင်များ၊ ပိုင်နက်နယ်မြေများ၊ သဘာဝ သယံဇာတများနှင့် ပတ်သက်သော ဌာနေတိုင်းရင်းသားများ၏ မြေအသုံးချမှုများနှင့် စုပေါင်းရပိုင်ခွင့်များအား သက်ဆိုင်ရာ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်း ပေးရမည်။

(ဆ) အစိုးရကျောင်းများ၏ ပညာရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းများသည် ဘာသာရေးကို အခြေမခံသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုသည့် သက်ဆိုင်ရာ တိုင်းရင်းသားများ၏ သမိုင်း၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ လူမှုဘဝနှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်းများကို ထည့်သွင်းရေးဆွဲရမည်။

(ဇ) ဖွံ့ဖြိုးမှုနောက်ကျခြင်း၊ စွမ်းဆောင်နိုင်မှုအခြေအနေ နိမ့်ပါးခြင်း၊ နိမ့်ချဖယ်ကြဉ်ခြင်း ခံထားရသော တိုင်းရင်းသားလူနည်းစုများကို ပြည်နယ်ဥပဒေပြုလွှတ်တော်ကဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်ကဖြစ်စေ ဥပဒေပြုပြဋ္ဌာန်း၍ အထူးစီမံဆောင်ရွက်ချက်များဖြင့် အကာအကွယ်ပေးခြင်း၊ ဖွံ့ဖြိုးမှုနှင့် စွမ်းဆောင်မှုမြှင့်တင်ခြင်းဆိုင်ရာ စီမံဆောင်ရွက်မှုများ ပြုလုပ်ပေးရမည်။

(ဈ) တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ (၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်) ကို ပြဋ္ဌာန်းကျင့်သုံးနေသကဲ့သို့ ကုလသမဂ္ဂ၏ ဌာနေ တိုင်းရင်းသား လူမျိုးများ အခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်း (UNDRIP)ပါ ပြဋ္ဌာန်းချက်များကိုလည်း ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အစိုးရအသီးသီးက လေးစား လိုက်နာကျင့်သုံး ဆောင်ရွက်ရမည့်။

## ၂။ အခြေခံလူ့အခွင့်အရေးနှင့် ကျား/မ ဆိုင်ရာ တန်းတူညီမျှမှု (Human Rights and Gender Equality)

နိုင်ငံတစ်နိုင်ငံတွင် သက်ဆိုင်ရာ အစိုးရအဆင့်ဆင့်သည် နိုင်ငံနယ်နမိတ်အတွင်း နေထိုင်ကြသည့် လူသားတိုင်းနှင့်ပတ်သက်သည့် နိုင်ငံတကာမှ လက်ခံထားသော လူ့အခွင့်အရေး စံချိန်စံနှုန်းများကို ကာကွယ်ပေးရန်နှင့် ဖြည့်ဆည်းပေးရန် အဓိကတာဝန်ရှိသည်။

လူမျိုး၊ ဘာသာရေးအယူဝါဒ၊ အသားအရောင်၊ လိင်ကွဲပြားမှုကို အခြေခံသော ခွဲခြားဆက်ဆံခြင်း မရှိစေဘဲ အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေးတို့ကို ကာကွယ် ပြဋ္ဌာန်းပေးရမည်။

## (က) အခြေခံလူ့အခွင့်အရေး

(၁) ပြည်ထောင်စုနိုင်ငံသားအဖြစ် ခံယူထားသော နိုင်ငံသားတိုင်းသည် နိုင်ငံသားများ၏ အခြေခံအခွင့်အရေး (ဃငအငဖနည၂ငါ့အျ) များကို အပြည့်အဝ ခံစားခွင့် ရှိစေရမည်။

(၂) နိုင်ငံသားတိုင်း၏ မွေးရာပါ ရပိုင်ခွင့်ဖြစ်သော အခြေခံလူ့အခွင့်အရေးများကို မည်သည့် အခြေအနေတွင်မဆို ဖောက်ဖျက်ကျူးလွန်ခြင်းနှင့် ရပ်သိမ်းခြင်းမရှိစေရ။

(၃) ပြည်ထောင်စုနှင့် ပြည်နယ်မှ မဏ္ဍိုင်ကြီး (၃) ရပ်သည် ပြည်သူလူထု တစ်ဦးချင်းစီ၏ ရပိုင်ခွင့်များဖြစ်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်းပါ အခွင့်အရေးများကို ကာကွယ်ဖြည့်ဆည်းပေးရမည်။

(၄) လူ့ဂုဏ်သိက္ခာနှင့် ဆက်စပ်နေသော လူ့အခွင့်အရေးများဖြစ်သည့် နိုင်ငံသား အခွင့်အရေး၊ နိုင်ငံရေးအခွင့်အရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို ပြဋ္ဌာန်းပေးရမည်။

## (ခ) ကျား/မဆိုင်ရာ တန်းတူညီမျှမှု

(၁) ကျား/မ ဆိုင်ရာ လိင်ကွဲပြားမှုကို အခြေခံသည့် ခွဲခြားဆက်ဆံမှုများအား လုံးဝ ပိတ်ပင်ဟန့်တားထားရမည်။

(၂) ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် မိသားစု အစရှိသည့် ကဏ္ဍနယ်ပယ်အသီးသီး၌ ကျား–မ တန်းတူ အခွင့်အရေး ရှိစေရမည်။

(၃) ကျား–မ တန်းတူညီမျှမှု ဖော်ဆောင်နိုင်ရေးအတွက် ဖက်ဒရယ်ပြည်ထောင်စု၏ အဆင့်ဆင့်သော ဥပဒေပြုရေးကဏ္ဍတွင် အမျိုးသမီး အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်စေရန် စီမံဆောင်ရွက်ရမည်။

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးသို့ တင်သွင်းသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လူမျိုးအလိုက် ကျင်းပသော ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှ ရရှိသည့်

## စီးပွားရေးကဏ္ဍ မူဝါဒ အဆိုပြုစာတမ်း

၂၀၁၈ ခုနှစ်၊ ဖွန်လ ၁၂ ရက်၊ လော်ခီးလာ

### ၁။ ဖက်ဒရယ်စနစ်ဆိုင်ရာ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ

### (က) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ အခန်းကဏ္ဍဆိုင်ရာအခြေခံမူများ

(၁) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အစိုးရများသည် ပြည်နယ်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ပြည်နယ်ဆိုင်ရာ ရသုံးခန့်မှန်းငွေ (Budget) ရေးဆွဲခွင့်၊ အခွန်ဘဏ္ဍာ ကောက်ခံပိုင်ခွင့် (Revenue Raising) နှင့် ခွဲဝေ သုံးစွဲပိုင်ခွင့် (Expenditure) အပြည့်အဝ ရှိရမည်။

(၂) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် မြေယာနှင့်သဘာဝအရင်းအမြစ် ပိုင်ဆိုင်ခွင့်၊ ထုတ်ယူသုံးစွဲခွင့်၊ စီမံခန့်ခွဲခွင့်နှင့် ထိန်းသိမ်းကာကွယ်ခွင့်ဆိုင်ရာ လုံလောက်သော အခွင့်အာဏာများ ရှိရမည်။

(၃) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အစိုးရများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များသည် ပြည်နယ်များ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာအစိုးရများနှင့် အဖွဲ့အစည်းများထံမှ ချေးငွေ၊ ထောက်ပံ့ငွေနှင့် နည်းပညာအထောက်အကူများ ရယူပိုင်ခွင့်ရှိရမည်။ ထိုသို့ရယူရာ၌ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ ညှိနှိုင်းဆောင်ရွက်ရမည်။

(၄) ပြည်နယ်အစိုးရအနေဖြင့် မိမိပြည်နယ်အတွင်းရှိ ပြည်သူလူထု၏ အကျိုးစီးပွားအတွက် ဦးစားပေးဆောင်ရွက်ရမည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်နှင့် မူဝါဒများ (State Economic Development Plan and Policy) ကို ရေးဆွဲချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်နယ်သူပြည်နယ်သားများ၏ ဆန္ဒသဘောထားကို အခြေခံ၍ လွတ်လပ်စွာ ဖော်ဆောင်ပိုင်ခွင့်ရှိရမည်။

(၅) ပြည်နယ်များအသီးသီးတွင် မြေယာများ ပြန်လည်ပြုပြင် ဖော်ထုတ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးခြင်းတို့အတွက် လုံလောက်သော လုပ်ပိုင်ခွင့်အာဏာများ ပြည်နယ်အစိုးရများတွင် ရှိရမည်။ ထိုလုပ်ပိုင်ခွင့် အာဏာများကို ကျင့်သုံးရာ၌ အခြား

ပြည်နယ်များနှင့် ဒေသများအပေါ် သိသာသည့် အကျိုးဆက်များ ရှိစေနိုင်သည့် အနေအထားတွင် ပြည်ထောင်စု အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ခွင့်ပြုချက် ချပေးရေး လုပ်ငန်းစဉ်တွင် ပါဝင်နိုင်မည့် အခန်းကဏ္ဍတစ်ရပ် ရှိရမည်။

(၆) ပြည်နယ်အစိုးရများသည် ပြည်ထောင်စုအစိုးရနှင့် အာဏာခွဲဝေမှုများ ရှိသကဲ့သို့ ပြည်နယ်များအတွင်း သက်ဆိုင်ရာ ဒေသန္တရ (မြို့နယ်၊ မြို့ အစရှိသည့်) အုပ်ချုပ်ရေးအဆင့်ဆင့်သို့လည်း စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲခွင့်၊ လုပ်ပိုင်ခွင့် အာဏာများရှိရမည်။

(၇) ပြည်နယ်အကျိုးစီးပွားအတွက် အရေးကြီးသည့် ဦးစားပေးကဏ္ဍဆိုင်ရာ စီးပွားရေး မူဝါဒများ (ဥပမာ– စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ စားသောက်ကုန်လုပ်ငန်း၊ ရေလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ နယ်စပ်ကုန်သွယ်ရေး၊ အထူးစီးပွားရေးဇုန် အစရှိသည်) ချမှတ်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ပြည်နယ်များရှိ ပြည်သူများမှ တင်မြှောက်သည့် ဒေသန္တရအစိုးရအဖွဲ့ဝင်များ၊ ဥပဒေပညာရှင်များ၊ အတတ်ပညာရှင်များနှင့် အသိပညာရှင်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ ပူးပေါင်းပါဝင်ခွင့်ရှိရမည်။

(၈) ပြည်နယ်အစိုးရများသည် ပြည်ထောင်စုအဆင့် စီးပွားရေးမူဝါဒများ ရေးဆွဲရာတွင် အနှစ်သာရရှိသည့် ပူးပေါင်းပါဝင်နိုင်မှုရှိရမည်။

(၉) ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများအားလုံးသည် သဘာဝနှင့် လူမှုပတ်ဝန်းကျင်၊ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စပ်လျဉ်းသည့် ဥပဒေစံနှုန်းများနှင့်အညီ ဖြစ်စေရမည်။ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများသည် ယင်းဥပဒေ စံနှုန်းများအား လိုက်နာစေရေးအတွက် တာဝန်ရှိသည်။ ယင်းအား လုပ်ဆောင်ရန် ပျက်ကွက်မှုရှိပါက ထိခိုက်ခံစားရသူမှ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရ နှစ်ရပ်စလုံးအား ဥပဒေကြောင်းအရ အရေးယူပိုင်ခွင့်ရှိသည်။

(၁၀) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (Small and Medium Enterprises) သည် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအောက်၌ ရှိရမည်။

(၁၁) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များနှင့် ဒေသန္တရအစိုးရများသည် တစ်နှစ်အတွင်း ရရှိခဲ့သော အခွန်ဘဏ္ဍာများအား နှစ်ကာလ အပိုင်းအခြားအတွင်း သုံးစွဲပြီး ကျန်ရှိနေသေးသည့် ဘဏ္ဍာငွေများကို သက်ဆိုင်ရာ ပြည်နယ်များတွင် နှစ်ကာလ အပိုင်းအခြားတခု ထပ်မံသတ်မှတ်၍ ဆက်လက်သုံးစွဲပိုင်ခွင့် ရှိရမည်။

(၁၂) ပြည်နယ်အစိုးရများသည် သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းခွင် လုံခြုံမှုနှင့်ဆိုင်သည့် စည်းမျဉ်း၊ စည်းကမ်းများကို ပြဋ္ဌာန်းပိုင်ခွင့်အာဏာရှိသည်။

(၁၃) ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများ အားလုံးကို ဝင်ငွေအလိုက် အခွန်ကောက်ခံသည့် ခေတ်မီစနစ်ကျသည့် အခွန်ကောက်ခံသုံးစွဲသည့်စနစ်ကို တည်ဆောက်ရမည့်အပြင်၊ ယင်းစနစ်ကို ထိရောက်အောင်မြင်စွာ စွမ်းဆောင်နိုင်သည့် အစိုးရဌာနများနှင့် ကျွမ်းကျင်သည့် ဝန်ထမ်းများ ရှိရမည်။

(၁၄) ပြည်နယ်နှင့် မြို့ သို့မဟုတ် မြို့နယ်တွင်း ဝန်ဆောင်မှုများကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန်အတွက် သက်ဆိုင်ရာအစိုးရတို့မှ ၎င်းတို့၏ ဝန်ထမ်းများ ခန့်ထားရေးတွင် လွတ်လပ်စွာ စီမံပိုင်ခွင့်ရှိရမည်။

(၁၅) ပြည်နယ်အစိုးရများ၏ ဘဏ္ဍာငွေအရင်းအမြစ်များသည် ၎င်းတို့ အစိုးရယန္တရား တစ်ခုလုံး ကောင်းမွန်စွာ လည်ပတ်နိုင်ရန်အတွက် လိုအပ်သည့် ဘဏ္ဍာငွေနှင့် ကိုက်ညီမှုရှိရမည်။ ပြည်နယ်အစိုးရ ယန္တရားတစ်ခုလုံးအတွက် လိုအပ်သည့် ဘဏ္ဍာငွေ အများစုကို ပြည်နယ် များမှ ကိုယ်တိုင် ကောက်ယူနိုင်ခွင့် ရှိရမည်။ ဘဏ္ဍာငွေများ ပြည့်မီလုံလောက်မှု မရှိပါက ပြည်ထောင်စုအစိုးရထံမှ ရယူပိုင်ခွင့် ရှိရမည်။

## (ခ) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား စီးပွားရေးကဏ္ဍ ဆက်ဆံရေး ဆိုင်ရာ အခြေခံမူများ

(၁၆) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရ နှစ်ရပ်လုံးသည် ၎င်းတို့ စီမံအုပ်ချုပ်ပိုင်ခွင့်ရှိသည့် နယ်မြေအတွင်း ဘဏ္ဍာရေးဆိုင်ရာ မူဝါဒ (ဥပမာ– အစိုးရအသုံးစရိတ်နှင့် ဘဏ္ဍာငွေ) နှင့် စပ်လျဉ်းပြီး သီးခြားလုပ်ပိုင်ခွင့်အာဏာ အပြည့်အဝရှိရမည်။

(၁၇) ပြည်နယ်အစိုးရများအနေဖြင့် အထွေထွေအခွန်များမှရရှိသော အခွန်ဘဏ္ဍာငွေများ၊ သဘာဝ အရင်းအမြစ်များမှရရှိသော အခွန်ဘဏ္ဍာငွေများ၊ ပြည်ထောင်စု အစိုးရထံမှ လွှဲပြောင်းပေး သော အခွန်ဘဏ္ဍာငွေများနှင့် အခြားအခွန်ဘဏ္ဍာငွေများအား ရရှိပိုင်ခွင့် ရှိရမည်။ ၎င်းတို့အစိုးရ အဆင့်ဆင့်ကြား ဘဏ္ဍာငွေများ ခွဲဝေခြင်းနှင့် စပ်လျဉ်းပြီး တိကျမှန်ကန်မှု ရှိသော ပုံမှန်အကဲဖြတ် သုံးသပ်မှုတစ်ရပ်ကို ပြုလုပ်နိုင်ရန် ပြဋ္ဌာန်းချက်များ ရှိရမည်။

(၁၈) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အစိုးရများသည် မိမိတို့ပြည်နယ်များအတွင်း ဝန်ဆောင်မှု များကို ဗဟိုချုပ်ကိုင်မှုမရှိဘဲ သက်ဆိုင်ရာ ပြည်နယ်များ၊ ဒေသန္တရ အစိုးရများမှ တိုက်ရိုက် ဝန်ဆောင်မှုပေးသည့်မူ (Subsidiarity Principle) အတိုင်း ပိုမိုလုပ်ဆောင်ပိုင်ခွင့် ရှိရမည်။ ထိုသို့လုပ်ဆောင်ရာ၌ လုပ်ပိုင်ခွင့်အာဏာများ၊ လုပ်ဆောင်မည့်ကဏ္ဍများနှင့် လုပ်ဆောင်ရ မည့် အတိုင်းအတာများကို တိတိကျကျ သတ်မှတ်ပြီး၊ တာဝန်ခွဲဝေ အကောင်အထည် ဖော် ရမည်။

(၁၉) ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုအဆင့် စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေး မူဝါဒများကို ရေးဆွဲချမှတ်ရာ၌ ပြည်နယ်များ၏ ဝိသေသ အင်္ဂါရပ်များကို ထည့်သွင်း စဉ်းစားရမည်။ ထို့အပြင် နိုင်ငံခြားတိုင်းပြည်များနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရာ တွင်လည်း (ဥပမာ– ဒေသတွင်း အမျိုးသား စင်္ကြန်နှင့် ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာများ– National Corridor and Trade Development Strategies ရေးဆွဲ ချမှတ်ရာ၌) သက်ဆိုင်ရာ အစိုးရများ၊ ဒေသခံ စီးပွားရေးလုပ်ငန်းရှင်များ၊ အခြားသက်ဆိုင်သူ များနှင့် ညှိနှိုင်းကာ လုပ်ဆောင်ရမည်။

(၂၀) သဘာဝအရင်းအမြစ် ကုန်ပစ္စည်း ဈေးနှုန်းများ အတက်အကျဖြစ်ခြင်းကြောင့် အစိုးရအသုံး

စရိတ် လျာထားချက်အား ထိခိုက်မှု မရှိစေရေးအတွက် လိုအပ်သော ပြည်ထောင်စုအဆင့် တည်ငြိမ်ရေးရန်ပုံငွေ တစ်ရပ်အပါအဝင် ငွေကြေးမူဝါဒများ (Monetary Policy)၊ အခြေခံ မူများ ရေးဆွဲရေးတွင် ပြည်ထောင်စုအစိုးရမှ ဦးဆောင်ရမည်။

(၂၁) စီမံကိန်းကြီးများကို အကောင်အထည်ဖော်ရာတွင် ဒေသခံပြည်သူလူထုများအတွက် အလုပ်အကိုင် ဖော်ထုတ်ပေးခြင်း၊ အခွန်ဘဏ္ဍာငွေတိုးစေခြင်း စသည့် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေရမည်။ ထို့အပြင် လုပ်ငန်းခွင့်ပြုမိန့်ပေးရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး အကျိုးသက်ရောက်မှု ဆန်းစစ်ချက်များ (Environmental and Social Impact Assessments – ESIAs) အစီရင်ခံစာ၊ သက်သေပြနိုင်သော လေ့လာသုံးသပ်ချက်များ (Evidence-based Analyses) အပါအဝင် ပြည်သူများနှင့် ဆွေးနွေးတိုင်ပင်မှုရလဒ်အပေါ်တွင် အခြေခံ၍ ဆုံးဖြတ်ရမည်။

(၂၂) ဒေသအတွင်း စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရများသည် ဒေသခံ ပြည်သူလူထုများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ (Moral and Physical Conditions) ထိခိုက်မှုမရှိအောင် ကြီးကြပ်ရန် တာဝန်ရှိသည်။ ဆိုးကျိုးများ ဖြစ်ပေါ်လာပါက အရေးယူ ဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ရန် ပြည်နယ်အစိုးရများတွင် လုပ်ပိုင်ခွင့်အာဏာ ရှိရမည်။

(၂၃) အစိုးရချိတ်ပိတ်တင်ဒါများ ခေါ်ယူရာတွင် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရ တို့သည် တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရမည်ဖြစ်ပြီး ကုန်ကျစရိတ်များ နှင့် အကျိုးအမြတ်များကို အထိရောက်ဆုံး လုပ်ဆောင်နိုင်မည့် ဒေသခံတိုင်းရင်းသားများကို ဦးစားပေး ရွေးချယ်ရမည်။

(၂၄) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရ နှစ်ရပ်စလုံးမှ ကောက်ခံရရှိသော အခွန်ငွေများ၊ ၎င်းတို့ အသုံးပြုမည့် အသုံးစရိတ်များနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ပြည်သူ လူထုမှ သိရှိပိုင်ခွင့် ရှိရမည် (Right to know)။ အစိုးရအသုံးစရိတ်များနှင့် ဘဏ္ဍာငွေများ အားလုံးကို 'အစိုးရ အသုံးစရိတ် လျာထားချက်နှင့် အမှန်တကယ် အသုံးစရိတ်မှတ်တမ်းများ' (government budgets and expenditure records) တွင် ထည့်သွင်းဖော်ပြရမည်။ ထိုမှတ် တမ်းများကို ပြည်သူလူထုများ သိရှိနိုင်အောင် ထုတ်ဖော်ပေးရမည်။

## ၂။ ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များဆိုင်ရာ အခြေခံမူများ

(က) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပွင့်လင်းမြင်သာစွာနှင့် ထိရောက်စွာ ဖော်ဆောင်နိုင်ရေး အတွက် ဒေသန္တရအစိုးရကို ဒေသခံပြည်သူများမှ တိုက်ရိုက်ရွေးချယ်ခွင့် ရှိရမည်။

(ခ) ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်ပေါ်စေရန် ဒေသန္တရအစိုးရမှ လိုအပ် သည့် စည်းမျဉ်းဥပဒေများ ချမှတ်ပေးရမည်။

(ဂ) ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ဒေသခံပြည်သူများ

အနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခွင့် အပြည့်အဝရှိရမည်။

(ဃ) ဒေသန္တရဖွံ့ဖြိုးရေးကို ဖော်ဆောင်ရာတွင် အသုံးပြုမည့်ဘဏ္ဍာရေး အထောက်အပံ့ အစီအစဉ်များကို အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ အတူတကွ ကြီးကြပ်စီမံခန့်ခွဲရမည်။

(င) အမျိုးသားစီးပွားရေးမူဝါဒနှင့် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများချမှတ်ရာတွင် ဒေသန္တရအစိုးရမှ ပါဝင်ရေးဆွဲခြင်း၊ ဆုံးဖြတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်ကို ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းပေးရမည်။

(စ) ဒေသန္တရအစိုးရများသည် နိုင်ငံတကာနှင့် ပုဂ္ဂလိက အလှူရှင်များ၏ အကူအညီများ ရယူနိုင်ရေးအတွက် ပြည်နယ်အစိုးရ၏ ပံ့ပိုးမှုဖြင့် လိုအပ်သည့် မူဝါဒများ ရေးဆွဲနိုင်သည်။

(ဆ) သမရိုးကျဒေသထွက်ကုန် ထုတ်လုပ်ရေးလုပ်ငန်းများကို တန်ဖိုးတိုးမြှင့်ထုတ်ကုန် (Value-added Products) အဆင့်သို့ မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည့် ပံ့ပိုးကူညီမှုများကို ဒေသန္တရအစိုးရမှ လုပ်ဆောင်ရမည်။

(ဇ) ဒေသတွင်း စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပြည်နယ်အစိုးရနှင့် ဒေသန္တရအစိုးရများသည် (ဥပမ – တင်ဒါခေါ်ယူရာ၌လည်းကောင်း၊ လုပ်ငန်းလိုင်စင်များ ချပေးရာ၌လည်းကောင်း) ဒေသခံတိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များကို ဦးစားပေးရမည်။

(ဈ) စက်မှုလက်မှုဆိုင်ရာ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (Micro, Small and Medium-sized Enterprises - MSMEs) ကို ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် ထောက်ပံ့မှုများကို ဒေသန္တရအစိုးရများမှ လုပ်ဆောင်ပေးရမည်။

(ည) စီမံကိန်းကြောင့် အကျိုးသက်ရောက်ခံရသော ဒေသခံပြည်သူများသည် လွတ်လပ်စွာ သတင်းရယူခွင့်နှင့် သတင်းအချက်အလက် သိရှိပိုင်ခွင့် အပြည့်အဝရှိရမည်။ ထို့ပြင် စီမံကိန်း မစတင်မီအချိန်တွင် ဒေသခံများမှ ကြိုတင်သိရှိ၍ နားလည်သဘောပေါက်ကာ လွတ်လပ်စွာ ဆုံးဖြတ်သော သဘောတူညီမှု မူ (Free, Prior, and Informed Consent - FPIC) ကို စီမံကိန်း အကောင်အထည်ဖော်သူမှ ကျင့်သုံးရမည်။

(ဋ) ဒေသန္တရအစိုးရများသည် ဒေသစီးပွားရေးကို အကောင်အထည်ဖော်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်၍ ပြန်လည်ဖြည့်ဆည်းပေးနိုင်သော စွမ်းအင်ကို ဦးစားပေးခြင်း ရှိရမည်။

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးသို့ တင်သွင်းသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လူမျိုးအလိုက် ကျင်းပသော ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှ ရရှိသည့်

## လူမှုရေးကဏ္ဍ မူဝါဒ အဆိုပြုစာတမ်း

**၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်၊ လော်ခီးလာ**

### ၁။ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး (Resettlement and Rehabilitation)

(၁) မူလက မွေးရာပါ နိုင်ငံသားဖြစ်ခဲ့ကြသော တိုင်းရင်းသားလူမျိုး ဒုက္ခသည်များ၊ ပြည်တွင်းနေရပ် စွန့်ခွာရသူများ၊ ၎င်းတို့မှဆင်းသက်လာသော သားသမီးများသည် မွေးရာပါ နိုင်ငံသားအခွင့်အရေးနှင့် တန်းတူအခွင့်အရေးများကို တရားဥပဒေနှင့်အညီ အပြည့်အဝ ခံစားခွင့် ရှိရမည်။ အခြေခံမူ (Guiding Principles)

(၂) ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ် စွန့်ခွာရသူများ၏ ရရှိထားပြီးသော အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပညာရပ်များကို အသိအမှတ်ပြု လက်ခံရမည်။ အခြေခံမူ (Guiding Principles)

(၃) မူလက မွေးရာပါ နိုင်ငံသားဖြစ်ခဲ့ကြသော တိုင်းရင်းသားလူမျိုး ဒုက္ခသည်များ၊ ပြည်တွင်းနေရပ် စွန့်ခွာရသူများသည် စွန့်ခွာမသွားခင်က နေထိုင်ခဲ့သော ရွာမြေ၊ စားမဦးချ လုပ်ကိုင်ပိုင်ဆိုင်ခဲ့သော လယ်ယာ၊ ဥယျာဉ်ခြံမြေများကို ပြန်လည် ပိုင်ဆိုင်ခွင့်၊ မှတ်ပုံတင်ခွင့်၊ လုပ်ကိုင်ခွင့် ရှိစေရမည်။ ၎င်းတို့ ဆုံးရှုံးခဲ့သော အိုးအိမ်၊ မြေယာ၊ လယ်ယာ၊ ခြံမြေများအတွက် ကာလတန်ဖိုးနှင့်အညီ ပြန်လည်အစားထိုးပေးရန် (သို့မဟုတ်) နစ်နာမှုကို ပြန်လည်ပေးဆောင်ရမည်။ မူဝါဒ (Policy)

### ၂။ လူမှုကာကွယ်စောင့်ရှောက်ရေး (Social Protection)

(၄) လူမှုဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် အမျိုးသမီးများသည် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းတွင် ပါဝင်စေရမည်။ အခြေခံမူ (Guiding Principles)

(၅) လူတို့၏ ပြုမူဆောင်ရွက်မှုနှင့် သဘာဝကြောင့်ဖြစ်ပေါ်သော ဘေးအန္တရာယ်များ တားဆီးကာကွယ်ရေး၊ ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံ ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသော လူမှုအသိုက်အဝန်းတစ်ရပ် ဖြစ်ပေါ်စေရေးနှင့် ဘေးဒဏ်ခံစားရသော ပြည်သူများအတွက် ပိုမို

ကောင်းမွန်သည့် လူနေမှုဘဝရရှိစေရေးအတွက် ထိရောက်သော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များ၊ မဟာဗျူဟာ၊ နည်းဗျူဟာများ ကြိုတင် ချမှတ်ဆောင်ရွက်ရမည်။ မူဝါဒ (Policy)

(၆) နိုင်ငံသားတိုင်း အလုပ်အကိုင် လွတ်လပ်စွာ ရွေးချယ်ခွင့်၊ ထိုက်တန်သော လုပ်ခလစာ ခံစားခွင့်၊ ခွင့်ရက်များ ခံစားခွင့်နှင့် အနားယူ အပန်းဖြေခွင့်၊ လုပ်ငန်းခွင်ဆိုင်ရာ လုံခြုံရေးနှင့် ထိခိုက်နစ်နာမှုခံစားခွင့်၊ သမဂ္ဂများထူထောင်ခွင့်၊ ပါဝင်ခွင့်ရှိရမည်။ မူဝါဒ (Policy)

(၇) ပြည်တွင်းပြည်ပ ရွှေ့ပြောင်းလုပ်သားများ၏ လူမှုဘဝဖူလုံရေးနှင့် လုံခြုံရေးတို့အတွက် အပြည့်အဝ ကာကွယ်စောင့်ရှောက်ရမည်။ မူဝါဒ (Policy)

(၈) လူတိုင်းအကျုံးဝင် ပညာရေးစနစ် ဖော်ဆောင်ရမည်။ အထူးသဖြင့် မသန်စွမ်းများအတွက် လိုက်လျောညီထွေမှုရှိပြီး ထိရောက်အကျိုးရှိသော ပညာရေးစနစ်ဖြစ်ရမည်။ မူဝါဒ (Policy)

(၉) မသန်စွမ်းသူများ၊ သက်ကြီးသူများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင် မိခင်များအပါအဝင် အမျိုးသမီးများ၊ ကျား/မရေးရာ တန်းတူဖြစ်ရေးနှင့် စပ်လျဉ်း၍ အခွင့်အရေးများ အပြည့်အဝ ရရှိရေးအတွက် အထူးဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရမည်။ မူဝါဒ (Policy)

## ၃။ လူမှုအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေး (Community Development)

(၁၀) လူသားတိုင်း အခြေခံလူ့အခွင့်အရေး အပြည့်အဝရှိပြီး၊ ဒီမိုကရေစီ စံနှုန်းများနှင့် ညီညွတ်သော လူ့ဂုဏ်သိက္ခာနှင့်အညီ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်မှုရှိသည့် လူမှုအသိုက်အဝန်း တစ်ရပ် ဖော်ဆောင်ရမည်။ အခြေခံမူ (Guiding Principles)

(၁၁) တိုင်းရင်းသားများနေထိုင်ရာ ဒေသများတွင် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာ၌ ဒေသခံတိုင်းရင်းသားများကိုယ်တိုင် စီမံအုပ်ချုပ်ခွင့်၊ ဆုံးဖြတ်ခွင့်နှင့် ဦးဆောင်ခွင့် ရှိရမည်။ အခြေခံမူ (Guiding Principles)

(၁၂) ဒေသလိုအပ်ချက်နှင့်ကိုက်ညီသည့် ဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းများကို လုပ်ဆောင် ရာတွင် ဒေသခံပါဝင်မှု အလေးထားခြင်းစနစ်နှင့် ထိခိုက်ကင်းဝေးရေး မူဘောင် (Do no Harm Framework) ကို အခြေပြု၍ ပါဝင်ပတ်သက်သူများ (Stakeholders) အားလုံး၏ ဆုံးဖြတ်ချက်များနှင့်အတူ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုများ ရှိရမည်။ အခြေခံမူ (Guiding Principles)

(၁၃) လူမှုဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် လူမှုသဟဇာတ (Social Cohesion) သဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းစဉ်းစား ဆောင်ရွက်ရမည်။ အခြေခံမူ (Guiding Principles)

(၁၄) ဒေသဖွံ့ဖြိုးတိုးတက်မှု၊ ဒေသခံလူထုအတွက် တရားမျှတမှုနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်မှုများအကြား သဟဇာတဖြစ်စေရန် စနစ်တကျ ဆောင်ရွက်ရမည်။ မူဝါဒ (Policy)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးသို့ တင်သွင်းသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လူမျိုးအလိုက် ကျင်းပသော ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှ ရရှိသည့်

# မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒ အဆိုပြုစာတမ်း

၂၀၁၈ ခုနှစ်၊ ဖွန်လ ၁၂ ရက်၊ လော်ခီးလာ

## နိဒါန်း

မြေယာပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှု၊ အကာအကွယ်ပေးမှု အစီအမံများအပါအဝင် မြေယာနှင့် သဘာဝ ပတ်ဝန်းကျင်ကဏ္ဍ မူဝါဒများပြဋ္ဌာန်းရာတွင် အောက်ပါလမ်းညွှန်မှုများကို အခြေခံ၍ ရေးဆွဲရမည်။

## လမ်းညွှန်မှုများ

၁။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်–NCA အခြေခံမူ (၁–က) အရ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသော မြေယာ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍဆိုင်ရာမူဝါဒများ ချမှတ်ရန်။

၂။ မြေယာမူဝါဒရေးဆွဲရာတွင် လူ့အခွင့်အရေးစံနှုန်းများ၊ နိုင်ငံတကာစံနှုန်းများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စံနှုန်းများကို ထည့်သွင်းစဉ်းစားရေးဆွဲရန်။

၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရမှ လက်မှတ်ရေးထိုးထားသော အပြည်ပြည်ဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်စာတမ်းများ (CEDAW, CRC, ICESCR) နှင့် အသိအမှတ်ပြု လေးစားလိုက်နာအပ်သော ကြေညာစာတမ်းများ (UNDRIP, UDHR)။

၄။ VGGT-Voluntary Guidelines on the Responsible Governance of Tenure of Land, Fishery and Forest, In the Context of National Food Security-FAO အပါအဝင် လိုက်နာရန် ကတိကဝတ်ပြုထားသော နိုင်ငံတကာစာတမ်းများ။

## ရည်ရွယ်ချက်

လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော၊ ဒီမိုကရေစီ နှင့် ဖက်ဒရယ်ကို အခြေခံသော မြေယာမူဝါဒများ ချမှတ်နိုင်စေရန်။

## မြေယာနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲရေးနှင့် ခွဲဝေခြင်းဆိုင်ရာ ကိစ္စရပ်များ

### အခြေခံမူများ

၁။ နိုင်ငံလုံးဆိုင်ရာ ဘက်ညီမျှတသည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေသည့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု မြေယာမူဝါဒ ဖြစ်စေရန်။ (ပြည်ထောင်စု သဘောတူညီချက်)

၂။ သင့်တော်မျှတ၍ တရားနည်းလမ်းကျမှုကို အခြေခံစေရန်။ (ပြည်ထောင်စု သဘောတူညီချက်)

၃။ ဗဟိုထိန်းချုပ်မှု လျှော့ချသည့် မူဝါဒများ ဖြစ်စေရန်။ (ပြည်ထောင်စု သဘောတူညီချက်)

၄။ မြေယာမူဝါဒရေးဆွဲရာတွင် လူ့အခွင့်အရေး စံနှုန်းများ၊ နိုင်ငံတကာစံနှုန်းများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စံနှုန်းများကို ထည့်သွင်းစဉ်းစားရေးဆွဲရန်။ (ပြည်ထောင်စု သဘောတူညီချက်)

၅။ မြေယာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုနှင့် ရှင်းလင်းသည့် မူဝါဒများ ဖြစ်စေရန်။ (ပြည်ထောင်စု သဘောတူညီချက်)

၆။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် ဒေသခံ များ၏ လိုလားချက်များကို ဦးစားပေး၍ တောင်သူလယ်သမားများ၏ အဓိက လိုအပ်ချက်များကို ဖြည့်ဆည်း ပေးရန်။ (ပြည်ထောင်စု သဘောတူညီချက်)

၇။ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသော မြေယာ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ မူဝါဒများ ချမှတ်ရန်။

### (က) အဓိပ္ပါယ်ဖွင့်ဆိုချက်

မြေယာ (Land) ဆိုသည်မှာ မြေကို ခေါ်ဆိုခြင်းဖြစ်သည်။ မြေ ဆိုသည်မှာ မြေ၊ သစ်တော၊ ရေနှင့် ၎င်းတို့နှင့် ဆက်စပ်သော သဘာဝသယံဇာတ အရင်းအမြစ်များ အားလုံးပါဝင်သည်။

## (ခ) ပိုင်ဆိုင်ခွင့်

(၁) နိုင်ငံသားတိုင်းသည် မြေယာဥပဒေနှင့်အညီ မြေယာပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့် ရှိသည်။ အမျိုးသမီးနှင့် အမျိုးသားတန်းတူညီမျှမှု ရှိရမည်။ (ပြည်ထောင်စု သဘောတူ ညီချက်)

(၂) တိုင်းရင်းသားပြည်သူလူထုသည် နိုင်ငံအတွင်းရှိ မြေ၏ မူရင်းပိုင်ရှင်ဖြစ်သည်။ (လုပ်ငန်းကော်မတီ)

(၃) လူတို့ပြုမူဆောင်ရွက်မှုနှင့် သဘာဝကြောင့် ဖြစ်ပေါ်လာသော ဘေးအန္တရာယ်များကြောင့် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်ရသူများ (IDPs) နှင့် ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် ဒုက္ခသည် (Refugees) များအတွက် ၎င်းတို့ စွန့်ခွာခဲ့ရသော မူလမြေပိုင်ဆိုင်ခွင့် ရှိရမည့်အပြင် ဆုံးရှုံးခဲ့သောမြေများအတွက် ပြန်လည်အစားထိုး မြေများ ချထားပေးရမည်။

(၄) ဌာနေတိုင်းရင်းသားများသည် မိရိုးဖလာ ဓလေ့ထုံးတမ်းအစဉ်အလာအရ တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း မြေပိုင်ဆိုင်ခွင့်ရှိသည်။

(၅) နိုင်ငံသားတိုင်းသည် အမျိုးသမီး၊ အမျိုးသားတန်းတူ မြေပိုင်ဆိုင်ခွင့်ရှိသည်။

(၆) ဒေသခံတိုင်းရင်းသား ပြည်သူလူထု၏ (မိရိုးဖလာအရ) မြေယာလုပ်ပိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်ကို တရားဝင် အသိအမှတ်ပြုပေးရမည်။ (လုပ်ငန်းကော်မတီ)

မှတ်ချက်။ ။ ဌာနေ၊ ဒေသခံတိုင်းရင်းသား အဓိပ္ပါယ်ဖွင့်ဆိုရန်။

## (ဂ) စီမံခန့်ခွဲခွင့်

(၁) မြေယာပိုင်ဆိုင်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုပြုရာတွင် ဥပဒေနှင့်အညီ အမျိုးသမီးနှင့် အမျိုးသား အခွင့်အရေး တန်းတူညီမျှမှု ရှိစေရန်။ (ပြည်ထောင်စု သဘောတူညီချက်)

(၂) လုပ်ပိုင်ခွင့်ချထားပေးသော မြေယာကို မူလရည်ရွယ်ချက်အတိုင်း သတ်မှတ်ကာလ အတွင်း လုပ်ကိုင်နိုင်ခြင်း မရှိလျှင် နိုင်ငံတော်က ပြန်လည်ရယူရန်နှင့် အမှန်တကယ် လုပ်ကိုင်လိုသူများအား ပြန်လည်ချထားပေးရေး ဆောင်ရွက်စေရန်။ (ပြည်ထောင်စု သဘောတူညီချက်)

(၃) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် မိမိပြည်နယ်နှင့် ကိုက်ညီသည့် ပြည်သူလူထု ပူးပေါင်းပါဝင်မှုရှိသော မြေယာမူဝါဒ၊ ဥပဒေနှင့် နည်းဥပဒေများကို ရေးဆွဲပြဋ္ဌာန်းခွင့် ရှိသည်။ လုပ်ပိုင်ခွင့်အာဏာများကို သက်ဆိုင်ရာပြည်နယ်အစိုးရ သို့မဟုတ် ဒေသန္တရ အစိုးရ၏ လုပ်ပိုင်ခွင့်ဇယားတွင် ထည့်သွင်းပြဋ္ဌာန်းရမည်။

(၄) ပြည်နယ်အစိုးရသည် မိမိပြည်နယ်အတွင်း မြေယာမှတ်ပုံတင်ခြင်း၊ မြေယာပြဿနာ ဖြေရှင်းခြင်း အပါအဝင် မြေယာစီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

(၅) မြေနှင့်ပတ်သတ်သော သတင်းအချက်အလက်များကို တိုင်းရင်းသားပြည်သူလူထုမှ သိရှိရယူပိုင်ခွင့်ရှိရမည်။ (လုပ်ငန်းကော်မတီ)

(၆) မြေယာနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ပြည်သူလူထုမှ လွတ်လပ်စွာ

ရယူပိုင်ခွင့်ရှိရေး ဆက်လက်ဆောင်ရွက်ရန်။ (UPDJC)

(၇) တိုင်းရင်းသားလူမျိုးများ၏ မွေရိုးဖလာ ဓလေ့ထုံးတမ်းအစဉ်အလာအရ မြေပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှု၊ အသုံးပြုမှုစနစ် (မြေ၊ ရေ၊ သစ်တောအပါအဝင် ၎င်းတို့နှင့် ဆက်စပ်နေသော လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ ပတ်ဝန်းကျင်) တို့ကို လွတ်လပ်စွာ ကျင့်သုံးပိုင်ခွင့်နှင့် ၎င်းတို့ကို အသိအမှတ်ပြု ကာကွယ်မြှင့်တင်ပေးရမည်။

(၈) တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းစဉ်လာ မြေယာအသုံးချမှုများကို လေးစား၊ လိုက်နာ အသိအမှတ်ပြု ကာကွယ်မြှင့်တင်ပေးရမည်။ (လုပ်ငန်းကော်မတီ)

(၉) တိုင်းရင်းသားလူမျိုးများ၏ မိရိုးဖလာ ဓလေ့ထုံးတမ်းစနစ်ဆိုင်ရာ မြေယာဥပဒေကို သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများမှ ရေးဆွဲရမည်။

(၁၀) တိုင်းရင်းသားလူမျိုးများမှ ကျင့်သုံးသော မိရိုးဖလာ ဓလေ့ထုံးတမ်းစနစ်ဆိုင်ရာ မြေယာ ဥပဒေကို ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ ဥပဒေများတွင် ထည့်သွင်းရမည်။

(၁၁) မြေယာနှင့်သက်ဆိုင်သော ဖက်ဒရယ်ခုံရုံးကို ပြည်နယ်နှင့် ပြည်ထောင်စုတွင် ထားရှိရမည်။

(၁၂) မိရိုးဖလာ ဓလေ့ထုံးတမ်းဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းခြင်းစနစ်ကို အသိအမှတ်ပြုရမည်။

(၁၃) မိရရိုးဖလာ ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာပြဿနာများ အငြင်းပွားမှုများ ဖြေရှင်းရာတွင် ပြည်သူလူထုခုံရုံးစနစ်ဖြင့် ဦးစားပေးဖြေရှင်းပြီးမှ ပြေလည်မှုမရှိပါက သက်ဆိုင်ရာ တရားရုံးတွင် ဖြေရှင်းရမည်။

(၁၄) မြေစီမံခန့်ခွဲရာတွင် အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်နေသော မြေ၊ ပြည်နယ်တစ်ခုနှင့်တစ်ခု နယ်စပ်ဖြတ်ကျော်မှုဆိုင်ရာ ပြဿနာ အငြင်းပွားမှုများ ဖြေရှင်းသည့် မူဝါဒများနှင့် ယန္တရားများ ချမှတ်ရမည်။

(၁၅) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အစိုးရများ သို့မဟုတ် ဒေသန္တရအစိုးရများသည် မြေနှင့် ပတ်သက်၍ အခွန်ကောက်ခံခြင်း၊ စီမံခန့်ခွဲခြင်း၊ သုံးစွဲခြင်း စသည့် လုပ်ပိုင်ခွင့်များ ရှိသည်။

(၁၆) တိုင်းရင်းသားပြည်သူလူထုက ယင်းတို့ ပိုင်ဆိုင်ထားသည့် မြေယာကို ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ လှဲလှယ်ခွင့်၊ ငှားရမ်းခွင့်၊ အမွေဆက်ခံပိုင်ခွင့်၊ လှူဒါန်းခွင့်နှင့် အခြားနည်းဖြင့် အသုံးပြုလိုပါက ဥပဒေနှင့်အညီ ဖြစ်စေရမည်။ (လုပ်ငန်းကော်မတီ)

(၁၇) ပြည်နယ်နှင့် အမျိုးသားများပြည်နယ်အစိုးရများသည် ပြည်ထောင်စု (အစိုးရ) ၏ မြေယာမူဝါဒနှင့် ပြဋ္ဌာန်းထားသော မြေယာဥပဒေများနှင့်အညီ ဒေသအတွက် မြေယာစီမံခန့်ခွဲမှုကို ကျင့်သုံးရမည်။

(မှတ်ချက် – ဒေသန္တရအစိုးရ ၊ စီးပွားရေးကဏ္ဍနှင့် ချိတ်ဆက်ရန်)

(၁၈) လယ်ယာမြေ အခြားနည်း အသုံးပြုခြင်းနှင့် ပတ်သက်၍ ခွင့်ပြုမိန့်များ သတ်မှတ်ရာတွင် ပြည်နယ်/ အမျိုးသားများပြည်နယ် အဆင့်ဖြင့်သာ ခွင့်ပြုချထားပေးရန်။

(၁၉) မြေယာအငြင်းပွားမှုများ ဖြေရှင်းရန်အတွက် သီးသန့်တရားရုံးများ ထားရှိရန်။ (လုပ်ငန်းကော်မတီ)

## (ဃ) ထုတ်ယူသုံးစွဲခွင့်

## (င) အကျိုးအမြတ် ခံစားခွင့်

## (စ) အကာအကွယ်ပြုရေးဆိုင်ရာ အစီအမံများ

(၁) နိုင်ငံတွင်းရှိ မြေယာများအား တိုင်းရင်းသားပြည်သူလူထုများသာ ပိုင်ဆိုင်ခွင့်ရှိသည်။

(၂) လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် မြေအသုံးပြုရန် လိုအပ်ပါက သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များမှ ဒေသခံပြည်သူလူထုများကို တိုင်ပင်ညှိနှိုင်းပြီး သဘောတူညီချက်ရယူဆောင်ရွက်ရမည်။

(၃) ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ ဆောင်ရွက်ခြင်း မပြုမီ EIA, SIA, HIA, HRIA တို့ကို လုပ်ဆောင်ရာတွင် ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းလုပ်ဆောင်ပြီး ထိုဆန်းစစ်တွေ့ရှိချက်များကို ပွင့်လင်းမြင်သာစွာ တင်ပြရမည်။ ထို့ပြင် ဒေသခံ ပြည်သူလူထုအား လွတ်လပ်စွာ ကြိုတင်အသိပေးခြင်း၊ တင်ပြညှိနှိုင်းခြင်း၊ လုံလောက်သောအချိန်ပေးကာ ဆုံးဖြတ်ချက်များကို ရယူခြင်း (Free, Prior Informed Consent- FPIC) ပြုလုပ်ရမည်။

(၄) မြေယာပေါ်တွင် ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ ဆောင်ရွက်နေစဉ်အတွင်း EMP (Environmental Management Plan) အား လွတ်လပ်၍ ဘက်မလိုက်သောစနစ်တကျ စောင့်ကြည့်လေ့လာသည့် ယန္တရားဖော်ဆောင်ရမည်။

(၅) စီမံကိန်းဆောင်ရွက်ပြီးစီးသည့်အချိန်တွင် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် အပါအဝင်နောက်ဆက်တွဲ ထိခိုက်သက်ရောက်မှုများအား ပွင့်လင်းမြင်သာစွာ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ပြန်လည်ဖြည့်ဆည်းဆောင်ရွက်မှုများ လုပ်ဆောင်ရမည်။

(၆) လက်ရှိစီမံကိန်းများနှင့် ပြီးစီးသွားသော စီမံကိန်းများမှ စွန့်ပစ်/အညစ်အကြေးများကြောင့် မြေနှင့် အသက်မွေးဝမ်းကျောင်း ပျက်စီးဆုံးရှုံးခြင်းအတွက် လျော်ကြေးများ ပေးအပ်ခြင်း၊ ပျက်ဆီးသွားသောမြေ၊ ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်ကို စနစ်ကျသော ပြန်လည်မွမ်းမံခြင်းဆိုင်ရာ အစီအမံများ၊ ပြန်လည်ကုစားသည့် ယန္တရားများ ချမှတ် ဆောင်ရွက်ရမည်။

(၇) နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကြောင့် သိမ်းဆည်းခံရသော မြေယာများအတွက် မြေယာအတန်းစား တူညီသည့် မြေယာများအားဖြင့် ပြန်လည် အစားထိုးပေးအပ်ခြင်း သို့မဟုတ် လျော်ကြေး၊ နစ်နာကြေးများ ပေးအပ်ရာတွင် ဒေသကာလမြေပေါက်ဈေးနှင့် သီးနှံလျော်ကြေး စုပေါင်းပေးအပ်ခြင်းအပြင် ၎င်းတို့၏ မူလ လူနေမှု

ဘဝထက် မနိမ့်ကျစေရန် ကူညီမှုများ ပြုလုပ်ပေးရမည်။

(၈) လူမှုရေး၊ ယဉ်ကျေးမှု၊ သမိုင်းဝင် အမွေအနှစ်နှင့် တိုင်းရင်းသားလူမျိုးများ အထွဋ်အမြတ်ထားသော မြေများ ထိခိုက်ပျက်စီးမှုများ မရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ကြိုးပမ်း ဆောင်ရွက်ရန်။ (ပြည်ထောင်စု သဘောတူညီချက်)

(၉) စီမံကိန်းများနှင့် ပတ်သတ်၍ မြေအသုံးပြုရာတွင် သဘာဝပတ်ဝန်းကျင်၊ ဘာသာရေး၊ ယဉ်ကျေးမှုအရ၊ တိုင်းရင်းသားလူမျိုးများ အထွဋ်အမြတ်ထားသည့် မြေများနှင့် သမိုင်းဝင် အမွေအနှစ်များကို ထိခိုက်ပျက်စီးမှု မရှိရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်။

(၉) လက်ဝါးကြီးအုပ် မြေပိုင်ဆိုင်မှုစနစ် မပေါ်ပေါက်စေရေးအတွက် လူတစ်ဦးချင်းအလိုက် အမြင့်ဆုံး မြေပိုင်ဆိုင်နိုင်မှုပမာဏကို သတ်မှတ်ရမည်။

(၁၀) စားနပ်ရိက္ခာ ဖူလုံရေးအတွက် တိုင်းရင်းသားလူမျိုးများက မိမိတို့၏ မြေပေါ်တွင် သီးနှံများကို လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုးရောင်းချပိုင်ခွင့်ရှိသည်။

(၁၂) သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ ယဉ်ကျေးမှု၊ သမိုင်းဝင် အမွေအနှစ်နှင့် တိုင်းရင်းသားပြည်သူများ၏ အထွဋ်အမြတ်ထားသောမြေများ ထိခိုက်ပျက်စီးမှုများ မရှိစေရန် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရမည်။

(၁၃) နိုင်ငံတွင်းရှိ မြေယာများအား နိုင်ငံခြားသား၊ ဧည့်နိုင်ငံသားများနှင့် တရားမဝင် နေထိုင်သူများအား ပိုင်ဆိုင်ခွင့် မရှိစေရ။ (UPDJC မှ လုပ်ငန်းကော်မတီသို့)

(၁၄) နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကြောင့် သိမ်းဆည်းခံရသောမြေယာများအား လျော်ကြေး၊ နစ်နာကြေးများ ပေးအပ်ရာတွင် ဒေသကာလ မြေပေါက်ဈေးနှင့် သီးနှံလျော်ကြေး စုပေါင်းပေးအပ်ခြင်း (သို့မဟုတ်) မြေယာအတန်းစား တူညီသော မြေယာများအား ပြန်လည်အစားထိုးခြင်း ပေးအပ်ရမည့်အပြင် ၎င်းတို့၏ မူလ လူနေမှုဘဝထက် မနိမ့်ကျစေရန် တာဝန်ယူမှုများ ပြုလုပ်ပေးရမည်။ (UPDJC မှ လုပ်ငန်း ကော်မတီသို့)

(၁၅) မည်သည့် နိုင်ငံခြားသား၊ နိုင်ငံခြားသားပါဝင်သော ကုမ္ပဏီ/အဖွဲ့အစည်းများကို မြေယာပိုင်ဆိုင်ခွင့် မရှိစေရ။ (UPDJC မှ လုပ်ငန်းကော်မတီသို့)

(၁၆) ခေတ်သစ် မြေပိုင်ရှင်ကြီးစနစ် ပေါ်ပေါက်ခြင်း မရှိစေရန် ဖယ်ဒရယ်ပြည်ထောင်စုအစိုးရမှ မြေယာမူဝါဒတွင် ထည့်သွင်းထားရှိရမည်။ (UPDJC မှ လုပ်ငန်းကော်မတီသို့)

(၁၇) သစ်တောများနှင့် လယ်ယာမြေများကို အခြားနည်းဖြင့် အသုံးပြုခြင်းနှင့် ဒီရေတောများ ပျက်စီးစေခြင်း စသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်စေသော လုပ်ရပ်များကို မပေါ်ပေါက်စေရန် အကာအကွယ်ပေးသည့် မူဝါဒ ချမှတ်ဆောင်ရွက်ရမည်။ (UPDJC မှ လုပ်ငန်း ကော်မတီသို့)

## (ဆ) ရေရှည်တည်တံ့ရေးဆိုင်ရာ အစီအမံများ

(၁) မြေယာများကို လက်ရှိ အခြေအနေနှင့် နောင်လာမည့် နှစ်ကာလ အတိုင်းအတာပေါ် မူတည်၍ ဖြစ်ပေါ်ပြောင်းလဲလာမည့် အခြေအနေများနှင့်အညီ ဒေသခံအများစု၏ ဆန္ဒအရ လိုက်လျောညီထွေမှုရှိသည့် ဥပဒေ ပြဋ္ဌာန်း၍ ထိန်းသိမ်းစောင့်ရှောက်ရန်၊
(လုပ်ငန်းကော်မတီ)+

## (ဇ) အထွေထွေ

မြေယာကဏ္ဍဆွေးနွေးရာတွင် လက်ရှိမြေယာအခင်းအကျင်းနှင့် ပတ်သက်၍ လတ်တလော ဆွေးနွေးသင့်သည့် အကြောင်းအရာများ/ မူများ

နိုင်ငံရေးဆွေးနွေးစဉ်ကာလအတွင်း လက်ရှိမြေနှင့် သက်ဆိုင်သည့် မူဝါဒများ၊ ဥပဒေများ ပြုပြင်ပြောင်းလဲသည့် လုပ်ငန်းစဉ်များသည် ငြိမ်းချမ်းရေးတည်ဆောက်ရေးကို အထောက်အကူ ပြုရမည်။ ဤသို့ပြုလုပ်ရာတွင်–

(၁) တိုင်းရင်းသားလူမျိုးများ၏ ဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီမံကိန်းကြီးများ၊ စီးပွားရေးလုပ်ငန်းများ၊ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲခြင်းလုပ်ငန်းများ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် လိုပါက စီမံကိန်းအကြောင်းအရာများကို သက်ဆိုင်ရာ ဌာနေတိုင်းရင်းသား လူမျိုးများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား ပြည့်စုံတိကျစွာ ကြိုတင်ချပြ အသိပေး၍ ညှိနှိုင်းသဘောတူညီချက်ရယူရမည်။

(၂) တိုင်းရင်းသားဒေသများရှိ မြေပိုင်ဆိုင်မှုပုံစံများ တိကျခိုင်မာမှု မရှိသေးသည့် ကာလပတ်လုံး မြေအမြောက်အများ အသုံးပြုမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ရပ်ဆိုင်းထားရမည်။

(၃) လက်ရှိတိုင်းရင်းသားဒေသအတွင်း ဖြစ်ပွားနေသော မြေယာသိမ်းဆည်းခြင်းများနှင့် မြေယာအငြင်းပွားမှုများအား ချက်ချင်းဖြေရှင်းရန် လိုအပ်သည်။ ထိုသို့ ဖြေရှင်းရာတွင် ဒေသခံပြည်သူလူထု၊ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများတို့ အတူတကွ ပူးပေါင်း ဆောင်ရွက်သည့် မြေယာဖြေရှင်းမှုယန္တရားများ ဖွဲ့စည်းပြီး လက်တွေ့ အကောင်ထည်ဖော် ဆောင်ရွက်ရမည်။

(၄) မြေယာပိုင်ဆိုင်မှုနှင့်လုပ်ပိုင်ခွင့်အား အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်နစ်နာခဲ့သော ဒေသခံပြည်သူလူထုများအတွက် ပြန်လည်ကုစားအဖြေရှာသည့် အစီအစဉ်များကို ဘဝ ပြန်လည်ထူထောင်ရန်အတွက် လုံလောက်သည့် ပံ့ပိုးမှုအပါအဝင် နိုင်ငံတကာ စံချိန်စံနှုန်း နှင့်အညီ ချမှတ်အကောင်အထည် ဖော်ဆောင်ရွက်ရမည်။

(၅) နိုင်ငံတကာစံချိန်စံနှုန်းဖြစ်သည့် The Pinheiro principle- United Nations principles on Housing and Properties Restitution for Refugees and Displaced Person နှင့်အညီ

စစ်ဘေးရှောင် ပြည်တွင်းနေရပ်စွန့်ခွာရသူများနှင့် ဒုက္ခသည်များသည် ယင်းတို့ ပိုင်ဆိုင်ခဲ့သော မူရင်းမြေယာများအား ပြန်လည်ရရှိပိုင်ခွင့် (သို့မဟုတ်) ယင်းမြေနှင့် တန်ဖိုးတူညီသည့် မြေယာ ပြန်လည်အစားထိုး ရရှိပိုင်ခွင့်နှင့်အတူ နစ်နာကြေး၊ လျော်ကြေးများ ရပိုင်ခွင့်ရှိသည်။

(၆) တိုင်းရင်းသားဒေသရှိ ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တော၊ အမျိုးသားဥယျာဉ်၊ စက်မှုဇုန်နှင့် အခြားထိန်းသိမ်းရေးနယ်မြေများကြောင့် ဒေသခံပြည်သူလူထု၏ အခွင့်အရေး ထိခိုက်စေခြင်းများကို ပြန်လည်စီစစ်ခြင်းနှင့် ဖြေရှင်းဆောင်ရွက်ခြင်း လုပ်ငန်းများကို နိုင်ငံတကာ စံချိန်စံနှုန်းနှင့်အညီ ချမှတ်သွားရမည်။

(၇) ငြိမ်းချမ်းရေးဆွေးနွေးစဉ်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းမှ ပြည်သူလူထုအား ထုတ်ပေးထားသည့် မြေယာပိုင်ဆိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်တို့ကို သက်ဆိုင်ရာ ပြည်နယ်အစိုးရတို့နှင့် ညှိနှိုင်းပြီး အစိုးရမှ အသိအမှတ်ပြုပေးရမည်။

(၈) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း၏ အုပ်ချုပ်နယ်မြေအတွင်းမှ အသိအမှတ်ပြုထားသည့် ထိန်းသိမ်းရေး နယ်မြေများနှင့် အခြားလူထုပိုင် ထိန်းသိမ်းရေး နယ်မြေများကို အစိုးရမှ အသိအမှတ်ပြုရမည်။ ဒေသခံပြည်သူလူထုများ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုလုပ်ငန်းများ (Community Based Environmental Conservation) အား အစိုးရမှ အသိအမှတ်ပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပြုလုပ်ရမည်။

(၉) မြေယာအသုံးပြုစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လေ့လာစစ်ဆေးနိုင်ရန်အတွက် လွတ်လပ်သော စောင့်ကြည့်လေ့လာရေးယန္တရားထားရှိရမည်။ ယင်းစောင့်ကြည့်လေ့လာရေးယန္တရားတွင် ဘက်မလိုက်သော ပညာရှင်များ၊ ဒေသခံတိုင်းရင်းသား လူထုအခြေပြုအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ ပါဝင်ဖွဲ့စည်းထားသော လွတ်လပ်သည့် စောင့်ကြည့် လေ့လာရေးကော်မရှင်နှင့် စုံစမ်းစစ်ဆေးရေးကော်မရှင်များကို လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြု၍ လေ့လာစစ်ဆေးနိုင်ရမည်။

ကညီဒီကလုာ် ကူၣ်လိာ်ပာ်ဖှိၣ် တၢ်အိၣ်ဖှိၣ်

Validation & Summarizing Meeting

၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်၊ လော်ခီးလာ

# မှတ်တမ်းတင်ခြင်းဆိုင်ရာကဏ္ဍ

## မှတ်တမ်းတင်ခြင်း (၁)

နိုင်ငံရေးကဏ္ဍအနေဖြင့် လာမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – ၂၁ ရာစုပင်လုံ တတိယအစည်းအဝေးသို့ တင်သွင်းမည့် အစားထိုးစာတမ်းထဲမှ ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံး ခေါင်းစဉ်ပါ အချက်အလက်များကို စုစည်းချက်အဖြစ် မှတ်တမ်းတင်သည်။

## မှတ်တမ်းတင်ခြင်း (၂)

KNDCC TST Coordinator မှ စုစည်းပြုစုထားသော တိုင်းရင်းသားလူနည်းစုဆိုင်ရာ အခွင့်အရေးများကို မြန်မာနိုင်ငံအတွက် ရေးဆွဲထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေ ၆ ခုထဲမှ ထည့်သွင်းထားသည်ဟု သုံးသပ်ထားသော အချက်များကို ကိုးကားရန် စုစည်းချက်များအဖြင့် မှတ်တမ်းတင်သည်။

## မှတ်တမ်းတင်ခြင်း (၃)

ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ သဘောထားစုစည်းချက်များ အတည်ပြုခြင်း အစည်းအဝေးသို့ ကရင်ရှေ့နေများကွန်ရက် (Karen Lawyer Network – KLN) မှ တင်သွင်းလာသည့် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ ဆိုင်ရာများတို့နှင့် ပါတ်သက်သော ပြင်ဆင်ဖြည့်စွက်ရန် စုစည်းချက်များကို ကိုးကားရန်အတွက် မှတ်တမ်းတင်သည်။

## မှတ်တမ်းတင်ခြင်း (၄)

ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ သဘောထားစုစည်းချက်များ အတည်ပြုခြင်း အစည်းအဝေးသို့ ဒေသအလိုက် Public Consultation ကျင်းပပြုလုပ်ခဲ့သည့် အစီရင်ခံစာ တင်ပြချက်များအား မှတ်တမ်းတင်သည်။

## မှတ်တမ်းတင်ခြင်း (၅)

ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ သဘောထားစုစည်းချက်များ အတည်ပြုခြင်း အစည်းအဝေးသို့ တင်သွင်းသော KNDCC ၏ အစီရင်ခံစာအား မှတ်တမ်းတင်သည်။

## မှတ်တမ်းတင်ခြင်း (၆)

ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ သဘောထားစုစည်းချက်များ အတည်ပြုခြင်း အစည်းအဝေးသို့ တက်ရောက်ရန်အတွက် လမ်းခရီးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကယားပြည်နယ် (ကရင်နီ) မှ ကိုယ်စားလှယ်ဖြစ်သည့် နော်ထီးထာသော နှင့် နော်ဖိုးဒါးတို့အား ဤအစည်းအဝေးမှ စာနာပူပန်မိပါကြောင်းနှင့် လေးစားဂုဏ်ယူပါကြောင်း မှတ်တမ်းတင်သည်။

## မှတ်တမ်းတင်ခြင်း (၇)

ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ သဘောထားစုစည်းချက်များ အတည်ပြုခြင်း အစည်းအဝေးအတွက် ပံ့ပိုးကူညီကြသည့် အမျိုးသမီး၊ လူငယ်နှင့် အထောက်အကူပြုအဖွဲ့များ အားလုံးကို အထူးအသိအမှတ်ပြုဂုဏ်ယူပါကြောင်း မှတ်တမ်းတင်သည်။

ကညီဒီကလုာ် ကူဉ်လိဉ်ပာ်ဖှိဉ် တၢ်အိဉ်ဖှိဉ်

Validation & Summarizing Meeting

၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်၊ လော်ခီးလာ

## ဆုံးဖြတ်ချက်များ

၁။ လူမျိုးကို အခြေခံပြီး ဒေသအလိုက် ကျင်းပပြုလုပ်ခဲသော Public Consultation လူထုတွေ့ဆုံဆွေးနွေးပွဲများမှ ဆွေးနွေးရရှိခဲ့သော နိုင်ငံရေးကဏ္ဍနှင့်ပတ်သက်သည့် ရရှိထားသော ပြင်ဆင်ဖြည့်စွက်ချက်များကို စုစည်းချက်စာတမ်း တစ်စောင်တည်း ရရှိရေးအတွက် KNDCC ၏ နိုင်ငံရေးကဏ္ဍ လုပ်ငန်းကော်မတီ၊ နည်းပညာအထောက်အကူ ပြုအဖွဲ့နှင့် ကရင်ရှေ့နေများတို့မှ တာဝန်ယူစုစည်းသွားရန်။

၂။ TST ဆိုင်ရာနှင့်ပတ်သက်သော အစည်းအဝေးကို ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ ဦးဆောင်ကော်မတီမှ ဦးဆောင်ခေါ်ယူ၍ ဦးဆောင်ကော်မတီ ၉ ဦး၊ ကဏ္ဍ ၅ ခုမှ ခေါင်းဆောင်များ၊ ကျင်းပရေးကော်မတီမှ ခေါင်းဆောင်များ၊ TST အဖွဲ့ဝင်များ၊ ဖိတ်ကြား သင့် ပါဝင်သင့်သောပုဂ္ဂိုလ်များနှင့် အခြားပါဝင်သင့်သူများ ပါဝင်သည့် တွေ့ဆုံဆွေးနွေးပွဲ တစ်ရပ် ကျင်းပသွားရန်။

၃။ KNDCC မှ ပြန်လည်သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များဆိုင်ရာ (Reflection) အစည်းအဝေး တစ်ရပ်ကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– ၂၁ ရာစုပင်လုံ တတိယ အစည်းအဝေး ကျင်းပပြီးစီးသည့်အချိန်မှစ၍ တစ်လအတွင်း ကျင်းပပြုလုပ်သွားရန်။

၄။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– ၂၁ ရာစုပင်လုံ တတိယအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမည့် (သို့) ကရင်တစ်မျိုးသားလုံးအတွက် ကိုယ်စားပြုဆွေးနွေးမည့် ကိုယ်စားလှယ်များ –

(က) နိုင်ငံရေးကဏ္ဍ – ၃

(၁) စောအယ်ထူး
(၂) မန်းထိန်ဝင်းစိန်
(၃) စောကပီ (တတ်သိပညာရှင်)
(၄) မန်းအောင်ပြည်စိုး
(၅) မန်းထွန်းလင်း
(၆) စောကျော်ဇွာ

(ခ) စီးပွားရေးကဏ္ဍ – ၃

(၁) စောဟိုရှေး

(၂) မန်းသန်းဝင်းဦး

(၃) စောကောင်းဖံ (တတ်သိပညာရှင်)

(၄) စောမာတင်

(၅) နန်းအေးအေးသွယ်

(ဂ) လူမှုရေးကဏ္ဍ – ၃

(၁) စောအယ်အယ်

(၂) နော်စန်းလွင်

(၃) နော်မေဆောင်းဦး (တတ်သိပညာရှင်)

(၄) စောဆန်းဝင်း

(၅) စောကော်ကူဂေး

(ဃ) မြေယာနှင့်သဘာဝပတ်ဝန်းကျင် – ၃

(၁) နော်အုန်းလှ

(၂) နန်းစေးအွာ

(၃) နော်ရှူးရှုဂျူး (တတ်သိပညာရှင်)

(၄) နော်ဆဲဆဲထူး

(၅) စောခဲနီကဲ

(င) လုံခြုံရေးကဏ္ဍ – ၂

(၁) စောကြည်လင်း

(၂) စောချစ်သက်ထွန်း (တတ်သိပညာရှင်)

(၃) စောလင်းထက်

(၄) စောမောင်တိုး

(၅) နော်မေဦး (တတ်သိပညာရှင်)

မှတ်တမ်းအဖွဲ့

(၁) စောလားကပေါ် (နိုင်ငံရေး)

(၂) စောရန်နိုင်သန်း (စီးပွားရေး)

(၃) နန်းမူးဃိုဖောင် (လူမှုရေး)

(၄) စောရဲသစ္စာ (မြေယာနှင့်သဘာဝပတ်ဝန်းကျင်)

# ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ သဘောထားစုစည်းချက်များ အတည်ပြုခြင်း အစည်းအဝေး

၂၀၁၈ ခုနှစ်၊ ဇွန် ၁၂ ရက်၊ လော်ခီးလာ

## ထုတ်ပြန်ကြေညာချက်

ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ သဘောထားစုစည်းချက်များ အတည်ပြုခြင်း အစည်းအဝေး တစ်ရပ်ကို ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံး နယ်မြေဖြစ်သော လော်ခီးလာ၌ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၀–၁၂ ရက်နေ့အထိ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့သည်။

ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲသို့ ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံး (KNU)၊ KNU/KNLA–Peace Council၊ ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် (DKBA)၊ ကရင်နိုင်ငံရေးပါတီများ၊ ဘာသာရေးခေါင်းဆောင်များ၊ ကရင်လူမျိုးများ နေထိုင်ရာဒေသများဖြစ်သော ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် အထက်မြန်မာပြည်နယ်ဒေသတို့မှ ဒေသကိုယ်စားလှယ်များ၊ ကရင်လူမှု အဖွဲ့အစည်းများ၊ ကရင်လူငယ်များ၊ ကရင်အမျိုးသမီးများ၊ ကရင်ဥပဒေပညာရှင်များ၊ ကရင်တတ်သိပညာရှင်များ၊ ကရင်နယ်ခြားစောင့်တပ် (BGF) နှင့် အထူးဖိတ်ကြားထားသူများ ကျား ၁၉၀ ဦး၊ မ ၄၉ ဦး၊ စုစုပေါင်း ၂၃၉ ဦး တက်ရောက်ခဲ့ပါသည်။

ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ သဘောထားစုစည်းချက်များ အတည်ပြုခြင်း အစည်းအဝေးမှ ကရင်အမျိုးသားများ နေထိုင်ရာဒေသအသီးသီးတွင် ကျင်းပသော ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လူထုတွေ့ဆုံဆွေးနွေးပွဲများမှ ဆွေးနွေးရရှိထားသော သဘောထားအသီးသီးကို စုစည်းခြင်းနှင့် အတည်ပြုခြင်း ပြုလုပ်ခဲ့ပါသည်။ အဆိုပါ အတည်ပြုထားသော စာတမ်းများအား ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ– ၂၁ ရာစုပင်လုံ တတိယ အစည်းအဝေးတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သော နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်အဆင့်ဆင့်တို့တွင် ဆက်လက်ဆွေးနွေး တင်ပြနိုင်ရန် သဘောတူဆုံးဖြတ်သည်။

ကရင်အမျိုးသားတို့ လိုလားသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝရှိသည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် ကရင်လူမျိုးများအားလုံးတို့မှ စုစုစည်းစည်းဖြင့် အခြားသော တိုင်းရင်းသား လူမျိုးများနှင့်အတူ နိုင်ငံတော်အစိုးရ၊ တပ်မတော်သားများ၊ တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ

အတူတကွ ပါဝင်ပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် တွေ့ဆုံဆွေးနွေးအဖြေရှာရေး နိုင်ငံရေးယဉ်ကျေးမှုသစ်ဖြင့် သမိုင်းမော်ကွန်းရေးထိုး၍ ပြည်ထောင်စု တိုင်းရင်းသားအားလုံး အတူတကွ ယှဉ်တွဲနေထိုင်သည့် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီးကို တည်ဆောက်သွားကြရန် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲမှ တိုက်တွန်းနှိုးဆော်ရင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ကျင်းပရေးကော်မတီ**
**ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ**


**ဆက်သွယ်ရန် –**

၁။ ပဒိုစောလှထွန်း – ၀၉၂၅၂၇၃၂၈၆၂ (မြန်မာ) ၊ ၀၉၄၀၃၅၁၈၈၀ (ထိုင်း)
၂။ ဗိုလ်မှူးကြီးစောကျော်ညွှန့် – ၀၉၄၂၇၉၅၂၆၁၅
၃။ စောကြည်လင်း – ၀၉၄၂၈၇၃၁၆၀၅
၄။ ဗိုလ်မှူးကြီးစောကျော်သန်းငွေ – ၀၉၇၉၁၅၉၆၅၅၄


# နောက်ဆက်တွဲ

# အမျိုးသမီးပါဝင်မှု အချိုးပြဇယား

## ဒေသအလိုက်ကရင်လူထုတွေ့ဆုံပွဲများမှ အမျိုးသမီးပါဝင်မှု အချိုးပြဇယား





## ဒေသအလိုက်ကရင်လူထုတွေ့ဆုံဆွေးနွေးပွဲ အမျိုးသမီးပါဝင်မှု အချိုးပြဇယား




Gender Ratio in Public Consultation of Mon, Karen, Kayah Region.
24-26/4/2018 (TAUNGGALAY, HPA-AN)
64%
36%
*Source: KNDCC

# Gender Ratio in Public Consultation of Kaw Thoo Lei Region.


9-11/4/2018 (WAI NAW TA YAR)





*Source: KNDCC


# Gender Ratio in Public Consultation of Tanintharyi Region.

## 25-27/4/2018 (AMARAR, BG-4)





*Source: KNDCC



Gender Ratio in Public Consultation of Yangon, Ayeyawaddy Region.
24-26/4/2018 (HTO LWE WAH, BG-2)
87%
13%
*Source: KNDCC



ဦးရေအရေအတွက်
အမျိုးသားကိုယ်စားလှယ်(၁၇၇)ဦး
အမျိုးသမီးကိုယ်စားလှယ်(၆၆)ဦး
၆၁
၈
၆
၄
၂၀
၁၈
Karen EAOs
BGF
ကရင်ပြည်နယ်
မွန်ပြည်နယ်
ကယားပြည်နယ်
အထက်မြန်မာပြည်
ပဲခူးတိုင်း
ရန်ကုန်တိုင်း
ဧရာဝတီတိုင်း
တနင်္သာရီတိုင်း
နယ်စပ်ဒေသ
Management Team
KNDCC-TST
ဧည့်သည်
မီဒီယာ
လုံခြုံရေးနှင့် ligisitcs
ဒေသနှင့်အဖွဲ့အစည်းများ

**ဆွေးနွေးပွဲတက်ရောက်သူများအားလုံး (၂၃၉) ဦး**




ဒုတိယအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ ဆောင်ရွက်မှုအစီအစဉ်




Public Consultations -> Validation & Summarization
01
Yangon
18-20/1/2018 (ဘားစည်ညီခန်းမ၊ စိန့်ဗိုလ်တာ စိန့်ပေါလ် ကျောင်းဝင်း )
02
Kaw Thoo Lei
9-11/4/2018 (Wai Naw Ta Yar)
03
Mon, Karen, Kayah
24-26/4/2018 (TAUNGGALAY, HPA-AN)
04
Ayeyawaddy
24-26/4/2018 (Hto Lwe Wah, BG-2)
05
Tanintharyi
25-27/4/2018 (AMARAR, BG-4)
06
Validation & Summarization
10-12/6/2018 (Law Hhee Lar/ Lay Wah)
Source: KNDCC
Activate Windows
Go to Settings to activate Windows.

# ပထမအကြိမ် ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ ပြင်ဆင်ထားမှု

| | | |
|---|---|---|
| Oct 12-14, 2016 | အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲဆိုင်ရာ ကရင်အမျိုးသား အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲ (ဖွဲကပင်ခန်းမ၊ ဖားအံမြို့) | ဒေသအသီးသီးမှ Focal Person နှင့် နည်းပညာ အထောက်အကူပြုအဖွဲ့ ရွေးကောက်တင်မြှောက် |
| Nov 4, 2016 | အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲအတွက် KEAOs ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲ (လေးကေ့ကော်မြို့) | ဦးဆောင်ကော်မတီနှင့် ကျင်းပရေးကော်မတီ ဖွဲ့စည်း |
| Nov 23, 2016 | အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲဆိုင်ရာ ကရင်အထောက်အကူပြုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပွဲ (ဖွဲကပင်ခန်းမ၊ ဖားအံမြို့) | တာဝန်ခွဲဝေသတ်မှတ်ခြင်းနှင့် TOR များ ရရှိရန် ဆွေးနွေးခြင်း |
| Nov 24-26, 2016 | ကရင်အမျိုးသား စည်းလုံးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ– KUPC အစည်းအဝေး (ဖွဲကပင်ခန်းမ၊ ဖားအံမြို့) | ပြင်ဆင်ထားသည့် ကဏ္ဍ ၅ ခုမှ စာတမ်းများကို ပြင်ဆင်ဖြည့်စွက် |
| Dec 2, 2016 | ကရင်လူမျိုးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ ကျင်းပရေး ကော်မတီနှင့် စီမံခန့်ခွဲရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေး (ထို့ကော်ကိုး) | ဦးဆောင်ကော်မတီနှင့် ကျင်းပရေး ကော်မတီအတွက် နိုင်ငံရေး ပါတီအစုအဖွဲ့မှ အမည်တင်သွင်းခြင်းနှင့် TOR များ ပြန်လည်ဖြည့်စွက် ပြင်ဆင်ခြင်း |
| Dec 8, 2016 | ကရင်လူမျိုးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ ကျင်းပရေး ကော်မတီနှင့် စီမံခန့်ခွဲရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေး (RISE Office၊ ဖားအံ) | KND နေ့ရက် ပြန်လည်ညှိနှိုင်းခြင်း၊ CB သင်တန်း Update |
| Dec 17-18, 2016 | အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲဆိုင်ရာ ကရင်အရပ်ဘက် လူမှုအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲ (တော်ဝင်ရတနာဟိုတယ်၊ ဖားအံ) | ဒေသအလိုက်နှင့် ကဏ္ဍအလိုက် Focal Person၊ စစ်တမ်းကောက်အဖွဲ့၊ ဘာသာပြန်အဖွဲ့၊ ကဏ္ဍအလိုက် KCSO ၏ ဘုံသဘောထား |

| | | |
|---|---|---|
| Dec 19-21, 2016 | စီးပွားရေးကဏ္ဍဆိုင်ရာ ကရင်အမျိုးသား နိုင်ငံရေး ဆွေးနွေးပွဲ | အခြေခံမူများ၊ မူဝါဒများ |
| Jan 5-7, 2017 | မြေယာနှင့် သဘာဝသယံဇာတ ကဏ္ဍဆိုင်ရာ ကရင်အမျိုးသား နိုင်ငံရေး ဆွေးနွေးပွဲ | အခြေခံမူများ၊ မူဝါဒများ |
| Jan 8-10, 2017 | လူမှုရေးကဏ္ဍဆိုင်ရာ ကရင်အမျိုးသား နိုင်ငံရေး ဆွေးနွေးပွဲ | အခြေခံမူများ၊ မူဝါဒများ |
| Jan 11-13, 2017 | နိုင်ငံရေးကဏ္ဍဆိုင်ရာ ကရင်အမျိုးသား နိုင်ငံရေး ဆွေးနွေးပွဲ | အခြေခံမူများ၊ မူဝါဒများ |
| Jan 18-20, 2017 | KND (National Level Dialogue) | ဘုံသဘောထား စုစည်းချက်များ |
| Jan 28-30, 2017 | KND (လေးဝါး) | ဘုံသဘောထား အတည်ပြုချက် ရယူခြင်း |
| Feb 1, 2017 | ပထမအကြိမ် ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ပြန်လည်သုံးသပ်ခြင်း (ဖားအံ) | ငြိမ်းချမ်းရေးဖြစ်စဉ် နှင့် ပထမအကြိမ် KND ဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း |
| Jun 28-29, 2017 | ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ပြန်လည်သုံးသပ်ခြင်း (ဖွဲ့ကပင်ခန်းမ၊ ဖားအံ) | နိုင်ငံလုံးဆိုင်ရာ ကရင် အမျိုးသား အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲ |

# နောက်ဆက်တွဲ

# ကရင်လူထုတွေ့ဆုံပွဲများနှင့် အခြေခံမူနှင့် မူဝါဒစာတမ်းများ စုစည်းချက်နှင့် အတည်ပြုခြင်း အစည်းအဝေး၏ မှတ်တမ်းဓာတ်ပုံများ

နယ်စပ်ဒေသနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ကရင်လူထုတွေ့ဆုံပွဲ
ဝေနော်တရာ (၂၀၁၈ ခုနှစ်၊ ဧပြီ ၉ - ၁၀)






ကရင်၊ ကယား(ကရင်နီ)၊ မွန်ပြည်နယ်တို့မှ ကရင်လူထုတွေ့ဆုံပွဲ
တောင်ကလေး (၂၀၁၈ ခုနှစ်၊ ဧပြီ ၂၄ – ၂၆)






## တနသ်ာရီတိုင်းဒေသကြီးမှ ကရင်လူထုတွေ့ဆုံပွဲ
## ဘိတ် – ထားဝယ် (၂၀၁၈ ခုနှစ်၊ ဧပြီ ၂၅ – ၂၇)





ရန်ကုန်တိုင်းဒေသကြီး ကရင်လူထုတွေ့ဆုံပွဲ
ဖားစည်ခန်းမ၊ အင်းစိန် (၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၁၈ - ၂၀)










# Validation & Summarizing Meeting

## ဒုတိယအကြိမ် ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ

### အခြေခံမူနှင့် မူဝါဒစာတမ်းများ စုစည်းချက်နှင့် အတည်ပြုခြင်း အစည်းအဝေး

၁၁ - ၁၂ ရက်နေ့၊ ဇွန်လ ၂၀၁၈ ခုနှစ် (လော်ခီးလာ၊ ကော်သူးလေ)






# Validation & Summarizing Meeting

၁၁ – ၁၂ ရက်နေ့၊ ဇွန်လ ၂၀၁၈ ခုနှစ် (လော်ခီးလာ၊ ကော်သူးလေ)





# Validation & Summarizing Meeting

## ၁၁ - ၁၂ ရက်နေ့၊ ဇွန်လ ၂၀၁၈ ခုနှစ် (လော်ခီးလာ၊ ကော်သူးလေ)











# Validation & Summarizing Meeting

၁၁ – ၁၂ ရက်နေ့၊ ဖွန်လ ၂၀၁၈ ခုနှစ် (လော်ခီးလာ၊ ကော်သူးလေ)









## ကျေးဇူးတင် အသိအမှတ်ပြုခြင်း

ဤ 'ဒုတိယအကြိမ် ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ် အဆင့်ဆင့် မှတ်တမ်း' စာအုပ်ကို ထုတ်ဝေပေးရန်အတွက် ငွေကြေး ကူညီပံ့ပိုးပေးသော Norwegian People Aid- NPA အား အထူးပင် ကျေးဇူးတင်ရှိပါသည်။

## စာအုပ်မှတ်တမ်း

အတွင်း ရုပ်ပုံများ – ပေါင်းဟွမ်, KNDCC-DT
စာစီစာရိုက်၊ စာမျက်နှာ အပြင်အဆင်နှင့် မျက်နှာဖုံးဒီဇိုင်း – RISE
ထုတ်ဝေခြင်း – ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ
အုပ်ရေ – ၂၀၀၀

PEACE
ON OUR LAND

KNU-DOI ကရင်အမျိုးသား အစည်းအရုံး၊ သုတေသနနှင့်မှတ်တမ်းဌာန နှင့်
Research Institute for Society and Ecology (RISE)
လူမှုရေးရာသုတေသနအဖွဲ့ တို့မှ စီစစ်ထုတ်ဝေသည်။
(၂၀၁၈ ခုနှစ် ဇူလိုင်လ)